www.burmeseclassic.com

ဖြစ်ရပ်မှန်
မဂ္ဂဇင်း

No.136
FEBRUARY
2014

BURMESE CLASSIC .com



တရုတ်နိုင်ငံသား
ညီအစ်ကိုနှစ်ယောက်၏
အချစ်လုပွဲမှာ
ညီဖြစ်သူ
အသတ်ခံလိုက်ရသည့်
လူသတ်မှုတရားခံကို
ဖော်ထုတ်ပေးခဲ့သော
စုံထောက်စံထူး နှင့်
အင်းကျွန်းလူသတ်မှု

ဖြစ်ရပ်မှန်
# Cover Story

www.burmeseclassic.com

www.burmeseclassic.com

NO.136 FEBRUARY 20

တာဝန်ခံအယ်ဒီတာ
အယ်ဒီတာ
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆ


စုံထောက်ကဗျာ

ရဲမြင့်နောင်၊ ကိုဘချော၊ နီမျိုးထက်၊ လမင်းသစ္စာ


စုံထောက်ရင်ခုန်သံ

သူရ(ကလေး)၊ လင်းထူးဇော်(သန်လျင်)၊ ကျော်မြင့်ကျော်၊ မျိုးမောရ၊ ရွှေဦးကို၊ ကောင်းကင်မိုး၊ ရွှေငြိမ်းချမ်း(အနန်းပင်မြေ)၊ နေဘုန်းထက်

BURMESE CLASSIC .com

စုံထောက်ပွင့်သစ်

အေဒီဦး၊ စုမြတ်နိုး(ဥပဒေ)၊ မင်းလွင်ဦး(ပြည်)



ကာတွန်း

မောင်မောင်ညွှက်၊ အောင်အောင်ထွေး၊ မောင်တင်ယု၊ M အောင်ရှိန်၊ ဒစ်ဂျစ်တယ်၊ ထိန်သာ၊ လင်းထူးဇော်၊ ကျေးတောသား

အတိုဆုံးစုံထောက်ဝတ္ထု

ခက်လှိုင်းကျော်၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊ ဇာနည်ဆွေထက်၊ ကိုမင်းဝေ၊ ရဲနွယ်မော

နိုင်ငံတကာစုံထောက်

၂၇။ မောင်ကောင်းယဉ် - နိုင်ငံတကာစုံထောက်

စုံထောက်သုတ

၂၉။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) - ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန် - မူးယစ်ဆေးဝါးဖမ်းဆီ
အာနိသင်ပြသနာ
၃၅။ ထွန်းအောင်လှိုင် - ဥပဒေဗဟုသုတပျိုးခ
၅၁။ မောင်သစ်နွယ် - အရေးကြီးလျှင် ..
၅၅။ ပြည်တင်ဝင်း - ကိုယ်တိုင်ထိရှ အနာ
ယာဉ်မောင်းမောင်က
၁၂၅။ လှမိုး(ပညာရေး) - နိုင်ငံတကာ ဂန္ထဝင်မှု

စုံထောက်ဒိုင်ယာရီ

၁၇၁။ မောင်ယဉ်ကျော် - စုံထောက်ဒိုင်ယာရီ


စုံထောက်ဟာသ

၁၁၃။ ဆွိ - သက်ရှည်ကျန်းမာရယ်


www.burmeseclassic.com

www.burmeseclassic.com






Story

ထောက်မောင်ရေခဲ – စုံထောက်စံထူးနှင့် မြေအေးကျွန်းလူသတ်မှု

ညွှည်

မဟာကျော်ခေါင် – သံမဏိဂျွန်

ပြန်

လုံ့လုံ့ဖြူ(မြစ်ကြီးနား) – ရွှေခြေကျင်းလေးများ

အပ

ချမ်းအောင် – သန္တာဗိုနဲ့ခဏတာ

သေနင်း – ခန္ဓာကိုယ်ကျစ်လျစ်အချိုးကျစေသော လေ့ကျင့်ခန်းများ

ညာ

မြင့်မိုရ် – ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုရှင်
အမျိုးသမီးစာရေးဆရာမ(ဒေါ်)ခင်မြဇင်နှင့်တွေ့ဆုံခြင်း

ခင်ချောပွင့်(မန္တလေး) – မာယာများတဲ့လောက

သ – ဝတ်ရည်ခြွေတဲ့ပျား

လာဝင်းကျော် – အသောကာ၏ နောက်ဆုံးလမ်း

နိုင်အောင် – အော်ပရာစီ

ဦးလှ – ယမ်းဝေရီမှုခင်းနှင့် လွမ်းစေတီရှုခင်း

နိုင် – ဝိညာဉ်သခင်များသုတ်သင်ပွဲ

ဝင်မောင်(အဖျက်မြေ) – နှလုံးသားရိုက်ခတ်သံ

သ – ချစ်ခဲ့ဖူးတာ အမှန်ပါ

သိန်း – ကားကြုံလိုက်မိ၍

ခင်လွင်မြင့် – လောင်းကစားနည်းဖြင့်
တစ်သက်လုံးနေသွားကြသူများ

သက်ဆွေ – ထောင်ထဲက ကျွန်တော်တို့တစ်တွေ

ကာ

ယာန်နီ – တစ်လတာကံကြမ္မာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# 2014 FEBRUARY



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်
အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်




ထုတ်ဝေသူ
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းဌေး(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၇၉၅၂၈

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်–၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျင်ရင်(မြဲ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း – ၂၂၉၅၆၁








အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com





## တိမ်ဆပ်ကပ်

BURMESE CLASSIC .com

မြင်းရုပ်သဏ္ဍာန် ဖွဲ့နေဟန်မှ
မြန်ဆန်ကူးပြောင်း ဆင်နှာမောင်းနှယ်
ကောင်းကင်ယံမြင့် တလွင့်လွင့် ..။

ဝါဂွမ်းစိုင်တမျှ ဖြူစင်လှစွာ
တ,ကာစွဲချစ် တစ်မိနစ်တွင်း
ညစ်ထေးညှိုရောင် သန်းကာမှောင် ..။

သိပ်သိပ်သည်းသည်း တစ်စုတည်းဖြစ်
ကြည့်ပြီးမဝ တစ်ခဏဆီ
တစ်စစလွင့်ပါး တိမ်မျှင်ပွားတွေ
လေကစားရာ စုန်ဆင်းကာ ..။


ဆည်းဆာရောင်မှိန် ပွဲကြည့်ချိန်ကြု
တိမ်ခုံမင်သူ မြေသားလူတော့
မှုဟန်ထွေပြား တိမ်လှုပ်ရှားကို
ခံစားမည်သို့ နားလည်ရ ..။ ။

ရဲမြင့်နောင်

www.burmeseclassic.com

www.burmeseclassic.com

# နေကြာပန်း



နေသာရာ မျက်နှာမူရုံလေး
ကွဲကူးရေပါရုံလေးသက်သက် ဘဝကို အနုပညာဆန်ချင်ခဲ့တာ
နသတ်နဲ့ပဲ ဆန်ဆန် သေးသေးတင်နဲ့ပဲဆန်ဆန်
ရင်မွေးတိရစ္ဆာန်တွေက မျက်နှာကို တက်ကိုက်ခံနေရတာတောင် ..။

''မြက်ဆိုတာလည်း အိမ်ရဲ့အမိုးရိပ်အောက်
ဘယ်တော့မှမပေါက်ဘူး''တဲ့ (ရဲဘော်)ညွန့်သစ်ရဲ့ ကဗျာထဲမှာ
ကိုယ့်လျှာပေါ်မှာတော့ မြက်ခင်းတွေ စိမ်းစိမ်းထလို့
ခွပ်လက်အချခံလိုက်ရတာ ကြက်ကုမပါတဲ့ ချိန်းဝိုင်းတစ်ဝိုင်းထဲ
ဆားရည်အစိမ်ခံလိုက်ရတာ အာဃာတတွေပါတဲ့ တစ်ချပ်မှောက်ဝိုင်းတစ်ဝိုင်းထဲ
ပတ်ပတ်ပြီး ပြေးနေခဲ့ရတာ သတ်မလား သေမလားဆိုပဲ ..။

သစ္စာဆိုချင်ပါတယ်
စားဝတ်နေရေး အဆင်ပြေလို့ကတော့ လွမ်းပဲလွမ်းနေချင်တယ်
ဘယ်လိုမှ တာဝန်မယူနိုင်တော့လို့
ထားရစ်ခဲ့ရတဲ့ ငါးနှစ်သမီးလေးကိုလွမ်းတယ်
အထက်တန်းကျောင်းသားဘဝတုန်းက 'နော်မူးခိုဖော့'ကို လွမ်းတယ်
၁၉၈၈ တုန်းက 'ဖေယျာဦး'လက်ဖက်ရည်ဆိုင်ဘေးက 'နာတာရှာ'ကို လွမ်းတယ်
နှစ်ယောက်တည်းနေချင်တယ် ဘိုင်စကုတ်ထဲက မှုဆိုးမလုပ်တဲ့ မင်းသမီးကြီးကိုလွမ်းတယ်
ပဲခူးမြစ်ဘေးက 'ရှာလီဝေလင်'ကို လွမ်းတယ်
အဘွားရှိတုန်းက ယူယူလာတဲ့ 'ပါစွန်ချဉ်'ကို လွမ်းတယ်
ပုဇွန်တောင်ဆိုင်ကြီးထဲက 'ကြက်ခွေးတောက်ဟင်းချို'ကိုလွမ်းတယ်
အောင်ဒင်ပါလို့ နွား ကျားကိုက်ခံခဲ့ရတဲ့ ဆောင်ကြာမြိုင်တွေကို လွမ်းတယ်
ကလေးဘဝတုန်းက ''ပတ်ဝန်းကျင်''ဘာသာကို လွမ်းတယ်
အရည်မရ အဖတ်မရတဲ့ အမြုတ်အစွန်းတွေကို လွမ်းတယ်
လွမ်းတယ် .. လွမ်းတယ်
လွမ်းတယ် .. နောက်ဆုံး
အဆင်ပြေအောင် တစ်ခုခုလုပ်ရင်းနဲ့
တစ်ခုခုအဆင်မပြေဖြစ်နေတဲ့ ဘဝတွေကိုကြည့်ပြီးတော့လည်း လွမ်းတယ် ..။ ။

ကိုဘချော

www.burmeseclassic.com

www.burmeseclassic.com




## ငါးတွေ

ချောင်းထဲမှာလည်း ဘာမှမရှိ
ခေါင်းထဲမှာလည်း ဘာမှမရှိတော့။

အချိုးအကွေ့တစ်ခုမှာ
အဆိပ်နဲ့မြူဆွယ်ဖြားယောင်းမှုတွေက
အစာရေစာယောင်ဆောင်ပြီး
ဒီချောင်းကောလေးထဲ
အသီးအတားမဲ့ လိမ့်ဝင်လာတယ်။

လွယ်လွယ်လေး အမိခံလိုက်ရပေါ့
ကြိုးတန်းလန်းမှာ ကားခနဲ
တစ်ဘဝစာ။ ။

နီမျိုးထက်



www.burmeseclassic.com

www.burmeseclassic.com

# ဈေး



ဘဝမှာ ဘယ်လိုတွေးခေါ်ရမယ်ဆိုတာထက်
ဘဝမှာ ဘယ်လိုနေထိုင်ရမယ်ဆိုတာကို တွေ့ရှိခဲ့။

ရင်ထဲရှိတာ မရှိတာအသာထား
အပေါ်ယံအမြင်မှာ တင့်တယ်ဖို့ အရေးတကြီးနိုင်လှပုံ။

ဝိရိယဆိုတဲ့ ခေါင်းစဉ်အောက်မှာ
လောဘကို တခမ်းတနားဖွဲ့ဆိုထားလိုက်ပုံက သင်းတယ်။

မဖြစ်စလောက်ငွေကြေးလေးနဲ့
ညစောင့်တွေကို ပစ် ပေါက်
ဈေးထဲ အချိန်အခါမဲ့ ဝင်ရောက်ကြမယ်
ပြီးရင်
ဈေးပြင်ခင်းကျင်းရင်း မင်းကွန်းဆရာတော်ဘုရားကြီးရဲ့
အရပ် ဆယ်မျက်နှာမေတ္တာပို့ကို ဖွင့်လို့။

ကိုယ့်ဆီတည့်တည့် မဝင်လာမှန်းသိသိချည်းနဲ့
ကြွေမြွေမဲ့ အတင်းလမ်းကြောင်းပြောင်းဖို့ ဝန်မလေးတတ်ကြ။

ချိုးမွှမ်းစရာကိစ္စမှာ ဆွံ့အ ကြသလောက်
ကဲ့ရဲ့စရာနဲ့တွေ့ရင် ရေပက်မဝင်တော့ဘူး။

ပညာရှေ့အိုးဆိုတာ
သူတို့အတွက်တော့ ဘော်ဒါဆောင်ကြော်ငြာတစ်ခုထက် မပိုဘူး
ဒီနေရာဒီရပ်ဝန်းမှာ
တန်ဖိုးအနည်းဆုံးက ...။ ။

လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


စုံထောက်ကြီး ဦးရှုံးမား
ဂုဏ်ပြုပွဲ အခမ်းအနား
ဂုဏ်ပြုခံ စုံထောက်ကြီးမှ ဂုဏ်ပြု မိတ်ဆက် စကား ပြောကြားပေးပါရန် ပန်ကြား အပ်ပါတယ်ရှင့်....
ဖြောင်း ဖြောင်း ဖြောင်း
အားလုံး..မင်္ဂလာပါ....
မင်္ဂလာပါ...
မင်္ဂလာပါ
မင်္ဂလာပါ...
ဆက်ပြော လေဗျာ...
ဖျပ်
နိုင်ငံကျော်စုံထောက်
ဂုဏ်ပြုပွဲ အခမ်း
မိတ်ဆက်ဖို့ပဲ... ဒါပေမယ့်..ကိုယ့်နာမည် ကိုယ် မေ့နေလို့..ဟီး...
မှားတဲ့အခါလဲ
မှားပေ မပေါ့...
M. Aung Shein
LUCKY TIME
LT
COMPANY
ပြီး
ရှုံး..စတိတ်..ဖလိုက်.. ဖြစ်နေတာကိုး...






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



## ရထားဟာ ရထားတို့ သဘာဝအတိုင်း



ရထားဟာ ရထားတို့သဘာဝအတိုင်း
ရာသီမြစ်အစင်းစင်းကို ကူးဖြတ်တယ်
ရင့်မှည့်နေတဲ့ တောပန်းတွေမှာ
ခူးမယ့်လက်ကို ကြိုမျှော်လင့်ခွင့်မရှိ။

နှင်းထဲမှာ ပွင့်တယ်ဆိုပေမယ့်
ဆောင်းဟာ ဆောင်းလို မအေးချမ်းတော့သောအခါ
ချိုးဖြူမလေးရေ
လေဖိအားနည်းတဲ့ရပ်ဝန်းမှာ တင်မိတဲ့ စက္ကူစွန်လို
မှန်စာကြိုးတွေကပိုင်းလို့။

အနူလက်နဲ့ ဘယ်ရွှေခွက်မှ
မနိုက်ခဲ့ရပါဘူး ရွှေခွက်ကသာ
ငါ့လက်ကို လာလာခပ်နေကြ
တနင့်တပိုးပင့်ထားရတဲ့ ရေငုံနှုတ်ပိတ်
ဖိတ်စာအသစ်စက်စက်ကို
ဘယ်သူမှ ဖစ်မဖွင့်ရဲ။

ဒီလိုနဲ့
ဖြိုင်မြင်းတို့ရဲ့ ခွာသံတွေမစဲ
ရထားကတော့ သူ့သဘာဝအတိုင်းပဲ
ရာသီမြစ်အစင်းစင်းကို ကူးဖြတ်လို့။ ။

သူရ(ကလေး)



www.burmeseclassic.com

www.burmeseclassic.com



## အတ္တစိတ်ကူးများ

လျှော့ဈေးနဲ့ပေါလွန်းတဲ့
ပန်းသီးမှာ ...
ပိုးကိုက်ရာ ဗလပွနဲ့မို့
ဝမ်းရေးကို ခွေ့တာချင်တယ်။


သားငယ်ရဲ့ ပိုသံကိုကြားရပြန်တော့
နို့မှုန့်တစ်ထုပ်ရဲ့ ဈေးနှုန်းက
ကျွန်တော့်ခေါင်းကို ခေါင်းလောင်းလာထိုးတယ်။

အမေ့ရဲ့ ဖာထေးရာများလွန်းတဲ့
ထဘီကို မြင်ရတော့
ဗိုလ်ချုပ်ဈေးအပြေးသွားပြီး
အရောင်လှလှပါတိတ်တစ်ထည် ဝယ်လိုက်ချင်တယ်။

အိတ်ကပ်ထဲမှာ ပိုက်ဆံပြတ်တဲ့အခါ
မှအောက်အီးအီးအွတ်လို့အော်တဲ့
အိမ်အောက်က ကြက်ဖကြီးကို မျက်စောင်းထိုးမိတယ်။

မျက်ရည်တွေ ရွှေမဖြစ်လာတဲ့အခါ
မီးဖောင်ဝထဲက ချော်ရည်ပူထဲ
နှစ်မွန်းပစ်လိုက်ချင်တော့တယ်။ ။

လင်းထူးဇော်(သန်လျင်)





www.burmeseclassic.com

www.burmeseclassic.com



## ဒဿန

ရန့်သင်းထုံ
နှင်းဆီဖူးတစ်ငုံကို
စားပွဲက ပန်းအိုးမှာ
အလှထိုးခဲ့။

ပထမနေ့မှာ ငုံ
ဒုတိယနေ့မှာ အာ
တတိယနေ့မှာ ပွင့်
စတုတ္ထနေ့မှာ စွင့်
ပဉ္စမနေ့မှာ ကား
ဆဋ္ဌမနေ့ကျ ကြွေ။

ပန်းဆိုတာ ဖူးလာကတည်းက ကြွေဖို့
လူဆိုတာ မွေးလာကတည်းက သေဖို့
ဒီတော့
လူ့ဘဝမှာ
တစ်ခဏ
အကျိုးရှိတာ ဘာလုပ်မလဲ
ဒဿနရှာပေါ့။ ။

ကျော်မြင့်ကျော်





www.burmeseclassic.com

www.burmeseclassic.com



## ထမင်းစားရေသောက် ကိစ္စများ

ပက်ကျိတစ်ကောင်ရဲ့ ရုန်းကန်မှုနဲ့
ဆားတစ်ပွင့်ကို မတော်လှန်နိုင်ဘူး။

ကြက်ဥတစ်လုံးရဲ့ ကြံ့ခိုင်မှုနဲ့
အုတ်နံရံကို ပြေးမဆောင့်နိုင်ဘူး။

ဓနိမိုး ထရံကာ ရေစပ်စပ်မြောင်းနံဘေးက အာဟာရနဲ့
သွေးလွန်တုပ်ကွေးကို အံမတုနိုင်ဘူး။

ပန်းရန်ပညာတတ်ရုံနဲ့တော့
တိုက်ဆောက်ဖို့ စိတ်ကူးယဉ်လို့မရနိုင်ဘူး။

စပါးပျိုးခင်းက မိုးကိုစောင့်သလို
ပျံကျတစ်ယောက်က ပွင့်လင်းရာသီကို စောင့်တယ်။

သူဇာ ‥ ရေ ‥
မင်းက ငါ့ကို မစောင့်နိုင်ပေမယ့်
အများသုံး ရေအုံဘိုင်ရောက် ကြောင့်ကျမှုမျိုးနဲ့
ရေတစ်စက်ရရ နှစ်စက်ရရ စောင့်ရကျိုးနပ်မနပ်မသိတဲ့
မျှော်လင့်ချက်မျိုးနဲ့
ငါ့ နွားခြေရာခွက်ကလေးထဲမှာ ငါ့ကို စောင့်နေသူတွေရှိတယ်
ငါတို့ မြန်မာဆန်ဆန်ပဲ ဝေးကြရအောင်ပါ။ ။



မျိုးဟေရ



www.burmeseclassic.com

www.burmeseclassic.com



## ရှိနေသယောင် ရှိနေတယ်

နာနာကျင်ကျင် သမိုင်းအိုတစ်ခု ဖတ်နေရသလို
ငါ့ စိတ္တဇတွေ သွေးမတိတ်နိုင်ဘူး
မျှော်လင့်ချက်မရှိ အရပ်မျက်နှာအနှံ့ပျံ့သန်းသွား
မရေရာမှုတွေ တစ်လုံးချင်းဖောက်သောက်မိ
ကြောင်တောင်ကန်းအကြည့်နဲ့ လောကအလှတရားစီ ထိုင်ငေးနေမိ
တချို့တွေ တချို့တွေပေါ့
အလိုက်သင့် ကွေ့ကောက်မြစ်ပေါ် ရွက်လွှင့်လိုက်ပါ
အဖြောင့်တိုင်းလမ်းထက် ရွေ့ဆက်လိုက်ပါ
အိပ်မက်အသေတွေ ဆုပ်ကိုင်ရင်း
ကျန်ခဲ့တဲ့ ကမ္ဘာပျက်ညတွေ
လွမ်းနေမိတာ သစ္စာတရားလား။



တစ်ရက်ထက်တစ်ရက် ပိုပိုခါးလာတဲ့ ဘဝနေ့ရက်များ
ဘယ်လိုသက်ရှိတွေ မြည်းစမ်းချင်ကြမှာလဲ
ရှုးချင်ယောင်ဆောင်လို့ မေ့ချင်ယောင်ဆောင်လို့
ဟန်ဆောင်ခြင်း ရုပ်လက္ခဏာအောက်မှာ
စိတ္တဇေဏ်ရာအားလုံး ငြိမ်သက်နေကြရဲ့လား။

နွေဦးကို

မွေးတဲ့နေ့မှာ သေဆုံးသွားတဲ့ 'သားဦးလေးကို တမ်းတနေကြသလို
မာတိကာအဆွေးတွေ တွေ့ရှုံနဲ့
နောက်ထပ်စာမျက်နှာတွေ ဆွဲဆုတ်ပစ်လိုက်ရမှာလား။

ရယ်စရာကောင်းတယ် ‥ ပျော်စရာကောင်းတယ် ‥ ငိုစရာကောင်းတယ်
ဖုံလုံးတစ်လုံးညှ် ငါးပျံတစ်လုံးညှ်ဆိုပေမယ့်
ငါးပျံလေး ခဏကျမှ ဖုံလုံးဖြစ်ခွင့်ရတဲ့ အဖြစ်တွေပါ။

ဒုက္ခပန်းမပွင့်တဲ့ သစ်ရိပ်မှာ နားလိုက်ပါ ငှက်တို့ရေ
သောကတွေ မစီးဝင်တဲ့ စမ်းရေမှာ ကူးခတ်ကြပါ ရွှေငါးလေးတို့ရေ
လရောင်ပွင့်တဲ့ညတို့မှာ မေတ္တာတရားကို ဖွဖွလေးနမ်းလိုက်ပါ အနမ်းတို့ရေ
ဟိုး အဝေး ‥ ဟိုး ‥ ခပ် ဝေးဝေး ‥ ဟိုး ‥ ဟိုးအဝေးကြီး
ဟိုး ‥ အဝေးဆီ ‥ တကယ်ကိုဝေးတဲ့ ‥ ဟိုး အဝေး
ပရိဒေဝကိုယ်စီနဲ့ ကမ္ဘာမြေပေါ် ငြိမ်းချမ်းရေးတေးတွေ ဆိုနေကြတယ်။

အမှောင်ရဲ့အစွန်းမှာ ငါရောက်နေတယ်
အလင်းရဲ့အဆုံးမှာ ငါရောက်ရှိနေတယ်
ငါရှိနေတယ် အသံတစ်သံကိုရှာဖို့ ငါရှိနေတယ်
အဲဒီအသံ အသက်ရှူသံပေါ့။ ။



www.burmeseclassic.com

www.burmeseclassic.com



## သစ်မြစ်အဟောင်း

ဆောင်းငွေ့ကိုလှုံပြီး
ကြွေနေရတဲ့ ပန်းလိုမျိုး
အပြုံးတစ်ချက်နောက်ကွယ်က
မျက်ရည်စီးနေတဲ့ မြစ်တစ်စင်းနဲ့
လမ်းကြောင်းတစ်ခုမှာ နှင်းတွေ ဖုံးနေတယ်။

သံယောဇဉ်ကြိုးလေးတစ်ပင် ကွယ်နိုင်ဖို့
နှလုံးသားတစ်ခုလုံးကို ယိမ်းပေးလိုက်တာ
ဝေဒနာကလည်း အနိုးလွှင့်လို့
အလွမ်းတွေကလည်း အမိုးပွင့်လို့
ဝေးနေရတဲ့ နေ့ရက်တွေကို စိန်စီတက်လာတယ်။

လေတွေထဲမှာ သင်းနေတဲ့ ရနံ့က
အသိတရားပစ်မှတ်ထဲမှာ တည့်တည့်ထိုးကျ
အတိတ်က ထူးထူးခြားခြားဖြစ်ရပ်တွေ
ရင်ရိုးပေါ်မှာ ဆပ်ကာပ်ကပြလို့ပေါ့
လည်နေတဲ့ ရာသီတွေတောင်
တစ်ပတ်ပြည့်တော့မယ်နော်။ ။



ကောင်းကင်မိုး



www.burmeseclassic.com

www.burmeseclassic.com



## လွမ်းဘွဲ့ရာသီမှ ဟုတ်ရဲ့လား

လွမ်းဘွဲ့ရာသီတဲ့
အမေ ..
သစ်ပင်တွေအိုပြီး သစ်ရွက်တွေတစ်ရွက်ပြီးတစ်ရွက်ကြွေလို့
အကိုင်းအခက်အလက်တွေ
အရိုးပြိုင်းပြိုင်းနဲ့ တမြုန်းမြုန်းကျဆင်းလို့
လမ်းပေါ်မှာ
မြေကြီးပေါ်မှာ
ကျွန်တော်တို့ ကမ္ဘာမြေကြီးပေါ်မှာ
မီးစာကုန်ဆီခမ်းသလို
ပင်ဆီကုန်ပြီး မြေဆွေးဖြစ်သွားကြတာ
တရားသလို့လား။



အမေ ..
လွမ်းဘွဲ့ရာသီတဲ့
သည်ရာသီမှာ ကျွန်တော့်ကို မွေးခဲ့တာလား
အမေကော သည်ရာသီမှာ မွေးတာလား
ဥသြငှက်တစ်ကောင်ရဲ့ ညည်းတွားမှုသံစဉ်လှိုင်းအောက်မှာ
ကာရံမရှိ အလှမသိတဲ့ကဗျာဟာ
ကျွန်တော်နဲ့ နွေဆန်ဆန် တပေါင်း၊ တန်ခူး၊ ကဆုန်လတွေလား
ဒါမှမဟုတ်
ဗိုလ်တိုးခွက်ထဲက ခုံညားတဲ့ နီရဲရဲမီးတောက်တွေလား
မိဘမဲ့ရာသီလို့ ကျွန်တော်မပြောချင်ပါဘူး။

အမေ ..
လွမ်းဘွဲ့ရာသီတဲ့လား
သည်ရာသီမှာ ကျွန်တော်ဆိုက်ကားနင်းတယ်
စာရေးပြီး ကဗျာဆရာလုပ်တယ်
မိသားစုဝမ်းရေးအတွက်ပါ။

အမေ ..
သည်ရာသီရောက်တိုင်း
မိဘနဲ့သားသမီးမျက်ရည်ဆို့ပြီး စကားနာထိုးသတ်ကြ
ကြင်နာမှုတွေ မခါးသီးကြတော့ဘူး
ဝေးကွာမှုတွေ မရင့်ကျက်ကြတော့ဘူး
"အမေ"
ကျွန်တော်တို့ ကမ္ဘာကြီးက ရာသီဥတုရောမျှတရဲ့လားလို့
အကြိမ်ကြိမ်တွေးတောစဉ်းစားမိတိုင်း
သည်ရာသီက အမေ့ရဲ့ရာသီဖြစ်သလို
အမေ့ရဲ့ရာသီက ကျွန်တော့်အတွက်ဆိုရင်
လွမ်းဘွဲ့ရာသီမှဟုတ်ရဲ့လား။ ။

နွေပြိုမ်းချမ်း(အနန်းပင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



## လက်တို့လိုက်ပါရစေ

အချစ်ဆိုတာ
နှစ်လုံးတည်းရှိလို့သာ
စာလုံးတစ်ရာရှိလျှင်
နင်နဲ့ငါ သေသွားနိုင်တယ်။

ဝေနဲ့အာဒံကစ
ချစ်ခဲ့လိုက်ကြတာ
ကမ္ဘာ့ရွာကြီး အချစ်မီး
ထိန်ထိန်ညီးနေတာပါပဲ။



လေညင်းလေးလိုချစ်
လေပြင်းကြီးလိုချစ်
စမ်းကျရေလိုချစ်
ပန်းအာလှဝေသလိုချစ်။

တစ်ရံတစ်ခါမှာ
အချစ်ဟာ ပြင်းထန်တဲ့ မုန်တိုင်း
ကဆုန်စိုင်းတဲ့ မြင်းရိုင်းတစ်ကောင်။

သားသမီးနဲ့မိဘ
မောင်နှမညီအစ်ကို
အပျိုလူပျို သမီးရည်းစား
လင်နဲ့မယား လူသားအားလုံး
အချစ်နဲ့နပန်းလုံးနေကြတယ်။

တစ်နှစ်ပြီးတစ်နှစ်
ချစ်သူများနေ့ တရွေ့ရွေ့သွား
စီးလာတဲ့ သံသရာရထား
သေရွာဘူတာ ဆိုက်တော့မယ်။

မသေခင်
ချစ်ခင်ကြင်နာ စာနာကြမှ
ကမ္ဘာလူ့ရွာ သာမှာပေါ့။ ။

**နေဘုန်းထက်**



www.burmeseclassic.com

www.burmeseclassic.com




# စုံထောက်မောင်ရေချဲ

စုစည်းတင်ဆက်မှု

## စုံထောက်စံထူးနှင့် စီအိုင်ဒီမှအောင်မြင်ခဲ့သော ဂန္ထဝင်မှုခင်းများ




စုံထောက်မောင်ရေချဲ၏ ၈ အုပ်မြောက် ဖြစ်ရပ်မှန်မှုခင်းများကို စုစည်းတင်ဆက်ထားသောစာအုပ်ဖြစ်သည်။ စုစုပေါင်း ၆ ပုဒ်ပါရှိသည်။ စီအိုင်ဒီမှ ကျားကုပ်ကျားခဲ ဖော်ထုတ်ခဲ့ရသည့် ဂန္ထဝင်မြောက်မှုခင်းကြီးများဖြစ်သည်။


တရားခံကို တရုတ်နိုင်ငံထဲထိ လိုက်လံဖမ်းဆီးခဲ့သော အမှုနှင့် တရုတ်နိုင်ငံသားတစ်ယောက်အား ပြန်ပေးဆွဲ၍ လက်သန်းတစ်ချောင်းကိုဖြတ်ပြီး ပေါင်မုန့်ထဲထည့်ပေး၍ ခြိမ်းခြောက်ငွေတောင်းသည့် အမှုအပါအဝင်ဖြစ်သည်။

ဥဒါန်းသစ်စာပေမှ ဖြန့်ချိသည်။

---

# သန်းဝင်းလှိုင်

## မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများကို စစ်တမ်းထုတ်ကြည့်ခြင်း




ဆရာသန်းဝင်းလှိုင်၏ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများကို စစ်တမ်းထုတ်ကြည့်ခြင်းစာအုပ်တွင် ခေတ်ဟောင်းပါတီစုံစနစ်နှင့် အစပျိုးခဲ့သည့် ဒိုင်အာခီရွေးကောက်ပွဲများ၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၊ ၁၉၉၀ ခုနှစ်၊ မေလ ၂၇ ရက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက် ဒီမိုကရေစီရွေးကောက်ပွဲများ၊ ၂၀၁၅ ခုနှစ်၊ ပါတီစုံရွေးကောက်ပွဲအလားအလာတို့ကို သုံးသပ်တင်ပြထားသည်။ နိုင်ငံရေးစိတ်ပါဝင်စားသူများအတွက် လေ့လာစရာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com



# တောလူ

## ရောက်တတ်ရာရာ သူတို့စကားနှင့် ကလေးသဘာဝအမှတ်တရများ

မောင်မေခနှင့် သပြေ(ကိုရီးယား) စီစဉ်၍ ပန်းချီစောတင်မောင်၊ ဒီဖိုင်းဇော်မိုးဦးတို့၏ ကြိုးပမ်းမှုဖြစ်သည်။ စာရေးဆရာတောလူ၏ လက်ရာ ရောက်တတ်ရာရာ သူတို့စကားနှင့် ကလေးသဘာဝအမှတ်တရများစာအုပ်သည် သပြေစာအုပ်ထုတ်ဝေရေးမှ ကလေးဗဟိုပြုစာပေအဖြစ် ထုတ်ဝေဖြန့်ချိလိုက်သောစာအုပ်ဖြစ်သည်။ တစ်အုပ်လုံးကို ပန်းချီဆရာစောတင်မောင်၏ ရောင်စုံသရုပ်ဖော်ပန်းချီပုံများဖြင့် ကျေးလက်ရနံ့သင်းသည့်ကလေးတို့၏ ချစ်စရာဝလေ့ကလေးများကို ကလေးပညာပေးဇာတ်လမ်းအဖြစ် ဖော်ကျူးထားခြင်းဖြစ်သည်။ ဉာဏ်မီးအိမ်စာပေမှ တစ်ပြည်လုံးဖြန့်ချိသည်။




# ငွေးမောင် စုစည်းတင်ပြသည်

## ဒီမိုကရေစီဆိုသည်မှာနှင့် မင်းနှင့်ပြည်သူကြည်ဖြူစဉ်မြဲ ရွှေလက်တွဲလျက်

ဒီမိုကရေစီဆိုသည်မှာနှင့် မင်းနှင့်ပြည်သူ ကြည်ဖြူစဉ်မြဲ ရွှေလက်တွဲလျက်စာအုပ်ငယ်ကို ဝါရင့်စာရေးဆရာကြီး ဆရာဦးငွေးမောင်က စုစည်းတင်ပြထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းနှင့်ပတ်သက်၍ ဘကြီးတော်မင်းတရားလက်ထက်အခါက အမတ်ကြီးဦးပေါ်ဦးလျှောက်တင်ချက်မှအစ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဝိဓူရသခင်ချစ်မောင်၊ ဗိုလ်ချုပ်ကြီးနေဝင်းတို့နှင့် ကမ္ဘာတွေးခေါ်ရှင်ကြီးများဖြစ်သော ပလေတိုသောမတ်၊ အကွီနတ်၊ အီဗရာဟင်လင်ကွန်းစသည့် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်ကြီးများ၏ ဒီမိုကရေစီရေးအမြင်များပါဝင်သည်။ ရန်အောင်စာပေမှ ဖြန့်ချိသည်။



www.burmeseclassic.com

ဆောင်းပါးမှန်

# နိုင်ငံတကာစုံထောက်

## ဖိလစ်ပိုင်မြို့မှ မြို့တော်ဝန်တစ်ဦး မနီလာလေဆိပ်တွင်အသတ်ခံရမှု



ဖိလစ်ပိုင်၏ မြို့တော်၊ မနီလာ လေဆိပ်တွင် မော်တော်ဆိုင်ကယ်နှင့် သေနတ်သမားများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် မြို့တော်ဝန်အပါအဝင် [illegible]လူ သုံးဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများထဲတွင် ကလေးငယ် တစ်ဦးလည်းပါဝင်ခဲ့သည်။

မြို့တော်ဝန်နှင့် ဇနီးဖြစ်သူတို့သည် လေဆိပ်အဝတွင် မိသားစုလာကြိုမည့်အချိန်ကို စောင့်နေချိန် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူများမှာ မြို့တော်ဝန်နှင့် သူ၏ဇနီး၊ ၁၈ လ အရွယ် ကလေးငယ်တစ်ဦးနှင့် အခြားလူတစ်ဦးတို့ ဖြစ်သည်။


သေနတ်သမားမှာ ထွက်ပြေးလွတ်မြောက်သွားသော်လည်း လေဆိပ်မန်နေဂျာ အစိုးရအေဂျင်စီများက ရာဇဝတ်သားများကို ဖမ်းဆီးရမိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref: AL Jazeera News



www.burmeseclassic.com

# မီဒီယာသမားများအား တုံ့ပြန်ဝေဖန်ခဲ့သည့် ဂျက်စတင်ဘီဘာ



အမေရိကန်ဆယ်ကျော်သက် ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ၏ ဒုတိယမြောက် ရုပ်ရှင်ဖြစ်သည့် Justin Bieber's Believe အမည်ရှိ ဇာတ်ကားအား မီဒီယာသမားများ၏ ဖိအားပေးမှုအပေါ် ဘီဘာက ဝေဖန်တုံ့ပြန်ခဲ့သည်။

ဘီဘာက မိမိသည် အလုံးစုံပြည့်ဝကောင်းမွန်သည့် သူတော်စင်နတ်ဘုရားမဟုတ်ဘဲ အမှားအယွင်းများနှင့် သာမန်လူသားတစ်ဦးသာဖြစ်ကြောင်း။ မိမိ၏ လူမှုဘဝနှင့်ပတ်သက်၍ တိုက်ခိုက်ရေးသားမှု အများအပြားလုပ်ဆောင်နေခြင်းမှာ မီဒီယာသမားများက ၎င်းအား အနိုင်ကျင့်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

Ref: International News

# ဖိလစ်ပိုင်တွင် ဘတ်စ်ကားတစ်စီး အထပ်မြင့်တံတားပေါ်မှ ထိုးကျခဲ့မှု



ဖိလစ်ပိုင်နိုင်ငံ Taguig မြို့တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် အထပ်မြင့် အဝေးပြေးလမ်းမတစ်ခုပေါ်မှ အောက်ထပ်ရှိ ယာဉ်တစ်စီးပေါ်သို့ ထိုးကျခဲ့ရာ လူပေါင်း ၂၂ ဦးထက်မနည်းသေဆုံးကာ အမြောက်အမြားဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မတော်တဆဖြစ်ပွားချိန်တွင် ဘတ်စ်ကားယာဉ်မောင်းမှာ မူးယစ်ဆေးဝါးနှင့် အရက်သေစာများသုံးစွဲထားခြင်း ရှိ/မရှိကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref: International News



www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

ဦးအာကာ (တရားလွှတ်တော်ရှေ့နေ)

ကလေးသူငယ်အား ညစ်ညမ်းသောရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား
သို့မဟုတ် ဓာတ်ပုံရိုက်ခြင်းတို့ဟာလည်း အပြစ်ရှိပါတယ်။
အချို့သော ကမ္ဘာလှည့်ခရီးသည်တွေအကြားမှာ
အဲဒီလိုလူမျိုးတွေလည်း "စုန်းပြူး" ပါလာတတ်တယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်ဗျာ

မကြာမီက နေပြည်တော်မှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးလိင်အလွဲသုံးမှုဆိုင်ရာတို့အတွက် လူ... တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် UNICEF တို့ ပူးပေါင်းပြီး စုံစမ်းစစ်ဆေးရေးသင်တန်းတစ်ရပ်ကို ဖွင့်လှစ်ခဲ့ကြောင်း သတင်းစာတစ်စော... ရှုလိုက်ရပါတယ်။ ဝမ်းသာစရာဖြစ်ပါတယ်။ အကယ်၍ ကလေးသူငယ်မှုခင်းတို့ ဘာတို့ ပေါ်ပေါက်လာခဲ့ရင် စာနယ်ဇင်းသမားများအနေနဲ့ ... စရာအချက်တွေရှိပါက သိရှိခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စာနယ်ဇင်းသမ...

ရေကျော်၊ ...

## စာနယ်ဇင်းသမားတစ်ဦးသို့

တူမောင်မေးတဲ့ ပြဿနာဟာ စာနယ်ဇင်းသမားတွေ အနေနဲ့ သိသင့်သိထိုက်တဲ့ ပြဿနာပဲဖြစ်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိထားတော့ စာနယ်ဇင်းလုပ်ငန်းကို လုပ်တဲ့အခါ အမှားအယွင်းမရှိဘူးပေါ့။ တူမောင်ပြောတဲ့ သင်တန်းသတင်းကို ဆရာလည်း ဖတ်လိုက်ရပါတယ်။ ခုခေတ်မှာ အဝေးပြေးလမ်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်စု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့တွေ ဖွဲ့ထားတာကိုတွေ့ရတော့ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်ကြီးနဲ့အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ဆောင်ရွက်နေတာကြောင့် တိုင်းပြည်အတွက် ဝမ်းသာအားရစရာကောင်းလှပါတယ်။

ကလေးသူငယ်မှုခင်းနဲ့ပတ်သက်လာရင် ကလေးသူငယ်ဥပဒေဆိုတာရှိပါတယ်။ ၁၉၉၃ ခုနှစ်ကတည်းက စတင်ပြဋ္ဌာန်းလာတာဆိုတော့ သက်တမ်းနှစ်ပေါင်း ၂၀ လောက်ရှိသွားပါပြီ။ အဲဒီအထဲမှာ ကလေးသူငယ်အခွင့်အရေးများ ပြစ်မှုကြောင်းအရ အရေးယူခြင်းမှကင်းလွတ်ခွင့်ရတဲ့ ကလေးသူငယ်များ၊ ကလေးသူငယ်၏ ကျင့်ဝတ်စည်းကမ်းများ၊ ကာကွယ်စောင့်ရှောက်မှုလိုအပ်တဲ့ ကလေးသူငယ်၊ ကလေးသူငယ်အား ပြစ်မှုဖြင့် အရေးယူခြင်း၊ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ခြင်း၊ ကလေးသူငယ်များကို ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်း၊ ကလေးသူငယ်နှင့် လူငယ်များကို အကျဉ်းထောင်၌ ... သိမ်းစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းသာယ... ရှောက်ရေးစခန်းဂေဟာ၊ ကလေးပြုစုစောင့်ရှောက်ရေ... စသည်တို့ အပါအဝင် ပြစ်မှုနှင့်ပြစ်ဒဏ်များအကြေ... လည်း ပါဝင်ပါတယ်။

အဲဒီအထဲမှာ ပုဒ်မ ၃၆(င)မှာ ဖော်ပြထားတာ... က ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသ... (သို့မဟုတ်)မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်... ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာ... ရှားစေနိုင်သောသတင်းအချက်အလက်များကို **သက်ဆိုင်... ကလေးသူငယ်တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရ...** ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂ... ဂျာနယ် (သို့မဟုတ်) စာစောင်တွင် ထည့်သွင်းဖော်ပြ... ကြေညာခြင်း၊ ကလေးသူငယ်ဓာတ်ပုံကို ဖော်ပြခြင်း၊ ... ပြုခြင်းတို့ ပြုလုပ်ပါက ပြစ်မှုကျူးလွန်ခြင်းမြောက်ကြော... ဖော်ပြထားပါတယ်။

ကလေးသူငယ်အား ညစ်ညမ်းသောရုပ်ရှင်၊ ဗီ... ရုပ်မြင်သံကြား သို့မဟုတ် ဓာတ်ပုံရိုက်ခြင်းတို့ဟာလ... အပြစ်ရှိပါတယ်။ အချို့သော ကမ္ဘာလှည့်ခရီးသည်... အကြားမှာ အဲဒီလို လူမျိုးတွေလည်း 'စုန်းပြူး' ပါလာ... တယ်လို့ သိရပါတယ်။ ဖော်ပြပါ ပြစ်မှုများကို ကျူးလွ... ပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ် ၂ နှစ်အထိ ချမှတ်ရမည်... ပါတယ်။ စာနယ်ဇင်းလုပ်ငန်းကို လုပ်မယ်ဆိုရင် သိ... စရာအချက်တွေ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



...င်ဗျား

၁၁ - ၁၀ - ၂၀၁၃ ရက်နေ့ထုတ် DAILY ELEVEN သတင်းစာ စာမျက်နှာ ၂၄ မှာ "တရုတ်နိုင်ငံတွင် ကျန်ခဲ့သည့် ခုနစ်လအရွယ် ...နိုင်ငံသား ကလေးငယ်တစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တရုတ်ရဲတို့ ပူးပေါင်းကယ်တင်နိုင်ခဲ့" လို့ ဆိုတဲ့ သတင်း...ကို ဖတ်လိုက်ရပါတယ်။ များစွာ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီလို ကလေးသူငယ်လူကုန်ကူးမှုတွေ ဖြစ်လာရင် ပြစ်ဒဏ်အတိုင်းအတာ ...ောက်ထိ ရှိနိုင်တယ်ဆိုတာကို သိချင်ပါတယ် ဆရာ။ စုံထောက်မဂ္ဂဇင်း ဥပဒေစုံထောက်အခန်းမှ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥပဒေရေးရာစိတ်ဝင်စားသူတစ်ဦး

ကြည့်မြင့်တိုင်

ဥပဒေရေးရာစိတ်ဝင်စားသူတစ်ဦးသို့

...ူမောင်မေးတဲ့ သတင်းထဲမှာပါတဲ့ ကလေးငယ်ဟာ ...အတူ လူကုန်ကူးခံလိုက်ရပြီး တရုတ်ပြည်ကို ရောက် ...ဖြစ်ပါတယ်။ မိခင်ခမျာလည်း ထမင်းချက်အလုပ် ...ယ်ဆိုလို့ လိုက်သွားလိုက်တာ ဟိုကျတော့ တရုတ် ...တစ်ဦးထံ တရုတ်ယွမ် ၆၈၀၀၀ နဲ့ ရောင်းစားခံလိုက် ... အဲဒီ တရုတ်လူမျိုးနဲ့ နှစ်လခန့် ပေါင်းသင်းပြီး ထွက်ပြေးလာတော့ ခုနစ်လအရွယ်ကလေးငယ် ကျန်ခဲ့တယ်။ ခုနစ်လအရွယ်ကလေးဟာလည်း သမီးမိန်းကလေးဆိုတော့ အဲဒီဒေသမှာ ကြီးပြင်းလာခဲ့ရင် ဒီကလေးရဲ့ ကံကြမ္မာကို မစဉ်းစားရဲအောင် ဖြစ်ရပါတယ်။ လူကုန်ကူးမှုဟာ အပြစ်မဲ့တဲ့ လူမမယ်သမီးငယ်ကလေးတွေကိုတောင် ချမ်းသာမပေးပါလားလို့ တွေးတောမိတယ်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေမှာတော့ လူကုန်ကူးမှုနဲ့စပ်လျဉ်းပြီး ပြစ်မှုနဲ့ ပြစ်ဒဏ်များကို ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ပုဒ်မ ၂၄ မှာ 'မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်' လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့ လူကုန်ကူးခံရသူဟာ အမျိုးသမီးဖြစ်နေရင် ကလေးသူငယ်ဖြစ်နေရင် ကျူးလွန်တဲ့ တရားခံကတော့ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ခြင်းခံရနိုင်ပါတယ်။ ဒီဥပဒေအရ ထောင်ဒဏ်တစ်သက်ဆိုတာဟာ အကျဉ်းထောင်မှာ သေဆုံးသည်အထိ နေရမှာဖြစ်ပါတယ်။ ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်များဖြစ်ပါတယ်။

ပြည်သူနဲ့ ပြည်သူ့ဝန်ထမ်းတို့ ပူးပေါင်းပြီး ထိထိရောက်ရောက်ဖော်ထုတ်ဖို့လိုတဲ့ပြစ်မှုများဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်လေ့ရှိတဲ့ ဒုစရိုက်သမားတို့ရဲ့ လှုပ်ရှားမှုဘောင် ကျဉ်းသည်ထက်ကျဉ်းသွားအောင် ဆောင်ရွက်ဖို့ လိုပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)


**...ကုန်ကူးမှုတားဆီးကာကွယ်ရေး ...ပဒေမှာတော့ လူကုန်ကူးမှုနဲ့စပ်လျဉ်းပြီး ...စ်မှုနဲ့ ပြစ်ဒဏ်များကို ...ဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ...ဒ်မ ၂၄ မှာ မည်သူမဆို ...မျိုးသမီးများ၊ ကလေးသူငယ်နှင့် ...ငယ်များအား ...ကုန်ကူးမှုကျူးလွန်ကြောင်း ...စ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ...နည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ ...များဆုံးထောင်ဒဏ်တစ်သက်အထိ . . .**



www.burmeseclassic.com

# မောင်ဉာဏ်စိန်

## မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် အာနိသင်ပြဿနာ



မူးယစ်ဆေးဝါးမှုခင်းများကို ဖမ်းဆီးရမိရာတွင် ဆေးထိုးအပ်များ၊ ပင်နီစလင်ပုလင်းခွံကဲ့သို့သော ပုလင်းများကိုလည်း ဖမ်းဆီးရမိတတ်သည်။ ယင်းပစ္စည်းများအား စုံစမ်းစစ်ဆေးသော အရာရှိ/ဌာနများက သက်ဆိုင်ရာဌာနသို့ ပေးပို့၍ ဓာတ်ခွဲစစ်ဆေးပေးရန် လွှဲပြောင်းပေးအပ်ခြင်း၊ မေတ္တာရပ်ခြင်း ပြုရလေ့ရှိပါသည်။ သက်ဆိုင်ရာဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးပြီး ဖမ်းဆီးရမိသော ပစ္စည်းများတွင် မူးယစ်ဆေးဝါးအာနိသင်တွေ့ရှိရသည် (သို့မဟုတ်) မတွေ့ရှိရပါဟူသော အစီရင်ခံစာမျိုးရေးသားပြီး ပြန်ကြားလေ့ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါးတစ်မျိုးမျိုး ပါဝင်သည့်အရာဝတ္ထုနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "အာနိသင်"ဆိုသော စကားရပ် မပါရှိပေ။ အာနိသင်သည် ရုပ်ဝတ္ထုသော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ရှိသောပစ္စည်းမဟုတ်သဖြင့်**

...

ဤတွင် ပြဿနာတစ်ရပ်ပေါ်ပေါက်လာပေသည်။ မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါးတစ်မျိုးမျိုးတွင် ပါဝင်သည့်အရာနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ဆိုလိုခြင်းဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အာနိသင်ဆိုသော စကားရပ်မပါရှိ။ ထို့ကြောင့် ဖမ်းဆီးရမိသောပစ္စည်းတွင် အာနိသင်ကို တွေ့ရှိသည်ဆိုရုံမျှဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုဖြင့် ပြစ်ဒဏ်ပေးရမည်လော။ ပြဿနာသည် တရားစီရင်ရေးနယ်ပယ် တာဝန်ရှိသူများအကြားတွင် စဉ်းစားစရာဖြစ်လာခဲ့သည်။ ယင်းပြဿနာသည် တရားရုံးချုပ်အဆင့်အထိ ရောက်ရှိခဲ့ပြီး အထူးအယူခံခုံရုံးက အဆုံးအဖြတ်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့ရ၏။ ဤနေရာတွင် ယင်းပြဿနာကို စဉ်းစားသုံးသပ် အဆုံးအဖြတ်ပေးခဲ့ရသည့် သာဓကတစ်ခုကို တင်ပြလိုပေသည်။

လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၅၀/၉၄ တွင် တရားခံသက်နိုင်(ခ)သိုက်စိုးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ နှင့် ၁၆(ဂ)အရ စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်နှင့် ၆ လ ကျခံစေရန် အမိန့်ချမှတ်ပြီး ပုဒ်မ ၁၆(ဂ)အရ ပြစ်မှုထင်ရှားမတွေ့ရှိသဖြင့် ယင်းပြစ်မှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၄၃၂/၉၅ အရ အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က တရားခံသက်နိုင်(ခ)သိုက်စိုးအပေါ်တွင် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားခံ သက်နိုင်(ခ) သိုက်စိုးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ(အထူးအယူခံ)မှုကို လျှောက်ထားရာ အောက်ပါပြဿနာကို စုံညီခုံရုံး(ယခု အထူးအယူခံခုံရုံး)ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

"လျှောက်ထားသူထံမှ သိမ်းဆည်းရမိသည်ဆိုသော ပင်နီစီလင်ပုလင်းခွံ(၂)ခုတွင် ဘိန်းစိမ်းအာနိသင်ရှိသည့် ပစ္စည်းဟု ပေါ်ပေါက်၍ ယင်းပစ္စည်းသည် ယင်းဥပဒေပုဒ်မ ၂(က)နှင့် (ခ)ပါ မူးယစ်ဆေးဝါးဟုတ်/မဟုတ် ယင်းကဲ့သို့ လျှောက်ထားသူထံမှ အချင်းဖြစ်ပစ္စည်းကို သိမ်းဆည်းရမိ၍ လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီ/မညီ"

အမှုဖြစ်ပွားပုံအကျဉ်းချုပ်မှာ ရန်ကုန်မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်ကြီးစံတင်တို့သည် ၂၃-၁၁-၉၄ ရက်၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် လမ်းမတော်မြို့နယ်၊ မော်တင်စျေးအနီးတွင် သက်နိုင်(ခ) သိုက်စိုးအား မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်း၏ ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာများ တွေ့ရှိရသဖြင့် ၎င်းနေထိုင်ရာဖြစ်သော လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊



www.burmeseclassic.com

www.burmeseclassic.com


(၁)လမ်း၊ အမှတ်(၉)နေအိမ်သို့ လမ်းမတော်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့နံရံ ဘုရားစင်ဘေးရှိ တန်းပေါ်တွင် ဘိန်းဆီအာနိသင်ပါရှိသည်ဟု ယူဆရသော ပင်နီစလင်ပုလင်းခွံနှစ်ခုအား တွေ့ရှိရသဖြင့် သက်နိုင်(ခ)သိုက်စိုးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူပေးရန် လမ်းမတော်ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

တရားရုံးချုပ်၏ အထူးအယူခံခုံရုံးတွင် အယူခံတရားလို၏ အကျိုးဆောင်နှင့် အယူခံတရားခံအတွက် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့အား ကြားနာခဲ့သည်။ ထို့နောက် တရားရုံးချုပ် အထူးအယူခံခုံရုံးက အောက်ပါအတိုင်းသုံးသပ်ခဲ့သည်။

"မူးယစ်ဆေးဝါးဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုလိုကြောင်း၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂(က) တွင်ဖော်ပြထားသည်။

(၁) ဘိန်းပင်၊ ကိုကာပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုး၊ ယင်းအပင်တစ်မျိုးမျိုးမှ ထွက်ရှိသော သို့မဟုတ် ထုတ်လုပ်သောအရာဝတ္ထုများ၊ ဆေးဝါးများ။

(၂) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများ၊ ယင်းဆေးဝါးတစ်မျိုးမျိုးပါဝင်သော အရာဝတ္ထုများ။

'စိတ်ကိုပြောင်းလဲစေသော ဆေးဝါး' ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကိုဆိုလိုကြောင်း၊ ယင်းဥပဒေပုဒ်မ ၂(ခ)တွင် ဖော်ပြထားသည်။

အထက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါးတစ်မျိုးမျိုးပါဝင်သည့်အရာဝတ္ထုနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဖြစ်သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် 'အာနိသင်'ဆိုသော စကားရပ်မပါရှိပေ။ အာနိသင်သည် ရုပ်ဝတ္ထုသော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ရှိသောပစ္စည်းမဟုတ်သဖြင့် ဘိန်းအာနိသင်ပါရှိသော ပင်နီစလင်ပုလင်းခွံ(၂)လုံးကို မူးယစ်ဆေးဝါးဖြစ်သည်ဟုသော်လည်းကောင်း၊ စိတ်ကို ပြောင်းလဲစေသောပစ္စည်းဖြစ်သည်ဟုသော်လည်းကောင်း ဆိုနိုင်မည်မဟုတ်ပေ"

"ဤအမှုတွင် အယူခံတရားလို သက်နိုင်(ခ)သိုက်စိုး၏ ညာလက်ဖျံတွင် ဆေးထိုးအပ်ရာတွေ့ရှိသဖြင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်သည်။ ထိုသို့ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲမှုအတွက် ပြစ်မှုထင်ရှားစီရင်ခံရသဖြင့် ၎င်း၏ နေအိမ်မှ တွေ့ရှိရသော ဘိန်းအာနိသင်ရှိသည့် ပုလင်းခွံ ၂ လုံးမှာ မူးယစ်ဆေးဝါးမဟုတ်ကြောင်း အထက်တွင်သုံးသပ်ခဲ့ပြီးဖြစ်ရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)(မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှု)ဖြင့် အယူခံတရားလိုအား တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ"

အထက်ပါအတိုင်း အကျယ်တဝင့်သုံးသပ်ပြီးနောက် အထူးအယူခံခုံရုံးက အထူးအယူခံမှုကို ခွင့်ပြုခဲ့သည်။ အယူခံတရားလို သက်နိုင်(ခ)သိုက်စိုးအား တရားရုံးချုပ်က ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းတို့ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလိုအား ယင်းပြစ်မှုနှင့်ပတ်သက်သမျှ အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမှုကိုလည်း သက်နိုင်(ခ)သိုက်စိုးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်(၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၄၉)အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။


မောင်ဉာဏ်စိုး

ရည်ညွှန်းစာအုပ်

၁။ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ထုံးများ၊ တရားရုံးချုပ်


www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေဗဟုသုတပျိုးခြင်း

ထွန်းအောင်လှိုင်

ဥပဒေဟူသော ပညာရပ်သည် သိမ်မွေ့နက်နဲပါသည်။ ပြစ်မှုတစ်ခုကို စီရင်ဆုံးဖြတ်ရာတွင် မှုခင်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (သို့မဟုတ်) သက်ဆိုင်သည့်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့အပြင် တရားမျှတမှု၊ မှန်ကန်မှုတို့ကိုပါ ထည့်သွင်းဆင်ခြင်ဆုံးဖြတ်ပါသည်။

မှုခင်းနှင့်သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဥပဒေ (သို့မဟုတ်) အထူးဥပဒေပါအင်္ဂါရပ်များကိုသာမက ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေနှင့်ညီမညီ၊ အကယ်၍ ကျင့်ထုံးဥပဒေနှင့် မညီခဲ့ပါက အမှုမှန်ကန်ခြင်းရှိ/မရှိ (သို့မဟုတ်) ကုစား၍ရသော အမှားဖြစ်/မဖြစ် သက်သေခံဥပဒေနှင့် ညီမညီထည့် သွင်းသုံးသပ်ရပါသည်။ တရားစီရင်ရာတွင် တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ကြရပါသည်။


www.burmeseclassic.com

စာရေးသူလုပ်သက်တလျှောက် အမှုနိုင်လုံစွာတည်ဆောက်မှုအပိုင်း၊ သက်ဆိုင်ရာဥပဒေအကြံပေး၏ အားနည်းချက်များ မကြာခဏတွေ့ရပါသည်။ သက်သေစာရင်းတွင် တရားလိုနာမည်မပါခြင်း၊ အကြံပေးဥပဒေအရာရှိက ပုဒ်မများယွင်းစွာစွဲဆိုရန် အကြံပေးခြင်းများစွာကို မကြာခဏတွေ့ရပါသည်။ တစ်ခါတစ်ရံတွင် ဥပဒေအရ တရားခံပြစ်မှုမကျူးလွန်ပါဘဲလျက် ပြစ်မှုကျူးလွန်ကြောင်းအမှုလိုက်ဥပဒေအရာရှိက ဖွတ်မိုတ်၍ လျှောက်လဲတတ်ပါသည်။ ဥပဒေအရာရှိတစ်ဦးမှာ တရားခံတိုင်း ပြစ်ဒဏ်မကျလျှင် အရေးယူမခံရနိုင်ပါ။ သို့သော် မိမိတာဝန်ယူရမည်ကို စိုးရိမ်ထိတ်လန့်၍ ဖွတ်ကြီးတရားခံကို ဒုက္ခပေး၍ အမှုစစ်ဆေးသည့် ပုဂ္ဂိုလ်များကို တွေ့ဖူးပါသည်။

ထို့အတူပင် တရားသူကြီးတိုင်း စွဲဆိုလာသည့် ပြစ်မှုတိုင်း ပြစ်ဒဏ်ပေးရမည်မဆိုလိုပါ။ ပြစ်မှုကျူးလွန်သူကိုသာ ပြစ်ဒဏ်ချမှတ်ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသူကို အမှုမှ အပြီးအပြတ်လွှတ်ရမည်သာ ဖြစ်ပါသည်။ တရားစွဲအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှေ့နေချုပ်ရုံးတို့သည် စွဲဆိုသော မှုခင်းများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်သင့်ပါသည်။ အစကောင်းမှ အနှောင်းသေချာ ဆိုသည့် စကားပုံကဲ့သို့ အမှုတည်ဆောက်ရာတွင် ယိုပေါက်မရှိအောင် ကြိုးစားသင့်ပါသည်။

အမှုတည်ဆောက်မှုအားနည်းပြီး အမှုစစ်တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်သည့်အခါမှ အထက်တရားရုံးသို့ အယူခံတက်ရာတွင် မသက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက် (သို့မဟုတ်)လိုရာစွဲတွေးပြီး ဥပဒေပြဋ္ဌာန်းချက်ကို ဖွတ်ပုံသွင်းကာ လျှောက်လဲချက်ပေးတော့သည်။ နိုင်ငံတော်၏ အမြင့်ဆုံးပြည်ထောင်စုတရားလွှတ်တော်ချုပ်(ယခင် တရားရုံးချုပ်)က အောက်ရုံးများ မှန်သည်(သို့မဟုတ်)မှားသည်ကို ပြင်ဆင်ပေးခဲ့ရပါသည်။ အချို့သောအမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်များ၊ တရားလွှတ်တော်(သို့မဟုတ်)ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရာတွင် ဥပဒေအရ မမှားတဲ့(ဆိုလိုသည်မှာ) အမှုစစ်တရားရုံးမှန်ပါလျက် အယူခံတက်နေသည်ကိုတွေ့ရပါသည်။ မည်သည့်အကြောင်းကြောင့် အယူခံတက်သည်ကို မသိရသော်လည်း

နိုင်ငံတော်ဘက်မှ လိုက်ပါသော ဥပဒေအရာရှိများအနေဖြင့် ဟိုတစ်မျိုး၊ သည်တစ်မျိုး ထွက်ဆိုသော သက်သေကို အထက်တွင်ဖော်ပြထားသလို မယုံကြည်ထိုက်ကြောင်း (သို့မဟုတ်)ဆန့်ကျင်ဘက်သက်သေအဖြစ် ကြေညာသင့်ပါသည်။ သို့မှသာ...


www.burmeseclassic.com

www.burmeseclassic.com


အယူခံတရားရုံးတွင် မူလရုံး၏ အမိန့် အတည်ပင်ဖြစ်ပါသည်။

အယူခံမှုကို ကြားနာသော တရားရုံးသည် မူလစစ်တရားရုံး၏ ယူဆချက်နှင့် သဘောထားကွဲလွဲကာမျှဖြင့် အောက်ရုံး၏ အမိန့်ကို အလွယ်တကူမပယ်ဖျက်ပါ။ ဤကား အယူခံတရားရုံးများ အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့သော မူပင်ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂အရ တရားလိုပြသက်သေတစ်ဦးသည် ရဲထံတွင် ထွက်ဆိုခဲ့သော ထွက်ချက်နှင့် တရားရုံးရှေ့ထွက်ဆိုသော ထွက်ချက်တို့ ကွဲလွဲလျှင် သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိက ရဲထွက်ချက်နှင့် တိုက်ဆိုင်စစ်မေးပါသည်။ ရဲထံထွက်ချက်နှင့် ရုံးရှေ့ထွက်ချက်တို့ ကွဲလွဲနေပါက မည်သည့်အကြောင်းက မှန်သနည်းဟု မေးမြန်းပါသည်။

ရဲထံတွင် တရားခံပြစ်မှုကျူးလွန်သည်ကို သိပါသည်၊ မြင်ပါသည်ဟု ထွက်ဆိုသော်လည်း တရားရုံးတွင်မူ အထက်ပါကိစ္စ မသိပါဟု ထွက်ဆိုပြန်ရာ အထက်တွင်ဖော်ပြသကဲ့သို့ တိုက်ဆိုင်စစ်မေး၍ ရုံးရှေ့ထွက်ချက်မှန်သည်ဟု ဖြေဆိုပါသည်။ ရဲထံထွက်ချက်သည် သက်သေခံ အက်ဥပဒေအရ သက်သေခံမဝင်သော်လည်း ပုဒ်မ ၁၆၂ အရ ရဲစက္ကူနှင့် တိုက်ဆိုင်စစ်မေးလျှင်မူ သက်သေခံဝင် သွားပါသည်။ ဤတွင်အမှုစစ် တရားရုံးက ရဲထံထွက်ချက်နှင့် ရုံးရှေ့ထွက်ချက်နှစ်ခု ကွဲလွဲနေလျှင် ကြိုက်သည့်တက် (ဆိုလိုသည်မှာ သက်သေထွက်ချက်)တစ်ခုကို သုံးသပ် ဆုံးဖြတ်၍ ရပါသည်။

ရဲထံထွက်ချက်နှင့် ရုံးရှေ့ထွက်ချက် ကွဲလွဲနေ၍ သက်သေထွက်ချက်ကို မသုံးရပါဟု သက်ဆိုင်ရာဥပဒေအရာရှိ(သို့မဟုတ်)တရားရုံးရှေ့နေက ဆင်ခြေတက်၍ မရပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးကြည်ဝင်းပါ ၂ တွင် တရားလိုပြသက်သေခံတစ်ဦးအား ယင်း၏ ထွက်ဆိုချက်များသည် တစ်ခုနှင့်တစ်ခု ညီညွတ်မှုမရှိကြောင်း စစ်မေးပြီးနောက် ယုံကြည်ထိုက်သူမဟုတ်ကြောင်း ပေါ်ပေါက်မှသာ ဆန့်ကျင်ဘက်သက်သေအဖြစ် ကြေညာသင့်ပါသည်။ တရားလိုပြသက်သေများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်စစ်မေးရာတွင် ကွဲလွဲစွာထွက်ဆိုထား၍ မယုံကြည်ထိုက်ကြောင်း၊ ၎င်းတို့၏ ထွက်ချက်ကို လက်မခံထိုက်ကြောင်း ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါသော ဥပဒေအရာရှိက တင်ပြသည်။ အယူခံတရားရုံးချုပ်က ဆုံးဖြတ်သည့် သက်သေထွက်ချက် ယုံကြည်ထိုက် ရှိ/မရှိကို သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၄၆၊ ၁၅၄၊ ၁၅၅ တို့နှင့်အညီ သက်သေကို မယုံထိုက်ကြောင်းစွပ်စွဲမေးမြန်း၍ တရားရုံး၏ ခွင့်ပြုချက်အရ ထိုသက်သေကို မယုံကြည်ထိုက်သော ဆန့်ကျင်ဘက်သက်သေဖြစ်ကြောင်း ကြေညာရန်လိုသည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ကြောင်း တရားရုံးက မကြေညာလျှင် အမှုစစ်တရားရုံးက ၎င်းထွက်ချက်ကို လက်မခံရဟု ဆုံးဖြတ်ထားသည့်မှုမရှိဟု တွေ့ရပါသည်။

သက်ဆိုင်ရာအမှုစစ်ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ စံနမူနာယူဖွယ် စီရင်ထုံးဖြစ်ပါသည်။ တရားလိုပြသက်သေတစ်ဦး ရဲရှေ့တွင် မည်သို့ဝင်ထွက်ဆိုစေခဲ့ကာမူ ရုံးရှေ့တွင် ကွဲလွဲစွာထွက်ဆိုနိုင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ ကြိုတင်ထွက်ချက်ပေးချင်အောင် ပေးနိုင်အောင် အမှုစစ်ရဲအရာရှိက စီမံဆောင်ရွက်သင့်ပါသည်။ အကယ်၍ ပုဒ်မ ၁၆၄ ထွက်ချက်နှင့် ရုံးရှေ့ထွက်ချက်ဆန့်ကျင်ခဲ့ပါက မတရားသက်သေခံမှုနှင့်ပင် တရားစွဲဆိုနိုင်ပါသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါသော ဥပဒေအရာရှိများအနေဖြင့် ဟိုတစ်မျိုး၊ သည်တစ်မျိုး ထွက်ဆိုသော သက်သေကို အထက်တွင်ဖော်ပြထားသလို မယုံကြည်ထိုက်ကြောင်း (သို့မဟုတ်)ဆန့်ကျင်ဘက်သက်သေအဖြစ် ကြေညာသင့်ပါသည်။ သို့မှသာ တရားရုံးက တရားခံဘက်အတွက် အတိုးချပြီး လွတ်နိုင်စရာအကြောင်းမရှိကြောင်း တင်ပြအပ်ပါသည်။

**ထွန်းအောင်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

**အခန်း(၁)**

ရခိုင်ပြည်နယ်၏ ကမ်းလွန်ပင်
ယ်ပြင်တွင် ကျွန်းကြီးကျွန်းငယ် အ
ယ်သွယ်တို့ ရှိကြသည်။ ထိုကျွန်းစု
အနက် ကျောက်ဖြူမြို့နယ်တွင် မြ
ကျွန်းဟုခေါ်သော ကျွန်းငယ်တစ်ခု
သည်။ ထိုကျွန်းကို အရပ်သူ၊ အရပ်
များက မဒေးကျွန်းဟု ခေါ်ဆိုကြ
သည်။ မြဒေးကျွန်း (ခေါ်) မဒေးကျွန်း
သည် ကျောက်ဖြူမြို့မှ ရေမိုင်(၈)မိုင်
ဝေးသည်။ ကျောက်ဖြူမြို့မှ ပင်
ယ်ပြင်ကိုဖြတ်၍ စက်လှေဖြင့် မြဒေး
န်းသို့ တစ်နာရီကျော်ကြာ ခုတ်
င်းရသည်။ မြဒေး(ခ)မဒေးကျွန်းမှာ
မိုင်ပတ်လည်ခန့်သာ ကျယ်ဝန်း
သာ ကျွန်းငယ်တစ်ခု ဖြစ်သည်။

မြဒေးကျွန်းပေါ်တွင် တရုတ်ပြည်
သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ လာ
က်တည်ဆောက်ထားသည့် UNTP
မ္ပဏီ၏ Project (စီမံကိန်း)တစ်ခု
သည်။ ထိုစီမံကိန်းလုပ်ငန်းမှာ အရှေ့
ယ်ပိုင်းမှထွက်ရှိသော ရေနံနှင့်
စွမ်းအင်များကို ရေအောက်၊ မြေအောက် ပိုက်လိုင်းများဖြင့် သွယ်တန်း၍ မြဒေးကျွန်းပေါ်တွင် ကန်များနှင့် သိုလှောင်ထားရှိသည်။ ထိုသို့ သိုလှောင်ထားရှိသော စွမ်းအင်များကို မြေအောက်ပိုက်လိုင်းများဖြင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်း မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့ကို တဖြောင့်တည်း ဖြတ်သန်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်သို့ စက်စွမ်းအားဖြင့် တွန်းပို့ပေးသည်။ ထိုစီမံကိန်းလုပ်ငန်း UNTP ကုမ္ပဏီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် အရေးပါအရာရောက်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

မြဒေးကျွန်းပေါ်ရှိ စွမ်းအင်တင်ပို့မှု စီမံကိန်းလုပ်ငန်းခွင်တွင် အဆင့်အမျိုးမျိုး၊ အလွှာအသွယ်သွယ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူ အများအပြား ရှိသည်။ ထိုဝန်ထမ်းများအားလုံး၏ ကိုးဆယ်ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသားများသာ ဖြစ်ကြသည်။ ကျန်ဆယ်ရာခိုင်နှုန်းမှာ မြဒေးကျွန်းသားများဖြစ်၍ သူတို့၏လုပ်ငန်းတာဝန်မှာ လုံခြုံရေးနှင့် အထွေထွေလုပ်သားများသာ ဖြစ်ကြသည်။ ဝန်ထမ်းများအတွက် နေထိုင်စရာအဆောက်အဦးကိုလည်း သူ့အဆင့်အတန်းနှင့်သူ စီစဉ်ထားရှိသည်။ သာမန်ဝန်ထမ်းများအတွက် အိပ်ခန်းတစ်ခန်းလျှင် အမျိုးသား(၁၀)ဦးမှ (၁၂)ဦးအထိထားရှိပြီး အထက်နှင့်အောက် နှစ်ယောက်အိပ်နိုင်ရန် နှစ်ထပ်ခုတင်များ ထားရှိပေးသည်။ စားသောက်ရေးကိုမူ ထမင်းစားခန်း၌ အတူတကွ စားသောက်ကြရသည်။ လျှပ်စစ်မီးကို နေ့စဉ် မနက်(၅)နာရီမှ ည(၁၁)နာရီအထိ မီးစက်မှ ထုတ်လွှတ်ပေးသည်။ မီးပိတ်ချိန်ဖြစ်သည့် ည(၁၁)နာရီမှ နောက်တစ်နေ့ မနက်(၅)နာရီသည် အလုပ်သမားများ အိပ်စက်နားနေချိန်ဖြစ်သည်။

ဤသည်မှာ မြဒေးကျွန်း(ခ)မဒေးကျွန်းပေါ်ရှိ စီမံကိန်းလုပ်ငန်း၏ ပုံရိပ်များပင် ဖြစ်ပါပေသည်။

+++

**အခန်း(၂)**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၃)ရက် (ဝါခေါင်လဆုတ် ၁၃ ရက်) မနက်လေးနာရီခွဲအချိန်ခန့်တွင် ဖြစ်သည်။ လဆုတ်ရက်ဖြစ်၍ မြဒေးကျွန်း၏ပုံရိပ်က မည်းမှောင်နေ၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသလို မုတ်သုန်မိုးနှင့် လေပြင်းတို့က အစွမ်းပြဟစ်ကြွေးလျက်။ တစ်ချက် တစ်ချက် လင်းလက်လာသော လျှပ်စီးရောင်များက မြဒေးကျွန်းပေါ်ရှိ စီမံကိန်းလုပ်ငန်းနှင့် လူနေတိုက်တာများကို မီးမောင်းထိုးပြသလို ရှိနေပါသည်။ စီမံကိန်းလုပ်ငန်းတွင် တရုတ်နိုင်ငံသား သာမန်အလုပ်သမားများနေထိုင်သော အိပ်ဆောင်(၁၃)ဆောင်ရှိသည်။ အိပ်ဆောင်တွင် မိုးလေအေးအေးဖြင့် အိပ်မောကျနေသူလည်း ရှိသလို နိုးနေသူလည်း ရှိသည်။ သို့သော် လျှပ်စစ်မီးက မရသေး၍ နိုးနေသူများမှာ အိပ်ရာမှ မထသေးဘဲ မိမိတို့၏ နှစ်ထပ်ကုတင်ပေါ်တွင် ရှိနေကြပါသည်။

စီမံကိန်းလုပ်ငန်းခွင်၏ နာရီသံချောင်းခေါက်သံ (၅)ချက်က ဟန်ခက်ညီစွာ ထွက်ပေါ်လာသည်။ နာရီသံချောင်းအဆုံးတွင် လုပ်ငန်းခွင်ရှိ အ



www.burmeseclassic.com

www.burmeseclassic.com


လုပ်သမား အိပ်ဆောင်များကလည်း မီးလင်းလာ၏။ ထိုအခါ အိပ်ဆောင်အချို့မှ အလုပ်သမားအချို့ နိုးထလာ၏။ နိုးထလာသော အလုပ်သမားများက မိမိတို့၏ ကျန်းမာရေး၊ ကိုယ်လက်သန့်ရှင်းရေး စသည်တို့ကို လုပ်ရှားမှုပြုလာကြသည်။ နိုးထလှုပ်ရှားလာသော အိပ်ဆောင်များထဲမှ အခန်းအမှတ်(၂၉) လည်း အပါအဝင်ဖြစ်ပါသည်။ အဆိုပါ အခန်းအမှတ်(၂၉)တွင် တရုတ်နိုင်ငံသားအလုပ်သမား (၁၂)ယောက်ရှိသည်။ ထိုအလုပ်သား(၁၂)ယောက်တွင် နိုးထသူလည်းရှိ၍ နိုးပြီးမထသေးသူလည်း ရှိသည်။

မနက်(၆)နာရီအချိန် အခန်းအမှတ်(၂၉)မှ အလုပ်သမား(၁၂)ယောက်အနက် (၁၁)ယောက်မှာ အသီးသီး နိုးထခဲ့ကြပြီး နံနက်စာစားရန် အသင့်ဖြစ်နေကြ၏။ သို့သော် အခန်းထဲမှ အတူနေအလုပ်သမား Mr.Lumohou (မစ္စတာလူမိုဟို)မှာ ပျောက်ဆုံးနေ၏။ အဆိုပါအခန်းတွင် ပျောက်ဆုံးသူ မစ္စတာ လူမိုဟိုနှင့်အတူ အစ်ကိုရင်းဖြစ်သူ Mr.Luzhike (မစ္စတာ လူဇီကီး) လည်း အတူနေ၏။ ထို့ကြောင့် အစ်ကိုဖြစ်သူ လူဇီကီးနှင့်အတူနေ အလုပ်သမားတစ်ဦးတို့သည် ပျောက်နေသူ လူမိုဟို၏ အိပ်ရာကုတင်သို့ သွားကြည့်၏။ လူမိုဟိုသည် အိပ်ခန်းရှိ နှစ်ထပ်ကုတင်မှ အပေါ်ထပ်အဆင့်တွင် အိပ်သူဖြစ်၏။ အိပ်ရာကုတင်သို့ ရောက်သော်လည်း အပေါ်ထပ်အိပ်စင်တွင် လူမိုဟိုကား မရှိ။ ကုတင်ပေါ်ရှိ အိပ်ရာနှင့် ခြံစောင်တို့တွင် သွေးစွန်းသွေးကွက်များကိုသာ တွေ့ရှိခဲ့ကြသည်။

မစ္စတာ လူမိုဟို ပျောက်ဆုံးနေမှုနှင့် အိပ်ရာပေါ်တွင် တွေ့ရှိသော အနေအထားသတင်းစကားက စီမံကိန်းလုပ်ငန်း၏ ဆိုဒ်မန်နေဂျာ မစ္စတာမားဝေထံသို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ပျောက်ဆုံးသူ လူမိုဟိုအား လူစုခွဲ၍ မြေဒေးကျွန်းတစ်ဝိုက် ပိုက်စိပ်တိုက် ရှာကြ၏။ သို့သော် ပျောက်ဆုံးသူကား အရိပ်အယောင်ပင်မတွေ့။ ထို့ကြောင့် တာဝန်ရှိသူမှ မြေဒေးကျွန်းနယ်မြေ ရဲစခန်းသို့ အကြောင်းကြားရပါသည်။ မြေဒေးကျွန်းနယ်မြေ ရဲစခန်းမှ တရုတ်နိုင်ငံသား မစ္စတာလူမိုဟို ပျောက်ဆုံးမှုကို လူပျောက်အမှတ်စဉ် ၁/၂၀၁၃ ဖြင့် အမှုဖွင့် စစ်ဆေးခဲ့ပါသည်။

နောက်တစ်နေ့ (၄-၉-၂၀၁၃) နယ်မြေရဲစခန်းနှင့် စီမံကိန်းလုပ်ငန်းမှ သက်ဆိုင်သူများက ပျောက်ဆုံးနေသော မစ္စတာလူမိုဟိုအား ကြည်းကြောင်း၊ ရေကြောင်းတို့ဖြင့် ရှာဖွေကြ၏။ သို့သော် ပျောက်ဆုံးသူကား နတ္ထိ။ နောက်တစ်နေ့ (၅-၉-၂၀၁၃)တွင် ဆက်၍ ရှာဖွေသော်လည်း မစ္စတာ လူမိုဟိုမှာ ပုန်းအောင်းနေဆဲပင် ရှိပါသည်။ ထိုနေ့ညနေ (၅)နာရီခန့်တွင် ဖြစ်သည်။ မြေဒေးကျွန်းကျေးရွာအုပ်စု၊ ရွာမကျေးရွာ၏ မြောက်ဘက်ကိုက် (၂၀၀)ခန့်၊ ပင်လယ်ကမ်းစပ်နှင့် ကိုက် (၃၀၀)ခန့်အကွာ သံဖစ်မြစ်အတွင်း၌ အမျိုးသား လူသေအလောင်းတစ်လောင်းပေါ်လာခဲ့သည်။

ထိုအမျိုးသား လူသေအလောင်းမှာ အပေါ်အင်္ကျီမပါ၊ ဘောင်းဘီရှည်ဝတ်လျက်၊ လည်ပင်းအောက် ရင်ညွှန့်အထက်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်နှင့် ဝဲဘက်လက် တံတောင်ဆစ်ဂေ
တွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့
သည်။ အလောင်း၏ ခန္ဓာကိုယ်အ
အထားမှာ ကောင်းမွန်သော်လည်း မျ
အမည် အတည်ပြုခြင်း Identifica
tion အတွက် အဓိကကျသော မျ
နှာမှာ လုံးဝပျက်စီးနေသည်။ မျက်လုံ
နှာခေါင်း၊ ပါးစပ်နှင့် နားရွက် စသ
တို့မှာ ဘာမျှမရှိတော့ဘဲ မျက်နှာ အ
နှင့် အရေပြားသာ ရှိသည်။ သို့သေ
အလောင်းတွင် ဝတ်ဆင်ထားသော
နီဖောင်း(ဘောင်းဘီ)မှာ စီမံကိန်းလု
ငန်းမှ ထုတ်ပေးသော တူညီဝတ်စုံ(
နီဖောင်း)ဖြစ်သည်။ ခန္ဓာကိုယ်အသ
အရည်နှင့် အရောင်အသွေးမှာ တရု
နိုင်ငံသားအဆင်းသဏ္ဍာန်ဖြစ်သည
ထို့ကြောင့် အဆိုပါရုပ်အလောင်းသ
ပျောက်ဆုံးနေသော စီမံကိန်းလုပ်ငန်
တရုတ်နိုင်ငံသား မစ္စတာလူမိုဟို၏
အလောင်းဖြစ်ကြောင်း နယ်မြေရဲ
အတည်ပြုသည်။ လူပျောက်မှုကို ပိ
သိမ်း၍ (ပ)၂၁/၂၀၁၃ ပြစ်မှုဆိုင
ဥပဒေပုဒ်မ-၃၀၂(လူသတ်မှု)ဖြင့် အ
ဖွင့်ပြီး နယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေး
ခဲ့သည်။

(စုံစမ်းစစ်မေးခဲ့သော သူများ
မြန်မာစကားမတတ်၍ မိမိဘက်
တရုတ်ဘာသာစကားပြန်ဖြင့် စစ်မေး
ပါသည်။ အမှုစစ်အရာရှိ၏ မေးမြ
ချက်နှင့် တရုတ်နိုင်ငံသား၏ ပြော
ချက်တို့ကို ဖတ်သိမ်းသည်အထိ မြ
မာစကားဖြင့်သာ ဖော်ပြသွားပါမည်

+++


အခန်း(၃)

"ကျွန်တော်တို့တက်ကြတော့


www.burmeseclassic.com

www.burmeseclassic.com





အလောင်းစတင်တွေ့ရှိရာ သံလွင်မြစ်အတွင်း ထုံးကျွန်းအနီး

သေဆုံးတဲ့ ဒီရုပ်အလောင်းဟာ ကျွန်တော်တို့နိုင်ငံသား ... ပျောက်ဆုံးသွားတဲ့ မစ္စတာလူမိုဟိုပါလို့ အပြည့်အဝလက်မခံနိုင်သေးဘူးဗျ''

ဟု စီမံကိန်းဆိုဒ်မန်နေဂျာ မစ္စတာမားဝေးက ဆိုပါသည်။ ဒီတော့နယ်မြေရဲ့ အမှုစစ်အရာရှိက–

''မစ္စတာမားဝေက ... ဘာကြောင့် လက်မခံနိုင်သေးတာလဲ''

''ခင်ဗျားပဲ ... စဉ်းစားကြည့်လေ၊ လူမှန် အမည်မှန်ကို အတည်ပြုဆိုတာက ... အဲဒီလူရဲ့ ရုပ်အဆင်းသဏ္ဌာန်နဲ့ ထင်ရှားတဲ့ အမှတ်အသားကိုကြည့်ရမှာလေ ... အခု .. ခင်ဗျားတို့ရုပ်အလောင်းက အရေးပါတဲ့ မျက်နှာမရှိတော့ ... ကျွန်တော်က .. ဘယ်လိုလို့ လက်ခံနိုင်မှာလဲ''

''သေဆုံးသူ ကိုယ်ပေါ်မှာ ... ဝတ်ဆင်ထားတဲ့ဘောင်းဘီဟာ ... ခင်ဗျားတို့ .. ကုမ္ပဏီကဝတ်စုံ မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ... ဒီဝတ်စုံတစ်ခုတည်းနဲ့ အတည်ပြုလို့ မရပါဘူး၊ တိကျခိုင်မာတဲ့ ... အထောက်အထားတွေ ရှိဖို့လိုပါတယ်''

မြဒေးကျွန်းနယ်မြေတွင် လူပျောက်မှုတိုင်ကြားထားသည်မှာ မစ္စတာ လူမိုဟိုပျောက်ဆုံးမှု တစ်ခုသာရှိသည်။ အခြားကျေးလက်၊ တောရွာများမှ လူပျောက်မှု တိုင်ကြားထားခြင်းလုံးဝမရှိ။ ထို့ပြင် သေဆုံးသူ၏ အစ်ကိုရင်း မစ္စတာ လူဇီကီးမှလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်နှာမှလွဲ၍ ဤခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ညီရင်းဖြစ်သူ လူမိုဟိုဖြစ်ကြောင်း အတည်ပြုပေးသည်။ ထို့ကြောင့် ယခုတွေ့ရှိသော ရုပ်အလောင်းသည် ပျောက်ဆုံးသူ မစ္စတာ လူမိုဟိုမှလွဲ၍ တခြား မဖြစ်နိုင်ကြောင်း နယ်မြေအမှုစစ်မှ ရှင်းပြ၏။ ဒါကိုလည်း စီမံကိန်းလုပ်ငန်းမှ အပြည့်အဝ လက်မခံဘဲ ရှိနေခဲ့သည်။

မည်သို့ပင်ရှိစေ၊ အမှုစစ်အရာရှိအနေဖြင့် သေဆုံးသူသည် မစ္စတာလူမိုဟိုဖြစ်ကြောင်း အခိုင်အလုံ အထောက်အထားဖြင့် ပြသဖို့လိုသည်။ ထို့ကြောင့် သေဆုံးသူ၏ရုပ်အလောင်းကို ရှုထောင့်အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူသည်။ သေဆုံးသူဝတ်ဆင်ထားသော ခါးပတ်၊ ဘောင်းဘီရှည်နှင့် အတွင်းခံဘောင်းဘီတို့ကို သိမ်းယူ၏။ သေဆုံးသူ၏ ဝဲယာလက်နှစ်ဖက်မှ လက်(၁၀)ချောင်း၏



www.burmeseclassic.com

www.burmeseclassic.com


လက်ဗွေပုံစံများကို ရယူသည်။ ထို့ပြင် သေဆုံးသူ၏ ဆံပင်၊ လက်သည်း၊ အသားစ တို့ကိုလည်း DNA စစ်ဆေးရန် ရယူခဲ့သည်။ သေဆုံးသူနှင့် DNA တိုက်ဆိုင်စစ်ဆေးနိုင်ရန် အတူရှိနေသူ အစ်ကိုအရင်း မစ္စတာ လူဇီကီးထံမှလည်း ဆံပင်နှင့်လက်သည်းတို့ကို နမူနာရယူ၏။ ထို့အတူ မစ္စတာလူမိုဟို (သေဆုံးသူ)ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်ကိုလည်း သိမ်းယူထားသည်။ သေဆုံးသူ၏ ရုပ်အလောင်းကိုလည်း တရားဝင်အတည်ပြုချက်မရမီ သင်္ဂြိုဟ်ခြင်းမပြုဖို့နှင့် ပုပ်ပွခြင်းမဖြစ်စေရန် ရင်ခွဲရုံ၌ ရေခဲရိုက်၍ စီမံထားရှိခဲ့သည်။

စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူများသည် မိမိတို့ တရုတ်နိုင်ငံတွင် ရုပ်၊ အမည် အတည်ဖြစ်ဖို့အတွက် DNA စစ်ရန် သေဆုံးသူ၏ ဆံပင်၊ လက်သည်း၊ အသားစနှင့် အစ်ကိုဖြစ်သူ၏ ဆံပင်၊ လက်သည်းတို့ကို နယ်မြေအမှုစစ်အရာရှိထံမှ ရယူခဲ့သည်။ အမှုစစ်အရာရှိကလည်း တရားဝင်လွှဲပြောင်းအပ်ပေးသည်။ သို့သော် DNA ၏အဖြေကား တိုက်ဆိုင်စစ်ဆေး၍ မရကြောင်း ထွက်လာသည်။ ဒါကလည်း တစ်စုံတစ်ခု ချို့ယွင်းအားနည်းချက်ကြောင့် ဖြစ်နိုင်ပါသည်။

သေဆုံးသူသည် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ရုပ်အလောင်းကိုလည်း ရေထဲတွင် စွန့်ပစ်ခဲ့သည်။ သေဆုံးသူသည် စီမံကိန်းလုပ်ငန်းမှ မစ္စတာလူမိုဟိုမှလွဲ၍ တခြားမဖြစ်နိုင်။ လူမိုဟိုကို သတ်သူမှာလည်း လူစိမ်းသူစိမ်းမဟုတ်။ တစ်ခန်းတည်းအတူနေ အလုပ်သမား(၁၁)ယောက်ထဲကသာ ဖြစ်မည်။ ထို့ကြောင့် နယ်မြေအမှုစစ်အရာရှိသည် အခင်းဖြစ်ပွားရာ အခန်းအမှတ်(၂၉)မှ သေဆုံးသူနှင့်အတူနေ တရုတ်နိုင်ငံသား အလုပ်သမား(၁၁)ဦးကို လူသတ်မှုဖြင့် ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။ သင်္ကာမကင်းသူ(၁၁)ဦးစလုံးကို ကျောက်ဖြူမြို့ ရဲစခန်းအချုပ်တွင် အတူတကွထားရှိ၍ နယ်မြေအမှုစစ်အရာရှိမှ စစ်ဆေးမေးမြန်းလျက် ရှိပါသည်။

+++

အခန်း(၄)

"အမှုဖြစ်စဉ်ကတော့ ... အဲဒါပဲ ကိုစံထူးရေ ... အဲဒီအမှုကို ကျွန်တော်တို့ စီအိုင်ဒီက လွှဲပြောင်းလက်ခံစစ်ဆေးဖို့ အထက်ဌာနက တာဝန်ပေးလာတယ်၊ တရုတ်နိုင်ငံက .. ရဲအရာရှိတွေလည်း အဲဒီအမှုကို စုံစမ်းဖော်ထုတ်ဖို့ ကျောက်ဖြူကိုလာမယ်လို့ သိရတယ်ဗျ၊ ဒါကြောင့် ... အဲဒီအမှုကို ခင်ဗျားပဲ လက်ခံစစ်ဆေးဖို့လုပ်ပါ"

မှုခင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ ခွဲမှူးရုံး ရန်ကုန်(အင်းစိန်)စီအိုင်ဒီတွင် ဖြစ်သည်။ အခင်းဖြစ်ပြီး (၅)ရက်ခန့်အကြာ မြဒေးကျွန်းလူသတ်မှုကို စီအိုင်ဒီမှ လွှဲပြောင်းလက်ခံစစ်ဆေးရန် အထက်ဌာနမှ တာဝန်ပေးလာခဲ့သည်။ ထို့ကြောင့် တပ်ဖွဲ့ခွဲမှူးဖြစ်သူက အမှုဖြစ်စဉ်ကို ရှင်းပြပြီး စုံထောက်စံထူးအား အဆိုပါအမှုကို လွှဲပြောင်းလက်ခံစစ်ဆေးရန် တာဝန်ပေးသည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်။ စီအိုင်ဒီမှ စုံထောက်စံထူးနှင့် လက်ထောက်(တွဲဖက်)စုံထောက် အောင်မင်းတို့ ကျောက်ဖြူမြို့သို့ ရောက်ရှိခဲ့သည်။ ကျောက်ဖြူမြို့ ခန်းတွင်ရှိနေသော မူလအမှုစစ်အ ရဲအုပ်စိုးဝင်း(ယခု ဒုရဲမှူး)နှင့်တွေ့ အမှုဖြစ်စဉ်ကို မေးမြန်းဆွေးနွေးကြ ထိုသို့ ဆွေးနွေးမေးမြန်းကြစဉ် သိ ဆည်းထားသော သက်သေခံပစ္စ များအနက် သင်္ကာမကင်းဖွယ်ရာ လွှန်စတစ်ခု ထွက်လာ၏။ ဤသည် ယနေ့ပင် သိမ်းဆည်းရမိခဲ့သော အ အသွား (၈)လက်မခန့်ရှိ အရိုး အသွားများ ပြုတ်ထွက်နေသော က ကြေးတစ်လက်ပင် ဖြစ်သည်။

"အဲဒီ ... ကတ်ကြေးကို ဘ လိုဘယ်ပုံ ရခဲ့တာလဲ"

စုံထောက်စံထူး၏အမေးကို မူ အမှုစစ် ဒုရဲမှူး စိုးဝင်းက–

"ဟုတ်ကဲ့ ... ကျွန်တော် ပြပါမယ်"

အခင်းဖြစ်သည့်နေ့ မနက်တ အိပ်ရာမှ ပျောက်ဆုံးနေသော လူမို ကို အိပ်ဆောင်အတွင်းနှင့်အပြင် ဝန်းရှာဖွေကြ၏။ ဤသို့ ရှာဖွေရာ ပျောက်ဆုံးသူ၏အစ်ကိုအရင်း လူဇီ နှင့် အလုပ်သမားခေါင်းဆောင် က ကျိဝေတို့မှာ လူမိုဟို၏ အိပ်ရာကု သို့ သွားရာကြသည်။ ကုတင်ပေါ်တ သွေးကွက်များနှင့်အတူ သွေးစွန်း သော အဆိုပါကတ်ကြေးကို တွေ့ ကြ၏။ ထိုကတ်ကြေးကို အလုပ်သ ခေါင်းဆောင် ကျန်းကျိဝေမှကောက် ၍ လူဇီကီးကို ပြ၏။ ထိုအခါ လူဇီ မှ ညီဖြစ်သူ လူမိုဟိုမှာ စိတ်ဖော ပြန်၍ သူ့ကိုယ်သူ သတ်သေသွားခြ ဖြစ်နိုင်ကြောင်း၊ ကုမ္ပဏီတွင်လ သိက္ခာကျကြောင်း၊ ထို့ကြောင့် ထိုက


www.burmeseclassic.com

www.burmeseclassic.com



ကြေးကို တစ်နေရာတွင် သွားစွန့်ပစ်ရန်ပြော၏။ သို့ဖြစ်၍ ထိုကတ်ကြေးကို လူဖိုကီးနှင့် ကျန်းကျိုဝေတို့နှစ်ဦးသည် အိပ်ဆောင်နှင့် ကိုက်(၂၀၀)ခန့် ဝေးသော ချုံနွယ်တွင် သွားရောက်စွန့်ပစ်ခဲ့ကြသည်။ ဤဖြစ်စဉ်ကို ကျန်းကျိုဝေမှ ထွက်ဆိုပြ၍ ကတ်ကြေးစွန့်ပစ်သည့်နေရာကိုပါ လိုက်လံပြသဖြင့် ယနေ့(၁၀-၉-၂၀၁၃)နေ့လယ်ပိုင်းတွင် သိမ်းဆည်းရရှိခဲ့ကြောင်း၊ နောက်ဆုံးအခြေအနေကို အမှုစစ် ဒုရဲမှူးစိုးဝင်းက ဖွင့်ဆိုပြခဲ့ပါသည်။

"အမှုအတွက် ... လမ်းစလေး ပေါ်လာပြီပေါ့ ကိုစိုးဝင်းရယ်"

"ဟုတ်ပါတယ် ဆရာ ... ဆရာတို့အတွက် အထောက်အကူပြုမယ့် သဲလွန်စတစ်ခုပါ"

"မှန်တာပေါ့ဗျာ ... သိပ်မှန်တာပေါ့၊ အခု ကျွန်တော်တို့ အခင်းဖြစ်အရပ်ကို သွားကြည့်ရအောင်ဗျာ"

"ဟုတ်ကဲ့ .. ကျွန်တော် လိုက်ပို့ပါမယ်"

စုံထောက်စံထူး၊ အကူစုံထောက်အောင်မင်းနှင့် ဒုရဲမှူးစိုးဝင်းတို့သည် ကျောက်ဖြူဆိပ်ကမ်းမှ မြဒေးကျွန်းသို့ စက်လှေဖြင့် ထွက်လာခဲ့ကြသည်။ အခင်းဖြစ်စဉ်က အခင်းဖြစ်အရပ်ကို ဦးစွာ မြင်တွေ့ခဲ့သူ အမှုစစ်ဒုရဲမှူး စိုးဝင်းက ရှင်းလင်းပြသည်။ အခင်းဖြစ်ရပ်အနေအထားနှင့် အခင်းဖြစ်ပွားမှုအပေါ် စုံထောက်စံထူးက အောက်ပါအတိုင်း တွေးဆကြည့်သည်။

တရုတ်နိုင်ငံသား အလုပ်သမားများနေထိုင်သော အဆောင်(၁၃)ဆောင် ရှိသည်။ အခင်းဖြစ်ပွားရာ အဆောင်အမှတ်(၂၉)သည် အဆောင်များ၏ အလယ်တွင်ဖြစ်ပြီး ဝင်ထွက်ပေါက်တစ်ပေါက်သာ ရှိသည်။ ထို့ကြောင့် ပြင်ပမှ လူစိမ်းသူစိမ်းက အလွယ်တကူဝင်ရောက်၍ ပြစ်မှုကျူးလွန်ရန် မဖြစ်နိုင်ပါ။ အခင်းဖြစ်ပွားသည့်အချိန် အခန်းတံခါးကို ပိတ်ထားကြောင်းသိရပြီး အခင်းဖြစ်ပြီးနောက် အခန်းတံခါးသော့မှာလည်း အကောင်းပကတိရှိနေခြင်းကြောင့် ပြင်ပမှ လူစိမ်းဝင်ရောက်လာဖို့က လုံးဝ မဖြစ်နိုင်သော အခြေပင်ဖြစ်သည်။ သေဆုံးသူတွင် အပေါ်အင်္ကျီမပါဘဲ သူပိုင်လက်ကိုင်ဖုန်းနှင့် ဖိနပ်တို့မှာလည်း ပျောက်ဆုံးနေ၏။ သေဆုံးသူ၏ အထက် ထပ်ကုတင်အိပ်ရာတွင် သွေးအိုင်သွေးကွက်များ၊ ခုတင်အောက်ကြမ်းခင်း ကွန်ကရစ်တွင် သွေးကွက်များရှိနေခဲ့ခြင်းများမှာ သေဆုံးသူအိပ်ပျော်နေစဉ်သတ်ဖြတ်၍ ရုပ်အလောင်းကို ဖျောက်ဖျက်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်မိသည်။

သေဆုံးသူ၏ ရုပ်အလောင်းအား အိပ်ဆောင်အတွင်းမှ ရေပြင်ရှိရာသို့ သယ်ဆောင်သွားနိုင်မှုလမ်းကြောင်းကို လိုက်ကြည့်ကြသည်။ အလုပ်သမားများ နေထိုင်ရာ ခြံဝင်းကို နိုင်ခံ့သောအုတ်တိုင်၊ သံဆူးကြိုးများဖြင့် ကာရံထားပြီး ဝင်/ထွက်တံခါးပေါက် (၃)ပေါက်ကို တွေ့ရသည်။ တံခါးပေါက်(၁)မှာ လုပ်ငန်းသုံးပစ္စည်း ထုတ်/သွင်းချိန်၌သာ ဖွင့်လှစ်လေ့ရှိပြီး အမြဲတမ်း သော့ပိတ်ထားသည်။ တံခါးပေါက်(၂)မှာ နေ့ညမပြတ် အစောင့်ရှိသော တံခါးပေါက်ဖြစ်သည်။ တံခါးပေါက် (၃)မှာ မလွယ်ပေါက်ဖြစ်၍ မြစ်ဆိပ်သို့ထွက်သော တံခါးပေါက် ဖြစ်သည်။ ထိုတံခါးပေါက်မှာ နှစ်ပေခွဲ၊ သုံးပေခန့်ရှိ၍ အစောင့်လည်းမထား၊ တံခါးလည်းမရှိသည်ကို တွေ့ရသည်။ ထို ဝင်/ထွက်ပေါက်သည် အစောင့်ရှိသော တံခါး(၂)၏ မျက်ကွယ်တွင်ဖြစ်သည်။ ထိုအပေါက်မှထွက်လျှင် ယူနန်ဘုတ်ဆိပ်(ခ)ပြည်တော်စည် တံတားရှိရာ သံဇစ်မြစ်သို့ရောက်သည်။ သေဆုံးသူ၏ ရုပ်အလောင်းကို သယ်ယူမည်ဆိုက တံခါးမရှိ၊ အတားမရှိသော အမှတ်(၃)ဝင်ထွက်ပေါက်မှ သယ်ယူ၍ သံဇစ်မြစ်အတွင်းသို့ စွန့်ပစ်ဖွယ်ရာရှိသည်။

ပြစ်မှုကျူးလွန်ချိန်ကို သုံးသပ်ကြည့်သည်။ အလုပ်သမားများအိပ်ဆောင်ကို နေ့စဉ်ည(၁၁)နာရီမှ နောက်တစ်နေ့မနက် (၅)နာရီအထိ လျှပ်စစ်မီးဖြတ်တောက်ထားသည်။ အခင်းဖြစ်သည့်နေ့က အိပ်ဆောင်အတွင်းရှိ အလုပ်သမားအချို့သည် မနက်(၄)နာရီခွဲခန့်တွင် အိပ်ရာမှ နိုးနေသော်လည်း မထကြသေးကြောင်း သိရသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် ညဉ့်(၁၂)နာရီ (သန်းခေါင်အချိန်)မှ နောက်တစ်နေ့ မနက် (၄)နာရီ အချိန်အတွင်း ဖြစ်နိုင်ခြေရှိကြောင်း စုံထောက်စံထူးမှ သုံးသပ်ပြသည်။

"ပြစ်မှုကျူးလွန်တဲ့ တရားခံဟာလည်း ... တခြားသူမဖြစ်နိုင်ဘူး ကိုစိုးဝင်းရဲ့ ... တစ်ခန်းထဲမှာ အတူနေတဲ့ (၁၁)ယောက်ထဲကပဲ"

ဟု စုံထောက်စံထူး၏ သုံးသပ်ပြောဆိုမှုကို မူလအမှုစစ် ဒုရဲမှူး စိုးဝင်းက-



www.burmeseclassic.com

"ဟုတ်ပါတယ် ... ခင်ဗျ၊ ကျွန်တော်လည်း အဲဒီလိုပဲ တစ်ထစ်ချ မှတ်ယူပါတယ်၊ ဒါကြောင့် ... တစ်ခန်းတည်း အတူနေတဲ့ အလုပ်သမား(၁၁)ယောက်ကို ... ဖမ်းဆီး စစ်မေးနေပါတယ်"

+++

## အခန်း(၅)

"ပြစ်မှုနဲ့ ... သင်္ကာမကင်းတဲ့ လူတစ်စုကို အချုပ်ခန်းတစ်ခုတည်းမှာ အတူတကွ စုစည်းထားတော့ အမှုမှန် ပေါ်ပေါက်ဖို့ အားနည်းချက်ရှိသလို အမှုစစ်အရာရှိအတွက်လည်း ... အရှုံးနဲ့ ရင်ဆိုင်ရမှာပါ၊ အမှန်တရား ပေါ်ပေါက်ဖို့အတွက် သင်္ကာမကင်းတဲ့ အချုပ်သား(၁၁)ဦးကို သီးခြားစီ ခွဲထားချင်ပါတယ်"

အမှုကို လွှဲပြောင်းလက်ခံရယူပြီးနောက် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် တွဲဖက်စုံထောက် အောင်မင်းတို့သည် မူလအမှုစစ် ဒုရဲမှူး စိုးဝင်း စစ်မေးထားသော အမှုတွဲပါ ထွက်ဆိုအစစ်ခံချက်များကို အသေးစိတ် ဖတ်ရှုလေ့လာကြသည်။

သေဆုံးသူနှင့် ဖမ်းဆီးထားသူ (၁၁)ဦးတို့မှာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် နေထိုင်ကြသူများဖြစ်၍ ဟန်နီးလူမျိုး(ဘာသာမဲ့) တစ်နယ်သားများ ဖြစ်ကြသည်။ ၎င်းတို့အဖွဲ့တွင် အလုပ်သမားခေါင်းဆောင်ဖြစ်သူ ကျန်းကျိဝေမှ စုစည်းခေါ်ဆောင်လာပြီး (၂၉-၂-၂၀၁၃)ရက်နေ့တွင် မြဒေးကျွန်းစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိခဲ့ကြသည်။ တစ်နယ်သားများ ဖြစ်ကြသော်လည်း လိုချင်တပ်မက်မှု လောဘ၊ အမျက်ထွက်မှု ဒေါသ၊ အမှားအမှန် ဝေခွဲမရမှု မောဟ စသည့် အကုသိုလ်တရားများ ပွားများလာလျှင် သွေးသားချင်းပင် သီးခံနိုင်စွမ်းမရှိကြပေ။ ယခု အမှုတွင် ပြစ်မှုကျူးလွန်သူမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူ သို့မဟုတ် သွေးသားရင်းထဲမှလွဲ၍ တခြားဖြစ်နိုင်ဖွယ်မရှိပါ။

လိုချင်တပ်မက်မှု လောဘ၊ အမျက်ထွက်မှု ဒေါသ၊ အမှားအမှန် ဝေခွဲမရမှု မောဟ စသည့် အကုသိုလ်တရားများ ပွားများလာလျှင် သွေးသားချင်းပင် သီးခံနိုင်စွမ်းမရှိကြပေ။ ယခု အမှုတွင် ပြစ်မှုကျူးလွန်သူမှာ ...

သို့သော် သင်္ကာမကင်းသူ (၁၁)ဦးစလုံးကို တစ်စုတစ်စည်းတည်း ထားရှိခြင်းသည် ထိုသူများအတွက် တိုင်ပင်ခွင့်၊ နှီးနှောခွင့်ရှိနေသဖြင့် စစ်ကြောမေးမြန်းရာတွင် ဖြစ်စဉ်အမှန်ကို ဖုံးကွယ်ထားတတ်ကြပါ၏။ စစ်မေးသူနှင့် အစစ်ခံရသူတို့မှာ လက်ရုံးရည်ပြိုင်ကြခြင်းမဟုတ်ပါ။ ဉာဏ်ရည်ပြိုင်ကြခြင်းသာ ဖြစ်ပါသည်။ စစ်မေးသူနှင့် အစစ်ခံရသူတို့၏ ဉာဏ်ရည်ပြိုင်ပွဲ Game of wit တွင် စစ်မေးသူသည် အမှန်တရား ပေါ်ပေါက်ရေးကိုသာ ဦးတည်ပါ၏။ မိမိ၏ဦးတည်ချက် အောင်မြင်ရေးအတွက် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းတို့က ကျောက်ဖြူအကျဉ်းထောင်သို့ သွားကြသည်။ ကျောက်ဖြူ ထောင်ပိုင်နှင့် တွေ့ဆုံပြီး အမှုဖြစ်စဉ်နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းပြသည်။ ထို့နောက် အမှုနှင့်ပတ်သက်၍ ဖမ်းဆီးထားသော သင်္ကာမကင်းသူ တရုတ်နိုင်ငံသား (၁၁)ဦးအား သီးခြားစီ ခွဲချုပ်ခွင့်ပြုဖို့ စုံထောက်စံထူးမှ အထက်ပါစကားဖြင့် ထောင်ပိုင်အား အကူအညီတောင်းသည်။ ဒီတော့ ထောင်ပိုင်က-

"၁၁ ယောက်စလုံး သီးခြားစီ ခွဲထားဖို့က ... ကျွန်တော့်မှာ နေရာအခက်အခဲရှိပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ၅ ယောက်ကို တစ်စုနဲ့ ကျန် ၆ ယောက်ကို တစ်ယောက်စီ ... သီးခြားခွဲထားဖို့ ဖြစ်နိုင်ပါတယ်"

ဟု အကြံပြု၏။ ဒါကလည်း ဖြစ်နိုင်ခြေရှိသည်ကို ပြောဆို၍ ဥပဒေဘောင်အတွင်းမှ ကူညီဆောင်မခြင်းဖြစ်ပါ၏။ ဝန်ကြီးဌာနလက်အောက် တစ်ခုတည်း ဤသို့ ကူညီသမှုပြုသည်ကို ကျေးဇူးတင်စွာဖြင့် စုံထောက်စံထူးက-

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါ



www.burmeseclassic.com

တယ် ထောင်ပိုင်ကြီး၊ တစ်စုတည်းထားရမယ့် အချုပ်သားအမည်စာရင်းနဲ့ သီးခြား တစ်ယောက်ချင်းစီထားရမယ့် အမည်စာရင်းကို ကျွန်တော်တို့ ... စိစစ်ပြီးတဲ့အခါ အချုပ်သားအားလုံးကို အပ်ပေးပါ့မယ်''

''ဟုတ်ကဲ့ ရပါတယ်''

''တစ်လက်စတည်း ... နောက်တစ်ခု အကူအညီတောင်းပါရစေ၊ လုံခြုံရေးအရ ... အဲဒီအချုပ်သားတွေကို အပြင်မထုတ်တော့ဘဲ ထောင်ပိုင်ကြီး စီစဉ်ပေးတဲ့ အခန်းမှာပဲ စစ်ကြောပါရစေ''

''ဟုတ်ကဲ့ ... ရပါတယ်၊ ကျွန်တော် စီစဉ်ပေးပါ့မယ်''

နေရာထိုင်ခင်းနှင့် ပတ်ဝန်းကျင်အနေအထားမှာ စစ်မေးကြမည့် စုံထောက်နှစ်ဦးအတွက် တရားဥပဒေနှင့် ညီမျှသော အခွင့်အလမ်းတစ်ရပ် ဖြစ်ပါ၏။ ထို့ကြောင့် ဉာဏ်ရည်ပြိုင်ပွဲ Game of wit တွင် တစ်ဦးချင်းစီ ယှဉ်ပြိုင်ရမည့် အချုပ်သား(၆)ဦး၏ အမည်စာရင်းကို စုံထောက်နှစ်ဦးက စိစစ်ရွေးထုတ်ကြသည်။ ထို(၆)ဦးတွင် အလုပ်သမားခေါင်းဆောင် ကျန်းကျိဝေ၊ သေဆုံးသူ၏အစ်ကို လူဖီကီးနှင့် သေဆုံးသူ၏ကုတင်အောက်ထပ် အလုပ်သမားတစ်ဦး ထိုကုတင်နှင့်အနီးစပ်ဆုံး အလုပ်သမား(၃)ဦးတို့ ဖြစ်သည်။ ထိုသူ(၆)ဦးကို တသီးတခြားစီထားရှိရန်နှင့် ကျန်အလုပ်သမား (၅)ဦးကို တစ်ခန်းတည်းထားရှိရန် စီစဉ်ခဲ့ကြသည်။

ထို့နောက် ကျောက်ဖြူမြို့မ ရဲစခန်းအချုပ်တွင်ရှိနေသော သင်္ဘောမတင်းသူ တရုတ်နိုင်ငံသား (၁၁)ဦးကို ကျောက်ဖြူထောင်သို့ ပို့ဆောင်ပေး၏။ အကျဉ်းထောင်တွင် ရှိနေသော စုံထောက်နှစ်ဦးနှင့် ထောင်ပိုင်တို့က ကြိုတင်စီစဉ်ထားသည့်အတိုင်း အမည်ပေါက်အချုပ်သား (၆)ဦးကို တစ်ဦးလျှင် တစ်ခန်းစီနှင့် ကျန်အမည်ပေါက် (၅)ဦးကို တစ်စုတည်းတစ်ခန်းဖြင့် ထားရှိခဲ့သည်။ စစ်မေးသူနှင့် အစစ်ခံသူတို့ ဉာဏ်ရည်ယှဉ်ထိုးကြမည့် ကြိုးဝိုင်းကလည်း ထောင်ဘူးဝအဝင်တွင် အသင့်အနေအထား။ ဉာဏ်ရည်ယှဉ်ပြိုင်မည့် စင်မြင့်ပေါ်တွင် စုံထောက်စံထူးက အသင့်။

+++

အခန်း(၆)

''ကိုစံထူးလား''

''ဟုတ်ပါတယ် တပ်ဖွဲ့ခွဲမှူး''

''အခုပဲ ... တရုတ်သံရုံးက ဖုန်းဆက်လာတယ်ဗျ၊ မြဒေးကျွန်းအမှုနဲ့ပတ်သက်ပြီး တရုတ်သံရုံးက ရဲဆက်ဆံရေးအရာရှိ Mr.Wu Ru Zhen မြန်မာနာမည်ကတော့ တရုတ်ရဲမှူးကြီး ထွန်းလင်း၊ ခင်ဗျားသိပါတယ်''

''ဟုတ်ကဲ့ သိပါတယ်''

''ဦးထွန်းလင်းနဲ့ ယူနန်ပြည်နယ်က တာဝန်ရှိတဲ့သူတွေ ... အဲဒီအမှုအတွက် ဒီကနေ့ပဲ ကျောက်ဖြူကို လေယာဉ်နဲ့ထွက်လာပြီဗျ၊ အဲဒါ ... သူတို့အဖွဲ့နဲ့ စီမံကိန်းက တာဝန်ရှိတဲ့သူတွေပါ ဖိတ်ခေါ်ပြီး အဖြစ်မှန်ကို ရှင်းလင်းဆွေးနွေးဖို့ပါ''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''အဓိကကတော့ ... သေဆုံးတဲ့သူဟာ သူတို့နိုင်ငံသား မစွတာလူမိုဟို ဆိုတာကို စီမံကိန်းလုပ်ငန်းကကော သူတို့နိုင်ငံကပါ ... အပြည့်အဝ လက်ခံအောင် ကျွန်တော်တို့ဘက်က ... အထောက်အထားနဲ့တကွ ပြဖို့လိုတယ်''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''သေဆုံးသူဟာ ... သူတို့နိုင်ငံသားပါလို့ ရာနှုန်းပြည့်လက်ခံသွားရင် တရားခံဖော်ထုတ်ဖို့ ကြိုးစားပါ''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''ကိုစံထူးနဲ့ အောင်မင်းအတွက် ဘာအခက်အခဲရှိသေးလဲ''

''မရှိပါဘူး တပ်ဖွဲ့ခွဲမှူး''

''ဒါဆို ... ဆက်လုပ်ပါ''

''ဟုတ်ကဲ့ပါခင်ဗျ ... လေးစားပါတယ် တပ်ဖွဲ့ခွဲမှူး''

မှုခင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူးရုံး ရန်ကုန်(အင်းစိန်)ရှိ တပ်ဖွဲ့ခွဲမှူးနှင့် အမှုစစ်စုံထောက်အရာရှိတို့၏ အပြန်အလှန်မျက်ကွယ်မှ ကြိုးမဲ့ဆက်သွယ်မှုလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ အထက်၊ အောက် ဆက်သွယ်မှုကို ဖြတ်တောက်ပြီးနောက် စုံထောက်စံထူးက–

''ကဲ ... အောင်မင်းရေ .. တို့ရဲ့ ဉာဏ်ရည်ပြိုင်ပွဲမစခင် ... မင်းနဲ့ငါ ကျောက်ဖြူလေဆိပ်ကို ပြေးကြဦးစို့''

''ဘာရှိလို့လဲ ဆရာ''

''တရုတ်သံရုံးက ... ရဲမှူးကြီး ထွန်းလင်းနဲ့ ယူနန်ပြည်နယ်က တာဝန်ရှိသူတွေတို့အမှုကို စုံစမ်းဖို့ ကျောက်ဖြူကို ထွက်လာပြီပြောတယ်၊ တို့လေဆိပ်မှာ ... သွားကြိုပြီး သူတို့တည်းတဲ့ ဟိုတယ်မှာ အပြေရှာကြတာပေါ့''

ဤသို့ဖြင့် စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းတို့သည် အကျဉ်းထောင်မှ ကျောက်ဖြူလေဆိပ်သို့ ထွက်



www.burmeseclassic.com

လာကြသည်။ လေဆိပ်ဧည့်ခန်းတွင် အသင့်စောင့်နေ၏။ လေယာဉ်ဆိုက် ရောက်လာပြီး ခဏအကြာ တရုတ်ရဲ မှူးကြီး ထွန်းလင်းဦးဆောင်သောအဖွဲ့ လေယာဉ်ကွင်းဧည့်ခန်းသို့ ဝင်လာ၏။ စုံထောက်စံထူးနှင့် တရုတ်ရဲမှူးကြီး ထွန်းလင်းတို့က စိမ်းကြသူတွေမဟုတ်။ ပြည်တွင်းပြည်ပ မှုခင်းများနှင့်ပတ် သက်၍ အပြန်အလှန် ဆက်သွယ် ရင်းနှီးကြသူများ ဖြစ်၏။ ရဲမှူးကြီး ထွန်းလင်းကလည်း မြန်မာစကားကို ကောင်းစွာ ပြောဆိုတတ်၏။ ဧည့်ခန်း သို့ ဝင်လာသော ရဲမှူးကြီးထွန်းလင်း ထံ ချဉ်းကပ်ပြီး စုံထောက်စံထူးက–

"မင်္ဂလာပါ ရဲမှူးကြီး"

ဟု နှုတ်ဆက်၍ အလေးပြု၏။ ရဲမှူးကြီးထွန်းလင်းကလည်း အလေး ပြန်ပြုပြီးနောက် လက်ကိုကမ်းပေး ကာ–

"မင်္ဂလာပါ ကိုစံထူး"


ဟု ပြန်လည်ပြောဆိုကာ တစ်ဦး နှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြ၏။ ထို့နောက် ရဲမှူးကြီးထွန်းလင်းက အတူ ပါလာသော တရုတ်နိုင်ငံသား အရာရှိ များကို စုံထောက်စံထူးနှင့် မိတ်ဆက် ပေး၏။ စုံထောက်စံထူးကလည်း အတူပါလာသော စုံထောက်အောင်မင်း အား တရုတ်အရာရှိများနှင့် မိတ် ဆက်ပေး၏။ ထို့နောက် အမှုစစ် စုံ ထောက်အရာရှိနှစ်ဦးလည်း ရဲမှူးကြီး ထွန်းလင်းနှင့်အဖွဲ့ တည်းခိုမည့်ဟိုတယ် သို့ အတူလိုက်ပါသွားခဲ့သည်။

ဟိုတယ်ဧည့်ခန်းတွင် စုံထောက် စံထူးမှ အမှုဖြစ်စဉ်၊ စုံထောက်ပေါ် ပေါက်မှုနှင့် ယနေ့ နောက်ဆုံး အခြေ အနေတို့ကို အသေးစိတ်ရှင်းပြသည်။ စုံထောက်စံထူး၏ ရှင်းလင်းချက်ကို ရဲ မှူးကြီးထွန်းလင်းမှ တရုတ်စကားဖြင့် အတူပါအရာရှိကြီးများအား ဘာသာ ပြန်ပေးသည်။ အမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်မှ သိလိုသည်များကို ရဲမှူးကြီးထွန်းလင်းမှတစ်ဆင့် မေးမြန်း ရာ စုံထောက်စံထူးမှ ပြန်လည်ဖြေ ကြားပေး၏။ တရုတ်နိုင်ငံဘက်မှ တစ် ခုသောမေးခွန်းက–

"သေဆုံးသူမှာ ... ရရှိထားတဲ့ ဒဏ်ရာဟာ ... အခုသိမ်းဆည်းထား တဲ့ လက်နက်(ကတ်ကြေး)နဲ့ ဆက်စပ် မှု ရှိ/မရှိ သိချင်ပါတယ်"

+++

ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် သက်သေခံကတ်ကြေး



## အခန်း(၇)

### "ဖြစ်နိုင်ခြေ ရှိပါတယ်"

Forensic Medicine ဟုဆိုသော မှုခင်းဆိုင်ရာ ဆေးပညာနှင့်ပတ်သက် လာလျှင် မှုခင်းဆရာဝန်သည် ကျွမ်း ကျင်သော ပညာရှင်(ပါရဂူ)ပင် ဖြစ်ပါ သည်။ တရုတ်နိုင်ငံဘက်မှမေးသော ဒဏ်ရာနှင့် လက်နက် အဖြေထွက်ဖို့ အတွက် စုံထောက်စံထူးမှ ဦးဆောင်၍ သေဆုံးသူ၏ ရုပ်အလောင်းကို ရင်ခွဲ စစ်ဆေးမှု Post-mortem ပြုခဲ့သူ ခရိုင် ဆရာဝန်ကြီးထံသို့ ပို့ဆောင်ပေး၏။ ခရိုင်ဆရာဝန်ကြီးထံအရောက် တရုတ် နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ ဒဏ်ရာနှင့် လက်နက် ဆက်စပ်မှုရှိ/မရှိကို မေး မြန်း၏။ ထိုမေးခွန်းကို ခရိုင်ဆရာဝန် ကြီးမှ အထက်ပါစကားဖြင့် ဖြေကြား ပေး၏။ ဒါတွင်မက ခရိုင်ဆရာဝန်ကြီး မှ–

"သေဆုံးသူရဲ့ ... လည်ပင်းအ ရှေ့ဘက် ညှပ်ရိုးအပေါ်ချိုင့်နေရာမှာ ထိုးသွင်းဒဏ်ရာနှစ်ချက်နဲ့ ဝဲဘက်တံ တောင်ဆစ်ကွေးမှာ .. ထိုးသွင်းဒဏ် ရာတစ်ချက်တို့ တွေ့ပါတယ်၊ လည်ပင်း က ဒဏ်ရာနှစ်ချက်ဟာ ... ရင်ခေါင်း အတွင်းကို ... ထိုးဖောက်သွားပြီး လည်ပင်းပိုင်းမှာရှိတဲ့ .. လေပြွန်မကြီး၊ သွေးကြောမကြီးနဲ့ ဝဲယာအဆုတ်တွေ ပေါက်ပြဲသွားလို့ ပြစ်မှုကျူးလွန်သူဟာ ချွန်ထက်မာကြောတဲ့လက်နက်ကို သုံး တယ်လို့ ယူဆရပါတယ်"

ဟု အသုံးပြုသောလက်နက်ကို ထုတ်ဖော် ရှင်းပြပါသည်။

ထို့ပြင် သေဆုံးသူ၏ လည်ပင်း တွင်ရှိသော ထိုးသွင်းဒဏ်ရာနှင့် ဝဲ



www.burmeseclassic.com

www.burmeseclassic.com



…က်တံတောင်ဆစ်ကွေးတွင်ရှိသော …သွင်းဒဏ်ရာတို့မှာ ဒဏ်ရာအရွယ် …စား ကွာခြားမှုမရှိဘဲ တူညီနေ …ကြောင်း တွေ့ရှိရသဖြင့် လက်နက်တစ် …တည်းဖြင့်သာ ပြစ်မှုကျူးလွန်ခဲ့ခြင်း …ကြောင်းကိုလည်း ခရိုင်ဆရာဝန် …မှ ဖြည့်စွက်ရှင်းလင်းပြသည်။ ထို့ …ာက် အမှုစစ်အရာရှိ စုံထောက်စံထူး …–

"ကျွန်တော် … သိချင်တာလေး …ပါရစေ ဆရာကြီး"

"ဟုတ်ကဲ့ … မေးပါခင်ဗျ"

"အခင်းဖြစ်ပွားတဲ့ အိပ်ဆောင် … သေဆုံးသူအပါအဝင် အလုပ် …မား (၁၂)ယောက် အိပ်နေကြပါ …ယ်၊ အခင်းဖြစ်တဲ့အချိန်ကိုလည်း …(၁၂)နာရီကနေ မနက်(၄)နာရီလို့ …တော် ခန့်မှန်းပါတယ်၊ သေဆုံးသူ …တွက် … ဦးစွာပထမ ရရှိတဲ့ဒဏ် … ရလျှင်ရချင်း သေဆုံးသူဟာ … …ကျင်မှုကြောင့် အော်ဟစ်အသံပြုရ … ဖြစ်ပါတယ်၊ ဒါပေမဲ့ … တစ်ခန်း … အတူအိပ်နေတဲ့ အလုပ်သမားတွေ … … အခင်းဖြစ်ချိန်မှာ ဘာသံမှ …ကြားရဘူးလို့ သိရပါတယ်၊ အဲဒါ .. …နိုင်၏ မဖြစ်နိုင်၏ သိပါရစေ ခင်ဗျ"

"ဟုတ်ကဲ့ … ဖြစ်နိုင်ပါတယ်၊ …လေပြွန်မကြီး ပေါက်ပြဲပြီး လည် …သွေးကြောမကြီး ပေါက်ပြဲမှုတို့ဟာ …ချင်းမှုချ သေဆုံးနိုင်ပါတယ်၊ လေ …မကြီး … ပေါက်ပြဲသွားတဲ့အတွက် …ဆုံးသူအနေနဲ့ ကျယ်လောင်သော …သံ ထွက်မလာနိုင်တော့ပါဘူး"

"ဟုတ်ကဲ့ … ကျေးဇူးတင်ပါ …ယ် ဆရာကြီး"

"ကျွန်တော့်အနေနဲ့ .. မျက်မြင်ကိုယ်တွေ့ မဖြစ်သော်လည်း ရရှိတဲ့ ဒဏ်ရာနဲ့ အသုံးပြုတဲ့လက်နက်ရဲ့ ဆက်စပ်မှုအနေအထားကို ရှင်းပြချင်ပါတယ်"

"ဟုတ်ကဲ့ … အမိန့်ရှိပါ ဆရာကြီး"

"လည်ပင်းနဲ့ တံတောင်ဆစ်ကွေးမှာရရှိထားတဲ့ … ဒဏ်ရာ(၃)ချက်ဟာ … စက်ဝိုင်းပုံမဟုတ်ဘဲ ဘဲဥပုံ Oval Shape ဖြစ်ပါတယ်၊ အဲဒီဒဏ်ရာတွေရဲ့ အစွန်းနှစ်ဖက်မှာ အမြီး Tail ကဲ့သို့ အသွင်သဏ္ဌာန်များ တွေ့ရပါတယ်၊ ဒါကြောင့် … သေဆုံးသူမှာ ရရှိထားတဲ့ ဒဏ်ရာများဟာ သက်သေခံပစ္စည်းအဖြစ် … ဖော်ထုတ်ရရှိခဲ့တဲ့ ကတ်ကြေးနဲ့ ပြစ်မှုကျူးလွန်နိုင်ခြေရှိကြောင်း … ကျွန်တော် .. ထင်မြင်ယူဆပါတယ်"

ကျွမ်းကျင်သူ မှုခင်းဆိုင်ရာ ဆေးပညာရှင်၏ လွဲမှားမှုမရှိသော အဖြေကို တရုတ်သံရုံးမှ ရဲမှူးကြီးထွန်းလင်းနှင့် ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်အရာရှိများက အငြင်းမပွားတော့ပါ။ သို့သော် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သေဆုံးသူ မစ္စတာလူမိုဟို၏ ရုပ်အလောင်းကိုမူ မိမိတို့နိုင်ငံသားဖြစ်ကြောင်း ရာနှုန်းပြည့် လက်မခံကြသေး။ ထို့ကြောင့် သေဆုံးသူ ရုပ်အလောင်းရှိရာ ရေခဲရိုက်ထားသော ရေခဲတိုက်သို့ သွားရောက်ကြ၏။ ရေခဲအတုံးအခဲများကို ဖယ်ရှား၍ ထွက်ပေါ်လာသော ရုပ်အလောင်းကို ကြည့်ရှုစေပြီး စုံထောက်စံထူးက–

"ဒီရုပ်အလောင်းဟာ … လူကြီးမင်းတို့ စီမံကိန်းလုပ်ငန်းက … ပျောက်ဆုံးသွားတဲ့ မစ္စတာလူမိုဟိုရဲ့ ရုပ်အလောင်းပါလို့ ကျွန်တော် တစ်ထစ်ချ ပြောရဲပါတယ်၊ ဒါပေမဲ့ … လူကြီးမင်းတို့ဘက်က ရာနှုန်းပြည့် လက်မခံတော့ ရုပ်အလောင်းနဲ့ ပတ်သက်ပြီး ရှေ့ဆက်လုပ်ရမှာ အခက်တွေ့နေပါတယ်၊ ဒါကြောင့် … လူကြီးမင်းတို့ လုံးဝလက်သင့်ခံအောင် ကျွန်တော် ဘာလုပ်ပေးရပါမလဲ"

"မစ္စတာစံထူးပြောတာ … မှန်ပါတယ်၊ လူပုဂ္ဂိုလ်ရဲ့ ပြောဆိုချက်က ဘယ်လောက်ပဲ ခိုင်မာပါစေ၊ ကျွမ်းကျင်သူပညာရှင်ရဲ့ နည်းပညာအထောက်အကူ လိုပါတယ်၊ ဒါကြောင့် … ဒီရုပ်အလောင်းရဲ့ အပိုင်းအစကို ကျွန်တော်တို့နိုင်ငံမှာ တရားဝင် DNA စစ်ချင်ပါတယ်"

"ဟုတ်ကဲ့ … ရပါတယ်၊ လူကြီးမင်းတို့ အလိုရှိတဲ့ ရုပ်အလောင်းရဲ့ အပိုင်းအစကိုသာ ပြောပါ"

တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် သေဆုံးသူ၏ရုပ်အလောင်းကို DNA (Deoxyribo Nuleic Acid) (မျိုးရိုးဗီဇခွဲခြားခြင်း)ဖြင့် စစ်ဆေးရန်အတွက် ရုပ်အလောင်း၏ ဝမ်းဗိုက်ဘက်ရှိ အောက်ဆုံးနံရိုးကို လက်သုံးလုံး (2" × 3") ခန့် ဖြတ်တောက်ပေးရန် တောင်းဆို၏။ ထို့ကြောင့် ရေခဲတိုက်မှ အလုပ်သမားများ၏အကူအညီဖြင့် လိုအပ်သောနံရိုးကို ဖြတ်တောက်ရယူ၏။ ရရှိခဲ့သော ရုပ်အလောင်းမှ နံရိုးကို နည်းပညာဖြင့် ထုပ်ပိုး၍ အမှုစစ်အရာရှိ စုံထောက်စံထူးမှ တရုတ်ရဲမှူးကြီး ထွန်းလင်းဦးဆောင်သော ကိုယ်စား



www.burmeseclassic.com

လုယ်အဖွဲ့သို့ ဥပဒေနှင့်အညီ လွှဲအပ်ပေးလိုက်ပါတော့သည်။

+++

အခန်း(၈)

"အောင်မင်းရေ ... စစ်ကြောရေးနဲ့ ပတ်သက်ပြီး ဘာထူးခြားချက်တွေ့လဲ"

စုံထောက်စံထူးက တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါဆောင်ရွက်နေစဉ် တွဲဖက်စုံထောက်အောင်မင်းကလည်း သင်္ကာမကင်းသူ တရုတ်နိုင်ငံသား (၁၁)ဦးဖြင့် အကျဉ်းထောင်တွင် ဗုံးပမ်းနေ၏။ စုံထောက်စံထူးက သူကိုယ်တိုင် လိုက်ပါဆောင်ညှင်းခဲ့ရသော အမှုကိစ္စကို တွဲဖက်ဖြစ်သူအား ပြောဆိုပြ၏။ ထို့အတူ တွဲဖက်ဖြစ်သူ၏ ဆောင်ရွက်ထားရှိမှုကိစ္စကိုလည်း စုံထောက်စံထူးက အထက်ပါစကားဖြင့် အမေးပုစ္ဆာထုတ်၏။ ဒီတော့ တွဲဖက်အမှုစစ်အရာရှိ စုံထောက်အောင်မင်းက–

"အမှုကတော့ ... ကျွန်တော်တို့ဘက်ကို ယိမ်းယိုင်လာတဲ့အခြေ ရှိနေပါပြီ"

"ဘယ်လို အစထွက်လာလို့လဲ"

"ဒီအမှုမှာ ... ပြစ်မှုကျူးလွန်သူဟာ .. သေဆုံးသူရဲ့အစ်ကိုရင်း လူဇီကီးပဲ ဖြစ်နိုင်ပါတယ်"

"ဘာဖြစ်လို့လဲ ... မျက်မြင်သက်သေ ရှိလို့လား"

"မျက်မြင်သက်သေကတော့ တစ်ယောက်မှ မရှိပါဘူး၊ အတူနေအားလုံးက မသိဘူး၊ မမြင်ဘူးလို့လည်း ပြောကြတယ်၊ လူဇီကီးကလည်း ... သူမဟုတ်တဲ့အကြောင်း ငြင်းတယ်၊ ဒါပေမဲ့ .. တစ်ခန်းထဲအတူနေတဲ့ သင်္ကာမကင်းသူ .. မစ္စတာကျန်းလျှိုဂန်းရဲ့ ထွက်ချက်က တရားခံဟာ .. လူဇီကီးလို့ မပြောရုံတမည်ပဲ ရှိတော့တယ်"

"မစ္စတာ ကျန်းလျှိုဂန်းက ဘယ်လိုထွက်ချက်ပေးလို့လဲ"

သေဆုံးသူ ပျောက်ဆုံးသွားပြီး (၂)ရက်အကြာ (၅-၉-၂၀၁၃)မနက်ပိုင်းတွင် ဖြစ်သည်။ မစ္စတာကျန်းလျှိုဂန်းနှင့် သေဆုံးသူ၏အစ်ကို မစ္စတာလူဇီကီးတို့နှစ်ဦးသည် ပျောက်ဆုံးသူ မစ္စတာ လူမိုဟိုအား မြဒေးကျွန်းကမ်းခြေတစ်ဝိုက်တွင် လိုက်လံရှာဖွေကြသည်။ ထိုသို့ ရှာဖွေစဉ် သန္တာနဂါးတံတားဆိပ်အနီး ကမ်းစပ်တွင် ရာဘာခြေညှပ်ဖိနပ် ယာဘက်တစ်ဖက်ကိုတွေ့၏။ ဒီတော့ ကျမ်းလျှိုဂန်းက ထိုဖိနပ်ကို ကောက်ယူကာ–

"လူဇီကီး ... ဒီဖိနပ်ဟာ မင်းညီ လူမိုဟိုရဲ့ ဖိနပ်မဟုတ်လား" ဟု ပြောဆိုပြ၏။ ဒါကို လူဇီကီးက–

"ဟုတ်တယ်ကွ ... ဒါပေမဲ့ .. တို့ကို အမှုပတ်နေပါဦးမယ်၊ အဲဒီ ဖိနပ်ကို လွှင့်ပစ်လိုက်ပါကွာ"

ဟု ပြောသည်။ သို့သော် ကျမ်းလျှိုဂန်းက ဖိနပ်ကို လွှတ်မပစ်ဘဲ အိပ်ဆောင်သို့ယူလာကာ သိမ်းဆည်းထားသည်။ ထိုဖိနပ် ကောက်ယူရရှိခဲ့သည်ကို လုပ်ငန်းခွင်မန်နေဂျာ မစ္စတာ မ
ဝေလည်း တွေ့မြင်သိရှိခဲ့သည်။ မားဝေ
ကို စစ်မေးတော့ မားဝေကလည်း မှ
ကန်ကြောင်း ထောက်ခံထွက်ဆိုခဲ့သည်
ကျန်းလျှိုဂန်းနှင့် မားဝေတို့၏ ပြော
အပ်ပေး၍ သက်သေခံ ဖိနပ်တစ်ဖ
ကိုလည်း အိပ်ဆောင်မှ သိမ်းယူထ
ပြီးဖြစ်ကြောင်း စုံထောက်အောင်မင်
ရှင်းလင်းပြောဆိုပြသည်။

အမှုနှင့်ပတ်သက်၍ အမှုစစ်
ထောက်အရာရှိနှစ်ဦး ခေါင်းချင်းဆို
ကြသည်။ သင်္ကာမကင်း၍ ဖမ်းဆ
ထားသူ (၁၁)ဦးထဲမှ သေဆုံးသူ
အစ်ကိုရင်း လူဇီကီးသည် သံသယဖြ
ဖွယ်အတိ ရှိနေပါသည်။ သံသယ
အမှန်ပြဖို့အတွက် အမှုစစ်အရာရှိ
အဓိကကျသော တာဝန်ဖြစ်သည်
ပတ်ဝန်းကျင်အနေအထားက အမှု
ဘက်တွင်ရှိသော်လည်း မျက်မြင်သ
သေကမရှိ၊ သံသယရှိသူကလည်း ဖြ
ကွယ်နေခဲ့သည်။ ထို့ကြောင့် သံသ
ရှိသူ လူဇီကီးကို အကျဉ်းစခန်းမှ ထု
၍ စစ်ကြောရေးခန်းသို့ သွင်းသည်
စုံထောက်အရာရှိနှစ်ဦးနှင့်အတူ စက
ပြန်နှစ်ဦးလည်း ရှိသည်။

မိမိဘက်မှ စကားပြန်နှစ်ဦး

ညီဖြစ်သူ သေဆုံးမှုမှ သက်သေခံကတ်ကြေးကို
ပျောက်ဖျက်ပစ်သော အစ်ကို။
ကောက်တွေ့ခဲ့သော ညီ၏ဖိနပ်တစ်ဖက်ကို
စွန့်ပစ်ဖို့ ပြောခဲ့သော လူဇီကီး။
ဒါတွေအားလုံးကို ထောက်ရှုလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com






တရားခံ ပြစ်မှုကျူးလွန်ရာတွင် ကျန်ရှိခဲ့သည့် သေဆုံးသူ၏ သက်သေခံဖိနပ် တွေ့ရှိရာနေရာ

အမှုစစ်ဖြစ်သူ စုံထောက်စံထူးက ကြိုတင်ဖာတ်တိုက်ထား၏။ ဤသည်မှာ အမှုစစ်ဖြစ်သောသူမှ စကားသံမာမာနှင့် ခက်ထန်သောအသွင်ပါလျှင် စကားပြန်ဖြစ်သူကလည်း စစ်မေးသူကဲ့သို့ မာမာထန်ထန် ပြောဆိုရန် ဖြစ်၏။ ထို့အတူ အစစ်ခံသူက ပြောဆိုသောလေသံကိုလည်း ထိုသူ၏ သံစဉ် Tone အတိုင်း ပြန်ကြားပေးရန် ဖြစ်သည်။ ဆိုလိုသည်မှာ စစ်မေးသူနှင့် အစစ်ခံသူတို့ကြားတွင် စကားပြန်ဖြစ်သူက သဏ္ဍာန်သရုပ်တူညီအောင် ဆောင်ညွှင်းပေးဖို့ပင် ဖြစ်သည်။ စစ်မေးသူ၏ မြန်မာစကားနှင့် အစစ်ခံသူတို့၏ တရုတ်စကားတို့အား မြန်မာစာစကားဖြင့် ရေးသီရလျှင်–

"မင်းနာမည်က ... လူဖိုကီးလား"

စုံထောက်စံထူး၏အမေးကို အစစ်ခံသူက–

"ဟုတ်ပါတယ်"

"အခု ... သေဆုံးတဲ့ ရုပ်အလောင်းဟာ မင်းရဲ့ညီ .. လူမိုဟို မဟုတ်လား"

"မျက်နှာအနေအထားက လွဲရင် ခန္ဓာကိုယ်အစိတ်အပိုင်းဟာ ... ကျွန်တော့်ညီနဲ့ တူ'ါတယ်"

"ဟော့ကောင် ... လက်တစ်လုံးခြား ကပ်ပြီးလိမ်ဖို့ မကြိုးစားနဲ့၊ ဟုတ်ရင် ဟုတ်တယ် ... မဟုတ်ရင် မဟုတ်ဘူး ပြတ်ပြတ်ပြောကွ"

စုံထောက်စံထူး၏ ကျယ်လောင်သော စကားသံ၊ မာန်ပါသော သရုပ်ကြောင့် အစစ်ခံသူ လူဖိုကီးထံမှ ဘာသံမှ ထွက်မလာဘဲ ရှိနေ၏။ ထို့နောက် စုံထောက်စံထူးက ညီအရင်းတစ်ယောက်လုံး အသတ်ခံရသည်ကိုပင် ပူပင်သောကမရှိသော လူဖိုကီး။ ညီဖြစ်သူ သေဆုံးမှုမှ သက်သေခံကတ်ကြေးကို ဖျောက်ဖျက်ပစ်သော အစ်ကို။ ကောက်တွေ့ခဲ့သော ညီ၏ဖိနပ်


www.burmeseclassic.com

www.burmeseclassic.com

မည်သည့်
အကြောင်းကြောင့်
ညီအရင်းကို သတ်ရသည်။
မည်သို့မည်ပုံသတ်သည်။
မည်ကဲ့သို့ စွန့်ပစ်သည်။
စသည်တို့ကို
သိရှိဖို့လိုပါသည်။
ထို့ကြောင့်
အမှုစစ်အရာရှိ
စုံထောက်စံထူး၏
သိလိုသမျှသော
မေးခွန်းတို့ကို
ပြစ်မှုကျူးလွန်သူ
လူဇီကီးမှ
ကြေကွဲဝမ်းနည်းစွာဖြင့်
အောက်ပါအတိုင်း
ထွက်ဆိုအစစ်ခံခဲ့ပါသည်။

တစ်ဖက်ကို စွန့်ပစ်ဖို့ ပြောခဲ့သော လူဇီကီး။ ဒါတွေအားလုံးကို ထောက်ရှုလိုက်လျှင်–

"မင်းဟာ . . မင်းညီကိုသတ်တဲ့ တရားခံပဲ၊ မင်းက . . . အမှန်ကို အမှန်အတိုင်း မပြောဘူးဆိုရင် . . မင်း အပါအဝင် အိမ်ခန်းထဲက(၁၁)ယောက် စလုံးကို လူသတ်မှုနဲ့ တရားစွဲမယ်"

"ကျွန်တော့်အနေနဲ့ မသိ နားမလည်လို့ ပြုမူခဲ့တာ . . . ကျွန်တော့် အပြစ်ပါ၊ တခြားသူတွေနဲ့ မဆိုင်ပါဘူး"

"ဟေ့ကောင် . . . မသိလို့ နားမလည်လို့ မဟုတ်ဘူး၊ မင်းက . . . အသိလွန် နားလည်လွန်နေတာကွ၊ ဘာမှ မဆိုင်တဲ့ တခြားသူတွေကတောင် သူသိ သူတွေ့တာတွေကို ပြောဆိုခဲ့ကြသေးတယ်၊ မင်းက . . မင်းညီအမှုပေါ်မှာစိုးလို့ ဟိုဟာဖျောက် ဒီဟာဖျောက် လုပ်နေတာ ဘာသဘောလဲ ပြော"

အမှုစစ်အရာရှိ စုံထောက်စံထူး၏ အသံ၊ အရုပ်၊ ဟန်ပန်အမူအရာတို့ကြောင့် သက်သာမကင်းသူ လူဇီကီးမှာ ခေါင်းငိုက်၍ ဆိတ်ငြိမ်စွာ ရှိနေ၏။ ဒါကို ရိပ်စားမိသော စုံထောက်စံထူးမှ–

"လူဆိုတာ . . မှားတတ်တဲ့ သဘောသဘာဝ ရှိပါတယ်၊ တို့လည်း အမှားနဲ့ မကင်းပါဘူး၊ ကိုယ့်အမှားကို ကိုယ်သိရင် . . . အမှန်ကို ပြင်လို့ရတာပေါ့၊ မင်းအနေနဲ့ . . . မှားခဲ့တာရှိရင် အမှန်အတိုင်းပြောပါ၊ ငါ့ဘက်က အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်"

"You Know, May I help you"

ဟု လေပြေလေညှင်းစကားသံတို့ဖြင့် ညင်သာပျော့ပျောင်းစွာ ဖိတ်ခေါ်လိုက်ပါလေတော့သည်။

+++

## အခန်း(၉)

"ဟုတ်ကဲ့ . . . ကျွန်တော် အ[...]
အတိုင်း ပြောပြပါ့မယ်၊ တတ်နိုင်[...]
လောက် အကူအညီပေးပါ၊ ကျွန်တေ[...]
ညီကို ကျွန်တော် သတ်မိပါတယ်"

ဟု သေဆုံးသူ၏အစ်ကို မစ္စတ[...]
လူဇီကီး Mr.Lu Zhike မှ ဤသို့ ဖွင့်[...]
ပါသည်။ မည်သည့်အကြောင်းကြေ[...]
ညီအရင်းကို သတ်ရသည်။ မည်[...]
မည်ပုံသတ်သည်။ မည်ကဲ့သို့ စွန့်[...]
သည် စသည်တို့ကို သိရှိဖို့လိုပါသည်[...]
ထို့ကြောင့် အမှုစစ်အရာရှိ စုံထော[...]
စံထူး၏ သိလိုသမျှသော မေးခွန်း[...]
ကို ပြစ်မှုကျူးလွန်သူ လူဇီကီးမှ ကြေ[...]
ကွဲဝမ်းနည်းစွာဖြင့် အောက်ပါအတို[...]
ထွက်ဆို အစစ်ခံခဲ့ပါသည်။

သေဆုံးသူနှင့် ပြစ်မှုကျူးလွန်[...]
တို့သည် တရုတ်နိုင်ငံ၊ ယူနန်ပြည်န[...]
ယွန်ယန် Yun Yang မြို့၊ စမဒင် S[...]
Ma Dian ရွာတွင် အတူတကွ နေထို[...]
ကြပြီး ဟာနီးလူမျိုး ဘာသာမဲ့များ ဖြ[...]
ကြသည်။ သေဆုံးသူမှာ အိမ်ထော[...]
(၂)ခါပျက်၊ လူလွတ်တစ်ဦးဖြစ်သည်[...]
အတူနေညီအစ်ကိုနှစ်ဦးမှာ သင့်မြ[...]
ခြင်းမရှိ။ မကြာခဏဆိုသလို အကြ[...]
ကြိမ် စကားများပြီး၊ ခိုက်ရန်ဖြစ်ပွားလေ[...]
ရှိသည်။ ဒါကလည်း အကြောင်းရှိ[...]
သည်။ ညီဖြစ်သော သေဆုံးသူသည်[...]
အစ်ကိုဖြစ်သော ပြစ်မှုကျူးလွန်သူ[...]
ဇနီးနှင့် လူမှုရေးဖောက်ပြန်မှုများ ရှိ[...]
ဖူးသည်။ ဒီတော့ ပြစ်မှုကျူးလွန်သည်[...]
သေဆုံးသူအပေါ် နာကြည်းခံပြင်း[...]
များ ရှိနေခဲ့သည်။

စာမျက်နှာ ၁၇၈ သို့



www.burmeseclassic.com

www.burmeseclassic.com



# မောင်သစ်နွယ်

## အရေးကြီးလျှင်...

မြန်မာနိုင်ငံမြောက်ဖျားတွင် ယမ်းခိုးယမ်းငွေ့များဖြင့် ဖုံးအုပ်ဝေလျှံနေခဲ့သည့် ရက်များအတွက် ကြေကွဲဝမ်းနည်းစရာကောင်းလှသည်။ ပဋိပက္ခ၏ နှစ်ဖက်စလုံးမှ အသက်တွေပေးကြရသည်။ အိမ်ယာမြေများမှ စွန့်ခွာထွက် ပြေးကြရသည်။ ဒုက္ခသည်များ၏ ငိုညည်းသံသည် လက်နက်ကြီးများ ပေါက်ကွဲသံနှင့်အတူ အရုပ်ဆိုးအကျည်းတန်ခဲ့ရသည်။

မြန်မာနိုင်ငံမြောက်ဖျားတွင်နေထိုင်သည့် ကချင်လူမျိုးစုသည် ရဲစွမ်းသတ္တိရှိသူများဖြစ်၏။ မဟုတ်မခံစိတ်ရှိသူများလည်း ဖြစ်ကြသည်။ ကချင်လူမျိုးစုနှင့် ဗမာလူမျိုးတို့သည် အမိမြန်မာနိုင်ငံတော်၏ သားသမီးအရင်းအချာများဖြစ်သော ပြည်ထောင်စုသားများထဲမှာ အပါအဝင်ဖြစ်သည်။

တစ်ဦးကိုတစ်ဦး နားလည်မှုရှိရှိဖြင့် သံသယဟူသမျှကိုဖျောက်၍ မပြေလည်သည့် ပြဿနာရှိလျှင် ပြေလည်မှုရရှိအောင်ညှိနှိုင်းသင့်သည်။ သူဖြူလျှင် ငါမည်း၊ ငါမည်းလျှင် သူဖြူ မည်ဟူသော တစ်ဖက်သတ်အမြင် အစွန်းရောက်စိတ်ခံတက်ကို ပြုပြင်ကြလျှင် ပြည်သူအများ လိုလားတောင့်တနေသည့် လက်တစ်ကမ်းမှ ငြိမ်းချမ်းရေးကို ရယူနိုင်မည်ပင်။



www.burmeseclassic.com

www.burmeseclassic.com


ကချင်နှင့်ဗမာသည် အခြားပြည်ထောင်စုဖွား သွေးချင်းများနည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး စတင်ဖြစ်တည်လာစဉ်ကပင် အတူတကွ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည့် ကြီးမားသော၊ အခွန့်ရှည်ကြာသောသမိုင်းအစဉ်အလာရှိခဲ့သည်။

နယ်ချဲ့၏ အဖိနှိပ်ခံကိုလိုနီဘဝ ကျရောက်နေရစဉ်ကလည်း အတူတကွ လက်တွဲ၍ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး အုပ်ချုပ်သူအမျိုးမျိုး၏ စနစ်အောက်တွင်လည်း ဒုက္ခနှင့် သုက္ခကို ခါးစည်းခံခဲ့ကြပြီးပြီ။ ယခု ခေတ်ပြောင်းလာခဲ့ပြီ။ ပွင့်လင်းမြင်သာသော ဒီမိုကရေစီခေတ် အစပိုင်းကာလဆီသို့ အတူတကွ ရွေ့ခဲ့ကြပြီ။

မျက်မှောက်ကာလတွင် ပြဿနာကို လက်နက်ဖြင့် ဖြေရှင်းနည်းသည် ခေတ်မီ၍မှန်ကန်သော အချိန်ကာလ မဟုတ်တော့။ စကားဝိုင်းတွင် အတူတကွ မျက်နှာချင်းဆိုင်၍ ညှိနှိုင်းအဖြေရှာသောဗျူဟာကိုသာ ကျင့်သုံးပြီးလျှင် ယုံကြည်မှုကို တည်ဆောက်သင့်သည်။ ပဋိပက္ခ၏ ဘက်နှစ်ဘက်မှ တာဝန်ရှိသူများ၏ နှလုံးသားတွင် ပြည်သူ့ဘဝကို ရှေ့တန်းတင်၍ ဦးစားပေးဆွေးနွေးသင့်သည်။ အောင်မြင်သွားလျှင် ဦးစွာအကျိုးခံစားရမည့်သူများမှာ ပြည်သူများသာ ဖြစ်သင့်သည်။

နိုင်ငံတော်အေးချမ်းသွားလျှင် လူနေမှုဘဝတွေ တိုးတက်စည်ပင်လာမည်။ ပညာရေးဘဝ၊ စီးပွားရေးဘဝတွေ မြင့်မားချောင်လည်လာမည်။ သို့ဆိုလျှင် အဖက်ဖက်မှ ခေတ်နောက်ကျကျန်ရစ်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံသည် အခြားသော ဒေသတွင်းနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်သည့် အခြေအနေသို့ နှစ်အနည်းငယ်အတွင်း ရောက်ရှိလာလိမ့်မည်။

ပြည်ထောင်စုသားများသည် အရေးကြီးသော အချိန်က သွေးနီးခဲ့ကြဖူးပြီ။ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြဖူးပြီ။ သို့ဖြစ်၍လည်း ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အတူတကွ ရယူခဲ့ကြပြီးပြီ။

မြန်မာနိုင်ငံ၏ အချုပ်အခြာကို စတင်ထိပါးခံရစဉ်ကလည်း ပြည်ထောင်စုသားတွေ အတူလက်တွဲတိုက်ပွဲဝင်ခဲ့သည်သာဖြစ်၏။ သာဓကအနေဖြင့် တင်ပြပါမည်။

+ + +

ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်၊ ရခိုင်ပြည်နယ်၌ ထကြွသူများကို နှိမ်နင်းရာတွင် ထကြွသူများသည် နတ်မြစ်ကိုကျော်၍ ဗြိတိသျှပိုင်စစ်တကောင်းနယ်အတွင်းသို့ ပြေးဝင်ခိုလုံသွား၏။

မြန်မာတပ်သား အင်အား ၅၀၀၀ ပါသောတပ်သည် နယ်စပ်သို့ချီတက်ကာ တပ်ချရပ်နား၍ မြန်မာပိုင်နက်နယ်မြေမှ ထွက်ပြေးသွားသူများကို ပြန်လည်လွှဲအပ်ရန် စစ်တကောင်းမြို့ဝန်ထံ တောင်းဆိုသည်။ ပြေလည်မှုမရခဲ့။

မြန်မာတပ်များရောက်ရှိလာခြင်းကို ဗြိတိသျှတို့က အထိတ်တလန့်ဖြစ်လျက် နယ်စပ်ဖြတ်ကျော်ချီတက်တိုက်ခိုက်ပါက ခုခံနိုင်ရန် ကာလကတ္တားရှိ ဗြိတိသျှစစ်တပ်ကို စစ်ကူတောင်းသည်ထိ ဖြစ်ရသည်။

၁၇၉၇ ခုနှစ်နှင့် ၁၇၉၈ ခုနှ
များတွင်လည်း ရှေးနည်းအတိုင်း ရခို
ပြည်နယ်တွင် ထကြွသူတို့ကို မြန်
ဘက်မှ နှိမ်နင်းရာတွင် စစ်တကော
နယ်မြေထဲသို့ပင်ဝင်ပြေးပြန်၏။ မြန်မ

နိုင်ငံသား
အချင်းချင်း၊
သွေးချင်းညီအစ်ကို
အချင်းချင်း၊
သူ့ဦးသူသတ်၊ ကိုယ်ဦး
ကိုယ်သတ်ရန်
လက်နက်စွဲကိုင်
တိုက်ပွဲဝင်နေခြင်းမှာ
ဖြစ်သင့်ပါသလော။
သမိုင်းတွင်
ဂုဏ်ယူစရာ
မှတ်တမ်းအဖြစ်
ကျန်ရစ်လိမ့်မည်
ထင်ပါသလော

• • •


www.burmeseclassic.com

တပ်များကလည်း လိုက်လံဖမ်းဆီးရာ မြန်မာတပ်နှင့် စစ်တကောင်းပုလိပ်တို့ ထိတွေ့တိုက်ပွဲဖြစ်သည်။ ဘိုးတော်ဘုရားသည် ဤကိစ္စကို ကိုယ်စားလှယ်စေလွှတ်၍ ညှိနှိုင်းဆွေးနွေးစေသည်။ သို့သော် ပြေလည်မှုမရပြန်။ မြန်မာနှင့် အင်္ဂလိပ်တို့သည် နယ်စပ်ရေးရာပြဿနာများကို အကြောင်းပြု၍ ဆက်ဆံရေးတင်းမာသည်ထက် တင်းမာစပြုလာလေသည်။

၁၈၂၁ ခုနှစ်တွင် သစ္စာခံ အာသံဘုရင် 'စန္ဒရကာန္တရှိန်'သည် အိန္ဒိယနိုင်ငံရှိ ဗြိတိသျှနယ်ချဲ့သမား၏ ကြေးစားတပ်များအကူအညီဖြင့် မြန်မာဘုရင်အား ထောင်ထားခြားနားရာ စစ်သူကြီးမဟာဗန္ဓုလဦးစီးကွပ်ကဲ၍ မြန်မာ ခြေမက်စစ်သည် ၇၀၀၀ ဖြင့် အာသံသို့ သွားရောက်နှိမ်နင်းရန် အပြင်းချီတက်ရလေသည်။

စစ်ကြောင်းချီတက်ရာလမ်းရှိ မိုးကောင်းအထက် ကချင်သွေးချင်းများနေထိုင်ရာသို့ရောက်သော် တောင်စားစော်ဘွား ဗိုလ်နေမျိုးသိန်ပရာဇာနှင့် ကချင်ကျိမ်းဖော့ရဲဘက်တော် ၁၀၀၀ တို့က အတူလိုက်ပါတာဝန်ထမ်းဆောင်ခွင့်ပြုရန် ဆန္ဒပြုလာသဖြင့် မင်းကြီးမဟာဗန္ဓုလမှာ ဝမ်းပန်းတသာ ကြိုဆိုခွင့်ပြုခဲ့ရ၏။ ထို့ကြောင့် အာသံချီမြန်မာ့တပ်မတော်ကြီးသည် စည်းလုံးညီညွတ်သည့် တိုင်းရင်းသားများပါဝင်သော ပိုမိုအင်အားတောင့်တင်းသည့် တပ်မတော်ကြီး ဖြစ်ခဲ့ရလေသည်။

ထိုစဉ်က မင်းကြီး မဟာဗန္ဓုလနှင့်အတူ အာသံသို့ လိုက်ပါအမှုထမ်းခဲ့ကြသော ကချင်တိုင်းရင်းသား မျိုးချစ်ခေါင်းဆောင်များမှာ နေမျိုးသိန်ပရာဇာဘွဲ့ခံ ဒိုင်ပါဂမ်၊ ရှရော့လ၊ လက်ဆမ်တန်၊ လဝမ်ဇော်လီ၊ လော့အွမ်ဇော်ရီ၊ အင်ဒိန်လော့၊ အွမ်ဒူ၊ ဇော်ဂျာမစောဖြိုးနှင့် လော့ခွမ်ဇော်တောင်တို့က မင်းကြီးမဟာဗန္ဓုလ၏ ဦးဆောင်မှုကို ခံယူ၍ သူရသတ္တိပြောင်မြောက်စွာ အတူတကွလက်တွဲ တိုက်ပွဲဝင်ခဲ့ကြသည်။

တိုင်းရင်းသားများသည် ပထမအင်္ဂလိပ်မြန်မာစစ်မတိုင်မီကပင်လျှင် မြန်မာနိုင်ငံ၏ အချုပ်အခြာကို ထိပါးလာသူများအား နီးစပ်ရာတိုင်းရင်းသားချင်း ပူးပေါင်း၍ ရရာလက်နက်ဆွဲကိုင်ပြီးလျှင် စိတ်ဝမ်းတူညီစွာ တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းမှ တိုင်းရင်းသားများအားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း စတင်ခဲ့ခြင်းဖြစ်သည်။ စင်စစ် ပြည်ထောင်စုဘွားသားချင်းညီအစ်ကိုနောင်ရင်းများ၏ အရေးကြီးလျှင် သွေးနီးသော မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ပင် ဖြစ်လေသည်။

၁၈၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား စစ်ကြေငြာကာ အင်္ဂလိပ်-မြန်မာ ပထမစစ်ကို စတင်ခဲ့သည်။ ဗြိတိသျှက ရခိုင်ပြည်နယ်စစ်မျက်နှာတွင် ဂျင်နရယ်မောရစ်ဆင် (General Morrison) နှင့် ဆာအာချီဘောကင်းဘဲလ် (Sir Archibald campbell) တို့ ဦးဆောင်သော ဗြိတိသျှတပ်သား ၉၃၄၃ ယောက်နှင့် ရခိုင်ပြည်နယ်တွင် စတင်တပ်စွဲသည်။ ရေတပ်အင်အားမှာလည်း သင်္ဘော ၁၀ စီး၊ တိုက်ရေယာဉ်စု ၈ ခုနှင့် တပ်သားအင်အား ၆၀၀ ပါဝင်သည်။

ထိုအချိန်တွင် ရခိုင်ပြည်နယ် စစ်မျက်နှာတွင် မြန်မာတပ်များက အောင်ပွဲခံလျက်ရှိ၏။ ဗြိတိသျှက စစ်ကြောင်း





www.burmeseclassic.com

www.burmeseclassic.com



သစ်များဖွင့်၍ ဆာအာချီဘောကင်းဘဲလ်၏ ရေတပ်ကို ရန်ကုန်သို့ ချီစေသည်။ ရခိုင်စစ်မျက်နှာတွင် ကြည်းတပ်များကို ဘရီဂေးဒီယာဂျင်နယ်မက်ဘင်း (Brigadier General Macbean) နှင့် ဘရီဂေးဒီယားဖဲယား (Brigadier pair) တို့က ဦးဆောင်ကာ မြန်မာတပ်များနှင့် ရင်ဆိုင်ကြသည်။

ထိုအချိန်မှာပင် အင်းဝက ဗြိတိသျှတပ်များ ရန်ကုန်သို့ ချီတက်လာကြောင်း စတင်သတင်းရ၏။ ချက်ချင်းပင် ပန်းဝါစစ်မျက်နှာတွင် အပြင်းအထန်တိုက်ပွဲဝင်နေသော မင်းကြီးမဟာဗန္ဓုလနှင့် သူ၏ တပ်မကြီးကို အမြန်ရုတ်သိမ်း၍ ရန်ကုန်ကို ကာကွယ်ရန် ခြေမြန်တော်၊ မြင်းစေကျော်ရဲမက်များစေ၍ အင်းဝက အမိန့်တော်ဆင့်သည်။

မင်းကြီးမဟာဗန္ဓုလသည် ရခိုင်ပြည်နယ် စစ်မျက်နှာမှ ရန်သူများကို အမြစ်ပါမကျန်ရအောင် အပြီးတိုင်ချေမှုန်းလို၏။ ရန်ကြွင်းရန်စကို အပြီးတိုင် မငြိမ်းသတ်ဘဲထားခဲ့လျှင် နိုင်ငံတော်၏ အနောက်ဘက်တံခါးကို ဖွင့်ပေးသကဲ့သို့ နယ်ချဲ့များဝင်ရောက်အခြေချလာမည်ကို သဘောပေါက်သော်လည်း အင်းဝနေပြည်တော်မှ ရွှေနန်းရှင်အမိန့်တော်ကို ဦးထိပ်ပန်ဆင်ထားရသည့် သူရဲကောင်းစစ်သေနာပတိပီပီ သူ၏ တပ်မတော်ကြီးကို စနစ်တကျဆုတ်ခွာရလေသည်။

မဟာဗန္ဓုလသည် ရခိုင်ရိုးမကို ကျော်၏။ ဧရာဝတီမြစ်ကြောင်းမှတဆင့် စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် တပ်ချထားခဲ့သော မိမိတပ်များကို ပြန်လည်စုဖွဲ့သည်။ ထို့နောက် ဧရာဝတီမြစ်ကြောင်းအတိုင်း ရန်ကုန်သို့ စုန်ဆင်းခဲ့လေသည်။

မင်းကြီးမဟာဗန္ဓုလ ရန်ကုန်သို့ မရောက်မီမှာပင် ဗြိတိသျှတို့သည် ကြည်းကြောင်းရေကြောင်းဖြင့် လက်ဦးမှုယူ၍ ရန်ကုန်ကို သိမ်းပိုက်ထားပြီးဖြစ်၏။ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် အခိုင်အမာတပ်စွဲ၏။ မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် ဦးစီးချီတက်တိုက်ခိုက်တော့မည်ဟူသော သတင်းကြောင့် ဘင်္ဂလား၊ ဟိုင်းကြီးကျွန်း၊ မာန်အောင်ကျွန်းတို့မှ ရှိသမျှ ဗြိတိသျှစစ်အင်အားများကို စစ်ကူအဖြစ် ဖြည့်တင်းသည်။

မည်မျှ စစ်အင်အားများ၍ ထိုစဉ်က မည်မျှခေတ်မီဆန်းပြားသော စစ်လက်နက်ပစ္စည်းများကို ပိုင်ဆိုင်ထားသော ရန်သူဖြစ်စေကာမူ ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ကျူးကျော်စော်ကားလာသော နယ်ချဲ့များအား ထက်သန်သောမျိုးချစ်စိတ်၊ ရဲရင့်သော နှလုံးသားဖြင့် အသက်ကိုပဓာနမထားဘဲ မင်းကြီးမဟာဗန္ဓုလဦးစီးသည့် မြန်မာတိုင်းရင်းသားများ၏ မျိုးချစ်တပ်မတော်ကြီးသည် လေ့ခွက်ချည်းကျန် အလံမလှဲသောစိတ်ဓာတ်ဖြင့် ရွတ်ရွတ်ချွန်ချွန်တိုက်ပွဲဝင်ခဲ့ကြ၏။

သို့သော် ..

. ဤသည်မှာ နယ်ချဲ့သမားကို ခုခံတွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသော ပြည်ထောင်စုသား သွေးချင်းများ၏ ရဲရင့်သော၊ အမိနိုင်ငံအပေါ် သစ္စာမြဲမြံသော၊ သူရဲကောင်းပီသသော စိတ်ဓာတ်ကို ဖော်ညွှန်းပြသခြင်းဖြစ်သည်။

ထိုစဉ်က ခေတ်မီဆန်းပြားသော ဗြိတိသျှနယ်ချဲ့သမားတို့၏ စစ်လက်နက်များကြောင့် စစ်ရှုံးခဲ့ရသည်။ အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ နောက်ဆုံး မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့သော်လည်း ပြည်ထောင်စုသားတို့၏ စိတ်ဓာတ်ကမူ ကျွန်စိတ်ဓာတ်ရှိသော လူပျော့လူညံ့များ မဖြစ်ခဲ့ကြပါ။ လေ့ခွက်ချည်းကျန် အလံမလဲဘဲ ခေတ်အဆက်ဆက် တိုက်ပွဲအဆင့်ဆင့်ဝင်ခဲ့ကြသည်သာ ဖြစ်ပါသည်။ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ဖြင့် အသက်ပေးသွားကြရသော တိုင်းရင်းသားမျိုးချစ်သူရဲကောင်းများ၏ ဂုဏ်ယူစရာသမိုင်း မှတ်တမ်းကောင်း ဖြစ်ပါသည်။

ယခု နိုင်ငံသားအချင်းချင်း၊ သွေးချင်းညီအစ်ကိုအချင်းချင်း၊ သူဦးသူသတ်၊ ကိုယ်ဦး ကိုယ်သတ်ရန် လက်နက်စွဲကိုင် တိုက်ပွဲဝင်နေခြင်းမှာ ဖြစ်သင့်ပါသလော။ သမိုင်းတွင် ဂုဏ်ယူစရာမှတ်တမ်းအဖြစ် ကျန်ရစ်လိမ့်မည်ထင်ပါသလော။ စဉ်းစားသင့်လှပေသည်။

**မောင်သစ်နွယ်**



www.burmeseclassic.com

www.burmeseclassic.com





# ပြည်တာင်ဝင်း

## ကိုယ်တိုင်ထိရှ အနာတရရရှိယာဉ်မောင်း ကံကကောင်း

စုံထောက်မဂ္ဂဇင်းပါ ဥပဒေပျိုးခင်းကဏ္ဍတွင် ဖတ်ရှုရသော မော်တော်ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ ရေးသားသည့် ဥပဒေပညာပေးဆောင်းပါးတွင် အောက်ပါအကြောင်းအရာကို တွေ့ရှိရပါသည်။

''ယာဉ်မတော်တဆအမှုများတွင် အချင်းဖြစ်ယာဉ်ကို မောင်းသူကိုယ်တိုင် ထိခိုက်ဒဏ်ရာရရှိခဲ့လျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇၊ ၃၃၈ တို့နှင့် အကျုံးဝင်အပြစ်ရှိကြောင်း'' ဖော်ပြထားချက်ပင်ဖြစ်ပါသည်။

ခေတ်မီတိုးတက်လာသည်နှင့်အမျှ မော်တော်ယာဉ်အမျိုးမျိုးလည်း တစ်နေ့တစ်မျိုး မရိုးရအောင် ပျားပန်းခတ်မျှ များပြားလာပါသည်။ မော်တော်ယာဉ်အသုံးပြုသူများလည်း ပို၍ပို၍ များပြားလာပါသည်။ ဆင်ဆင်ခြင်ခြင် သတိရှိရှိ သွားလာနေထိုင်ကြရန် အထူးလိုအပ်လာပြီဖြစ်ပါသည်။



www.burmeseclassic.com

နေ့စဉ်ထုတ် သတင်းစာ/ဂျာနယ်များတွင် ယာဉ်မတော်တဆမှုများ မြန်မာပြည်မြို့နယ်အနှံ့ မမြင်ချင်အဆုံး အသည်းတုန်အူတုန် စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ လေ့လာဖတ်ရှုတွေ့ရှိရပါသည်။ ယာဉ်တိုက်မှုများလျော့နည်းပပျောက်ရေးအတွက် အုပ်ချုပ်ရေးဌာနများကလည်း နယ်မြေဒေသအလိုက် စီမံချက်ချဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။

ယာဉ်မတော်တဆမှုများမှာ ယာဉ်မောင်းသူများ၏ ပေါ့လျော့စွာအရမ်းမောင်းနှင်မှုများကြောင့် ရာခိုင်နှုန်း တော်တော်များများဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ စာရေးသူသည် ဥပဒေရုံးတွင် လုပ်ကိုင်သူဖြစ်၍ နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများကို ကိုင်တွယ်စစ်ဆေးအပြစ်ပေးနိုင်ရေးဆောင်ရွက်ရသူဖြစ်ပါသည်။ ယာဉ်တွေနှင့်စပ်လျဉ်းပြီး ပြစ်မှုများကို လေ့လာရာတွင် မော်တော်ယာဉ်နှင့်ပတ်သက်သော ပေါ့ဆမှုများဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉၊ ၃၃၆၊ ၃၃၇၊ ၃၃၈ နှင့် ၃၀၄–က အမှုတွေဖြစ်ကြောင်း တွေ့ရပါသည်။ ယာဉ်မတော်တဆမှုများတွင် ယာဉ်မောင်းသူကိုယ်တိုင် သာမန်ဒဏ်ရာ၊ ပြင်းထန်ဒဏ်ရာ ရရှိခဲ့ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ (သို့မဟုတ်) ၃၃၈ ဖြင့် အရေးယူမည်လော၊ ထိုသို့အရေးမယူဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/၃၃၆ တို့ဖြင့် တရားစွဲမလား၊ မကြာခဏ ကြုံတွေ့ရပါသည်။ တရားရေးလောက၊ ဥပဒေလောက၊ ရှေ့နေရှေ့ရပ်မကျန် အငြင်းပွား၊ အချင်းများ ဆွေးနွေးရလေ့ရှိပါသည်။ ယာဉ်ပေါ့ဆမှုကြောင့် ယာဉ်မောင်းသူကိုယ်တိုင် ဒဏ်ရာရရှိခဲ့သော် ၎င်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ (သို့မဟုတ်) ၃၃၈ ဖြင့် အရေးယူဆောင်ရွက်နိုင်လျှင် ယာဉ်အန္တရာယ်ကာကွယ်ရေး အလေးပေးရာရောက်မည်ဟု ယူဆပါသည်။

ထိုသို့ ဖြစ်/မဖြစ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇၊ ၃၃၈ တို့၏ ပြဋ္ဌာန်းချက်ကို ကြည့်ရပါမည်။ ဤနေရာတွင် စာရေးသူသည် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သော်လည်း ဥပဒေသိနားလည်မှုတွင် မူကြိုအဆင့်ပင်ရှိသည်ဟု ခံယူထားသူဖြစ်ပါသည်။ ဥပဒေကို ဝါသနာပါသူတစ်ယောက်အနေနဲ့လည်းကောင်း၊ မိမိဖတ်ရှုသိနားလည်သလောက်ကိုလည်းကောင်း စာဖတ်သူများကို မျှဝေခံစားစေခြင်းသာ ဖြစ်ပါသည်။

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ တွင် လူ့အသက်ကို ဖြစ်စေ၊ အခြားသူ၏ လုံခြုံရေးကိုဖြစ်စေ မည်သူမဆို အရ
သော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြု
မှုတစ်ခုခုကို ပြုခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူအ
နာကျင်စေလျှင် ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားပါသ
အပြင်းအထန်နာကျင်စေမည်ဆိုလျှင်တော့ ပြစ်မှုဆိုင်
ဥပဒေပုဒ်မ ၃၃၈ နှင့် အကျုံးဝင်ပါသည်"။

နာကျင်စေမှုအဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာဥပဒေပု
၃၁၉ တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်
'မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ကိုယ်အ
နာကျင်စေအောင်ပြုလျှင် ထိုသူသည် နာကျင်စေမှုကို
သည်မည်၏' ဟူ၍ ဖော်ပြထားပါသည်။

ယင်းဥပဒေပုဒ်မ ၃၁၉ အား အင်္ဂလိပ်လိုပြဋ္ဌာန်းချက်
ကောက်နုတ်လေ့လာမည်ဆိုလျှင် အောက်ပါအတိုင်း တွေ့
မည်ဖြစ်ပါသည်။

Law of Crime Section 319 - Whoev
Causehurt to anyperson that is any other pers
but himself.

အင်္ဂလိပ်လိုပြဋ္ဌာန်းချက်မှာ ပို၍ ရှင်းလင်းမြင်သ
သည်။ တစ်ဦးတစ်ယောက်သောသူဆိုရာတွင် ပြုလုပ်သူ
ဝင်ကြောင်း but himself ဟူ၍ ရှင်းရှင်းလင်းလင်းတွေ့
မည်ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ယာဉ်ပေါ့ဆမှုကြောင့် ယ
ပေါ်ပါသူ တစ်ဦးဦးသော်လည်းကောင်း၊ အခြားသူတစ်
သော်လည်းကောင်း မဖြစ်ဘဲ ယာဉ်မောင်းသူသာ ထိခို
အနာတရ ရရှိခဲ့လျှင် ထိုသူအား ပြစ်မှုဆိုင်ရာဥပဒေပု
၂၇၉ (သို့မဟုတ်) ၃၃၆ ဖြင့် အရေးယူဆောင်ရွက်ရမ
ဖြစ်၍ ယင်းဥပဒေပုဒ်မ ၃၃၇၊ ၃၃၈ တို့နှင့် အကျုံးမဝင်
ယူဆရမည်ဖြစ်သောကြောင့် ယာဉ်မောင်းသမား ကံကော
သွားတယ်လို့ ပြောရတော့မလိုပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ကိစ္စများမြောင် လူတို့ဘောင်ဆိုသည့်အတ
အကြောင်းကိစ္စအမျိုးမျိုးဖြင့် နိစ္စဓူဝ ယာဉ်ပေါင်းစုံအန္တရာ
ကြား လှုပ်ရှားရုန်းကန်သွားလာနေကြသော စာဖတ်သူ
ယာဉ်ပေါ့ဆမှုများနှင့် စပ်လျဉ်း၍ အထိုက်အလျောက်
သုတပွားများ ခံစားသိရှိနိုင်စေရန် ဥပဒေပျိုးခင်းထဲ မှ
အနည်းငယ် ပက်ကျဲလိုက်ရခြင်းဖြစ်ပါသည်။

ပြည်တ


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


□

ဒီနေတော့ နေ့တွက်စီပြီထင်သည်။ သူ့အတွက် ဒီလိုနေ့မျိုးသည် ရှားရှားပါးပါးကြုံရခဲသော အခွင့်အရေးဖြစ်သည်။ မနက်ကတည်းက ခရီးတိုလေးများကိုပို့ပေးနေရသောသူ့အတွက် နေ့လည် ၂နာရီခန့်တွင်တော့ အော်ဒါကောင်းကောင်းရလာခဲ့သည်။

သူ့ကားငှားစီးသူသည် အဖြူရောင်အကျီဝတ်ထားပြီး ရွှေကိုင်းမျက်မှန် တပ်ထားသော အသက် ၅၀ ခန့်ရှိသော လူရည်သန့်တစ်ဦးဖြစ်သည်။ ထို့ထက် ကျေနပ်ဖွယ်ရာကောင်းသည်မှာ ရန်ကုန်မြို့ထဲမှ မှော်ဘီအထိ သွားမည့်ခရီးအတွက် တန်ရာတန်ကြေးထက်ပိုပြီး သူတောင်းလိုက်သောဈေးကို တစ်ချက်မျှမဆစ်ဘဲ ထိုသူ ငှားစီးခဲ့သည်။

ထို့ပြင် အပြန်ခရီးအတွက်ပါ ပြန်တင်ဆောင်လာရမည်ဖြစ်သဖြင့် အသွားအပြန်အတွက် သူမြိုးမြိုးမြက်မြက် ရမည့်ခရီးဖြစ်သည်။ တောင်းသည့်ဈေးကို မဆစ်သော ထိုသူသည် သူ့အတွက်ငွေပုံကြီး ဖြစ်ကြောင်း မကြာခင် သိလာရခြင်းဖြစ်၏။ ကားမောင်းလာရင်း အပြန်အလှန် ပြောစကားများအရ သူသိလာသည်မှာ ထိုသူသည် နယ်မှာနေသူဖြစ်ပြီး ရန်ကုန်ရှိ ဆွေမျိုးများထံလာရင်း အပြန်တွင် အိမ်စီးကားတစ်စီး ဝယ်ရန်အတွက် ယခုသွားကြည့်ခြင်း ဖြစ်ကြောင်း ပြောပြသည်။ သူတို့မြို့တွင်လည်း လက်ညှိုးထိုးမလွဲအောင် စိုက်ပျိုးရေးခြံနှင့် မွေးမြူရေးခြံများ ပိုင်ဆိုင်ကြောင်း သိခဲ့ရသည်။ ရယ်ရွှန်းပတ်စ စကားများပြောရင်း သူနှင့် ထိုသူ ပို၍ရင်းနှီးသွားသည်။

"ကြုံရင်ဝင်ခဲ့ပေါ့ကွာ ဦးတင့်ဝေလို့သာ မေးလိုက် မသိသူမရှိဘူး"

"ဟုတ်ကဲ့ခင်ဗျာ တစ်နေ့နေ့တော့ ကြုံလာမှာပါ၊ ဒါနဲ့ အခုဝယ်မယ့်ကားကို မြင်ပြီးသွားပြီလား"

"မမြင်ရသေးဘူး ..၊ အဲ့ဒါကြောင့် သွားကြည့်မှာ။ ကြိုက်ရင်တော့ တစ်ခါတည်း ငွေချေခဲ့လိုက်မှာပေါ့"

ထိုသူကြီး၏ ပေါင်ပေါ်တွင် တင်ထားသော သားရေအိတ်အနက်ကို သူမျက်လုံးဒေါင့်ကပ် ကြည့်လိုက်မိသည်။ ထို့ပြင် သူနှင့် ထိုသူရဲ့ကြားတွင်လည်း မြန်မာပြည်ရဲ့နာမည်ကြီးဘဏ်နာမည် ရေးသားထားသော ပလတ်စတစ်အိတ်တစ်လုံးချထားသည်။

အထူးစာအိတ်ဖြစ်သည့်အပြင် ထိပ်ပိုင်းကို စုချည်ထားသဖြင့် အထ
ကိုတော့ မမြင်ရပေ။ သို့သော် လော
လောလတ်လတ် ဘဏ်မှထုတ်လ
သော ငွေများဖြစ်မည်ဆိုတာတော
သေချာသလောက်ရှိသည်။ သူ၏စိတ
တွင် အမျိုးအမည်မဖော်ပြနိုင်သော
ခံစားချက်တစ်ခု ဖြစ်သွားမိသည်။
လောက်များသော ငွေများကို သူတစ်
မှ မပိုင်ဆိုင်ဖူးသေးပါ။

ယခုမောင်းနေသော ကားက
လည်း ယခင်မောင်းနေသူ နေ
ကောင်းသဖြင့် အုံနာကြေး တစ်နေ့
တစ်သောင်းခွဲဖြင့် ယာယီ ယူမောင်
ရသောဝင်ငွေမှာ များများစားစာ
မကျန်တော့ပေ။ သို့သော်လည်
ဒီဝင်ငွေလေးရဖို့ပင် သူ့အတွက် မသေ
ချာ။ ယခင်မောင်းသူ ကျန်မာရေ
ပြန်ကောင်းလျှင် သူတစ်ခြားကာ
မောင်းဖို့ ရှာဖွေရဦးမည်။ ဒါမှမဟုတ
ရင်တော့ အခြားအလုပ်တစ်ခုခုကို ရှာ
ဖွေရမည်။ သူ့မျက်လုံးများက
ဘေးကအိပ်ကို မသိမသာ ကြည့်လိုက်
မိပြန်သည်။

ထိုလူကြီးကတော့ အပြင်ဘက်
ကို ငေးနေ၏။ ဒီအိတ်နှစ်လုံးထဲက
ငွေတွေဆိုလျှင် တော်တော်များမည်
ကားတစ်စီးလုံးတောင် ဝယ်ဖို့ဆိုမှတော့
သိန်းရာဂဏန်းရှိမှာ သေချာသည်
သိန်းနှစ်ရာဖြစ်မလား။ ထို့ထက်ပို
နိုင်မည်ထင်သည်။ ကိန်းဂဏန်းများကို
တွက်ရင်း သူ့ရင်ထဲမောလာသည်။ ဒီ
ငွေတွေကို သူသာပိုင်ဆိုင်လိုက်ရင်
သူ့ဘဝ တော်တော်လေး အဆင်ပြေ
သွားမည်။ ဟုတ်တယ်၊ ပိုင်ဆိုင်ရလျှင်
သိပ်ကောင်းမှာပဲ။ လောဘစိတ်ကြောင့်

www.burmeseclassic.com



သူ့စိတ်တွေ ဂဏာမငြိမ်ဖြစ်လာသည်။ ချပ်ရှင်တွေထဲကလို လူအသွားအလာ ရှင်းသည့်လမ်းကို ရွေးသွားရင် ကောင်းမလား၊ တွေးလိုက်မိတော့ ရင်ထဲတွင် အတုန့်ကယင်ဖြစ်လာသည်။

လူတစ်ယောက်ကို မေ့မျောသွားအောင် ဒါမှမဟုတ် ဗိညာဉ်နှင့် ကင်းကွာသွားအောင်လုပ်နိုင်သောပစ္စည်းများ သူ့နံဘေးတွင် အဆင်သင့်ရှိနေသည်။ ရှစ်လက်မရှည်သော ဝက်အူလှည့်တစ်ချောင်းကို သူ ကောင်းကောင်းအသုံးချနိုင်သည်။ သူ မျက်လုံးကို တစ်ချက်စုံမှိတ်လိုက်သည်။ လေအေးပေးစက်ဖွင့်ထားသော ကားထဲတွင် သူ့ခေါ်ချွေးများပြန်လာသည်။ သူ့လက်ဖဝါးတွင် ချွေးစေးများ ထွက်လာသည်။ အိတ်ထဲမှ လက်ကိုင်ပဝါကိုစုကိုင်ကာ နားထင်ဘေးသို့ စီးကျနေသော ချွေးများကို သုတ်လိုက်မိ၏။ စတီယာတိုင်ကို ပြန်ကိုင်တော့ ချွေးစေးများကြောင့် စေးကပ်ကပ်ဖြစ်နေသည်။

"မောင်ရင့် အသိတွေမှာရော စိတ်ချရတဲ့ ကားပွဲစားရှိလား"

လောဘအတွေးများနောက်ကို လိုက်နေမိသဖြင့် ထိုသူ့ထံမှ ရုတ်တရက်အသံထွက်လာတော့ သူတုန်သွားသည်။

"ဗျာ. . . ဟုတ်ကဲ့ရှိပါတယ်"

"အခု သွားကြည့်တဲ့ကားကို ကြိုက်ရင် တစ်ခြားတစ်စီးစီး ရှာဝယ်ရမှာပဲ အဲဒီလိုဆို မောင်ရင့်ကိုပဲ အားကိုးရမှာပဲ မောင်ရင်လည်း ပွဲခရမှာပေါ့"

"ဟုတ်ကဲ့ . .၊ အသိတွေထဲမှာ ကားပွဲစားတွေ ရှိပါတယ်။ ဦးက ဘယ်လောက်လောက်မှန်းထားလို့လဲ"

"သုံးလေးရာလောက်ပေါ့။ သိပ်ကြိုက်ရင်တော့ ငါးရာလောက်အထိ မှန်းထားပါတယ်"

"အခုသွားကြည့်မယ့်ကားကရော"

"ဒါက ဦးမိတ်ဆွေရဲ့ကားဆိုတော့ ဈေးမှန်မယ်ထင်ပါတယ်။ သူကတော့ ၃၂၀ ခေါ်ထားတာပဲ။ ကြည့်ပြီးကြိုက်မှ ၃၀၀ လောက်ရအောင် ညှိကြည့်မလားလို့"

ထိုလူ၏ အဖြေစကားကြောင့် သူ့ရင်ထဲတွင် မောဟိုက်သွားသည်။ ဒါဆိုဒီအိတ်နှစ်လုံးထဲမှာ ၃၀၀ ကျော်လောက်ပါတာပေါ့။ သူ့ နေ့စဉ်ဝင်နေသော ဝင်ငွေငါးထောင်ခန့်ကို မသုံးစွဲဘဲ စုဆောင်းထားရမည်ဆိုလျှင် ထိုသိန်းသုံးရာကျော်ကိုရဖို့ အနှစ်နှစ်ဆယ်ခန့် စောင့်ရမည်။ အနှစ်နှစ်ဆယ်လုံးလုံး တစ်ပြားတစ်ချပ်မျှ သုံးစွဲမရသည့်အပြင် နေ့စဉ်မပြတ် ဝင်ငွေလည်း ရှိနေရဦးမည်။

တကယ်တော့ သူသည် ယာယီအလုပ်အနေဖြင့် ကားမောင်းသူသာဖြစ်သည်။ လတ်တလောအလုပ်တစ်ခုအနေဖြင့် ဝင်လုပ်နေခြင်းဖြစ်၏။ တစ်နေကုန်ထိုင်ကာ ဖင်ပူအောင်ကားမောင်းရသော ဒီအလုပ်ကို သူမလုပ်ချင်။ သူဖြစ်ချင်တာက တစ်ချက်ကောင်းကြံပြီး ချမ်းသာချင်သည်။ အကွက်ကောင်းကောင်းကို သူအမြဲလိုက်ရှာ စောင့်ကြည့်ခဲ့သည်။

ယခုတော့ အခွင့်ကောင်းကြုံလေပြီ။ ဘေးတွင်ချထားသော ကြွပ်ကြွပ်အိတ်ကို ဂီယာချိန်းရင်း လက်က ထိမိသွားသည်။ ဂီယာတံကို ဆုပ်ကိုင်ရင်း အိတ်ကို လက်ဖြင့်မခွာဘဲ ဆက်ပြီးထိထားလိုက်၏။ ဖော်ပြခြင်းငှာ မစွမ်းသာသော ငွေရနံ့များသည် သူ့လက်ချောင်း သွေးကြောများမှတစ်ဆင့် နှလုံးသားထဲသို့ ဝင်ရောက်သွားသည်။

ထို့နောက် ခန္ဓာကိုယ်အနှံ့ သွေးကြောများသို့ ပြန်လည်ဖြာထွက် စီးဆင်းသွားတော့သည်။ ထိုသွေးများမှ တောင်းဆိုမှုသည် ကြောက်မက်ဖွယ်ရာဖြစ်သည်။ များပြားလှသော ငွေပမာဏတွေကို ထိုအိတ်ထဲတွင်ရှိနေသည်။ သိန်း ၃၀၀ ထက် ပိုများတာလည်း ဖြစ်နိုင်သည်။ သူတစ်ခုခု လုပ်ရမည်။ အသေလား။ အရှင်လား ရွေးချယ်ရမည်။ ဘယ်လိုလုပ်မလဲ စဉ်းစားစမ်း။

ယခုရောက်နေသည့်နေရာကို ကြည့်မိတော့ ထောက်ကြန့်လမ်းဆုံကို ရောက်တော့မည်။ လူများစည်ကားနေသဖြင့် သူ့စိတ်ကို ခဏလျှော့ချကာ အစီအစဉ်ကို အကွက်ချနေလိုက်သည်။ ထောက်ကြန့်အလွန်ရောက်မှ လုပ်ဖို့သူတွေးလိုက်သည်။ ဆုံးဖြတ်ပြီးသွားသဖြင့် သူ့လက်ဖဝါးတွင် ချွေးစေးများ ပိုထွက်လာသည်။ ဘေးကို အသာစောင်းငဲ့ကြည့်တော့ ထိုသူက အပြင်ဘက်ကို ငေးမောနေ၏။ လမ်းမတွင် လူများ ဆိုင်ကယ်နှင့် ဆိုက်ကားများ ရှုပ်ထွေးနေသဖြင့် သူ ဂရုတစိုက် မောင်းနှင်နေရသည်။

ယောက်ယက်ခတ်နေသောစိတ်ကြောင့် သူ တည်ငြိမ်ရန် အားထုတ်ကြိုးပမ်းနေရ၏။ သူ အကြောက်ဆုံးမှာ ဦးတင့်ဝေဆိုသူက သူ့ကို အကဲခတ်သွားမှာ သိပ်ကြောက်နေသည်။ တုန့်



www.burmeseclassic.com

www.burmeseclassic.com



**သူ့အတွက် ကံဆိုးမိုးမှောင်ကျမည့်အဖြစ်သည် ရှေ့တွင် စောင့်ကြိုနေတော့သည်။ ရှေ့ကမြင်ကွင်းကို မြင်မိချိန်တွင် သူ့ရင်ဝသို့ တစ်စုံတစ်ခု လာဆောင့်သလို နိုင်းခနဲ ဖြစ်သွားသည်။ ကြောက်လန့်မှုကြောင့် အာခေါင်ထဲတွင် ခြောက်ကပ်သွားသလိုဖြစ်ကာ သူ့ခေါင်းတွေ ထူပူသွားရတော့သည်။**

ရင်နေသောလက်များ ငြိမ်သက်သွားရန် စတီယာတိုင်ကို တင်းတင်းဆုပ်ကိုင်ထားရသည်။ သူ့နားထင်မှ စီးကျနေသော ချွေးစေးများကို မသိမသာသုတ်ရင်း ထိုသူ့ကို ကြည့်လိုက်သည်။ ဘေးဘက်သို့ ငေးမောနေဆဲ။ သူ့အဖြစ်ကို သတိထားမိဟန်မတူ။ ထိုသို့ဖြင့် ထောက်ကြန့်ဈေးအနားကို ရောက်လာသည်။

"အတော်ပဲ ..၊ မောင်ရင် ဦးကို ဈေးဝမှာ ခဏရပ်ပေး။ ဦးမိတ်ဆွေအိမ်အတွက် လက်ဆောင်မုန့်လေးဘာလေး ဝယ်သွားချင်လို့ ..."

သူ လမ်းဘေးချရပ်ပေးလိုက်သည်။

"မကြာဘူးမောင်ရင် ..၊ ခဏလေး စောင့်ပေးနော်။ ဒါမှမဟုတ် လက်ဖက်ရည်ဆင်းသောက်ဦးမလား"

"ရတယ် ဦးလေး ..၊ မသောက်တော့ပါဘူး။ ကျွန်တော် စောင့်နေပါ့မယ် ..."

ထိုသူထွက်သွားသဖြင့် သူ စိတ်သက်သာရာ ရသွားသည်။ သူ ခဏလောက် စိတ်တည်ငြိမ်မှုရချင်သည်။ မကြာခင် သူဖန်တီးရတော့မည့်အလုပ်အတွက် စိတ်အေးအေးဖြင့် အကွက်ချချင်သည်။

နောက်မဆုတ်တော့ဟု ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် သူ့အတွက် အလုံခြုံဆုံးနှင့် အသေချာဆုံးနည်းလမ်းကို ရွေးချယ်ရမည်။ မေ့မျောရုံ လုပ်ခဲ့ရင် နောက်ပိုင်းပြဿနာတွေ ဆက်ဖြစ်လာမလား။ အပျောက်ရှင်းလိုက်လို့ သူ မလွတ်မြောက်နိုင်ခဲ့ရင် ရင်ဆိုင်ရမှာက ပိုအပြစ်ကြီးမည်။ မေ့မျောရုံရိုက်ပြီး သူ ထွက်ပြေးရင်ရော လွတ်မြောက်နိုင်ပါ့မလား။ ကြုံလာနိုင်သည့် အနေအထားကို သေသေချာချာ ချင့်ချိန်နေမိသည်။ စိတ်အေးအေးဖြစ်အောင် သက်ပြင်းချကာ အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ အစအန မထွက်အောင် သေသေသပ်သပ် ပိပိရိရိဖြစ်အောင် သေသေချာချာတွေးရမည်။ ဂီယာတံကို ဖွဖွပုတ်ရင်း သူ အကွက်ချစဉ်းစားနေရင်း လက်က အမှတ်မထင် ဘေးတွင် ချထားသော ကြွပ်ကြွပ်အိတ်ကို ထိမိသွားသည်။

သူငုံ့ကြည့်လိုက်ပြီး အံ့သြသွားသည်။ သူ့ဘေးတွင် ထိုသူရဲ့ ငွေအိတ်
တစ်အိတ် ကျန်ခဲ့သည်။ သူ့ကိုယုံကြည်
လို့ ထားခဲ့တာတော့ မဖြစ်နိုင်။ လေ
လောနဲ့ ဆင်းသွားပြီး မေ့ကျန်ခဲ့တာ
ဖြစ်နိုင်သည်။ ငွေနှစ်အိတ်ပေါင်း သိန်း
၃၀၀ ကျော်ဆိုလျှင် ဒီအိတ်ထဲတွင်
အနည်းဆုံး သိန်း ၁၀၀ တော့ ပြေး
လွတ်။ သူ ရင်ထဲတွင် လှိုက်ခနဲ လှိုက်
ခနဲ ရင်ဖိုနေမိသည်။ သူ ကားကို
အမြန်ဆုံး မောင်းထွက်လိုက်သည်။ လူ
တစ်ယောက်ကို မဖျောက်ဖျက်ရဘဲ
သိန်း ၁၀၀ ရလျှင်ရော နည်းလား
ပြန်မိသွားလို့ အမှုဖြစ်ရင်တောင် အပြစ်
အများကြီးမရနိုင်။

ထိုသူကို နှုတ်စောင့်သည်ပဲ ပြေ
ရမည်။ ဈေးထဲသာမဝင်ခဲ့လျှင် သူရော
ထိုသူပါ အနာဂတ်ကောင်းနိုင်မည်
မဟုတ်။ ဈေးအရှေ့ကိုဖြတ်ရင်း ကြည့်
လိုက်မိသည်။ ထိုသူ ပြန်မထွက်လာ
သေး။ ဒီကားကို အုံနာထံ သွားပြန်အပ်
ရမည်။ ပြီးလျှင်တော့ သူငွေထုပ်ပိုက်ပြီး
ခြေရာဖျောက်ရတော့မည်။ ကားပြန်
အပ်ရင်းနှင့် အုံနာကို အပ်ထားရသော
မှတ်ပုံတင်ပြန်တောင်းဖို့ သူသတိမေ့
မဖြစ်။ အဲဒါ သတိထားရမည်။ သူ
နောက်ကိုလိုက်လာသည့်ကားများ ရှိနိုင်
မလားဟု နောက်ကြည့်မှန်မှတစ်ဆင့်
မကြာ မကြာ ကြည့်နေရသည်။

ခပ်ပြင်းပြင်းမောင်းလာသည်
ကားများတော့ မတွေ့ရသေး။ သို့သော်
သတိထားရမည်။ လမ်းရှင်းသောနေရာ
ရောက်တော့ သူ အရှိန်မြှင့်လိုက်သည်
အချိန်ကြာလို့မဖြစ်။ သူစီစဉ်ရမှာ
အများကြီး ကျန်နေသေးသည်။ သူ
လက်ကို ငွေအိတ်ပေါ် တင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါတော့ ပီတီများက သွေးကြောအနှံ့ ပျံ့နှံ့သွားသည်။ ဘဝတွင်တစ်ခါမှ မကိုင်တွယ်ဖူးသော ငွေကိုသူပိုင်ဆိုင်ရပြီ။ ထောင်ကျနိုင်သည်ဟုသူ သတိမရတော့။ ဒီငွေတွေနှင့် သူဘာလုပ်ရမလဲ။ အရာရာကို မလောဖို့အကွက်ချစီစဉ်ဖို့ သူ့ကိုယ်သူ သတိပေးနေလိုက်သည်။

ပျော်ရွှင်ဖွယ်ရာအတွေးများနှင့်အမြန်မောင်းလာရင်း မဂ်လာဒုံကိုကျော်လာပြီးနောက် မြို့ထဲဝင်ချိန်တွင်သူ့အတွက် ကံဆိုးမိုးမှောင်ကျမည့်အဖြစ်သည် ရှေ့တွင် စောင့်ကြိုနေတော့သည်။ ရှေ့ကမြင်ကွင်းကို မြင်မိချိန်တွင် သူ့ရင်ဝသို့ တစ်စုံတစ်ခု လာဆောင့်သလို ဒိုင်းခနဲ ဖြစ်သွားသည်။ ကြောက်လန့်မှုကြောင့် အာခေါင်ထဲတွင်ခြောက်ကပ်သွားသလိုဖြစ်ကာ သူ့ခေါင်းတွေ ထူပူသွားရတော့သည်။

"ဟာ . . သွားပြီ"

ရန်ကုန်ဘက်သို့ ဝင်လာသမျှကားများကို တားပြီးစစ်နေသော ရဲများကို မြင်လိုက်ရခြင်းဖြစ်သည်။ ရဲများနှင့်အတူ အရပ်ဝတ်လူကြီးတချို့ကိုပါတွေ့လိုက်ရချိန်တွင် သူ့အများကို သူသိသွားခဲ့ပြီ။ သူ ရန်ကုန်ဘက်ကို ပြန်မောင်းလာသည်ကိုက အကြီးဆုံးအမှား ကျူးလွန်လိုက်ခြင်းပဲ မဟုတ်လား။ ဦးတင့်ဝေအနေနှင့် ရဲစခန်းကိုဖုန်းဆက်ထားနိုင်သည်ကို တွေးထားပေမယ့် သူရန်ကုန်ရောက်ချင်ဇော များနေခဲ့သည်။ သူ လွတ်မြောက်နိုင်မည်ဟု ယုံကြည်ပြီး အမြန်ပြန်လာခဲ့ခြင်းဖြစ်၏။


အခုတော့ သူ့ထက်မိုက်မဲတဲ့သူရှိနိုင်မည် မဟုတ်တော့။ ရလာသောငွေထုပ်ကို အရသာခံခွင့် မရသေးခင်မှာပဲ ထောင်ကျရတော့မည်။ ဘာလုပ်ရမလဲ အထပ်ထပ်တွေးနေသော်လည်း ထူပူနေသောဦးခေါင်းထဲမှာ မည်သည့်အကြံဉာဏ်မှ ထွက်မလာတော့။ ကားပြန်လှည့်ကာမောင်းပြေးဖို့ တွေးလိုက်သော်လည်း အဆင်သင့်ရပ်ထားသောရဲကားများကိုတွေ့သဖြင့် ထွက်ပြေးဖို့ရာ မဖြစ်နိုင်မှန်း သိနေသည်။ ရုတ်တရက် အရှိန်လျှော့လိုက်တာကြောင့်ထင်သည်။ ရဲတချို့ သူ့ကားကို လှမ်း၍ကြည့်နေကြ၏။ ရှောင်ပြေးလွတ်မြောက်ဖို့ မဖြစ်နိုင်တော့။

သူ့ရင်တစ်ခုလုံး တစ်ဒိုင်းဒိုင်းခုန်ကာ သူ့ရဲ့လက်တွေ တဆတ်ဆတ်တုန်ယင်နေ၏။ စီးဆင်းနေသော သွေးများအားလုံး သူ့နားထင်သို့ လာဆောင့်နေပြီ ထင်ရသည်။ သွားပြီ။ သူ ထောင်ကျရတော့မည်။ စည်းစိမ်ရှိရှိနေချင်သော သူ့စိတ်ကူးများအားလုံး ပျက်စီးသွားရပြီ။

သူ့ကားကို ရဲများနှင့် အရပ်ဝတ်လူကြီးတချို့ လက်ပြကာ တားနေကြသည်။ မောင်းပြေးမလား တွေးနေချိန်မှာပင် ရဲသားနှစ်ယောက် လမ်းမပေါ်ပိတ်ရပ်လိုက်ကြသည်။ မတတ်နိုင်တော့။ သူ ကားကိုရပ်ပေးလိုက်ရတော့သည်။ ဘေးဘက်မှန်ကို ချပေးလိုက်သည်။ ပုခုံးတွင် အပွင့်တပ်ထားသောရဲအရာရှိ ဘေးတံခါးကိုလက်ထောက်ကာ ကားထဲကိုငုံ့ပြီး သူ့ကိုကြည့်၏။ သူ့လက် တုန်ယင်နေသည်ကို သတိမပြုနိုင်အောင် စတီယာတိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရသည်။ ရဲအရာရှိမှ ကားထဲကို ဝေ့ကြည့်နေသည်။

''နောက်ဖုံးဖွင့်ပေးပါ''

ကားထဲမှခလုပ်နှိပ်ပြီး သူနောက်ဖုံးဖွင့်ပေးလိုက်သည်။ ရဲတချို့နှင့်အရပ်ဝတ်လူကြီးများ နောက်ဖုံးကို ဖွင့်ရှာကြသည်။ ထိုနောက်ဖုံးထဲတွင် ကား





www.burmeseclassic.com

ဘီးအပိုနှင့် တိုလီမိုလီပစ္စည်းများသာ ရှိသည်။

"မတွေ့ဘူးဆရာ"

"အေး . . အေး"

ရဲသား၏ သတင်းပို့ချက်ကို အရာရှိဖြစ်သူမှ အတည်ပြုပြီးနောက် သူ့ကားထဲကို နောက်တစ်ကြိမ် ထပ်ပြီး ဝေ့ကြည့်သည်။ ထို့နောက် သူ့ဘေးက အိတ်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ သူ ထိန်းချုပ်ထား၍ မရနိုင်တော့။ မျက်လုံးများ ပြာဝေလာသည်။ အံကို တင်းတင်းကြိတ်ကာ မျက်လုံးကိုမှိတ်လိုက်၏။ တဒိုင်းဒိုင်း ဆောင့်ခုန်နေသော ရင်ခုန်သံကိုပင် သူပြန်ကြားနေရပြီ။ ခြေဖျားလက်ဖျားများ အေးစက်နေသည်ကိုပင် မသိနိုင်တော့။

"ဒါ ဘာအထုပ်လဲ"

ထိုမေးခွန်းသည် သူအကြောက်ဆုံး မေးခွန်းဖြစ်သလို သူ့ကို လက်ထိပ်ခတ်မည့် မေးခွန်းလည်း ဖြစ်သည်။

"ဟို . . ဟို ငွေ . . ငွေတွေပါ ဆရာ"

သူ့အသံ တုန်ရင်နေတာကြောင့် ထင်သည်။ ရဲအရာရှိ သူ့ကို လှမ်းကြည့်သည်။

"ငွေတွေ . . ဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ် ဆ . . ဆရာ"

"ဖွင့်လိုက်"

"ဗျာ"

"အထုပ်ကို ဖွင့်လို့ပြောနေတာ"

"ဟုတ် . . ဟုတ်ကဲ့"

အထုပ်ကို ဖြေဖို့ရန် အိတ်ကို လှမ်းကိုင်လိုက်သည်။ တဆတ်ဆတ်တုန်ယင်နေသောလက်ဖြင့် ထိမိသဖြင့် ကြွပ်ကြွပ်အိတ်သံ တစ်ဖြန်းဖြန်း ထွက်လာသောကြောင့် ရဲအရာရှိ သူ့ကို စူးစိုက်ကြည့်နေ၏။ လက်များတုန်ယင်နေသဖြင့် ကြွပ်ကြွပ်အိတ်၏ထိပ်နှစ်ဖက်ကို စုချည်ထားသော အထုံးကို သူ မည်သို့မျှ ဖြည်၍မရပေ။

"ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေတာလဲ"

"မ . . မဟုတ်ပါဘူး . . ဆရာ"

"ကဲ . . တစ်ယောက်လာပြီး ဒီအထုပ်ကို ဖွင့်စမ်းဟေ့"

အနားတွင် ဝိုင်းနေသော ရဲများထဲမှ တစ်ယောက် ကားတံခါးဖွင့်ကာ အထုပ်ကို ဆွဲယူလိုက်သည်။

"လေးလှချည်လား . . ဘာတွေပါလိမ့်"

ရဲသား၏ပြောစကားကို ကြားလိုက်သဖြင့် သူ စိတ်ခေတ်ကျသွားသည်။ လေးမှာပေါ့၊ အဲဒါ ငါမပိုင်လိုက်ရတဲ့ ငွေတွေလို့ စိတ်ထဲက နာနာကျည်းကျည်း ပြန်ပြောလိုက်၏။ ရဲသားအထုပ်ဖြေနေချိန်မှာပဲ သူ တစ်ခု တွေးလိုက်မိသည်။ ဦးတင့်ဝေ ဖုန်းဆက်ထားတာဆိုလျှင် ဒီလိုမေးမြန်းနေမည်မထင်။ အခုက တိုက်တိုက်ဆိုင်ဆိုင် စစ်ဆေးရေးနှင့် တိုးခြင်းဖြစ်မည်။

ထိုအတွေးကြောင့် သူ စိတ်အနည်းငယ် အေးသွားသည်။ နဂိုရှိပြီးသား ဉာဏ်နီဉာဏ်နက်ကို အပြင်းအထန် အလုပ်ပေးလိုက်သည်။ ကားရောင်းလာတဲ့ငွေလို့ ပြောရမည်။ သို့သော် ဘယ်လောက်လဲမေးရင် သူ ဘယ်လိုဖြေမလဲ။ အထဲကငွေကို သူ အတိအကျမသိပါ။ ငွေအရေအတွက်ကိုသာ မေးခဲ့လျှင်တော့ သူ့လုပ်ရပ် ပေါ်သွားနိုင်သည်။ ထို့ကြောင့် သူကား ပေါ်ကဆင်းကာ ရဲများရှိရာတစ်ဖက်သို့ လျှောက်သွားလိုက်၏။ အခြေအနေ ကြည့်ပြီး သူ လုပ်ဇာတ်ခင်းဖို့အတွက် အာရုံစူးစိုက်ထားသည်။

သူရောက်သွားချိန်တွင် အထုပ် ကို ဖြည်ပြီးဖြစ်နေပြီ။ အံထုပ်ထဲကို ငုံ့ကြည့်လိုက်သည်။ အိတ်ထဲတွင် ငွေ ထုပ်များကို သတင်းစာစက္ကူဖြင့် ပတ် ထားသည်။ စုစုပေါင်း လေးထုပ်ရှိနေ သည်။ တစ်ထုပ်ထဲတွင် ငွေဘယ်

"ကိုယ့်အုတ်ခဲတွေ
ကိုယ်သယ်ပြီး
လိုရာခရီးဆက်ပါတော့
မွေးနေ့ရှင်ရေ၊
ကျုပ်တို့ အလုပ်
ဆက်လုပ်ရအုံးမယ်။
အသက် ၁၂၀
ရှည်ပါစေလို့
ဆုတောင်း
ပေးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ဖြစ်နိုင်မလဲ။ သူ စိတ်ထုပ်ရှားစွာဖြင့် ကြည့်နေမိသည်။ ရဲသားမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်ကာ သတင်းစာစက္ကူ အထပ်ထပ်ကို ဖြည်လိုက်သည်။ ပတ်ထားသော သတင်းစာစက္ကူ ဖယ်ပြီးနောက် ထွက်လာသည်မှာ အုတ်နီခဲပွ တစ်လုံးသာဖြစ်နေသည်။

"ဟာ .. အုတ်ခဲကြီးပါလား"

"ဟေ့လူ ဘာတွေလဲ"

"ဟို .. ဟို .. ဆရာ ငွေ .. အဲ အုတ်ခဲပါ ဆရာ"

"ကျန်တဲ့အထုပ်တွေပါ ဖြည်လိုက်"

သတင်းစာစက္ကူပတ်ထားသော ကျန်သည့်အထုပ်များကိုပါ ဆွဲထုတ်ကာ ဖြည်လိုက်သည်။ သူ စိတ်ကူးယဉ်ထားသလို သိန်းတစ်ရာတော့ မဟုတ်။ ထွက်လာသည်မှာ အုတ်ခဲပွ သုံးလုံးသာ ဖြစ်သည်။

"ခင်ဗျားပြောတော့ ငွေတွေဆို"

"ဟုတ်ပါတယ် .. အဲ .. မဟုတ်ပါဘူး။ ကျွန်တော်က ဆရာတို့ကို စတာအဲဒါ အုတ်ခဲတွေ"

ဖြစ်ပေါ်လာသည့် အခြေအနေပေါ် မူတည်ပြီး သူ့မျက်နှာကို ပြုံးဖြီးဖြီးထားကာ ပြောလိုက်သည်။ သို့သော် အရာရှိကတော့ ဒေါသထွက်နေဟန်ရှိသည်။

"ဘာဗျ ..၊ စတာ ဟုတ်လား။ ကျွန်တော်တို့မှာ .. တာဝန်အရ လုပ်နေရတာဗျ။ ခု သက်သက်နှောင့်ယှက်တာပဲ။ ခင်ဗျားကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်ရမယ်"

"မလုပ်ပါနဲ့ဆရာရယ် .. ကျွန်တော်က ပျော်တတ်လို့ စတာပါ"

"မရဘူး ခင်ဗျားကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်မယ်။ ခင်ဗျားလိုင်စင်ပေး"

ခုတော့ သူတကယ် ဂျောက်ကျလေပြီ။ သူ့ကို လိမ်သွားသော ဟိုလူကို စိတ်ထဲမှကြိတ်၍ ကျိန်ဆဲလိုက်သည်။

"မလုပ်ပါနဲ့ ဆရာရယ် ..၊ ဒီနေ့က ကျွန်တော့်မွေးနေ့မို့လို့ အပျော်အနေနဲ့ စတာပါ။ စိတ်မရှိပါနဲ့ဆရာ၊ ဆရာတို့အဖွဲ့ကို လက်ဖက်ရည်တိုက်ပါတယ်ဗျာ။ ဒါလေးကို လက်ခံပေးပါ။ ကျွန်တော့်မွေးနေ့မို့ တိုက်တာပါဆရာ"

မတတ်နိုင်တော့။ သူ့အိတ်ထဲတွင် မနက်ပိုင်းမောင်း၍ရသမျှ ငွေကို ထုတ်ပေးကာ မွေးနေ့အတု ဖန်တီးလိုက်ရတော့သည်။ သူ့မွေးနေ့ကို ယုံကြည်သွား၍ ထင်သည်။ လက်ဖက်ရည်တိုက်ခြင်းကို အသိအမှတ်ပြုဟန်ဖြင့် သူပေးသောငွေကို ဆွဲယူကာ ရဲသားတစ်ယောက်ကို ပေးလိုက်သည်။ ပါးစပ်ကလည်း ...

"တစ်ယောက် ဆိုင်ကယ်နဲ့သွားပြီး လက်ဖက်ရည်ဝယ်ကွာ။ မွေးနေ့ရှင် ဒါနလေးမြောက်သွားအောင်ပေါ့ .. ကဲ ကိုယ့်အုတ်ခဲတွေ ကိုယ်သယ်ပြီး လိုရာခရီးဆက်ပါတော့ .. မွေးနေ့ရှင်ရေ၊ ကျုပ်တို့ အလုပ်ဆက်လုပ်ရအုံးမယ်။ အသက် ၁၂၀ ရှည်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ...."

"ဟုတ်ကဲ့ပါဆရာ"

အုတ်ခဲလေးလုံးကို ကားပေါ်တင်ကာ သူ ထိုနေရာမှ ထွက်လာခဲ့တော့သည်။ ခပ်ဝေးဝေးရောက်သည့်အခါ လမ်းဘေးတစ်နေရာတွင် ကားကို ရပ်လိုက်၏။ အုတ်ခဲများကို ဒေါသတစ်ကြီးဖြင့် ဝေးနိုင်သမျှ ဝေးဝေးရောက်ရန် အားကုန် လွှင့်ပစ်လိုက်သည်။ ခံပြင်းစိတ် အနည်းငယ်မျှပင် လျော့မသွား။ စိတ်ထဲတွင် ခံပြင်းလွန်းလှသည်။ သူ လှလှပပ အလိမ်ခံခဲ့ရသည်။ အကွက်ကျကျ အရူးလုပ်ခံခဲ့ရသည်။

တကယ်ဆို ကားသမားလောကတွင် ဒီလိုပုံပြင်မျိုးက ခဏခဏကြားခဲ့ဖူးသည်။ ပစ္စည်းတစ်ခုခုကို အရောင်ပြ ထားခဲ့ကာ ကားပေါ်မှ လစ်သွားသော ခရီးသည်များအကြောင်း သူ ကြားဖူးခဲ့သည်။ ခုတော့ သူကိုယ်တိုင် ကြုံရပြီ။ အမှောင်ဖုံးစေသော လောဘကြောင့် သူ ဘာကိုမှ မမြင်နိုင်ခဲ့။ မချင့်ချိန်နိုင်ခဲ့။

အခုတော့ သူ အကျော်အခွ အလုပ်ခံလိုက်ရပြီ။ မွေးနေ့အတု ဖန်တီးလိုက်ရသဖြင့် ညစာစားဖို့ပင် သူ့အိတ်ထဲမှာ ငွေမကျန်တော့။ အုံနာကြေးပြည့်ဖို့လည်း မလွယ်ကူတော့။ ဦးတင့်ဝေဆိုသူကတော့ အခုလောက်ဆို သူ့အိမ်တွင်ထိုင်ကာ သူ့ကို ရယ်နေတော့မည်။ ဦးတင့်ဝေဆိုတာလည်း နာမည်အတုပဲ ဖြစ်မှာပါပဲ။ ကားခ သုံးသောင်းလည်း ဆုံးပြီ။ အရင်ထဲက သူရဖို့မသေချာသော ထိုငွေကို သတိရပြီး နှမြောလိုက်မိသဖြင့် ကိုယ့်ကိုကိုယ် ဆဲရေးလိုက်မိ၏။ ခံရခက်သော ဒေါသစိတ်ကြောင့် သူ့ကားကို ထိုနေရာမှ ခပ်ပြင်းပြင်းမောင်းထွက်ခဲ့သည်။ လမ်းမပေါ်တွင် သစ်ရွက်ခြောက်များ ထခုန်ကာ ကျန်ရစ်ခဲ့တော့သည်။

မောင်ချောပွင့်(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လောကသဘာဝအရ ပန်းမာ
တို့ ဖူးပွင့်ဝေစည်လျက်ရှိနေသည်။
သာမြိုင်ဉယျာဉ်လယ်က ပန်းမာလာ
၏ အလှအပကား ငွါးငွါးစွင့်စွင့် ပွင့်
န်းလျက်ရှိကြလေသည်။ ထိုသို့ လှပ
မာဖွယ်ရာ ဉယျာဉ်အတွင်းက ပန်း
၏အလှကို အာသာငမ်းငမ်း မျှော်
တမ်းတနေခဲ့ကြသော ပျားပိတုန်း
သည်လည်း ရှိကြလေသတည်း။

အနီ့ မိုက်မဲလွန်းစွာသော ပျား
တုန်းကောင်တို့သည် ပန်းတို့၏ ဝတ်
ည်ကို ခြွေခူးရန် အမျိုးမျိုး ကြံစည်
တောလျက်ရှိကြလေသည်။ ယင်း
သို့ မြေမှာပွင့်သော ပန်းတို့၏ အလှ
ကို ဆွတ်ယူစားသုံးလိုသော ပျား
တုန်းကောင်တို့သည် ပန်းတို့၏ ဝတ်
ည်ကို ခြွေရန် အကြင်နာတရားမဲ့စွာ
ချေဖျက်ဆီးခဲ့သဖြင့် ပန်းတို့အလှ
က်သုဉ်းခဲ့ရသည်။

သည်လို ဝတ်ရည်ခြွေတဲ့ပျားပိ
န်းကောင်တို့၏ ယုတ်မာရက်စက်မှုရဲ့
ဒ်ကတော့ တန်ရာတန်ကြေး ပေး
နိုင်ရန် သေမင်းတမန်ကြိုးစင်ကြီး
လက်ကမ်းကြိုဆိုလျက်ရှိနေသည်။
တ်လမ်းလေး ဖြစ်ပေါ်လာခဲ့ရသည်
ဒီလိုပါ။

+++

ကျွန်ုပ်သည် မိမိတာဝန်ထမ်း
ဆောင်လာခဲ့ရသော သက်တမ်းတစ်
လျှောက်မှာ ကြုံတွေ့ခဲ့ရသော ကြိုးသ
မားအများစုသည် ကာမရာဂနိုးကြွလာ
ခဲ့ကြရာမှ ကိုယ့်အကုသိုလ်ကံကို ကိုယ်
မလုံခြုံကြသောကြောင့် အစဖျောက် စီ
ရင်ခဲ့ရာမှ မုဒိမ်း၊ လူသတ်ကောင်များ
ဘဝရောက်ပြီး 'အကျဉ်းထောင်ထဲမှ
ကြိုးတိုက်ခန်းထဲဝယ် စံမြန်းနေရလေ
တော့သည်။

မိမိတို့၏ ဆန္ဒကို မချိုးနှိမ်နိုင်
သည့်အခါ စိတ်ဆန္ဒနောက်လိုက်ပါ
သွားခဲ့မိရာက မရဏာလမ်းပေါ် အလို
လိုလျှောက်လှမ်းမိလျက်သား ဖြစ်သွား
ကြလေသည်။ နောက်ဆုံး ဒုစရိုက်နွံ
သံသရာထဲမှာ တဝဲလည်လည်နှင့် မိုက်
နောင်တတွေ ရနေခဲ့သော်လည်း ပြုခဲ့
မိသော အမှားအတွက် တန်ရာတန်
ကြေး ပြန်ပေးဆပ်ရမှာက ဓမ္မတာပါပဲ။

ပြစ်မှုကျူးလွန်ရန် ဖန်တီးလှုံ့
ဆော်ပေးသော တရားခံသည် အရက်။
နဂိုကလည်း ကြိုက်နှစ်သက်၍ပဲ
သောက်သောက်၊ အပေါင်းအသင်းစုံ၍
အပျော်သက်သက်ပဲ သောက်သောက်၊
သူ့ရာဝင်လာရင်တော့ နူရာဝဲစွဲဖြစ်လာ
မှာပဲ။ ယမကာတံဦးရှိဝေဝေ ခံစားမှု
က ခန္ဓာကိုယ်သွေးသားကို ဆူဖြိုးတက်
ကြွလာအောင် လှုံ့ဆော်ဖန်တီးလာ
သောအခါ အမှန်သည် အမှား၊ အမှား
သည် အမှန် ဝေဖန်ပိုင်းခြားရန် ခက်ခဲ
သွားတော့သည်။

ထိုအခါ ဆိတ်ကွယ်ရာနေရာမျိုး
မှာ မကောင်းမှုဒုစရိုက်ကို ကျူးလွန်ဖို့
ရန် ဝန်မလေးကြတော့ပေ။ သည်ကြား
ထဲမှာ အမျိုးသမီးလေးတွေဆိုတာက
လည်း မိမိတို့ဘဝ မလုံခြုံမှာထက် နေ့
စဉ်စားဝတ်နေရေးက ခက်ခဲကြမ်းတမ်း
လွန်းတာကြောင့် တောထဲ တောင်ထဲ
မှာ ကောင်းနိုးရာရာ သစ်ဥ၊ သစ်ဖု၊
ဟင်းရွက်ဟင်းသီးကအစ ပိုင်ရှင်ထံ
တောင်းရမ်းနေစရာမလို့ ဘဲ
သဘာဝက ဖန်တီးပေးထားသည်။
ဒီတော့လည်း ငါးမျှားချိတ်ကို မမြင်နိုင်။
ငါးစာကိုသာမြင်ပြီး သွားလာလှုပ်ရှား
နေခဲ့ကြရသည်။ သည်လို ဝတ်ရည်
ခြွေသွားခြင်းကို ခံစားသွားခဲ့ရသော
ပန်းကလေး၏ ဘဝသည်ကား ဤသို့
တည်း။

(၂)

'ပန်းကြာမြိုင်'ဆိုတဲ့ ရွာကလေး
တစ်ရွာမှာ ဖြစ်ပါသည်။ မထားခင်တစ်
ယောက် ကိုင်းလုပ်ငန်းများဖြစ်သော
ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးကို စိုက်
ပျိုးကာ စီးပွားဖြစ်ထွန်းအောင်မြင်
လျက် ရှိလေသည်။ မိမိလုပ်ဆောင်နေ
ခဲ့သော လုပ်ငန်းပေါ်မှ အကျိုးအမြတ်
ဖြစ်ထွန်းကာ လုပ်ငန်းများကို တိုးချဲ့
ဆောင်ရွက်နိုင်လာသည်။

ဤကဲ့သို့ အရောင်းအဝယ်
ကောင်းမွန်လာသည်နှင့်အမျှ လုပ်ငန်း
လုပ်ဆောင်နိုင်ရန် ကူညီပံ့ပိုးပေးမည့်
လူယုံကလည်း လိုအပ်လာခဲ့လေသည်။

ထိုအခါ ရွာမှာ မိဘများနှင့်အတူ
နေထိုင်နေသော ညီမငယ်လေး မထား
နုကို မြို့ပေါ်မှ လုပ်ငန်းမှာ လာရောက်
ကူညီဆောင်ရွက်ရန် ခေါ်ယူထားခဲ့ရ
လေသည်။ မထားနုကတော့ ရွာမှာ မိ
ခင်အိုကြီးနှင့်အတူ ကောက်စိုက်လိုက်၊
ပျိုးနှုတ်လိုက်နှင့် လယ်ကူလီအလုပ်



www.burmeseclassic.com

www.burmeseclassic.com


များကို ဖယ်ဆက်အောင် လုပ်ဆောင်နေရရှာသည်။

သားအမိနှစ်ဦး တစ်ဝမ်းတစ်ခါးအတွက် ရှန်းကန်လှုပ်ရှား ရှာဖွေစားသောက်နေရသည်။ အစ်မဖြစ်သူ မထားခင်မှာ မြို့ကြီးသား ကုန်သည်တစ်ယောက်နှင့် အိမ်ထောင်ကျသွားသဖြင့် သျှောင်နောက် ဆံထုံးပါဆိုသလို ယောက်ျားနှင့်အတူ ဒိုးတူပေါင်ဖက်လုပ်ကိုင်စားသောက် နေထိုင်လာခဲ့ရသည်။

ယခုလို လုပ်ငန်းကိုင်ငန်းများ အဆင်ပြေလာသောအခါ မိမိရဲ့လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရာတွင် ကူဖော်လောင်ဖက် လိုအပ်လာသဖြင့် ရွာမှ ညီမဖြစ်သူကို လှမ်းခေါ်ခဲ့ခြင်းဖြစ်သည်။

မထားနုကလည်း ရွာမှာ မိခင်ကြီးကို ထားရစ်ခဲ့ပြီး မြို့ပေါ်တက်ကာ အစ်မဖြစ်သူထံမှာ လာရောက် အလုပ်လုပ်နေရင်း ထောက်ပံ့ပေးနေရသည်။ တကယ်တော့ မထားနုဆိုတာက အပျိုဘော်ဝင်စအရွယ် အသက်ဆယ့်ငါးဆယ့်ခြောက်အရွယ်ရှိပေမယ့် နုနယ်ပျိုမျစ်ရုပ်ဆင်းအင်္ဂါ အချောအလှနှင့် အလှသွေးကြွယ်ဆူဖြိုးကာစအရွယ်ဖြစ်သည်။

မထားနုလေးမှာ အရွယ်နှင့် မလိုက်အောင် အလုပ်ကြမ်းများကို တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ရသဖြင့် လူလုံးလူဖန် ထွားကျိုင်းကာ ကြီးကောင်စဝင်နေသော အပျိုစင်၊ အပျိုရိုင်းလေးတစ်ယောက် ဖြစ်သည်။ သန်သန်မာမာ၊ ဖြတ်ဖြတ်လတ်လတ်ရှိသောကြောင့် အစ်မပိုင်ဆိုင်သော ကိုင်းခင်းထဲမှာ မမောနိုင်၊ မပမ်းနိုင် လုပ်ဆောင်နေသည်။

ရွာမှာ နေခဲ့စဉ်ကာလတုန်းကလည်း လယ်ထဲ ရေထဲမှာ ရွှံ့ညွှန်တွေနှင့် ရုန်းကန်လှုပ်ရှားလာခဲ့ရသော ကောက်စိုက်သမဘဝဖြင့် ကြမ်းကြမ်းတမ်းတမ်း လုပ်ဆောင်နေခဲ့ရသည်။ ယခုလို ကိုင်းခင်းတွေဆီ ခြေကျင်တစ်သွယ်၊ လှည်းနှင့်တစ်ဖုံ သွားလာလုပ်ကိုင်နေရသော်လည်း အိမ်ဦးနှင့်ကြမ်းပြင်ပမာ အေးအေးဆေးဆေး သွားလာလုပ်ဆောင်နေခဲ့သော်လည်း ပျော်ရွှင်မြူးတူးနေသည်။ ကိုင်းတောတွေထဲမှာ အဖော်အပေါင်းများနှင့် သွားလာနေခဲ့ရင်း ရွာမှာနေတုန်း ကောက်စိုက်နေကြစဉ် သီချင်းတကြော်ကြော် အော်ဟစ်သီဆိုနေလာခဲ့သူမို့ ကိုင်းခင်းတွေထဲမှာလည်း သီချင်းသီဆိုအော်ဟစ်ရင်း ခုန်ပေါက်ပြေးလွှားဆော့ကစားလျက် ရှိနေလေသည်။

အပျိုပေါက်အရွယ် အပျံသင်စမို့ လွတ်လွတ်လပ်လပ် ခုန်ပေါက်ဆော့ကစားလျက် ကလေးစိတ်ပင်မကုန်သေးပေ။ ဤမြေဤရေမှာ မိမိတို့အတွက် အကျွမ်းတဝင် နယ်မြေလို သဘောထားနေသည်။

ဒါကြောင့်လည်း အဖော်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မိမိကိုယ်ကို စိတ်ချယုံကြည်ပြီး ပျော်ပျော်ပါးပါး သွားလာနေကျနေရာများ ဖြစ်လေသည်။ သည်လို သာယာပျော်မြူးနေသော မထားနုတစ်ယောက် အစ်မဖြစ်သူက သူမ၏ယောကျ်ားမ ကိုင်းတောဆီမှာ ငရုတ်သီးများ ခူးဆွတ်ပေးရန် လုပ်အားအကူခေါ်သဖြင့် မိမိမှာလည်း မအားမလပ်နေသောကြောင့် ညီမလေး မထားနုကို ထည့်ပေးလိုက်သည်။

ထိုအခါ မထားနုမှာ နေမြင့်လ[...] ပူမှာစိုးတာကြောင့် အိမ်မှာပင် နံနက်[...] စာ ထမင်းကြမ်းခဲနှင့် ငါးပိဖုတ်စားက[...] အစ်မ၏ယောကျ်ားမ ကိုင်းတောဘက်[...] သို့ ခြေကျင် ခပ်သုတ်သုတ် သွားခဲ့[...] သည်။

အညာမြေမှာဆိုတာကလည်း [...] နှင့်လယ်ကွင်း၊ ကိုင်းတော၊ ထန်းတော[...] ဆိုသည်တို့က ရွာမှ နှစ်မိုင်ကျော်[...] ဝေးကွာနေသည်။ သူ့ရွာ သူ့ဓလေ့[...] ဆိုတော့ သမားရိုးကျ သွားနေလာ[...] ကျလမ်းများ ဖြစ်သည်။ ရွာမှ ထွ[...] လိုက်သည်နှင့် တမျှော်တခေါ်ဝေးသေ[...] ကိုင်းတောခင်းကြီးများကို လှမ်းမျှ[...] ကြည့်လျှင် မြင်နေရပြီး လမ်းမှာလည်[...] ကိုင်းတောလမ်းဖြစ်ပြီး ဖြောင့်ဖြူး[...] သည်။

တချို့သော လယ်ရှင် မြေရှ[...] ချမ်းသာကြသူများကတော့ နွားလှည်[...] နှင့် သွားလာနေကျဖြစ်သည်။ တစ်ရွ[...] နှင့်တစ်ရွာကြား လေးငါးမိုင် ဝေးကွ[...] ခြားနေခဲ့သော်လည်း ကိုင်းတောကြ[...] များက ရွာအဆုံးမှာ လုပ်ကိုင်ထားကြ[...] သည်က များသည်။

ရွာသူရွာသားများမှာ တောရွာ[...] လေ့အတိုင်း တစ်ရွာနှင့်တစ်ရွာသွ[...] လျှင် ခြေကျင်လျှောက်သွားနေကြ [...] လမ်းများဖြစ်သည်။ ရွာမှာ လှည်းပိုင်[...] သူက နည်းပြီး အများသူငါကတေ[...] မိမိခြေထောက်ကိုပဲ အားကိုးက[...] လျှောက်သွားကြသည်က များသည်[...]

ယခုလည်း မထားနုမှာ အဖေ[...] မပါ တစ်ယောက်တည်း အိမ်က[...] နံနက်စာစားပြီး ဝါးခမောက်လေ[...]

...ာင်းလို့ လျှောက်သွားနေသည်။ ...ဘက်ဖြူလေးတစ်ထည်ကို ချွေး ...ရန်ယူဆောင်လာပြီး ထဘီဟောင်း ...တစ်ထည်ကို ဝတ်ဆင်ထားလျက် ...ဇာ လေဒဏ် ကာကွယ်နိုင်ရန် ...အင်္ကျီလက်ရှည် အစင်းကြားလေး ...ထားသည်။

ဘာပဲဖြစ်ဖြစ် အစ်မဖြစ်သူ၏ ...င်းတောမှာ ငရုတ်သီးဆွတ်ခူးပေးရန် ...မဖြစ်သူက အကူအညီတောင်းသ ...ကလေးပီပီ ကိုင်းတောတွေထဲမှာ ...ကစားရင်း ငရုတ်သီးခူးရမှာကို ...ပြီး ပျော်မြူးနေလေသည်။

ယခုလို ငရုတ်သီးခူးဆွတ်ခတွေ ...လျှင် သူမအတွက် ထဘီ၊ အင်္ကျီ ...ဝတ်ပြီး ဒီနှစ်ကျင်းပမည့် ရွာဘုရား ...ာ အဝတ်သစ်၊ အစားသစ် ဝတ် ...င်ကာ ပျော်မြူးလိုက်မည်ဟု စိတ် ...ယဉ်အတွေးများနှင့် ကိုင်းတောဆီ ...ရောက် ခြေထောက်ကို ခပ်သွက် ...တ် လှမ်းသွားနေလေသည်။

ထိုအချိန်တွင် ရွာထိပ်တန်းတော ...က ဘုံဆိုင်လေးမှာလည်း ထန်းရည် ...ာက်သုံးနေကြသူများဖြင့် စည်ကား ...သည်။ ထန်းတောပိုင်ရှင် ဦးဘဌေး ...လည်း ထန်းပင်ပေါ်မှ မြူအိုးများကို ...ပြင်ဆီ တစ်မြူပြီးတစ်မြူ ထန်းပင် ...က်လိုက် ဆင်းလိုက်နှင့် လက်မလည် ...အောင် ဖြစ်နေသည်။

ထန်းရည်ဝိုင်းများကို မြူအိုးလိုက် ...ပေးနေရသဖြင့် အလုပ်ရှုပ်နေသည်။ ...ထန်းရည်ဆိုင်ဆိုတာကလည်း နှစ်ရွာ ...ကြားမှာ တစ်ဆိုင်သာရှိသောကြောင့် ...နီးချုပ်စပ်မှာရှိသော ကာလသား ...စ်သိုက်ကတော့ ဦးဘဌေးထန်းတော မှာ မိုးလင်းကတည်းက တဖွဲဖွဲ ရောက်လာကာ သောက်သုံးနေကြလေသည်။

ထန်းရည်ဆိုတာကလည်း နေကျော်သွားလျှင် သောက်လို့မကောင်းသဖြင့် စောစောစီးစီးလာကာ ထန်းရည်အိုးကို အလုအယက်မှာယူသောက်စားနေခဲ့ကြလေသည်။

သည်ထဲမှာ ကုလားပုခေါ် တင်မောင်နှင့် အမြွာညီအစ်ကိုဖြစ်ကြသော သောင်းရင်နှင့် သောင်းတင်တို့ သူငယ်ချင်းသုံးဦးသည် ထန်းရည်ဝိုင်းမှာ စိုစိုပြည်ပြည် သောက်သုံးနေကြသည်။ အမြွာညီအစ်ကိုမှာ ရပ်ထဲရွာထဲတွင် ငွေကြေးပြည့်စုံကြသူများမို့ မိမိတို့ရဲ့ မိတ်ဆွေကုလားပုခေါ် တင်မောင်ကို ထန်းတောထဲခေါ်လာပြီး ညှော်ခံတိုက်ကျွေးနေသည်။

ကုလားပုခေါ်တင်မောင်ဆိုသူမှာ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး အမြွာညီအစ်ကိုမှာ နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသည်။ ကုလားပုခေါ် တင်မောင်သည် ရွာထဲမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စားဖြစ်ပြီး ဟိုလူကပေးလိုက်၊ သည်လူကကျွေးလိုက်နှင့် စားဝတ်နေရေး အဆင်ပြေနေသည်။

ကုလားပုခေါ် တင်မောင်က သွေးနည်းနည်းဆိုးသည်။ အရက်ဖြစ်ဖြစ်၊ ထန်းရည်ဖြစ်ဖြစ် သောက်စားထားမိလျှင် သွေးဆူကာ မကြာခဏ ပြဿနာရှာ ဖန်တီးတတ်သည်။ သောင်းတင်နှင့်သောင်းရင်တို့ အမြွာညီအစ်ကိုမှာ မိဘက အတန်အသင့်ချမ်းသာသော ရွာမျက်နှာဖုံးပစ္စည်းချမ်းသာသူများ ဖြစ်သည်။ အပေါင်းအသင်းနှံ့မင်ပေါင်းသင်းတတ်သူများ ဖြစ်သည်။

ဤကဲ့သို့ သုံးယောက်ပေါင်းပြီး တစ်ပူးတွဲတွဲသွားလာနေခဲ့ကြရာမှ တစ်နေ့မှာတော့ ပြဿနာမီးပွားတစ်စကို သုံးယောက်ပေါင်း လောင်းကျော်မည့် ပြစ်မှုကြီးတစ်ခုကို ကုလားပုခေါ် တင်မောင်က စတင်ဖန်တီးလာခြင်း ဖြစ်သည်။

ယင်းမှာ ထန်းရည်ဆိုင်ထဲမှ ရေချိန်ကိုက်လာပြီး စောစောစီးစီး သောက်စားလာခဲ့ကြကာ ရွာဘက်ဆီသို့ ဒယီးဒယိုင်ဖြင့် လမ်းလျှောက်ပြန်လာနေခဲ့ကြသည်။ ထိုစဉ် ကိုင်းတောစပ်တစ်နေရာဝယ် အမျိုးသမီးငယ်လေးတစ်ဦးနှင့် ပက်ပင်းဆုံတွေ့မိကြလေသည်။ အမျိုးသမီးငယ်မှာ အဖော်မပါဘဲ တစ်ကိုယ်တည်းဖြစ်သည်။

ထိုအခါ နဂိုက ထန်းရည်သောက်လာခဲ့သည့်အရှိန်နှင့် သွေးဆူကြွနေကြချိန်ဖြစ်သည်။ ဟိုတုန်းကလည်း ယခုလို အတွေ့အကြုံ 'ဖ'လေးကလည်း ရှိနေကြတော့ ကုလားပုခေါ် တင်မောင်မှပင် ဦးဆောင်ကာ ပြဿနာမီးပွားကို အစပျိုးရန် ကြံရွယ်လာခဲ့လေတော့သည်။

မထားနကတော့ မိမိအပေါ် ကျရောက်လာတော့မည့်အန္တရာယ်ကို ကလေးပီပီ ဘာမှမသိနားမလည်သူမို့ ရွာထဲကလူချင်း သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားသလို ထင်ပြီး ငရုတ်ခင်းစပ်နားမှ ဖြတ်လျှောက်သွားနေသည်။

"ဟေ့ ... ညီမလေး ... တစ်ယောက်ထဲလား"

"တစ်ယောက်ထဲ ... ငရုတ်သီးခူးဖို့လာတာ .. ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ .. ဟဲ ... ဒါဆို .. အစ်ကိုတို့ပါ ဝိုင်းချုပေးမှာပေါ့ ... မဟုတ်ဘူးလား ဘော်ဒါတို့''

''ဒါပေါ့ ...''

ကုလားပုခေါ် တင်မောင်က မထားနုလေးကို ပြီတီတီလုပ်နေရင်းကနေ အမြှာညီနောင်ဘက် လှည့်အဖော်ညှိ စကားပြောလိုက်သည်။ မထားနုကတော့ အခုလို လူပြွတ်နေသည့် ကိုင်းတောထဲမှာ ယောက်ျားသုံးဦးနှင့် ပက်ပင်းတွေ့နေသဖြင့် ပြဿနာမဖြစ်ပွားချင်တာကြောင့် ချက်ချင်းနေရာက လှည့်ထွက်ဖို့ ဟန်ပြင်လိုက်သည်။

''အို ... ညီမလေးကလည်း .. ဘာတွေ လောနေတာလဲလို့ ... အစ်ကိုတို့က စေတနာနဲ့ ဝိုင်းကူမလို့ဥစ္စာ .. ဖြည်းဖြည်းပေါ့ကွယ်''

''ဟင့်အင်း ... ကျွန်မအစ်မက အိမ်ပြန်နောက်ကျရင် ဆူနေမယ်''

မထားနုက ရှေ့မှ ပိတ်ရပ်ထားသော လူသုံးယောက်ကို ဖြတ်ကျော်ထွက်ရန် ဟန်ပြင်လိုက်စဉ် ကုလားပုခေါ် တင်မောင်က ရှေ့မှ ပိတ်ရပ်ထားလိုက်သည်။ ကိုင်းတောထဲမှ လမ်းမှာ လူသွားလူလာပြတ်လပ်နေချိန်မို့ လူသူကင်းရှင်းနေသည်။ မထားနုကတော့ အရက်မူးနေကြသူများနှင့် စကားဖက်ပြိုင်မပြောချင်တာကြောင့် ကလေးစိတ်ဖြင့် ဒုယီးဒယိုင်ရပ်နေကြသူများကြားမှ အတင်းတိုးထွက်လေသည်။

''ဟင်း ... ဟင်း .. ဒီလို လူပြတ်တဲ့နေရာမှာ .. ညီမလေးကို စိတ်မချလို့ အစ်ကိုတို့လိုက်ပို့မှာပေါ့''

''သွား ... ငမူးကြီးတွေ ... ကိုယ်လမ်းကိုယ်သွားစမ်း .. လူကို လာပြီးတော့ .. ပြီတီတီ ... ရိတိတိ လာမလုပ်နဲ့၊ ပါးကွဲသွားမယ် ဘာမှတ်လဲ''

''ဟား ... ဟား .. သတ္တိကတော့ .. အာဂသတ္တိပါလားဟေ့''

တစ်ဖက်မှာ ကိုင်းတောကြီးက ပိတ်ကာဆီးထားသလို တစ်ဖက်မှာလည်း ချုံနွယ်ပိတ်ပေါင်းများခံနေသဖြင့် ရှေ့မှ ပိတ်ဆို့ကာဆီးထားသူများကြားမှ တိုးထွက်သွားမှဲ့သာ ရနိုင်မည့် အခြေအနေ ဖြစ်နေသည်။ ထန်းရည်မူးလာကြသူသုံးဦးမှာလည်း အရက်တန်ခိုးနှင့် ရမ္မက်ခိုးဝေနေသော မျက်လုံးများဖြင့် ဘက်ခြောက်ကာညာလှမ်းလို့ ဟန်ပြင်လာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအချိန် ဒီလို နေရာမျိုးဝယ် အားနွဲ့သူမိန်းမသားတစ်ဦးနှင့် အားကြီးသူယောက်ျားသားသုံးဦးမှာ ခွန်အားချင်းမမျှမတဖြစ်နေသောကြောင့် အလိမ္မာသုံးပြီး အချိုသတ်ပြောဆို တောင်းပန်ရမည့်အစား ကလေးစိတ်သာသာရှိနေသော မထားနုက ဘာကိုမျှ ကြိုတင်မျှော်တွေးချိန်ဆမှုမရှိဘဲ မောက်မောက်မာမာ ရင့်ရင့်သီးသီး ပြန်လည်ရန်တွေ့လျက်သာ ပြောဆိုနေသည်။

ထိုအခါ ယောက်ျားသုံးဦးထဲမှ ဖက်ရဲလက်ရဲရှိပြီး စားနကျကြောင်ဖားလို ကလိမ်ကကျစ်စိတ်ဓာတ်ရှိနေသည့် ကုလားပုခေါ် တင်မောင်က မထားနု၏ လက်ကလေးကို ဖတ်ခနဲ ဆွဲကိုင်လိုက်လေသည်။

''ဟဲ့ .. သေနာကျကြီး .. ဘာလို့ ငါ့လက်လာဆွဲတာလဲ .. လွှတ်စမ်း''

''ဟင့်အင်း ... မလွှတ်နိုင်ပါဘူး၊ အစ်ကိုက ချစ်လို့ပါကွယ်''

''ထွီ ... သေခါနီးကြီးက နှ[...] ချင်းမစာနာ .. ပြောနေသေးတယ[...] ကျွန်မလက်ကို .. လွှတ်မလား ...[...] လွှတ်ဘူးလား''

''ဟင့်အင်း ... လွှတ်ဘူး''

''ကဲ ... ဟယ်''

''ဖြန်း ...''

မထားနုကတော့ ကလေးပီ[...] စိတ်မြန်လက်မြန် ကျန်လွတ်နေသေ[...] လက်ဖြင့် ကုလားပုခေါ် တင်မောင်[...] ပါးတစ်ဖက်ကို ရိုက်လိုက်သည်။ အ[...] မှတ်မထင် ပြုမူလိုက်သော မထားနု[...] လက်တစ်ဖက်ကို ဒေါသဖြင့် ဆောင့်[...] လိုက်သည်။ အရက်ရှိန်ကြောင့် အ[...] ဒီဂရီတက်နေစဉ် မလောက်လေး [...] လောက်စားအရွယ်လေးက ပါးတ[...] ဖက်ကို ရိုက်လိုက်သည်ကို ထူပူသွား[...] ဒေါသထောင်းခနဲထွက်ကာ အတင်[...] ချုပ်ကိုင်သိုင်းဖက်လိုက်သည်။

မထားနုက လွတ်နေသော [...] ထောက်တစ်ဖက်ဖြင့် ပင့်တိုက်လိုက်[...] သည်။ နာကျင်သွားသည်ကို ခံစာ[...] လိုက်ရသော ကုလားပုခေါ် တင်မော[...] သည် လက်ကို ချုပ်ကိုင်ထားရာ[...] သောင်းရင်၊ သောင်းတင် ညီအစ်[...] နှစ်ဦးအား–

''ဟော့ကောင်တွေ ... ကောင်[...] လေးခြေထောက်ကနေ ဝိုင်းမကြစမ်း''

ဟု အမိန့်ပေးလိုက်သောကြော[...] ကုလားပုခေါ် တင်မောင်၏စကားက[...] မလွန်ဆန်ရဲသော ညီအစ်ကိုနှစ်ဦးမှ[...] လည်း ကောင်မလေးခြေထောက်န[...] ချောင်းကို တစ်ဖက်စီချုပ်ကိုင်လိုက[...] ကြသည်။ နောက် လမ်းဘေးနဘူး[...] စပ်ဆီ သယ်မခေါ်ဆောင်သွားကြသည်[...]

www.burmeseclassic.com



"အစ်မရေ ‥ ကယ်ပါဦးတော့၊ ာကြပါဦး ‥ ကယ်တော်မူကြပါ"

မထားနုကတော့ အားမတန် မာန်လျှော့နေရချိန်ဝယ် ပါးစပ်မှနေပြီး ာတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ တောင်းလျက်ရှိသည်။ သို့သော်လည်း လူသွားလူလာ ကြဲပါးနေသောအချိန် အခါမျိုးဝယ် ကူသူကယ်သူမဲ့လျက် ဖြစ် နေသည်။

"ဟီး ‥ အီး … သေနာကျကြီး တွေ ‥ သူများကို မတရားအနိုင်ကျင့် စော်ကားတယ် … ရွာလူကြီးကို တိုင် မယ် ‥ ဟီး … ဟီး"

နဘူးချုံထဲမှ ထွက်ပေါ်လာသော သနားစဖွယ် မထားနုလေး၏ မချိတင် ဘဲ ငိုကြွေးအော်မြည်သံမှာ ဘယ် ဥ ချာဉ်မှုံးမှု မကြားနိုင်၊ မမြင်နိုင်ဘဲ ်န်းကောင်းလေးတစ်ပွင့် အညွန့်ကျိုးခဲ့ ရလေတော့သည်။ ထို့အတူ ဝတ်ရည် သောက်သုံးကြသူ ပိတုန်းသုံးကောင်က တော့ အောင်သေအောင်သား စားရသ လို အားရကျေနပ်သွားခဲ့ကြလေသည်။ ပန်းလေးတစ်ပွင့်မှာတော့ အချိန်မတိုင် ခင် ဝတ်ရည်ခြွေခဲ့သော ပျားပိတုန်း ကောင်ကြောင့် ပန်းဘဝလေးပျက်သုဉ်း သွားခဲ့ရှာလေတော့သည်။

"နင်တို့လို ‥ လူယုတ်မာကောင် တွေကို ရဲတိုင်ပြီး ဖမ်းခိုင်းမယ်"

မိမိဘဝကို ပန်းကောင်းအညွန့် ချိုးခံခဲ့ရရှာသော မထားနုလေးကတော့ မခံချင်စိတ်ဖြင့် ဒေါမာန်ပွကာ ကြိမ်း ဝါးလို့နေသည်။ မထားနုက အားမတန် လို့ မာန်လျှော့ခဲ့ရပေမယ့် ကလေးပီပီ အနိုင်ယူလိုချင်စိတ်က မပျောက်နိုင် သေးဘဲ အထက်ပါအတိုင်း ကြိမ်းဝါး ပြောဆိုနေစဉ်မှာပဲ–



"ကဲဟာ … ဒီလောက်တောင် ရဲတိုင်ချင်တဲ့ကောင်မ … သေစမ်း"

"အား …"

ကြောက်မက်ဖွယ်ရာ အော်ဟစ် သံကြီးကို နဘူးချုံကြီးထဲမှ ကြောက် မက်ထိတ်လန့်စွာ ကြားလိုက်ရပြီး နောက် သစ်ပင်အိုကြီးထက်ဆီမှ ငှက် ကလေးများပင် ကြောက်လန့်တကြား လန့်ဖျတ် ပျံသန်းသွားခဲ့ကြလေသည်။ နဘူးချုံလေးအတွင်းမှာတော့ အသက် ဝိညာဉ်ကင်းမဲ့နေသော မထားနု၏ရုပ် အလောင်းလေးက လူမသိ သူမသိ ကျန်ရစ်နေတော့သည်။

(၃)

ဖုန်တထောင်းထောင်းထနေသော ရွာလယ်လမ်းမဆီသို့ နွားလှည်းတစ်စီး က အပြင်းမောင်းနှင်လာနေသည်။ နွားလှည်းပေါ်မှာ အသက်လေးဆယ် အရွယ် လူလတ်ပိုင်းတစ်ဦးသည် စွပ် ကျယ်ချိုင်းပြတ်အင်္ကျီနှင့် လုံချည်အညို ကွက်ကို ဝတ်ဆင်ထားသည်။ ခေါင်း ပေါ်မှာ နှီးခမောက်တစ်လုံး ဆောင်း ထားလျက်ရှိသည်။

"အဖေ … ငရုတ်သီးခူးပြီး ပြန် လာခဲ့ပြီလား"

"ဟုတ်တယ်သမီး … နင့်ညီမ ကို ငရုတ်သီးခူးဖို့မှာလိုက်တာ … ရောက်မလာတာနဲ့ အနီးအနားက လူ တွေကိုပဲခေါ်ခိုင်းပြီး … လှည်းတစ်စီး စာပဲ … သယ်လာခဲ့ရတယ်"

ယောက္ခမဖြစ်သူ၏ စကားကို ကြားလိုက်ရစဉ်မှာပဲ မထားခင်တစ် ယောက် ခေါင်းနားပန်းကြီးသွားခဲ့သည်။ ညီမဖြစ်သူ မထားနုကို နေမပူခင် ကိုင်း



www.burmeseclassic.com

တောဆီအရောက်သွားဖို့ မနက်(၈)နာရီ လောက်ကပဲ စေလွှတ်လိုက်တာ ဖြစ် သည်။

ယခုတော့ မထားနုတစ်ယောက် ကိုင်းတောဆီမသွားဘဲ ဘယ်နေရာဆီ များ လျှောက်ကစားနေခဲ့တာလဲ။ ဒါ မှမဟုတ် ရည်းစားနဲ့များ ချိန်းတွေ့နေ လေသလားဟု သံသယစိတ် ဖြစ်ပေါ် လာလေသည်။

"မဟုတ်ဘူးအဖေ . . . သမီး မ နက်အစောကြီးထဲက . . . ကိုင်းတော ထဲ ရေှာက်သီးခူးသွားဖို့ လွှတ်လိုက်တာ၊ သူထွက်သွားတာပဲ ကြာလှပြီ . . . လမ်း မှာလည်း . . မတွေ့ခဲ့ဘူးလား"

"ဟင် . . . ဟုတ်လား . . မတွေ့ ပါဘူး"

"ဟင် . . . ဒါဆို . . ဒီကောင်မ လေး ဘယ်ဆီများရောက်နေလဲ . . . မသိဘူး"

မထားခင်တစ်ယောက် ညီမဖြစ် သူ မထားနုအတွက် စိုးရိမ်ပူပန်သွား တယ်။ ယောကျ်ားဖြစ်သူကိုလည်း ရှောက်ခင်းဘက် လိုက်လံရှာဖွေကြည့်ရန် ပြောနေသည်။ နောက်ဆုံး ဆွေမျိုးသား ချင်းများ လေးငါးဦးခန့်စုပေါင်း၍ နွား လှည်းတစ်စီးဖြင့် မထားနု ကိုင်းတော ဘက်သွားရာလမ်းတစ်လျှောက် လိုက် လံ ရှာဖွေကြည့်နေကြသည်။ ကိုင်းတော ကြီးတစ်ဖက်ရှိ နဘူးချုံထဲဝယ် အ သက်ဝိညာဉ်ကင်းမဲ့နေသော မထားနု အလောင်းကို ရှာဖွေတွေ့ရှိခဲ့လေသည်။

နဘူးချုံထဲဝယ် အဝတ်အစား ဝစ်လစ်စလစ်ဖြင့် လည်ပင်းမှာ ညိုမဲ သောဒဏ်ရာများဖြင့် သေဆုံးနေသည် ကို တွေ့မြင်ကြရလေသည်။ သို့ရာတွင် မထားနုကိုယ်မှာ ဝတ်ဆင်ထားသော လည်ပင်းမှာဆွဲထားသော ငါးမူးသား ဆွဲကြိုးမှာ ရှိမနေတော့ပေ။ နားမှာ ပန် ဆင်ထားသော စိန်ခြယ်နားကပ်တစ်စုံ မှာလည်း ပျောက်ဆုံးနေသည်။

သက်ဆိုင်ရာသို့ အကြောင်းကြား ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိ လာကာ အခင်းဖြစ်ပွားရာနေရာအား ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်းရေးဆွဲ ခြင်း၊ သဲလွန်စရှာဖွေခြင်း စသည့် ရဲ လုပ်ငန်းကုန်စင်အောင် ဆောင်ရွက်နေ ကြသည်။

ယင်းလူသတ်မှုနှင့် ပတ်သတ်ပြီး ခြေရာကောက်စစ်ဆေးခြင်းများကို စုံ စမ်းစစ်ဆေးခဲ့ကြသည်။ သူမနှင့်ပတ် သက်ဖူးသော ယောကျ်ားလေးမိတ်ဆွေ လည်း မရှိပေ။ နောက်ဆုံး ရွာထိပ် ထန်းရည်ဆိုင်မှာ စနည်းနာကြည့်သော အခါ အခင်းမဖြစ်ပွားမီအချိန်လောက် က ထန်းရည်ဆိုင်မှ စောစောစီးစီး ပြန် သွားသူ လူသုံးယောက်နှင့်ပတ်သက်၍ သတင်းအစအန ရရှိလာသည်။

အသက်အရွယ် သုံးဆယ်ကျော် ခန့်ရှိ အသားညိုညိုနှင့် လူရွယ်သည် ထင်းခုတ်သောရဲဒင်းကို ကိုင်စွဲထား လျက် ဘေးမှ အဖော်နှစ်ယောက်က တွဲခေါ်သွားကာ ကိုင်းတောဘက်ဆီ ပြန်သွားကြောင်း သတင်းစုံစမ်းရလာ သည်။

ထိုအချိန်တွင် နွားစားကျက်ထဲ မှာ နွားကျောင်းနေသော တာဝန်သိသူ တစ်ဦးကလည်း သူမြင်တွေ့ခဲ့ပုံကို သ တင်းပေးလာသည်။ နောက် ရွာဘက်ဆီ သို့ ဒရေသောပါးပုံစံဖြင့် ပြန်သွားနေ သော လူသုံးဦးကို သတိပြုမိခဲ့ကြောင်း ထွက်ဆိုပေးသည်။

အဆိုပါ လူသုံးဦး၏ နောက် ကြောင်းရာဇဝင်ကို စုံစမ်းစစ်ဆေးလိုက် သောအခါ မထားနုကို ကိုင်းတောထဲဆွဲ ခေါ်သွားပြီး ဝိုင်းဝန်း မုဒိန်းကျင့်ကြ အားထုတ်ခဲ့ကြသည်။ နောက်ထပ် ပြ သနာဖြစ်ပေါ်လာသောအခါ ကုလား ပုခေါ် တင်မောင်မှ လက်ထဲမှာ ဆွဲကိုင် လာသော ရဲတင်းဖြင့် လည်ပင်းကို ခုတ် သတ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုချက်ပေး ကြသည်။

မထားနုကိုယ်ပေါ်မှာ ဝတ်ဆင် ထားသော ဆွဲကြိုးနှင့်နားကပ်တို့ကို ကုလားပုခေါ် တင်မောင်မှ ဖြုတ်ယူ ထားပြီး သက်သေခံရဲတင်းကို အနီး အနားရှိ ရေအိုင်ထဲသို့ ကိစ္စတုံးပစ်ချ အစဖျောက်ဖျက်ပစ်ကြောင်း ထွက်ဆို ချက်ပေးကြသည်။

ဤကဲ့သို့အမှုမှန်ကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ် မှုကြောင့် အမှုမှန်ကို စုံစမ်းဖော်ထုတ် နိုင်ခဲ့သည်။ ယင်းသို့ စစ်ဆေးပေါ် ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ကိုယ်ကျ လူသတ်မှုကို ကျူး လွန်လာခဲ့သော ကုလားပုခေါ် တင် မောင်နှင့် ပြစ်မှုကျူးလွန်ရာတွင် ကိုယ် တိုင်ကိုယ်ကျ ပါဝင်ကူညီပေးခဲ့သော အမြွာညီအစ်ကို နှစ်ဦးဖြစ်သည့် သောင်းရင်နှင့် သောင်းတင်တို့နှစ်ဦး အား အားပေးကူညီမှုဖြင့် တရားစွဲတင် ခဲ့လေသည်။

နောက်ဆုံးမှာတော့ ပြစ်မှုကျူး လွန်ခဲ့ကြကြောင်း ပြစ်မှုထင်ရှားသဖြင့် တရားရုံးတော်မှ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ တရားခံ


www.burmeseclassic.com

www.burmeseclassic.com





**သူတစ်ပါးအပေါ်မှာ ကြက်ကလေး၊ ငှက်ကလေးလို လွယ်လွယ်ကူကူ သတ်ဖြတ်လာခဲ့ကြသော်လည်း မိမိသေရမည့် အလှည့်ကို ရောက်လာသောအခါ စိတ်ဓာတ်များယိုယွင်းကာ ဆောက်တည်ရာမရနိုင်ဘဲ ...**

သုံးဦးစလုံးအား သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံခဲ့ရလေတော့သည်။

(၄)

အကျဉ်းထောင်ဆီသို့ ပို့ဆောင်အပ်နှံခဲ့သော သေဒဏ်စီရင်ခြင်းခံရသော ကြိုးသမားသုံးဦး အရေးပေါ် ရောက်ရှိလာလေသည်။ ယင်းတရားခံသုံးဦးအား အကျဉ်းထောင်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံဆောင်ရွက်ရလေသည်။

ယင်းမှာ ကြိုးသမား သုံးဦးစလုံးအား တံခါးကြီးထဲမှာ တလာစီ (ရှာဖွေ) ပြီးနောက် ကြိုးတိုက်ခန်းဆီ လုံခြုံရေး အစောင့်အရှောက်များဖြင့် ခေါ်ဆောင်သွားကြသည်။ ကြိုးတိုက်ခန်းထဲသို့ ရောက်သောအခါ တစ်ဦးချင်းစီအား ကိုယ့်ကိုယ်ကို သတ်သေစေခြင်း မပြုလုပ်နိုင်ရန် တိုက်တာဝန်ခံထောင်မှူးမှ တစ်ဦးစီ ထပ်မံ ရှာဖွေခြင်း ပြုရလေသည်။

ယင်းတို့ နေထိုင်ရမည့် တိုက်ခန်းထဲမှာ စိတ်ဓာတ်မခိုင်မာဘဲ ကိုယ့်ကိုယ်ကို သတ်မသေစေနိုင်ရန် လုံခြုံရေး အင်အားကို တိုးမြှင့်ချထားပြီး စောင့်ကြည့်ခိုင်းရသည်။ မည်သို့သောအကြောင်းကြောင့်ပဲဖြစ်စေ ကြိုးဒဏ်စီရင်ခြင်းခံရမည့် သေဒဏ်ကျခံရသည့် အကျဉ်းသားအား ကြိုးဖြင့်သာစီရင်ခြင်း အမှုကို ပြုလုပ်ရမည်သာ ဖြစ်သည်။ အခြားသော နည်းတစ်ခုခုဖြင့် သေကြောင်းကြံစည်ခြင်းအမှုကို ထောင်မှ လုံးဝ ခွင့်မပြုရပေ။

ဒါကြောင့် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခြင်းခံရသော ကြိုးသမား အကျဉ်းထောင်ထဲ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက်တည်း ကြိုးတိုက်ခန်း အတွင်းဝယ် မူလလုပ်သက်နုနယ်သော ဝန်ထမ်းများကို ချက်ချင်းလဲလှယ်ပြီး လုပ်သက်အတွေ့အကြုံ ရှိသူများကို သာ တာဝန်ပေးချထားရသည်။ ဝန်ထမ်းများမှာ တာဝန်ချိန်ကို အထူးဂရု စိုက် ကြပ်မတ် စောင့်ကြည့်နေကြရသည်။

တရားရုံးမှ သေဒဏ်စီရင်ခြင်းအမိန့်ကို ချမှတ်ခြင်းခံရသည်နှင့် တရားခံ

www.burmeseclassic.com

www.burmeseclassic.com

များသည် များသောအားဖြင့် စိတ်ဓာတ်ယိမ်းယိုင်ကာ ဆောက်တည်ရာမရဘဲ စိတ်ဖိစီးမှုဖြစ်ပေါ်ခံစားနေကြသည်။ သူတစ်ပါးအပေါ်မှာ ကြက်ကလေး၊ ငှက်ကလေးလို လွယ်လွယ်ကူကူ သတ်ဖြတ်လာခဲ့ကြသော်လည်း မိမိသေရမည့်အလှည့်ကို ရောက်လာသောအခါ စိတ်ဓာတ်များ ယိုယွင်းကာ ဆောက်တည်ရာမရနိုင်ဘဲ ဒယိမ်းဒယိုင် ဖြစ်ပေါ်လာကြလေသည်။

ထိုအခါ မိမိတို့ဘဝ အသက်ဆက်လက်ရှင်သန်နိုင်စေရန် အားကိုးအားထား ရှာကြရလေတော့သည်။ ယင်းမှာ ထောင်တွင်း အယူခံဝင်ရောက်နိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့ကြလေသည်။ ငွေကြေးတတ်နိုင်သူများကတော့ ပြင်ပမှ ရှေ့နေငှားကာ အယူခံကို ဝင်ရောက်ကြသည်။ ငွေကြေးမတတ်နိုင်သူများမှာတော့ ထောင်ထဲမှ အယူခံရေးပေးခြင်းဖြင့် ကျေနပ်နှစ်သိမ့်ကြရသည်။

အမှန်တော့ မြို့နယ်တရားရုံးမှ သေဒဏ်စီရင်ချက်ချမှတ်နိုင်ရန် တိုင်းတရားရုံး၏ခွင့်ပြုချက်ရဖို့ တင်ပြရသေးသည်။ ‌သေဒဏ်ချမှတ်ရမည့်ကိစ္စဖြစ်နေ၍ တိုင်းတရားရုံး၏ခွင့်ပြုချက်ကို ရယူပြီး သေဒဏ်အမိန့်ကို အတည်ပြုပေးရသည်။ ထိုအခါ သေဒဏ်ချမှတ်ခြင်းခံရသော ကြိုးသမား၏အယူခံလွှာကို အထက်ဗဟိုတရားရုံးဆီသို့ အယူခံဆက်လက်ဝင်ရောက်ရလေတော့သည်။

အကယ်၍ ဗဟိုတရားရုံးမှာ အယူခံဝင်ရောက်နေစဉ် ဆက်လက်ရှုံးနိမ့်သွားပါက စောဒကမှု ဆက်လက်တင်သွင်းလို့ရသည်။ သေဒဏ်ကျခံနေရသော ကြိုးသမားအတွက် တရားရုံးမှ သေဒဏ်မိန့် ချမှတ်ခံရပြီးသည်နှင့် လွတ်မြောက်နိုင်ရန် ကြိုးစားနိုင်ခွင့်ရှိသည့် လမ်းသုံးသွယ်ရှိသည်။

ယင်းမှာ အောက်တရားရုံးက ချမှတ်ခဲ့သော သေဒဏ်စီရင်ခြင်းကို ပယ်ဖျက်ပေးနိုင်ရန်သော် လည်းကောင်း၊ ပြစ်ဒဏ် လျှော့ပေါ့ပေးနိုင်ရန်လည်းကောင်း ဗဟိုတရားရုံးဆီ အယူခံဝင်ရောက်ခွင့်ရှိသည်။

အကယ်၍ ဗဟိုတရားရုံးမှ အယူခံလွှာကို ပယ်ချခံခဲ့ရပါကလည်း စောဒကမှုခေါ် စုံညီခုံရုံးသို့ အသနားခံစာ တင်သွင်းနိုင်သည်။ တချို့ သေဒဏ်စီရင်ခြင်းခံရသော ကြိုးသမားများထဲမှ ဗဟိုတရားရုံးမှနေ အယူခံလွှာကို ပြင်ဆင်ပေးသဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲ ပြင်ဆင်ခံရသည်လည်း ရှိတတ်သည်။

ထိုကဲ့သို့ ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ဆိုလျှင် (က) (ခ) (ဂ) အဆင့်လိုက် ပြောင်းလဲပြင်ဆင်ပေးသည်။ အကယ်၍ (က)အဆင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းဆိုလျှင် ထောင်ဒဏ်(၂၅)နှစ်ပြစ်ဒဏ်ကို ကျခံကြရပြီး (ခ)အဆင့်ဆိုလျှင် ထောင်ဒဏ် နှစ်(၂၀)သို့လည်းကောင်း၊ (ဂ)အဆင့်ဆိုလျှင် ထောင်ဒဏ်(၁၅)နှစ်ဟူ၍ အကျဉ်းထောင်မှ ပြစ်ဒဏ်သတ်မှတ်ပေးသည်။

ဤသို့ သေဒဏ်ကျခံနေရသော ကြိုးသမားသည် စောဒကမှုကို ဒုတိယအဆင့်အနေဖြင့် တင်သွင်းခဲ့ရာမှ ရှုံးနိမ့်သွားခဲ့လျှင် နောက်ဆုံးအဆင့်ဖြစ်သော နိုင်ငံတော်သမ္မတထံ အထူးအယူခံအဖြစ် အသနားခံလွှာကို တင်သွင်းခွင့်ရသေးသည်။

ယင်းမှ ထပ်မံပယ်ချခံရလျှင် အယူခံလွှာကိုပယ်ချလိုက်သည့် သေမင်းတမန်(ခေါ်)စာအိတ်နီတစ်လုံး အကျဉ်းထောင်သို့ ပို့ပေးလေသည်။ ၎င်းစာအိတ်နီသည် သေဒဏ်စီရင်ရန်အတွက် ပေးပို့လိုက်သော မရဏနိုင်ငံထွက်ခွာရန် အမိန့်စာဖြစ်လေသည်။

ထိုအခါ အကျဉ်းထောင်မှ တာဝန်ရှိသူများအတွက် တရားရုံးမှ စာအိတ်နီရောက်ရှိလာခဲ့ခြင်းကြောင့် အလုပ်ရှုပ်သွားလေသည်။ ယင်းမှာ ကြိုးသမားကို ကြိုးပေးသတ်နိုင်ရန် ခန္ဓာကိုယ်အလေးချိန် ချိန်ခြင်း၊ ပေကြိုးတိုင်းထွာရခြင်းများ လုပ်ဆောင်ထားရလေတော့သည်။

ဒါကြောင့် သေဒဏ်စီရင်ခြင်းခံရသော ကြိုးသမားတစ်ဦးအတွက် သေဒဏ်စီရင်ရမည့်ကိစ္စရပ်များဖြင့် အလုပ်ရှုပ်နေရတော့သည်။ မိမိကျူးလွန်လာခဲ့သော ပြစ်မှုအတိမ်အနက်ကို ကြည့်ပြီး တရားရုံးများမှ ဆင်ခြင်သုံးသပ်ကာ အမှန်တကယ် ရက်စက်ရမ်းကားမှုကို ကျူးလွန်ခဲ့သူ တရားခံများအတွက် ကြိုးစင်ကြီးကတော့ ထာဝရလက်ကမ်းကြိုဆိုနေမှာ ဖြစ်ပါတော့သတည်း။

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ကြုံတွေ့ရသည့် ဖြစ်ရပ်ကြောင့် သူ့စိတ်ထဲတွင် ထူးခြားဆန်းကြယ်လွန်းလှသည်ဟု ထင်လိုက်မိသည်။

ဆင်တပ်၊ မြင်းတပ်တို့ဖြင့် မြားဦးသဏ္ဍာန် နေရာယူဖွဲ့စည်းထားရှိပြီး မြားဦးထိပ်၌ ညာဘက်တွင် စစ်သူကြီး၊ ဘယ်ဘက်တွင် ပညာရှိ ပုရောဟိတ်ကြီးတို့နှင့်အတူ အလယ်တွင် မြင်းဖြူစီး၍ အသောကမင်းကြီးက နေရာယူတော်မူလေသည်။ မင်းကြီးက ဓားကို ပင့်မြှောက်လျက် အခါပေး ပုရောဟိတ်၏ စစ်ထွက်အမိန့်သံကို စောင့်လင့်နေသည့် အချိန်အခါလည်း ဖြစ်၏။

နန်းဦးရင်ပြင်အရပ်ဆီသို့ လေသည် ခပ်ကြမ်းကြမ်း ဝှေ့ရမ်းတိုက်ခတ်လာလေသည်။ ဆင်တပ်၊ မြင်းတပ်တို့၏ စစ်သည်အောင်လံတို့က တလူလူ တလွင့်လွင့်။ လေဝှေ့ဆော့ရမ်းရာအတိုင်း တဖျတ်ဖျတ် လွင့်ဝဲနေကြပေသည်။ လေပြည်ရမ်းက ဖျတ်ခနဲ သုတ်ဖြူးစဉ် အဝါရောင်ပိတ်စတစ်စမှာ အသောကမင်းကြီး မြှောက်ကိုင်ထားသော ဓားဦးတွင် အခိုင်အမာ ချိတ်ဆက်မိလေ၏။

လေပြေညင်း၏ တွန်းတိုးဆော့ကစားရာတွင် အဝါရောင်ပိတ်စကလေးမှာ အောင်လံကဲ့သို့ ဝေ့ဝေ့ဝဲဝဲ တလူလူ လွင့်လျက်ရှိနေသည်။

ညာဘက်၌ရှိသော စစ်သူကြီးကို တိမ်းငဲ့၍ လှည့်ကြည့်ဖြစ်၏။ စစ်ထွက်ရန် တာစူနေချိန်မို့ တင်းမာသည့် မျက်နှာကြောနှင့် ရှေ့တူရူသို့ လှမ်းမျှော်ငေးကြည့်နေသည်ကိုသာလျှင် မြင်ရသည်။ သူ့အဖြစ်ကို အနည်းငယ်မျှ သတိထားမိဟန်မတူပေ။

သူ့ရဲ့ဘယ်ဘက်က ပုရောဟိတ်ကြီးသာလျှင် မြင်းညိုကြီးပေါ်မှ သူ့ကို လှမ်း၍ ရုတ်တရက် စကားဆိုလေ၏။

"အရှင်မင်းကြီး ... ဒီစစ်ပွဲက အရှင်မင်းကြီးအတွက် နောက်ဆုံးဖြစ်ပါလိမ့်မယ်"

ပုရောဟိတ်ကြီး ချောက်တင်စကားကြောင့် မျက်မှောင်ကြုတ်ကာ သူ တွန့်ခနဲ ဖြစ်သွားရလေသည်။ မျက်နှာကြောတည်ရာမှ တင်းသွားခဲ့ရပြီး ရှေ့သို့ ကိုယ်ကို ကိုင်းညွှတ်တိုးကာဖြင့် သိလိုသည့်အကြောင်းအရာမှာ စိတ်ကို နှိုးပင့်လာ၏။

"အသင်ပညာရှိ ... ကျုပ် စ[...]
ရှုံးမယ်လို့ နိမိတ်ဖတ်လိုက်တာလား[...]

"စစ်ရှုံးမည်ဟု နိမိတ်ဖတ်ခြ[...]
မဟုတ်ပါ ... အရှင်မင်းကြီး၊ ဒီစစ်[...]
အရှင်မင်းကြီး ကျိန်းသေမုချနိုင်ပါလိ[...]
မယ်၊ စစ်ကို အောင်ပွဲခံပြီးမှ ကြီးမ[...]
သော သမိုင်းဝင်ဖြစ်ရပ်ဆန်းများ မ[...]
ကေန်ရှိလာပါလိမ့်မည်ဟု နိမိတ်ဖတ်[...]
ခြင်းပဲ ... ဖြစ်ပါတယ် မင်းကြီး"

ပုရောဟိတ် ပညာရှိကြီးစကာ[...]
ကြောင့် မျက်နှာပြင်ပြေလျော့သွားက[...]
သူ့ရင်မှ စိုးရိမ်ပူပန်စိတ်တို့ ကွ[...]
ပျောက်ပြီး ကျေနပ်နှစ်သိမ့်သွားခဲ့ရ[...]
သည်။ ဓားတွင် ချိတ်မိနေကာ လေ[...]
လွင့်မျောနေသည့် အဝါရောင်ပိတ်စ[...]
ဖြုတ်ယူ၍ မြင်း၏လည်စီးကြိုးတွ[...]
ချည်နှောင်ပြီးက လက်ဘသို့ စစ်ချီခဲ့[...]
၏။ စစ်ချီနေစဉ် လမ်းခရီး၌က လက[...]
နှင့် သူ့အကြောင်းကို အသောကမ[...]
ကြီး အတွေးဝင်နေခဲ့မိသည်။

သူ့ရဲ့အင်ပါယာပိုင်နက်မှာ [...]
လွန်ကျယ်ပြန့်လွန်းလှပါသည်။ ကျ[...]
ပြန့်လွန်းလှပါသော်လည်း အိန္ဒိယ[...]
"ကာလင်္ဂ"ပြည်လေးမှာကွင်း၍ က[...]

“

**သင့်ရဲ့သွေးစွန်းနေတဲ့ လက်နဲ့ ကျွန်မကလေးကို မထိပါနဲ့၊ ကျွန်မသားလေးဟာ ...ကိုယ့်ကိုယ်ကိုလည်း စိတ်နလုံးအေးချမ်းအောင်နေပြီး အများကို စိတ်နလုံးအေးချမ်းစေမယ့် တရားရေအေး တိုက်ကျွေးမယ့်သ[...] အလောင်းအလျာတစ်ဦး ဖြစ်ပါတယ်**

”



www.burmeseclassic.com

www.burmeseclassic.com


နေခဲ့ပေသည်။ သူ့အဘိုးနှင့် ဖခင် လက်ထက်ကတည်းက ထိုကလက်ာ ည်ကို သိမ်းပိုက်ရန် ကြံစည်ခဲ့ဖူးခြင်း ပေ။ သူ့လက်ထက်တွင် ထိုသို့ အ ဖြစ်မခံနိုင်ပါ။ သူ့အနေဖြင့် ယခု ဘီစီ ခု နှစ်တွင် အပြီးအပိုင် တိုက်ခိုက် သိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

"ဒီပွဲကို ... ငါရှေ့က ဦးဆောင် တိုက်မှ ရလိမ့်မယ်ထင်တယ်"

"သည်းခံတော်မူပါ ဘုရား ... င်းကေရာဇ်တစ်ယောက်အနေနဲ့ မ င့်လျော်ပါဘူး၊ အသက်အန္တရာယ် ည်း နီးလွန်းလှပါတယ်ဘုရား ... ဦးက အသက်အသေခံတိုက်ဖို့ဆို ... စစ်သည်သူရဲတို့ရဲ့တာဝန်ပဲ ဖြစ်ပါတယ်"

"သယ် ... တိတ်စမ်း။ နင်တို့ စစ်သူရဲတွေ စစ်ပြုကြံစည်မှု နည်းလို့ ဒီပြည်ငယ်ကလေးက ငါ့ ... မျက်ခမ်းစပ်နေစေတာပေါ့ဟဲ့၊ ... စစ်ရေးအရာကို လျှောက်တင် စမ်း။ ငါကိုယ်တော်တိုင် ရှေ့တန်းက မယ်"

"မှန်လှပါ ... မင်းကြီး၊ အ တော်စစ်သည်များရဲ့ စုံစမ်းမှု ကလက်ာမှာ ခြေလျင်စစ်သည် ခြောက်သောင်း၊ မြင်းစီးစစ် ည်တော် ဗိုလ်ပါတစ်ထောင်နှင့် ဆင် အင်အား ခုနစ်ရာခန့်ရှိကြောင်း မှန်းသိရှိရပါတယ်ဘုရား"

"ဒီလောက်အင်အားဆိုတာ ... သောကဆီမှာ နှာစေးချောင်းဆိုးနေ တဲ့ စစ်သည်တော်တွေလောက်ပဲ ရှိ ယ်၊ ကိုင်း ... ပုရောဟိတ်ပညာရှိ "

"မှန်လှပါ ဘုရား"

"အခါတော်မင်္ဂလာအချိန် တွက် ချက်ပြီး ... စစ်ချီရန်ပြင်စေဗျား"

"အမိန့်တော်မြတ်အတိုင်းပါ .. ဘုရား"

+ + +

မိမိတပ်ဦးစစ်သည်တော်တို့မှာ ကလက်ာမှန်ဦးအဝင်၌ပင် ပွဲကြမ်းကို ရင်ဆိုင်တွေ့ကြရလေသည်။ သူနိုင် ကိုယ်နိုင် တိုက်ခိုက်ကြသည်မှာ ကြောက်ခမန်းလိလိ။

ကျည်ကျည်ပေါင်ပေါင် အော်ဟစ်ကြုံးဝါးလျက် အစွယ်ယှက်ကာ ထိုးကော်ပင့်မြှောက် ပူးသက်သည့် ဆင် တပ်ခြင်း ရင်ဆိုင်တွေ့ကြသည်မှာ ဖုံ တထောင်းထောင်း ထနေသည်။ ဆင် တပ်နှင့်အတူ ဖုန်လုံးကြားတွင် မြင်း တပ်၊ ခြေလျင်စစ်သည်တပ်သားတို့မှာ ရောပြွမ်းလျက် ရှုပ်ယှက်ခတ်နေ၏။ သူ့လူ ကိုယ့်လူ ခွဲခြားနိုင်စွမ်းမဲ့ပြီး အရောရောအထွေးထွေးဖြင့်ခုတ်ထစ်သတ်ဖြတ် နေမိကြ၏။ ဓားရောင်၊ လှံရောင် တ ဖျပ်ဖျပ်ဖြင့် စစ်တလင်းမှာ လျှပ်ပြက် သည်သို့ရှိ၏။

မြေပြင်အနှံ့တွင် သေကြေကြ ကုန်သူတို့၏ အလောင်းများဖြင့် တ ဖြည်းဖြည်း ပြည့်နှက်လာသည်။ စစ် မက်တိုက်ခိုက်မှုကြားတွင် နာကျင်မှု ကြောင့် မသေမရှင်အော်ဟစ် ညည်း တွားသံတို့က ပွက်လောရိုက်လျက် ရှိ၏။

နောက်ဆုံး ကလက်ာတို့က အား မတန်၍ မာန်လျော့ပြီး အညံ့ခံလေ သည်။

စစ်ပွဲကြီးကား အလွန်ကြီးကျယ် ခဲ့ပါသည်။ စစ်ပွဲအပြီးတွင် သိန်းနှင့်ချီ၍ လူများ သေကြေပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာသောသူများလည်း ဒဏ်ရာ အနာတရ ဖြစ်ခဲ့ရ၏။ စစ်သုံ့ ပန်းကျွန်များစွာကို အသောက ပိုင် ဆိုင် ရရှိခဲ့ပေသည်။

စစ်တလင်းပြင်မှာ ဓားချက်၊ လှံ ချက်၊ မြားဒဏ်ရာတို့ဖြင့် မရှုမလှ ရုပ် ပျက်ဆင်းပျက် သေဆုံးနေကြသည့် အလောင်းများ၊ လှံတန်းလန်း၊ ဓား တန်းလန်း၊ မြားတန်းလန်းဖြင့် မသေ မရှင် အော်ဟစ်ညည်းတွားနေကြသည့် သူများဖြင့် ပြည့်နှက်လို့နေသည်။

ကလက်ာ၏ကျဆုံးခန်းမှာ မရှု မလှ။

+ + +

အမိမဲ့ရစ်သွားတို့၏ အော်ဟစ်ငို ကြွေးသံများ၊ လင်မဲ့မယားတို့၏ ရှိုက် သံနှင့် သားဆုံးမိခင်တို့၏ ပူဆွေးသော က ငိုကြွေးသံများကို နားဆင်ရင်း စီး တော်မြင်းဖြင့် စစ်တလင်းပြင်အား လှည့်လည်ကြည့်ရှုနေရာမှ ရှေ့မျက်နှာ စာမြင်ကွင်းတစ်ခုက အသောက၏ နှလုံးသားကို ပြင်းစွာ ထိရှ ရိုက်ခတ် သွားစေခဲ့ရသည်။

ရင်ဝတွင် မြားတန်းလန်းနှင့် မိန်း မငယ်တစ်ဦးက မလှမ်းမကမ်းတွင်ရှိ သော အော်ဟစ်ငိုကြွေးနေသည့် လ သားခန့်အရွယ် ကလေးငယ်တစ်ဦးဆီ သို့ မြေပြင်ကို တရွတ်တိုက်လျက် တွား သွားနေသည်ကို မြင်တွေ့လိုက်ရခြင်း ဖြစ်၏။ ကလေးငယ်ထံ အားယူ ရှေ့ ဆက်နေသည့် သူမအဖြစ်ကို ကူညီရန် မြင်းပေါ်မှ မြေပြင်သို့ အသောကမင်း ကြီး ဆင်းလိုက်သည်။ မိန်းမငယ်ရှေ့မှ ကလေးကိုပွေ့ချီရန်ခါးကိုင်းညွတ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


သည်စဉ်မှာ မိန်းကလေးငယ်က သူ့ကို အော်ဟစ်လိုက်သံကြောင့် သူ့ ခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွားသည်။ နောက်သို့လည်း ခြေတစ်လှမ်းယောင် မှားပြီး လှမ်းဆုတ်သွားမိသည်။

"ကလေးကို . . . သင်မကိုင်ပါနဲ့ မင်းကြီး၊ သင့်ရဲ့သွေးစွန်းနေတဲ့ လက် နဲ့ ကျွန်မကလေးကို မထိပါနဲ့၊ ကျွန်မ သားလေးဟာ . . . ကိုယ့်ကိုယ်ကိုလည်း စိတ်နှလုံးအေးချမ်းအောင် နေပြီး၊ အ များကို စိတ်နှလုံးအေးချမ်းစေမဲ့ တရား ရေအေး တိုက်ကျွေးမယ့်သူ အလောင်း အလျာတစ်ဦး ဖြစ်ပါတယ်"

မြားတန်းလန်းနှင့် မိခင်ငယ်မှာ ကလေးထံ အရောက်သွား၍ ခန္ဓာတ စောင်းလှဲကာ ထွေးပွေ့ပြီး နို့တိုက်ကျွေး လေသည်။

"ငါ့သား . . . ဒါဟာ . . . အမေ့ရဲ့ နောက်ဆုံးနို့ချိုပဲ၊ အဖေလည်း မရှိ၊ အမေလည်း မရှိတော့တဲ့ ငါ့သားအ တွက် အမေ့ရဲ့နို့စက်တိုင်းဟာ ဘဝကို ရှုန်းကန်ဖို့ . . . ခွန်အားတွေ ဖြစ်ပါစေ ကွယ်"

အနိဋ္ဌာရုံမြင်ကွင်းကြားမှ မိခင် တစ်ဦး၏မေတ္တာတရားမှာ အသောက ရင်ကို ထွင်းဖောက်ဆို့နစ်စေသည်။ ပတ်ဝန်းကျင်အနှံ့ သမင်လည်ပြန် လှည့်ကြည့်မိလိုက်၏။ ကြည့်မြင်ရာလေ တိုင်း အကျည်းတန် အရုပ်ဆိုးမှုတို့က ကြီးစိုးမင်းမူလျက် ရှိနေသည်။ ရင်၌ စိုက်ဝင်နေသော မြားဒဏ်ရာကိုပင် မေ့ ပျောက်ကာ ရင်သွေးငယ်ကို ရင်သပ် ရှုမောကြည့်ရှုနေရာမှ မိန်းကလေးက မောပန်းကြီးစွာ အသောကကို စကား ဆိုလေသည်။



"အသင်မင်းကြီး . . . ဒီစစ်ပွဲ သင်နိုင်ပြီဆိုတာ အမှန်ပဲလား၊ စဉ်း ကြည့်စမ်းပါဦး . . . မိခင်ပေါင်းများ ဖခင်ပေါင်းများစွာတို့ရဲ့ရင်ကို ကွဲစေ ခင်ပွန်းမဲ့ရတဲ့ဇနီးသည်ပေါင်းများစွာ အသည်းနှလုံးပေါင်း မြောက်မြားစွာ ကို နင်းခြေဖျက်ဆီးပြီး ရခဲ့တဲ့ သ စစ်အောင်ပွဲဟာ ပတ်ဝန်းကျင်တစ် လုံး မျက်စိတဆုံး မြင်မကောင်း၊ မကောင်း ဖြစ်ခဲ့ရပြီး လူတွေ အမျ ကြီး သေကြေပျက်စီးနေကြတဲ့ အနိဋ္ဌ ရုံအောင်ပွဲကြီးပဲ ဖြစ်လိမ့်မယ်။

မြင့်မြတ်တဲ့အောင်ပွဲဆိုတာ မိ ကိုယ်ကို စိတ်နှလုံးအေးချမ်းအောင် တတ်ပြီး ပြည်သူတွေရဲ့ စိတ်နှလုံး လည်း အေးချမ်းအောင် စွမ်းဆော နိုင်ပါတယ်။ ယုတ်ညံ့မှုမရှိဘဲ အနိဋ္ဌာ ကင်းဝေးတဲ့ အောင်ပွဲသာလျှင် အေ ချမ်းမြင့်မြတ်တဲ့ အရှင်ဧကရာဇ်မင်း ရဲ့ အောင်ပွဲမျိုးဖြစ်ပါတယ်။ ကာလက ကို အောင်ပွဲခံနိုင်ပြီဆိုတဲ့ သင်ဟ ယနေ့ညက စပြီး စိတ်နှလုံးပူပန်စွာ ညပေါင်း အသချေအိပ်မရဘဲ ရှိရတော မှာပါ အသင်မင်းကြီး"

ဝေဒနာကို ဥပေက္ခာပြုကာ သူ စိမ်းစိမ်းကြည့်လျက် တစ်ချက်ချင်း ပ လွှတ်သည့် မိခင်ငယ်၏စကား မြား တို့မှာ သူ့ရင် အရပ်နှလုံးသည်းပွတ် သို့ စူးနစ်စွာ ထိုးစိုက်ဝင်ခဲ့လေပြီ။

ငှုငိုင်တွေဝေ ရပ်တည်နိုင်စွမ်း သည့် သူမှာ ခြေကုန်လက်ပမ်းကျနေ ရ၏။ စစ်ပွဲအတွေ့အကြုံများစွာ ရှိခဲ့ သတ်ရဲ၊ ဖြတ်ရဲ၊ တိုက်ခိုက်ရဲသော သူရဲကောင်းတစ်ဦးဖြစ်သူ အသော မှာ ကလေးမိခင်ငယ်လေးတစ်ဦး


www.burmeseclassic.com

www.burmeseclassic.com



**စစ်မီးဟူသည်ကား စစ်မြေပြင်၌သာ လောင်ကျွမ်း၍ စစ်မြေပြင်၌သာ ငြိမ်းအေးတတ်သော အရာမဟုတ်ပါ။ အပြစ်မဲ့သော ပြည်သူ၊ ပြည်သားများ ဆီသို့တိုင် ဘဝနင့်ချိ၍ ကူးစက်လောင်ကျွမ်း ဒုက္ခပေးတတ်ပေသည်။ နိုင်သူနှင့် ရှုံးသူ နှစ်ဦးနှစ်ဖက်စလုံးသို့ စစ်အဆိပ်သင့်တတ်ကြောင်း ကလင်္ကာစစ်ပွဲမှရရှိလိုက်သည့် အသိတရားများမှာ ...**

စကားပင် ပြန်မပြောရဲရှာဘဲ နှုတ်ဆိတ်နေကာ မျက်လုံးချင်း မဆုံမိအောင်လည်း ရှောင်လွှဲနေခဲ့မိပါလား။ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း စစ်ထိုးပွဲမှာ အသောကမင်းကြီး ရှုံးနိမ့်ခဲ့ရလေပြီ။

ထို မိခင်ငယ်လေးမှာ မေးဆတ်၍ သွေးတစ်ချက်ပွတ်အန်ပြီး သေဆုံးသွား၏။ နို့နှင့် ပါးစပ်တို့ တင်းကွာသည်နှင့် လူ့လောကအကြောင်းအား ဘာမှမသိရှာသော ကလေးငယ်မှာမူ ပြင်းစွာငိုကြွေးလေ၏။

အမိမဲ့ အဖမဲ့ သွားပြီဖြစ်သော ကလေးငယ်ကို စေ့စေ့ကြည့်ရင်း ကိုယ်တော်တိုင် မိခင်ရင်ခွင်တွင်းမှ ကလေးကို ကောက်ချီမည်ပြုပြီးမှ ရုတ်တရက် ရပ်တန့်လိုက်ရသည်။

"သင့်ရဲ့ ... သွေးစွန်းနေတဲ့ လက်နဲ့ ကျွန်မကလေးကို မထိပါနဲ့"

သေဆုံးပြီဖြစ်သော မိခင်ငယ်လေး၏စကားသံမှာ သူ့ကို အမိန့်ပေးသည့်နှယ် စွဲမြဲလွှမ်းလှချေ၏။

"အရှင်မင်းကြီး ... ဒီစစ်ပွဲက အရှင်မင်းကြီးအတွက် နောက်ဆုံး ဖြစ်ပါလိမ့်မယ်"

ပညာရှိ ပုရောဟိတ်ကြီး၏ စကားသံတို့ကလည်း သူ့နားစည်တွင် ပြန်လည်ကြားယောင် ရိုက်ခတ်လာခဲ့ပြီဖြစ်တော့၏။ သူ့လက်အစုံကို ဖြန့်လျက် တစ်ခါမှ မမြင်မတွေ့ဖူးသည်သို့ ပြန်လည်စူးစိုက်ကြည့်မိ၏။

"ဒီလက်တွေက ... သွေးစွန်းနေတဲ့ လက်တွေတဲ့လား ... ဒီစစ်ပွဲက ငါ့အတွက် နောက်ဆုံးဆိုတာပါပဲလား ... စစ်မှန်တဲ့ ဗုဒ္ဓဘာသာတရားဆိုတာ ... သစ္စာလေးပါးကို အခြေခံထားတာယ်ဆိုပဲ၊ ဒါဆိုရင် ..."

အသောကအတွက် သာသနာ့ရောင်ခြည် အလင်းတန်းမှာ ဖြိုးဖြက်လင်းလက်လာခဲ့လေပြီဖြစ်၏။ တိုက်ပွဲတိုင်း အောင်ပွဲခံခားကို ဆွဲထုတ်ပြီး အဓိဋ္ဌာန်ပြုလိုက်မိချေပြီ။

"အကျွန်ုပ် ... အသောကအတွက် ဤစစ်ပွဲမှာ နောက်ဆုံး ဖြစ်ရပါမည်။ နောက်နောင် စစ်ကို ဘယ်သောအခါမှ တိုက်လိမ့်မည်မဟုတ်ဘဲ စစ်ကိုလည်း ဖန်တီးမည်မဟုတ်ပါ၊

ဤနေ့ .. ဤရက်မှစ၍ ... အကျွန်ုပ် အသောကသည် အပြစ်မဲ့သော လူသားကို မဆိုထားနှင့် တိရစ္ဆာန်တို့၏ အသက်ကိုပင် သတ်ဖြတ်ခြင်းမှ ကင်းဝေးအောင် နေထိုင်သွားပါမည်၊

ကျွန်ုပ် အသောကသည် ... လူသားတို့၏ စိတ်နှလုံးကို အေးချမ်းစေ၍ မေတ္တာတရား ကြီးမားသော ဂေါတမဗုဒ္ဓ၏ တရားများကို သက်ဝင်ယုံကြည်ပြီး မိမိကိုယ်ကို ဗုဒ္ဓဘာသာဝင် တစ်ဦးအဖြစ် သွတ်သွင်း၍ သာသနာပြု မင်းတစ်ပါးအနေနဲ့ သေသည့်တိုင် ရပ်တည်သွားပါမည်၊

ဤမှန်သောသစ္စာစကား ... တည်ပါက အကျွန်ုပ်၏ လက်ထဲမှ ဤတိုက်ပွဲဝင်ဓားမှာ ထက်ပိုင်းတိတိ ကျိုးပြတ်ပါစေသား"

အသောကမင်းကြီးမှာ မိမိပေါင်ပေါ် သံမဏိဓားကိုတင်၍ အဓိဋ္ဌာန်ပြုချိုးချလိုက်ရာ သစ်ကိုင်းခြောက်လေး ကျိုးသည့်အလား တိတိကျကျ သံမဏိဓားမှာ ထက်ပိုင်းကျိုးသွားလေတော့သည်။

စစ်မီးဟူသည်ကား စစ်မြေပြင်၌

www.burmeseclassic.com



သာ လောင်ကျွမ်း၍ စစ်မြေပြင်၌သာ ငြိမ်းအေးတတ်သော အရာမဟုတ်ပါ။ အပြစ်မဲ့သော ပြည်သူ၊ ပြည်သားများ ဆီသို့တိုင် ဘဝနှင့်ချီ၍ ကူးစက်လောင်ကျွမ်း ဒုက္ခပေးတတ်ပေသည်။ နိုင်သူနှင့် ရှုံးသူ နှစ်ဦးနှစ်ဖက်စလုံးသို့ စစ်အဆိပ်သင့်တတ်ကြောင်း ကလင်္ဂစစ်ပွဲမှရရှိလိုက်သည့် အသိတရားများမှာ အသောကရင်ကို ကမ္ဘည်းအက္ခရာ ရေးထိုးခဲ့လေသည်။

မိခင်ရင်ခွင်မှာရှိနေသော ရင်သွေးငယ်လေးကို အသောကမင်းကြီး အသာအယာ ကောက်ယူပွေ့ချီလိုက်သည်။ နောက်တော်ပါး အတန်ဝေးဝေးမှ စစ်သည်ရဲမက်များထံသို့ ဖြည်းညှင်းစွာ လျှောက်လှမ်းခဲ့မိ၏။

"အင်း ... စစ်တလင်းက အလောင်းတွေကို သေသေချာချာ ရှင်းလင်း ဖယ်ရှားပေးလိုက်ကြပါကွယ်၊ ကိုယ့်ရန်သူဖြစ်ပေမယ့် သူတို့လည်း သူ့တိုင်း သူ့ပြည်အတွက် သူ့ရဲကောင်းတွေပါပဲ၊ လူသားတွေဖြစ်လို့ ... ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးလိုက်ကြပါ၊ မင်းတို့လည်း ... သူ့အသက် ကိုယ့်အသက်လုရင်း စစ်တိုက်နေကြရတာ ... ပင်ပန်းဆင်းရဲလှပါပြီ၊ ဒီ ကိစ္စတွေပြီးရင် စိတ်အေးချမ်းသာစွာနဲ့ အနားယူကြကွယ်ရို့"

နန်းတွင်း၌ စောင့်ရှောက်ထားရန် မင်းချင်းတို့ထံ ကလေးကို လွှဲပြောင်းပေးအပ်ပြီး အသောကမင်းကြီး လှည့်ထွက်ခဲ့လေသည်။

ကေရာဇ်မင်းဟူသည်မှာ စစ်ရှုံးသည့်အခါမှသာ လက်နက်ချရိုးထုံးစံဖြစ်၏။

အသောကမင်းကြီးသည်ကား ကြီးမားကျယ်ပြန့်သော အင်ပါယာကြီးအား ပိုင်စိုးလျက် လက်နက်စစ်သည် အင်အား၊ နေ့ဥစ္စာအင်အားတို့ မည်
မျှ မယှဉ်သာအောင် တန်ခိုးအာဏ
ကြီးမားနေချိန်တွင်က လက်ာစစ်ပွဲကြ
ကို အောင်နိုင်ခဲ့ပြီး ဗုဒ္ဓဂေါတမမြတ်
ဘုရား၏ သာသနာ့အရိပ်အောက်တွ
မိမိကိုယ်တိုင် လက်နက်ချ အညံ့ခံ
သာသနာပြု မင်းတစ်ပါးအဖြစ် ရ
တည်နိုင်ရန် ကြိုးစားရပေဦးမည်။

အင်ပါယာကြီးက ကျယ်ပြ
လွန်းလှပြီး သာသနာပြုလုပ်ငန်းများ
အသောကဘုရင်မင်းမြတ်ကြီးအနေဖြ
စွမ်းဆောင်ရာတွင် ဆီးရီးယား၊ အီဂျ
မက်ဆီဒိုးနီးယား၊ အာရှအလယ်ပိုင်း
မြန်မာသို့တိုင်အောင် သာသနာ
ရဟန်းများ စေလွှတ်ခဲ့ဖူးလေသည်။

စစ်နှင့် ငြိမ်းချမ်းရေးဟူသ
ဒင်္ဂါးပြားအသွင် အတူတကွရှိနေ
လျက် အသွင်မတူသည့် အကြောင်း
ရာတစ်ရပ်ဖြင့် တည်ရှိနေသော ရ
ခန္ဓာပိုင်ဆိုင်ကြသည့် လူသားများ
ဒေါသ၊ မာန်မာနနှင့် မေတ္တာတရား
၏ ပြယုဂ်ပင် မဟုတ်ပါလား။

အသောက၏တစ်သက်တာ 
ဘဝခရီးကား တူရှုရာအရပ်မှ ရ
ချည်း ချီးကွေ့ လှည့်ပြောင်းသည်
ရှင်တော်မြတ်ဗုဒ္ဓ၏ အေးချမ်းဆိတ်ငြိ
ရာ သာသနာပြုခရီးသာလျှင် ဖြစ်
တော့သတည်း။

ဥက္ကလာဝင်းကျေ

စာကိုး

စစ်ကေရာဇ်၏ နှလုံးသား
ပြောင်းလဲလိုက်သော ကလင်္ဂစစ်
(ရေး - ဘဲလားလော
၂၀-၈-၂၀၁၃ ရက်နေ့ထုတ်
မီးနပ်စ်သတင်းစာစော


www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ရှသ





www.burmeseclassic.com



မန်နေဂျာရဲ့ရုံးခန်းထဲမှ ထွက်ဖို့လုပ်နေသော ကျော်ကြီးရဲ့မျက်နှာခွက်သည် အရောင် သိပ်မထွက်တော့။ မှုန်သုန်သုန်ကြီး သတင်းစကားကို နားစွင့်နေသော ကြီးမိုက်ကြီးနှင့် ပိုးဟပ်ဖြူကလေးတို့မှာ မျက်လုံးကလေးကလယ်ကလယ်နှင့် ဂယောင်ရိုက်နေကြ၏။

ကြီးမိုက်ကြီးက တွန့်လိမ်ကောက်ကွေးနေသော နီကြောင်ကြောင် ဆံပင်တို့ကို ဖရိုဖရဲဖြစ်သွားအောင် ခါထည့်လိုက်ပြီး–

"ဘာတဲ့လဲဟ"

ကျော်ကြီးက ချက်ချင်း မဖြေဘူး။ ပါးစပ်ကို ဂျက်ထိုးကာ မလှတဲ့အခွက်ကို မဲ့သထက် မဲ့အောင် ထပ်မဲ့လိုက်ပြန်သည်။ ကျက်သရေမဲ့တယ်ဆိုတာ ဒီလိုအမျက်မျိုးကို ခေါ်တာ ထင်ပါရဲ့။

သုံးယောက်သားသည် ပါကင်ဘူးများထုတ်နေသည့် (အမ) အင်ဒိုနီးရှားမတွေကြားက ဖြတ်လျှောက်လာခဲ့ကြသည်။ ကြောက်စိတ်၊ စိုးရိမ်စိတ်တို့ဖြင့် ရယ်ဂလယ်ရိုက်နေသော ပိုးဟပ်ဖြူလေးက မျက်နှာမွဲလေးဖြင့်–

"ကိုကြီးကျော် ... ဂျာကြီးက ဘာပြောတာလဲဟင်"

ကျော်ကြီးက ခြေလှမ်းတွေကို ဒုန်းခနဲ ရပ်ပစ်လိုက်တယ်။ ပျာပျာမြင်နေရတဲ့ တောင်စဉ်တောင်တန်းတွေကို မဆီမဆိုင် လှမ်းငေးတယ်။ သောကကျွန်အဖြစ် နွံနစ်နေတဲ့ဒုက္ခသည် ရင့်မာကြီးဟန်ဖြင့်–

"မာတီ ... ဂုရု"

မလေးလိုဟစ်လိုက်တာ။ ပိုးဟပ်ဖြူကလေးခမျာ ပေကြောင်ပေကြောင်နဲ့။ သူမှ မလေးလိုမကျွမ်းတာ။ ကြီးမိုက်ကြီးက ကျော်ကြီးကို ဖြုံဟ်ကြည့်ကြည့်တယ်။

(မာတီ)ဆိုတာ သေတာ။

(ဂုရု)ဆိုတာ ဆရာ။

(မာတီဂုရု)ဆိုတော့ သေပြီဆရာပေါ့။

ကြီးမိုက်ကြီးက စိတ်မရှည်သံကြီးဖြင့်။

"နင့်ကြီးတော်ကြီး (မာတီဂုရု)ပါလား ... ငါတို့ သိချင်တာက ... နင့်ပထွေး မန်နေဂျာက နင့်ကို ဘာပြောလိုက်တာလဲလို့"

ကော့ပက် ကော့ပက်နှင့် သူ
အရှေ့က ဖြတ်လျှောက်သွားသော
ရေးမလေး အီသာ(အစ်မ)လေး
နောက်ပိုင်းအလှကို မြင်ကွင်းအ
ငေးကာ ကျော်ကြီးက တံတွေး ဂလု
ကြီးဖြင့်။

"အိန် ... ဘူလန် .. အော်ပ
စီ ... အာဒါးမာ"

မရတော့ဘူး။ ကြီးမိုက်ကြီး
ကယ့်ကိုတင်းသွားတာ။ ကျော်ကြီး
နားရွက်ကို ဆွဲလိမ်လိုက်ပြီး–

"ဗမာလိုပြောရင် ... နင့်လ
ကို အေကိုက်မှာစိုးလို့လား၊ အပေ
တေကြီးရဲ့ ... ဟိုမှာ ... နင့်ပထေ
လေးက နားမလည်ဘူးလား၊ သူ
နားလည်အောင် ရှင်းပြလိုက် .. ထ

ကျော်ကြီးက တွန့်လိမ်ကာ အ
သေးအသံကြောင်ကြီးနဲ့–

"ဒီလ .. အော်ပရာစီရှိတယ်
သတိထားနေကြလို့ ပြောတာဟ"

ပိုးဟပ်ဖြူကလေးက ယော
တောင်တောင်နဲ့–

"အော်ပရာစီဆိုတာ ... မဒေ
ရှားဖုန်းလား"

မှတ်တောင်ထားရဦးမယ် ဆို
လို့ပါပဲ။ သူမို့မေးရက်တယ်။ အော်
ဆီဆိုတာ မုန့်လားတဲ့။ ကြီးမိုက်ကြ
ကျော်ကြီး အူတက်မတတ်ရယ်လေ
ကြီးမိုက်ကြီးက ပိုးဟပ်ဖြူကလေ
ပုခုံးကိုပုတ်ကာ–

"အော်ပရာစီဆိုတာ ..."

ရှင်းပြဖို့ လုံ့လပြု၏။ အဲဒီမှာ

"ဘယ်ကဖုန်းလာလာ .. 
ဘူးကွာ"

ဘောင်းဘီအိတ်ထဲမှာ အသ

www.burmeseclassic.com



မျှကျပ်နေတဲ့ဖုန်းက ထတွန်တာ။ ကြီးမိုက်ကြီးက ဖုန်းနံပါတ်ကိုကြည့်ကာ–

"မာတီ .. ဂုရု" "သေပြီဆရာ"

ဆိုပြီး သူဌေးရှိရာကို ပြေးထွက်သွားပါတော့တယ်။

\+ + +

အိုပဲခေါ်ခေါ်၊ ဝလုံးပဲပြောပြော၊ မငြိုငြင်ကြပါဘူး။ သူတို့သုံးယောက်စလုံးမှာ ပတ်စ်ပို့စ်မရှိ၊ ဗျူလန်းကဒ်မရှိ၊ ကြုံသလိုကြည့် ကျက်နေကြရတာ။ မလေးရှားမှာ တရားမဝင်စာရင်းပေါက်နေတဲ့ Over Stay တွေ ဆိုပါတော့။

အိုဗာစတေးတွေရဲ့ဘဝက လဲဗီးကြေး (အခွန်) မပေးရတာတစ်ခုပဲကောင်းတယ်။ ကွဲခနဲမိလို့ကတော့ သူတို့ပြောသလို (မာတီ ဂုရု)သေပြီဆရာပဲ။

ကျော်ကြီးနဲ့ ကြီးမိုက်ကြီးတို့ဟာ မလေးရှားမှာ ဂရေဝင်ဖတ်နေတာ တော်တော်ကြာပြီ။ မလေးစကားကို ကွာလာလမ်ပူမြို့ကြီးသားတွေ ငုတ်တုပ်မေ့သွားအောင် ပြောတတ် ဆိုတတ်တယ်။ မှုတ်ထွတ်နေတာ။

ဒါကြောင့် သူတို့နှစ်ယောက်အတွက် အလုပ်မရှားဘူး။ လစာကောင်းတဲ့စက်ရုံမှာ ဝင်အောင်းလိုက်ရုံပဲ။ ဆောင်တွေ Camp တွေဟာ သူတို့ နှစ်ယောက်အတွက် ရင်ခုန်စရာ မကောင်းတော့ဘူး။ အကြိမ်ကြိမ် ဝင်စို့ ထွက်စို့လုပ်ပြီးပြီ။

ပိုးဟပ်ဖြူကလေးရဲ့ဘဝကမှ ရင်ခို့ကောင်းတာ။ အိမ်ဂရန်ကလေးကို ပေါင်ပြီး လေယာဉ်ကြီးနဲ့ တရားဝင်လာတာ။ ခမျာလေးမှာ (ဆာတု၊ ဒူးဝါးတီး၊ ... အမ်းပက်၊ လီးမား) (တစ်၊ နှစ်၊

**လမ်းပေါ်မှာ**
**ကြွက်တွေ**
**လက်လက်ထနေတာဆိုပဲ။**
**ဘဝတူ ဘော်ဒါ**
**ဘော်ကျွတ်တွေဆီက**
**ဖုန်းမက်ဆေ့တွေ**
**ဝင်လာတယ်။ ကြွက်ဆိုတာ**
**မလေးရှား ပုလိပ်တွေကို**
**တင်စားထားတာ။**
**ဘယ်တီဗွီလိုင်းကိုပဲ**
**ကြည့်ကြည့်။**
**သတင်းတွေက**
**သောကအဆင်တွေချည်းပဲ**
**ပတ်ချာရိုက်နေတာ**
**...**

သုံး၊ လေး၊ ငါး)တောင် မရွတ်လိုက်ရရှာပါဘူး။ မျက်ရည်နဲ့မျက်ခွက် ဖြစ်ကရော။

ဆေးကျတယ်လေ။ ဘီပိုးဆိုလားပဲ။ သူဌေးလုပ်စားတဲ့လူကြီးက ရောဂါသည်လက်မခံဘူးဆိုပဲ။ ဖွတ်ကိုနှင်တာ။ ပြန်တာနဲ့ မိသားစုက ဘဝပျက်မှာ။

ဖြစ်ချင်ရာဖြစ် သဘောထားကာ၊ စက်ရုံမှ ထွက်ပြေးခဲ့တယ်။ စားရမဲ့ သောက်ရမဲ့ဘဝနဲ့ ကူပါ ကယ်ပါ ဇာတ်ကနေစဉ်ကြီး မိုက်ကြီးတို့နဲ့ ပက်ပင်းသွားတိုးတာ။ ကိုရွှေကိုမျိုး၊ ကိုယ့်ချင်းကိုယ့်ချင်းတွေပဲဥစ္စာ။

သူတို့စက်ရုံမှာ အလုပ်သွင်းပေးသည်။ ကူညီစောင့်ရှောက်ကြသည်။ (၄)လတောင်ကျော်ပြီ။ အလုပ်ကောင်းသဖြင့် အကြွေးလည်း ကြေခဲ့လေပြီ။

\+ + +





www.burmeseclassic.com

လမ်းပေါ်မှာ ကြွက်တွေ လက်လက်ထနေတာဆိုပဲ။ ဘဝတူ ဘော်ဒါဘော်ကျွတ်တွေဆီက ဖုန်းမက်ဆေ့တွေ ဝင်လာတယ်။ ကြွက်ဆိုတာ မလေးရှားပုလိပ်တွေကို တင်စားထားတာ။

ဘယ်တီဗွီလိုင်းကိုပဲ ကြည့်ကြည့်။ သတင်းတွေက သောကအဆင်တွေ ချည်းပဲ ပတ်ချာရိုက်နေတာ။ စက်ရုံတွေ၊ အိမ်တွေ၊ စားသောက်ဆိုင်တွေမှာရှိတဲ့ အိုဗာစတေးတွေကို ဖမ်းလားဆီးလားလုပ်နေတဲ့ ပြကွက်တွေပဲ အပ်ကြောင်းထပ်နေတာ။

ကြီးမိုက်ကြီးတို့အုပ်စုမှာ ထောင်ထောင်ထောင်ထောင်နဲ့ အရောင်မတောက်ရဲကြဘူး။ စိတ်ချရမယ်ထင်တဲ့ ဝပ်ကျင်းမှာ ဥပြီး ကြုံသလိုကြည့်နေကြည့်စား ဗျာများနေရတာ။

မျက်လုံးတွေကလည်း ပြေးလမ်းကိုရှာထားရသေး။ အိုဗာစတေးတွေရဲ့ဘဝက အဲလိုပါဆို။ စိတ်လေဖို့ စိတ်ကောင်းတာ။

"ဘယ်ကဖုန်းလာလာ .. မကိုင်ဘူးကွာ ... လာပြန်ပြီဖုန်း၊ ကြီးမိုက်ကြီးက ... ဖုန်းကိုကိုင်တာ"

"အဆင်ပြေလား ပြောင်ကြီး"

"ယုန်ညီနောင်"စားသောက်ဆိုင်ပိုင်ရှင် ပြောင်ကြီး(သိန်းဦး)ရဲ့ဖုန်း။

"ကြွက်တွေက အရမ်းကို မောက်မာနေတာဟာ ... ဒါကြောင့် .. မှာလိုက်ရတာ၊ အေး ... အေး .. ဘာညာ့ ဘာညာ မကာဆေး"

(ဘာညာ့ ဘာညာ့ မကာဆေး) ကျေးဇူးသောင်းရမ်း ထင်တယ်ဆိုပဲ။ ကြီးမိုက်ကြီးက ဖုန်းကို ကွဲခနဲပိတ်ကာ။

"ဆိုင်ကယ်နဲ့ ... အပို့ခိုင်းလိုက်ပြီတဲ့"

ပိုးဟပ်ဖြူကလေးက–

"ကျွန်တော်မှာတဲ့ ... ဘောလုံးဂျာနယ်ရော"

"သေချာမှာထားတာပဲ၊ ပါရမှာပေါ့ဟ"

မကြာပါဘူး။ ဆိုင်ကယ်စက်သံကို ကြားရတယ်။

"ဟော့လူတွေ .. ခုမှ ... ကျွတ်စဉ်ဖြစ်မနေနဲ့၊ ဘယ်ကြွက်မှ မတွေ့ဘူး"

ပြောင်ကြီးရဲ့ညီ အရိုးရဲ့ဟောင်ဖွာဖွာအသံ။ သုံးယောက်သား ပြေးထွက်လာခဲ့ကြတယ်။ အရိုးက ကွမ်းတံတွေးကို ဖွီးခနဲ ထွေးထုတ်ကာ–

"ချစ်ကိုကြီးတို့ သိပ်ပြီး ... ဂျလန်း ဂျလန်း (လမ်းသလား) မလုပ်ကြနဲ့နော်၊ မနေ့ညက ဟိုဘက်စက်ရုံကို ကြွက်တွေဝင်ဖောက်သွားတာ .. ကိုရှေကိုမျိုးတွေ ဆယ်ယောက်လောက် ပါသွားတယ်၊ ကြည့်ကျက်နေကြ"

ဆရာကြီးအထာဖြင့် သတိပေး၏။ ကြီးမိုက်ကြီးက ဘီယာကတ်ကို ပိုက်ကာ–

"ဒါကြောင့် ... နင်တို့ကို ဖုန်းနဲ့တော့ပြီး ခိုင်းစားနေတာပေါ့ ဟော်ဟိုင်(အရူး)ရဲ့ ရှင်းပလား"

ကျော်ကြီးက ထမင်းထုပ်၊ ခေါက်ဆွဲကြော်ထုပ်များကို ယူသည်။ အရိုးက ဆိုင်ကယ်ကိုစက်နှိုးရင်း၊ ပိုးဟပ်ဖြူကလေးကိုကြည့်ကာ–

"ဟ ... မေ့တော့မလို့ .. ရော့"

ခါးကြားတွင်ထိုးထားသော ဘောလုံးဂျာနယ်ကို လှမ်းပေးသည်။

"လိုတာရှိရင် ... ဖုန်းလှမ်း
တောက်လိုက်ကြ"

ဟုဆိုကာ ဆိုင်ကယ်ကို ဝှီးခ
မောင်းထွက်သွားလေတော့၏။

\+ + +

မိုးက စိတ်မပါ့တပါ ခွေနေ
ပတ်ဝန်းကျင်သည် ချမ်းစိမ့်စိမ့်။ စက်
များဆီမှ အလုပ်ဆင်း၊ အလုပ်တက်
အချက်ပေး ဥသြဆွဲသံများ ကြားရ
ညဆိုပေမဲ့ မအိပ်နိုင်ကြသေး။ ပိုက်ဆ
ကို နင်းကန်ရှာနေကြတာ။

ရံဖန်ရံခါ ခွေးဟောင်သံသဲ့သဲ့က
ကြားရသည်။ ကြီးမိုက်ကြီးနှင့် ကျေ
ကြီးတို့သည် အပျင်းပြေ ဘူကြီးတွဲ
ကြ၏။ တီဗွီတီးဂါး TV3 မှာ တိုက်တ
နစ်ကား လာနေ၏။ ခဏ ခဏ လ
နေတာ။

ဖန်တရာထေအောင် ကြည့်ထ
သဖြင့် စိတ်မပါတော့။ ပိုးဟပ်ဖြူ
လေး တီဗွီကို ပိတ်လိုက်တယ်။

"အော်ပရာစီဆိုတာ ဘာလဲ

ကျော်ကြီးက ဖဲချပ်များကို ဖိ
အပြည့်ဖြင့် ပွတ်နေ၏။ ကြီးမိုက်ကြီး
နားနားတွင်ကပ်ကာ နားဒုက္ခပေး
သောခြင်ကို လက်ဖြင့်ခြောက်ကာ–

"စီမံချက်နဲ့လူဖမ်းတာ ...
ရားမဝင်တွေကို ဖမ်းတာပေါ့"

"ထွက်ပြေးလို့ မရဘူးလား"

ကြီးမိုက်ကြီးက ဟက်ခနဲ ရယ
သည်။ ကျော်ကြီးက ဖဲချပ်တွေကို
ပစ်လိုက်တယ်။ ဆက်မကစားတော့
ဆိုတဲ့အထာ။ ပြီးတော့ ကြီးမိုက်
အရှေ့မှ မာဘိုရိုကို လှမ်းယူကာ၊
ကရက်ကို ပါးစပ်ပေါက်တွင် 
ထပ်၊ မီးညှိဖွာရှိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com





"ကြွက်တွေပေါ်တယ် ... တပ်ပါ
တယ် ... လူဝင်မှုကြီးကြပ်ရေးတွေပါ
တယ် ... ရပ်ထဲရွာထဲက ဘာအဖွဲ့
ညာအဖွဲ့တွေပါတယ်ဟ .. နောက်ပြီး
ခွေးတွေလည်း ပါတယ်ဆိုတော့ လွတ်
တဲ့လူရှားပါတယ် ငါ့ညီရာ .. ဟူး"

ရှင်းပြမှ ပိုကြောက်လာတယ်။ အော်ပရာစီဆိုတာကြီးက လွတ်လမ်းတယ်မမြင်ကြီးပါလား။ ပိုးဟပ်ဖြူက လေးက ကြောက်သံလေးဖြင့်–

"မိရင်ကော"

ကြီးမိုက်ကြီးက ဝါးခနဲသမ်းကာ

"ထောင်ချတယ် ... Camp ပို့တယ်"

ထောင် ဆို သော အသံ ကြီးကို ကြားသဖြင့် ပိုးဟပ်ဖြူကလေး နေစရာ မရှိတော့ ချွေးတောင်စို့လာတယ်။ ကြောက်ချွေး။

ကြီးမိုက်ကြီးက ပိုးဟပ်ဖြူက လေးကို ရှုပ်တည်ကြီးဖြင့်ကြည့်ကာ–

"အော်ပရာစီဆိုတာ .. ငါတို့အတွက်တော့ ရိုးနေပါပြီကွာ"

ရင်မခုန်သည့်ဟန်ဖြင့် ပခုံးကို တွန့်ပြတယ်။

"ဒါဆိုရင် ..."

ကျော်ကြီးက အတိတ်ကို စိတ်မပါ့တပါ သတိပြေးရလိုက်ပြီး စိတ်နာဟန်ကြီးဖြင့်–

"ထောင်တွေကျဖူးတယ် ... Camp တွေလည်း ရောက်ဖူးတယ်၊ မလေးစကား မပြောတတ် မဆိုတတ်ရင် မချောင်ဘူး၊ အုပ်စုဖွဲ့ အနိုင်ကျင့်တာ ခံရတတ်တယ်၊ ထောင်ကလွတ်တော့လည်း မလည်မဝယ်နဲ့ဆို ရောင်းစား ခံရတတ်တယ်ကွ၊ ကံမကောင်းရင် မာတီ (သေ)ပေါ့ကွာ"

စိတ်ရှည်လက်ရှည် ရှင်းပြနေတာ။ လုပ်ကြံထားတဲ့ ယုံတမ်းစကားတွေတော့ မဟုတ်နိုင်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက် အသုံးတော်ခံခဲ့ရတာကိုး။

ကြီးမိုက်ကြီးက ခေါင်းကို တဆတ်ဆတ် ရမ်းကာ ပိုးဟပ်ဖြူကလေးအား–

"မင်းလည်း .. တော်တော်လေး စုမိဆောင်းမိပါပြီကွာ ... အကြွေးကြေပြီမို့လား၊ လမ်းကြောင်းကောင်းတာနဲ့ အောက်လမ်းက ပြန်တော့ကွာ ... မလေးမှာ အညွန့်မတုံးစေနဲ့ဟ"

"ကြီးမိုက်ကြီးပြောတာ မှန်တယ်၊ လမ်းကြောင်းကောင်းတာနဲ့ သုတ်ပေတော့ ... ငါတို့ စုဆောင်းထားတာလေးတွေ ပေးလိုက်မယ် ... ဟိုမှာ

**အော်ပရာစီဆိုတာကြီးဟာ ကြောက်ဖို့သိပ်ကောင်းတဲ့ အစွယ်ငေါငေါနဲ့ ဘီလူးကြီးဖြစ်နေပါစေ။ လူသားဆန်တဲ့လူသားတွေကြားမှာ ချည်နှောင်ထားတဲ့ သံယောဇဉ်ဆိုတဲ့ကြိုးကိုတော့ မဖြတ်တောက်နိုင်ပါဘူး ...**



www.burmeseclassic.com

လုပ်ကိုင်စားသောက်လို့ ရတာပေါ့"

တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ မပတ်သက်ကြပါဘူး။ ဆွေမျိုးလည်း မတော်ကြပါဘူး။ မလေးရောက်မှ သိကြတဲ့လူတွေပါ။ ဒါပေမဲ့ ဆွေမျိုးအရင်းခေါက်ခေါက်တွေ နားလည်ဖေးမမှုတွေက လိုတာထက် ပိုနေတာအမှန်။

ဘာကြောင့်မှန်းမသိ။ ပိုးဟပ်ဖြူကလေးရဲ့ရင်ထဲမှာ မကောင်း။

"အစ်ကိုကြီးတို့ကရော ...မပြန်ကြတော့ဘူးလား"

ကျော်ကြီးနှင့် ကြီးမိုက်ကြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသက်မပါစွာ ရယ်လိုက်ကြသည်။ ကြီးမိုက်ကြီးက နီကြောင်ကြောင် ဆံပင်များကို ဖရိုဖရဲဖြစ်သွားအောင် ခါထည့်လိုက်ပြီး–

"တို့ဘဝက ...ဒီမှာတင် ဂိတ်ဆုံးနေပါပြီ ကောင်လေးရာ"

+ + +

မိုးသံလေသံတို့ကို တွဲလွဲခိုကာ ကပ်ပါလာသော တိုးတိတ်ခြေသံများ။ မှုမမှန်သော စကားသံသဲ့သဲ့များ။ နောက် ခွေးဟောင်သံအချို့။ ဖြည်းဖြည်း နီးကပ်လာချေပြီ။

ပေးဆပ်ခဲ့ရသောဘဝများ။ ဖြတ်သန်းရင်ဆိုင်ခဲ့ရသော ခါးသီးသော အတွေ့အကြုံများအရ။ ဘာဆိုလဲဆိုတာကို သဘောပေါက်လိုက်ကြသည်။ ကြီးမိုက်ကြီးနဲ့ ကျော်ကြီး အိပ်ရာမှ ဆတ်ခနဲထသည်။

ပိုက်ဆံအိတ်သေးသေးလေးကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ကြသည်။

"ဟင် ..."

"ကောင်လေး ..."

နှစ်ယောက်သား မျက်လုံးတွေပြူးသွားသည်။ အိပ်ရာမှ ပိုးဟပ်ဖြူကလေးမရှိ။ ဘယ်ရောက်နေတာလဲ။ အိမ်သာသွားတာလား။ လိုက်ရှာဖို့ အော်ခေါ်ဖို့ဆိုတာ အခွင့်အရေးမရှိတော့။

အန္တရာယ်၏ အငွေ့အသက်တို့သည် နီးသထက်နီးလာလေပြီ။ နှစ်ယောက်သား မလွယ်ပေါက်မှတစ်ဆင့် စက်ရုံအနောက်ဘက်ဆီသို့ ပြေးထွက်လာခဲ့ကြသည်။

ပေါင်လယ်သာသာနက်သော ချောင်းကို ဖြတ်ကူးသည်။ ကမ်းပါးအထက် သစ်ပင်များအောက်တွင် ဝပ်နေလိုက်ကြသည်။ အသံမထွက်ရဲ။ အမှောင်ထဲမှာ။

သူတို့ထင်တာမမှား။

စက်ရုံထဲမှာ ပွက်လောရိုက်နေလေပြီ။ ပြင်းအားကောင်းသော မီးဆလိုက်များသည် ဟိုမှသည် လူးလွန့်ကာ သားကောင်များကို ရှာနေပြီ။ အော်ဟစ်ပြေးလွှားသံများ။ ဆဲဆိုသံများ။ ကြောက်မက်ဖွယ် ခွေးဟောင်သံများ။

အော်ပရာစီ (သို့မဟုတ်) တရားမဝင် လူသားတွေကို ဖမ်းတဲ့ပွဲဆိုတာ ဒါပါပဲ။ နိုင်ငံပေါင်းစုံမှ တရားမဝင် အလုပ်သမားတွေ အဖိုက်မိခဲ့လေပြီ။ ဘဝတွေက ခါးပါဘိ။

ဆလိုက်မီးများသည် ချောင်းတစ်ဖက်ကမ်း အမှောင်ထုဆီသို့ မကြာခဏ ရောက်လာတတ်၏။ ကြီးမိုက်ကြီးနဲ့ ကျော်ကြီးတို့ရဲ့ဘဝက အငြိမ်ဖယား။ တောအုပ်လွန်တာနဲ့ ကားလမ်းရှိတယ်။

တွေ့တဲ့ကားကို တားဆီးလိုက်ရင် အေးရာအေးကြောင်း။

"ကျော်ကြီး ..."

"ဟေ ..."

"ကောင်လေးတော့ Camp ထဲ
ဒုက္ခရောက်တော့မှာ .."

"ငါလည်း ...ဒါပဲ စဉ်းစား
တာဟ ...သနားပါတယ်ကွာ"

"ဘာလုပ်ရင်ကောင်းမလဲ"

နှစ်ယောက်သားကြားမှာ အ
ဗလံတို့ တိတ်ဆိတ်သွားတယ်။ မငြ
မဆိုပါပဲ။ တိုင်ပင်တာလည်း မဟုတ်
နှစ်ယောက်သား ချောင်းထဲသို့ ပြိုင်
ခုန်ချလိုက်တယ်။ ဝုန်းခနဲ။ ခွေးဟော
သံများ။ မီးဆလိုက်များ။ အော်သံဟ
သံများ။ ပြောင်းဆန်ကုန်တယ်။

လက်ထိပ်တန်းလန်းနှင့် ပိုးဟ
ဖြူကလေးသည် ကြီးမိုက်ကြီးနှင့် ကျေ
ကြီးကို ဝမ်းသာအားရ ပြေးဖက်သည်

+ + +

အော်ပရာစီ ဆိုတာကြီး ဟ
ကြောက်ဖို့သိပ်ကောင်းတဲ့ အစွယ်
ပေါ်နဲ့ ဘီလူးကြီးဖြစ်နေပါစေ။ လူသ
ဆန်တဲ့လူသားတွေကြားမှာ ချည်နှော
ထားတဲ့ သံယောဇဉ်ဆိုတဲ့ကြိုးကိုတော
မဖြတ်တောက်နိုင်ပါဘူး။

လှရှိန်အော

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

နံနက်(၂)နာရီပင် ထိုးလေပြီ။

နံနက်ခင်းမှာ ပိုးကောင်အော်သံပင်မရှိဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ တိတ်ဆိတ်လွန်းလှသောကြောင့် ပုံမှန်မဟုတ်သယောင်ပင် ထင်ရ၏။ မှုခင်းဆရာဝန်တစ်ဦးဖြစ်သော ကျွန်တော် ဒေါက်တာဟာမစ်သည် အစီရင်ခံစာတစ်စောင် ရေးနေသောကြောင့် ရုံးအလုပ်စားပွဲတွင်ပင်ရှိနေသေးသည်။ ရုံးခန်းနှင့်တစ်ဆက်တည်းဖြစ်သော ရင်ခွဲရုံအတွင်းတွင် မနေ့က အသတ်ခံရသော အမျိုးသမီး၏အလောင်းသည် အေးစက်တောင့်တင်းစွာ လဲလျောင်းလျက်ရှိသည်။ အမျိုးသမီးမှာ အသက်(၄၀)ခန့်ရှိပြီဖြစ်သည်။ အလောင်းခွဲစိပ်စစ်ဆေးမှုကို လေးနာရီကြာအောင်ပြုလုပ်ပြီးနောက် တွေ့ရှိချက်များအား အစီရင်ခံစာရေးရန် ကျွန်တော်ကြိုးပမ်းနေခြင်းဖြစ်သည်။ သို့သော် ယင်းအလောင်းကိုခွဲစိပ်နေစဉ်ကပင် ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ခုမှာ ထူးဆန်းစွာမှားယွင်းနေသည်ဟု ခံစားနေရသည်။ ထိုခံစားချက်မှာ ကျွန်တော့်ကို ဖိစီးနေသောကြောင့် အစီရင်ခံစာကို မရေးနိုင်သေးဘဲ မျက်မှောင်ကုတ်ကာ ကွန်ပျူတာရှေ့တွင် လက်ချောင်းများဖြင့် စားပွဲကို တစ်ဒေါက်ဒေါက်ခေါက်ရင်း ထိုင်နေမိသည်။

မနေ့က ည(၁၀)နာရီလောက်က ထိုအမျိုးသမီး၏အလောင်းကို သယ်လာခဲ့ကြခြင်းဖြစ်သည်။ အလောင်း၏ ခြေထောက်နှစ်ဖက်စလုံးမှာ ခြေကျင်းဝတ်မှ တိတိရိရိပြတ်နေခဲ့သည်။ ရရှိသောသတင်းများအရ ထိုအမျိုးသမီးသည် ရာဘာခြံအလုပ်သမားတစ်ဦး၏ ဇနီးဖြစ်သည်။ သူမသည် အကျင့်စာရိတ္တမကောင်းသူ တစ်ဦးဖြစ်သည်။ အလွန်ဒေါသကြီးပြီး ခက်ထန်ကြမ်းကြုတ်သူ တစ်ဦးဖြစ်သည်။ လင်ကို အလွန်နိုင်ကာ လင်ဖြစ်သူအလုပ်သွားသည်နှင့်တစ်ပြိုင်နက် အိမ်မှုကိစ္စများကို မလုပ်ဘဲ အရပ်တကာလှည့်ပြီး လျှောက်လည်ခြင်းဖြင့်သာ အချိန်ကုန်နေတတ်သည်။ မနေ့ကတော့ နှစ်ရှည်လများ ခံစားခဲ့ရသော ယောကျ်ား...
သူက သည်းမခံနိုင်တော့ဘဲ သူ...
ဓားဖြင့်ထိုးသတ်လိုက်သည်။ ထို...
သူမ၏ခြေနှစ်ချောင်းကိုပါ တိတိ...
ခုတ်ဖြတ်ပစ်ခဲ့သည်။ ထိုခြေနှစ်ချော...
ကို အခင်းဖြစ်နေရာတွင်ပင် တွေ့ရှိ...
ရာ ရင်ခွဲရုံသို့ရောက်လာချိန်တွင် ခေ...
လောင်းလေးများပါသော ရွှေခြေကျ...
လေးများကို ခြေထောက်နှစ်ဖက်စ...
တွင် ဝတ်ဆင်ထားသည်ကို တွေ့...
သည်။ အိမ်နီးချင်းများ၏ ပြောပြချ...
အရ ထိုအမျိုးသမီးသည် ထိုခြေကျ...
များကို အလွန်နှစ်သက်ပြီး အမြဲ...
ဆင်လေ့ရှိကြောင်း သိရသည်။ ထို...
ခြေကျင်းများကို ဖြုတ်ယူပြီး ကျွန်တေ...
စားပွဲနားရှိ စားပွဲပုလေးပေါ်တွင် ...
ထားခဲ့သည်။

လူသတ်မှုကျူးလွန်ပြီးနောက်...
သူမ၏ယောကျ်ားဖြစ်သူမှာ ထွက်...
သွားခဲ့သည်။ ယခုအချိန်ထိ မဖမ်း...
သေးပေ။ မျက်မြင်သက်သေတချို့...
တရားခံသည် တောထဲသို့ ဝင်ပြေးသွား...
သည်ကို တွေ့လိုက်ကြသည်ဟု ဆို...
သည်။

နာရီလက်တံမှာ ၃ နာရီတွင် ...
နေသည်အထိ ကျွန်တော့်ရဲ့အစီရင်ခံ...
ကို စမရေးရသေးပေ။ ပင်ပန်းစွာ သ...
ဝေလိုက်ပြီးနောက် စားပွဲခုံပေါ်တွ...
ခေါင်းတင်ပြီး ကျွန်တော်အိပ်ပျော်သွား...
မိသည်။

မည်မျှကြာအောင် အိပ်ပျော်သွား...
သည်မသိ။ ဆတ်ခနဲ ကျွန်တော် ...
လာချိန်တွင် ခေါင်းလောင်းသံလေးမျ...
ကို ဆူညံစွာကြားနေရသည်။ ချက်ချ...
ပင် အမျိုးသမီး၏အလောင်းမှ ကျ...



www.burmeseclassic.com

www.burmeseclassic.com


…ာ်ဖြုတ်ယူထားသော ရွှေခြေကျင်း …းများကို သတိရလိုက်သည်။ ရွှေခြေ …င်းကို တစ်ယောက်ယောက်များ လာ …သလားဟု စဉ်းစားရင်း ကျွန်တော် …င်ထားခဲ့သော စားပွဲပေါ်သို့ လှမ်း …ကြည့်လိုက်မိသည်။

"ခြေကျင်းတွေ မရှိတော့ဘူး"

ကျွန်တော် ရုတ်တရက် ထိတ် …န့်စွာ ခုန်ထလိုက်မိသည်။ မျက်စိကို …တ်သပ်ရင်း နောက်တစ်ခါ သေချာ …အောင် ထပ်ကြည့်မိသည်။ သို့သော် …ခြေကျင်းများကတော့ လုံးဝ ပျောက် …သွားခဲ့ပေပြီ။

ထိုစဉ် ကြမ်းပြင်ပေါ်မှ ခေါင်း …ာင်းသံများ ရုတ်တရက်ဆူညံစွာ …ထွက်လာပြန်သည်။ ကျွန်တော် …ကြမ်းပေါ်သို့ ငုံ့ကြည့်လိုက်စဉ် အမျိုး …မီး၏ ပြတ်နေသောခြေထောက်များ …ည် ကျွန်တော့်စားပွဲအောက်မှ ရုတ် …ရက်ခုန်ထွက်လာသည်ကို ကြောက် …ာ်ဖွယ်ရာ တွေ့လိုက်ရလေသည်။ ထို …ခြေထောက်များသည် အခန်းတံခါးဆီ … လျှင်မြန်စွာပြေးသွားကာ အခန်း …ပြင်ဘက် အမှောင်ထဲသို့ ပြေးဝင် …ပျောက်ကွယ်သွားသည်။

ကျွန်တော့်တစ်ကိုယ်လုံးမှာ လှုပ် …လို့မရဘဲ ကြက်သေသေနေမိသည်။ …ကြက်သီးများ တဖြန်းဖြန်းထရင်း အိပ် …မက်နေတာပါဟု ကိုယ့်ကိုယ်ကိုယ် …ဖြောင်းဖျနေမိသည်။ အသက်ကို ပြင်း …ရှူကာ စိတ်တည်ငြိမ်သွားအောင် …ချုပ်ရင်း ရေခဲတိုက်ထဲမှ အမျိုး …မီးအလောင်းကို သွားကြည့်မည်ဟု …ဖြတ်လိုက်သည်။ ရေခဲတိုက်ထဲသို့ …ဝင်ပြီးကြည့်လိုက်ရာ အမျိုးသမီး၏ ခြေထောက်များမှာ ရေခဲတိုက်ထဲတွင် မရှိတော့ဘဲ ပျောက်ဆုံးနေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရသည်။ စိတ်ရှုပ်ထွေး ကြောက်လန့်စွာနှင့် ကျွန်တော့်ရဲ့လက်ထောက် မူဆာကို အော်ခေါ်လိုက်မိသည်။ မူဆာသည် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် အပြေးအလွှား ရောက်လာခဲ့သည်။

"ဘာဖြစ်လို့လဲ . . ၊ ဘာဖြစ်တာလဲ ဒေါက်တာ"

"အမျိုးသမီးအလောင်းရဲ့ ခြေထောက်တွေ မရှိတော့ဘူး။ ထွက်ပြေးသွားပြီ . . ."

စိတ်ရှုပ်ထွေး ကြောက်လန့်နေသော လူငယ်ရဲ့လက်ထဲက လက်နှိပ်ဓာတ်မီးကို ဆွဲယူကာ ထိုခြေထောက်များ ပြေးထွက်သွားသည့်နောက်သို့ ပြေးလိုက်ခဲ့သည်။

ကျွန်တော် ရုံးထဲကပြေးထွက်လာပြီး ရုံးရှေ့ကမြက်ခင်းပေါ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ခြံဝင်း၏ အစွန်းဘက်မြက်ခင်းပေါ်သို့ လက်နှိပ်ဓာတ်မီးရောင် ကျသွားချိန်တွင် ခြေကျင်းများဝတ်ဆင်ထားသော ခြေထောက်နှစ်ဖက်သည် ခြံစည်းရိုးကို ခုန်ကျော်ကာ ဆေးရုံအရှေ့ဘက်ရှိ တောအုပ်အတွင်းသို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရသည်။

ရုံးခန်းဆီသို့ ကျွန်တော် စိတ်ပျက်အားငယ်စွာ လျှောက်လာပြီး ထိုင်ခုံပေါ်သို့ တုန်တုန်ရီရီ ထိုင်ချလိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ဖောချွေးများပြန်ပြီး တုန်ယင်နေသည်။ မရေးရသေးသော အစီရင်ခံစာက ကျွန်တော့်ကို စားပွဲပေါ်မှ ပြောင်ပြနေသယောင်ရှိသည်။ ပြတ်နေသောခြေထောက်များက အသက်ဝင်လာပြီး ရွှေခြေကျင်းကိုဝတ်ဆင်ကာ ထွက်ပြေးသွားပါသည်ဆိုသော အစီရင်ခံစာကို မည်သူမှ ယုံမည်မဟုတ်ပေ။ ကျွန်တော် ရူးနေပြီဟု ထင်ကြမည်မှာ မလွဲပေ။ တွေးရင်းနှင့် ခေါင်းကိုရမ်းကာ သက်ပြင်းချလိုက်မိသည်။

ထိုစဉ် ကျွန်တော့်ရုံးခန်းထဲသို့ မူဆာ ပျာယီးပျာယာနှင့် ဝင်လာပြီး ပြောသည်။

"ကျွန်တော် နေလို့မကောင်းဘူး ဆရာ။ ဒီည အလုပ်ဆက်မလုပ်နိုင်တော့ဘူး။ ကျွန်တော်အိမ်ပြန်လို့ ရမလားဆရာ . . ."

ကျွန်တော် ပြန်မဖြေရသေးခင်မှာပင် မူဆာမှာ ပြေးထွက်သွားသည်။ သူ့ကို အော်ခေါ်ချင်သော်လည်း ကျွန်တော့်ပါးစပ်မှာ အာစေးထည့်ထားသလိုပင် ဖွင့်လို့မရဖြစ်နေသည်။ မူဆာရဲ့ မော်တော်ဆိုင်ကယ် ဆေးရုံအတွင်းမှ အပြင်းမောင်းထွက်သွားသံကို ကြားလိုက်ရသည်။

"ခြေထောက်ပြတ်တွေကို သူလည်း တွေ့လိုက်သလား"

ဟု ကျွန်တော်တွေးနေမိသည်။

ရုံးခန်းထဲတွင် တစ်ယောက်တည်းကျန်ခဲ့ပြီးနောက် ကျွန်တော် ပိုပြီး တုန်လှုပ်လာသည်။ သရဲတစ္ဆေများကို ကျွန်တော် ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဖူးပေ။ သို့သော် ယခုကြုံတွေ့နေရသော ထူးဆန်းသောဖြစ်ရပ်များက ကျွန်တော့်ကို အလွန်တုန်လှုပ်ချောက်ချားစေသည်။ ငါမယုံဘူးဟု ဘယ်လိုပင် အားတင်းသော်လည်းပဲ

BURMESE CLASSIC .com
www.burmeseclassic.com



ထိတ်လန့်ချောက်ချားနေသော စိတ်ကို လျော့ပါးအောင် မလုပ်နိုင်ပေ။ ခြေကျင်းတွေမရှိတော့တာကော ဟုတ်ရဲ့လားဟုတွေးရင်းနှင့် ကျွန်တော် အခန်းထဲတွင် လိုက်ရှာနေမိသည်။ စားပွဲအောက်ပါမကျန် ရှာပြီးနောက် ခြေကျင်းမှာ ရုံးခန်းထဲမှာမရှိကြောင်း သေချာသွားသည်။

ကျွန်တော် ရုံးခန်းထဲမှထွက်ခဲ့ပြီးနောက် ရင်ခွဲရုံထဲသို့ ဝင်လာခဲ့သည်။ ခြေထောက်များမှာလည်း စားပွဲပေါ်တွင် မရှိတော့ပေ။ အမျိုးသမီးအလောင်း၏ အပေါ်ပိုင်းခန္ဓာကိုယ်သာ ကျန်ရှိနေသည်။ ကျွန်တော် ရင်ခွဲရုံအတွင်းတွင် ပျောက်ဆုံးသွားသော ခြေကျင်းတွေကို များ တွေ့လေမလားဟူသော မျှော်လင့်ချက်နှင့် ရှာကြည့်မိသည်။ ထိုစဉ် လေပြင်းတစ်ချက် ရုတ်တရက် အခန်းတွင်းသို့ ဝင်လာကာ အမျိုးသမီးအလောင်းကို ဖုံးအုပ်ထားသော ပိတ်ဖြူစမှာ ရုတ်တရက်လျှောကျပြီးနောက် အမျိုးသမီး၏ ညိုမည်းဖောင်းပွနေသောမျက်နှာမှာ ရုတ်တရက်ပေါ်လာသည်။ ကျွန်တော် အလွန်ထိတ်လန့်သွားမိသည်။ နောက်ပြန်လှည့်မကြည့်ဘဲ ရင်ခွဲရုံအပြင်ဘက်သို့ အလျင်အမြန်ပြေးထွက်ခဲ့သည်။ ရင်ခွဲရုံတံခါးကို သော့ခတ်ပြီးနောက် ရုံးခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

ရုံးခန်းပြတင်းပေါက်နားတွင် ကျွန်တော်ရပ်ကာ အေးမြသောမနက်ခင်း၏ လေပြည်လေညင်းလေးများကို ခံယူရင်း စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်ကာ အတွေးများကိုစုစည်းနိုင်ရန် ကြိုးပမ်းနေမိသည်။ နာရီမှ မနက်လေးနာရီထိုးသော အချက်ပေးသံ ထွက်လာသည်နှင့်တစ်ပြိုင်နက်ပင် မိုးစတင်ရွာလာခဲ့သည်။ တစ်ဖွဲဖွဲ စတင်ရွာနေရာမှ ရုတ်တရက် သည်းထန်စွာရွာလာသည်။ ပြတင်းပေါက်ကိုပိတ်လိုက်ပြီးနောက် ကျွန်တော် စားပွဲရှိရာသို့ လျှောက်လာပြီး ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ပင်ပန်းစွာသမ်းဝေလိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် ကိုယ်ကို ခပ်လျှောလျှောထိုင်ကာ ခေါင်းကိုနောက်သို့လှန်ပြီး မျက်နှာကျက်ကို ငေးကြည့်နေမိသည်။

ရုတ်တရက် အခန်းအပြင်ဘက်
ထူးဆန်းသောအသံတစ်သံကို ကြာ
ချိန်တွင် ကျွန်တော် ကြားယောင်နေ
သလားဟုပင် ထင်မိသည်။ ပြင်းထ
စွာရွာသွန်းနေသော မိုးသံများကြားတွ
တစ်ချက်တစ်ချက်ကြားနေရသော ထ
ဆန်းသောအသံကို ကျွန်တော် နားစို
ထောင်နေမိသည်။ ထိုအသံမှာ ကြ

---

အလောင်းကောင်၏ မျက်လုံးများက ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ မျက်နှာမှာ ပြုံးဖြဲဖြဲ လုပ်နေသောကြောင့် ဖြူဖွေးသောသွားများကို အထင်းသားမြင်နေရသည်။ ထို့နောက် လက်ကို ရုတ်တရက်ဆန့်တန်းကာ သူ့လက်ထဲမှအရာတစ်ခုကို ကျွန်တော့်ကို လှမ်းပေးနေသည် ...



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ်တွင် တစ်စုံတစ်ခုတွားသွားနေသောအသံနှင့် တူသည်။ ခဏအကြာတွင် တံခါးဝတွင် ကုတ်ခြစ်နေသောအသံကို ကြားရသည်။ ထို့နောက် တံခါးမှာ ရုတ်တရက်ပွင့်ထွက်သွားလေသည်။

တံခါးဝတွင်တွေ့လိုက်ရသည်မှာ အသက်ခံရသော အမျိုးသမီး၏ ခြေထောက်မပါသော ခန္ဓာကိုယ်အပေါ်ပိုင်းကြီးဖြစ်သည်။ သူမ၏မျက်နှာတွင် ထူးဆန်းသောအမူအယာဖြင့် ကျွန်တော့်၏ စားပွဲဆီသို့ တွားသွားပြီးလာနေသည်။ ရုတ်တရက် တုန်လှုပ်လွန်းအားကြီးသောကြောင့် လက်ကလေးတစ်ချောင်းပင် ကျွန်တော် လှုပ်၍မရပေ။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ကြောက်ရွံ့ထိတ်လန့်သောကြောင့် အားပျော့ပြီး ခွေယိုင်ယိုင်ဖြစ်နေသည်။ ကြောက်လန့်တကြား အော်ဟစ်လိုက်ချင်သော်လည်း ကျွန်တော့်အသံမှာ လည်ချောင်းထဲမှာပင် ပျောက်ဆုံးနေခဲ့သည်။

လူမဟုတ်သည်မှာသေချာသော ထိုအလောင်းကောင်ကြီးသည် ယခုအခါ အခန်း၏အလယ်သို့ပင် ရောက်နေလေပြီ။ ကျွန်တော့်စားပွဲနှင့် ပေအနည်းငယ်သာ ကွာဝေးတော့သည်။

ထိုအလောင်းကောင်၏ မျက်လုံးများက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ မျက်နှာမှာ ပြုံးဖြဲဖြဲလုပ်နေသောကြောင့် ဖြူဖွေးသောသွားများကို အထင်းသားမြင်နေရသည်။ ထို့နောက် လက်ကို ရုတ်တရက်ဆန့်တန်းကာ သူ့လက်ထဲမှအရာတစ်ခုကို ကျွန်တော့်ကို လှမ်းပေးနေသည်။ ထိုအရာမှာကား ပျောက်ဆုံးနေသော ရွှေခြေကျင်းများပင်ဖြစ်၏။

ထိုစဉ်မှာပင် ဆူညံသောအသံတစ်သံကြောင့် ကျွန်တော် ရုတ်တရက် လန့်နိုးသွားသည်။ ကိုယ်ကိုမတ်ပြီး အခန်းထဲသို့ကြည့်လိုက်ရာ ကျွန်တော့်စားပွဲပေါ်မှ တယ်လီဖုန်းမှာ စိတ်မရှည်စွာမြည်နေသည်ကို တွေ့လိုက်ရသည်။

"ငါ အိပ်မက် မက်နေတာပါလား ..."

ကျွန်တော် စိတ်သက်သာရာရစွာ တွေးမိသည်။ စားပွဲပေါ်မှတယ်လီဖုန်းကို ကောက်ယူပြီး ထူးလိုက်သည်။

"အမိန့်ရှိပါ ..။ ကျွန်တော် ဒေါက်တာဟာမစ်ပါ"

"ဟုတ်ကဲ့ ..။ ဒေါက်တာဟာမစ်ခင်ဗျား ..၊ ဒေါက်တာခွဲစိပ်စစ်ဆေးဖို့လိုအပ်တဲ့ နောက်အလောင်းတစ်လောင်းကို ရင်ခွဲရုံကို အခုလာပို့နေပြီဖြစ်ကြောင်း သတင်းပို့တာပါ။ အဲ့ဒီအလောင်းကတော့ မနေ့က ကျွန်တော်တို့ပို့လိုက်တဲ့ အသတ်ခံရတဲ့ အမျိုးသမီးရဲ့ယောက်ျားပါပဲ ...။"

"ဘာ ..၊ သူလည်းသေသွားပြီလား။ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော့်ရဲ့တစ်ကိုယ်လုံး ထိတ်လန့်မှုကြောင့် တုန်လာသည်။

"ဒါတွေက အိပ်မက်လား။ တစ်ကယ်လား ..."

ဝေခွဲမရစွာစဉ်းစားရင်း ရွှေခြေကျင်းလေးများတင်ထားသော စားပွဲပုလေးဆီသို့ လှမ်းကြည့်လိုက်သည်။ ရွှေခြေကျင်းလေးများမှာ စားပွဲပေါ်ရှိ ကျွန်တော်တင်ထားခဲ့သောနေရာတွင်ပင် ရှိနေလေသည်။ ကြည့်ရသည်မှာ ဘယ်တုန်းကမှ မပျောက်ဆုံးခဲ့ဘူးသလိုပင်။

ကျွန်တော် ရင်ခွဲရုံအတွင်းသို့ ပြေးဝင်လာခဲ့သည်။ ရင်ခွဲရုံစားပွဲပေါ်တွင် အမျိုးသမီးအလောင်းကို ပုံစံမပျက်ပင်တွေ့ရသည်။ ပြတ်နေသော သူမ၏ ခြေထောက်များမှာလည်း အလောင်းဘေးမှာပင် ရှိနေသည်ကို တွေ့လိုက်ရသည်။ ဒါပေမယ့် ထူးခြားချက်တစ်ခုကို ကျွန်တော် သတိပြုမိသွားသည်။ ကျွန်တော် အနားကိုတိုးကပ်ပြီး ခြေထောက်တွေကို သေချာစွာကြည့်မိသည်။ ကျွန်တော်တွေ့လိုက်ရသည်မှာ ထိုခြေထောက်များတွင် ရွှံ့များနှင့်သွေးများမှာ ရောနှောပြီး ချပ်ပြားကြီးများဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် အခန်းထဲမှ လျှင်မြန်စွာပြေးထွက်လာခဲ့သည်။

နောက်ထပ် နာရီဝက်လောက်အကြာတွင် ထိုအမျိုးသမီး၏ယောက်ျားအလောင်း ရောက်လာသည်။ အလောင်းတစ်ခုလုံးကို အဖြူရောင်ပိတ်စဖြင့် ဖုံးအုပ်ထားသည်။ အလောင်းကိုစစ်ဆေးရန် ဖုံးအုပ်ထားသောပိတ်စကို ဆွဲလှန်လိုက်ရာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော် ကြက်သေ သေသွားမိသည်။ အဘယ်ကြောင့်ဆိုသော် အလောင်း၏ခေါင်းမှ ခြေထောက်အထိ တစ်ကိုယ်လုံးမှာ ခြေထောက်များဖြင့် ရက်ရက်စက်စက် နင်းခြေသတ်ဖြတ်ခြင်းကို ခံထားရသကဲ့သို့ ကြေမွပျက်စီးနေခဲ့သည်ကို တွေ့လိုက်ရလေတော့သည်။

နွေးလုံ့လုံ့ပြုံ(မြစ်ကြီးနား)
Ref; The Anklets by
OTHMAN WOK

www.burmeseclassic.com

Super Model
တစ်ယောက်ဖြစ်သလို
အဆိုတော်သရုပ်ဆောင်တစ်ဦး
လည်းဖြစ်တဲ့
သန္တာဗိုကတော့ သူ့ရဲ့
'နားလည်ပေးပါကို'
တေးစီးရီး
ဗွီစီဒီကို
အကောင်းဆုံးကြိုးစားဆောင်ရွက်
နေပါတယ်။
Model Show တွေနဲ့
နယ် Show တွေကော
သီဆိုဖျော်ဖြေမှုတွေများနေတဲ့
သန္တာဗိုနဲ့ ခဏတာ
တွေ့ဆုံခဲ့သမျှ
ပြန်လည်တင်ပြရာမှာတော့ ...

# အဆိုတော်၊ သရုပ်ဆောင်၊ မော်ဒယ်လ် မျှအောင် လုပ်မယ့် သန္တာဗို





www.burmeseclassic.com

www.burmeseclassic.com


**လက်ရှိဆောင်ရွက်နေတဲ့ အနုညာအလုပ်တွေအကြောင်းပရိသတ်တွေသိအောင် ပထမဆုံးပြောပြပါ။**

အခုကတော့ Fashion Show တွေ လျှောက်ဖြစ်တယ်။ နယ် Show တွေမှာ သီချင်းဆိုတယ်။ ဒါ့အပြင် သမီးရဲ့ 'နားလည်ပေးပါကို' တေးစီးရီးအတွက် VCD လည်း ရိုက်ကူးနေပါတယ်။

**နားလည်ပေးပါကို တေးစီးရီး ထွက်ရှိပြီးတဲ့နောက်မှာ ကိုယ့်ရဲ့အနုညာအလုပ်တွေက ယခင်ကထက် ထူးခြားမှုတွေ ဖြစ်လာသလား။**

စီးရီးထွက်ပြီးနောက်မှာတော့ နယ်တွေကို သီချင်းတော်တော်များများ သွားရောက်သီဆိုဖြစ်လာတယ်။ အခုလည်း နယ် Show တွေအတွက် သီချင်းဆိုဖို့ လက်ခံထားတာတွေလည်း ရှိတယ်။

**ပရိသတ်တွေကလည်း ပိုပြီး အားပေးလာကြတဲ့အတွက် ကိုယ့်အတွက် ဘယ်လိုအင်အားတွေဖြစ်စေသလဲ။**

ဩော် ‥ဒါက အမှန်အတိုင်းပြောရရင် ပရိသတ်တွေရဲ့ အားပေးမှုတွေက သမီးတို့လို အနုပညာရှင်တွေအတွက် ရှေ့ဆက်ရမယ့် အနုပညာလမ်းကြောင်းမှာ ပိုပြီး ကြိုးစားချင်စိတ်တွေဖြစ်လာတယ်။ စိတ်ညစ်စရာတွေကြုံခဲ့ရင်တောင်မှ သူတို့တွေရဲ့ အားပေးသံတွေက ကိုယ် ရှေ့ဆက်ရမယ့် အနုပညာအလုပ်တွေအတွက် ပိုပြီး အားအင်တွေရစေတာပေါ့။

**ပရိသတ်တွေကကော ဘယ်သီချင်းတွေကို တောင်းဆိုကြတာများသလဲ။ Show ပွဲတွေမှာပေါ့။**

ကောင်မလေးတွေ တော်တော်များများက နားလည်ပေးပါကိုသီချင်းကို ကြိုက်ကြတယ်။ နောက်ပြီး ကိုဖိုးကာရေးထားပေးတဲ့ အိမ်သီချင်းလည်း ကြိုက်ကြတယ်။ အမြူးလေးတွေကြိုက်တဲ့လူငယ်တွေကလည်း ကိုအားတီရေးထားတဲ့ သီချင်းတွေကြိုက်သလို တချို့က Bunny Phyo ရေးထားတဲ့သီချင်းတွေ ကြိုက်ကြတယ်။ အစုံပါပဲ။

**တေးစီးရီးက နားလည်ပေးပါကို ဆိုတော့ အပြင်မှာကော ကိုယ့်ကို နားလည်ပေးတဲ့သူရှိလား။**

အင်း ‥ဒါကတော့ ဘယ်ပြောလို့ရမလဲနော်။ ဒီလိုပါပဲ ‥အေးအေးဆေးဆေးပါပဲ။ အချစ်နဲ့ပတ်သက်ရင်တော့ ထူးခြားမှုတွေကတော့ မရှိသေးပါဘူး။

**'အဖြူရောင်ရဲ့တိုက်' ရုပ်ရှင်ဇာတ်ကားမှာလည်း ပရိသတ်တွေက သန္တာ့ဗိုကို ကြိုက်ကြတယ်နော်။**

ဒီကားလေးစတင်ရိုက်ကူးမယ်ဆိုပြီး ဇာတ်လမ်းစသိကတည်းက ဒီကားက တော်တော်လေးကောင်းတယ်လို့ထင်တယ်။ အခုလည်း ပရိသတ်တွေ အတော်အားပေးကြတာ တွေ့ရတယ်။ အဲဒီအတွက်လည်း ဝမ်းသာတယ်။




www.burmeseclassic.com



ကိုယ်ကတော့ အကောင်းဆုံး ကြိုးစားသရုပ်ဆောင်ထားတယ်။ နောက်တစ်ခုက ကိုယ့်ထက် စီနီယာကျတဲ့ ဝါရင့်သရုပ်ဆောင်များနဲ့အတူ ပါဝင်ခွင့်ရတာကြောင့်လည်း ဝမ်းသာပါတယ်။

**ကိုယ်က Model နဲ့ စခဲ့တာဆိုတော့ နောက်ပိုင်းမှာကော အနုပညာအလုပ်တွေအတွက် ဘယ်လိုစီစဉ်ထားသလဲ။**

သမီးကတော့ အကုန်လုံးကိုမျှပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဆိုကော သရုပ်ဆောင်ကော Model ပိုင်းကအစပေါ့နော်၊ ကိုယ်ကိုယ်တိုင်လည်း အားလုံးကို ဝါသနာပါတာဆိုတော့လေ။





www.burmeseclassic.com

www.burmeseclassic.com





'နားလည်ပေးပါကို' VCD ကို
ကော ဘယ်လိုဆောင်ရွက်နေသလဲ။

VCD ပိုင်းကိုလည်း သမီးကြိုး
စားပြီးတော့ ဆောင်ရွက်နေပါတယ်။
သီချင်းပေါ်မှာ မူတည်ပြီး တစ်ပုဒ်ချင်း
စီကို အကောင်းဆုံးရိုက်ကူးသွားမယ်။
အမြင်ဆန်းပြီး ပရိသတ်တွေ ကြိုက်
အောင်ဆောင်ရွက်မှာဖြစ်သလို ရိုးရိုး
ရှင်းရှင်းနဲ့ အကောင်းဆုံးဖြစ်အောင်
လည်း စီစဉ်ရိုက်ကူးသွားမှာပါ။

**အနုပညာလောကထဲ စဝင်
တုန်းက အခက်အခဲတွေနဲ့ တွေ့ကြုံ
ခံစားရသေးလားဆိုတာ ပရိသတ်
တွေကို ပြောပြပေးပါ။**

မချော(ချောရတနာ)ရှိနေတော့
ဒီအနုပညာလမ်းကြောင်းကို သူများ
တွေလို အစီအစဉ်သက်သက်မ
ဟုတ်တဲ့အတွက် ဝင်ရတာပို
လွယ်ကူတယ်။ ချောရတနာ
ရဲ့ ညီမဆိုပြီး အနုပညာ
ပိုင်းတွေမှာကော ပရိသတ်
တွေကော သိတာပိုလွယ်
တယ်။ အခက်အခဲတော့
မရှိဘူး။ သမီး ၁၀ တန်းပြီး
တော့ ဆရာချွန်လွင်ဆီမှာ
Model သင်တန်းတက်
တယ်။ ဆရာကလည်း
အများကြီးပံ့ပိုးပေးပါတယ်။


**အခက်အခဲမရှိပေ
မယ့် ကြိုးစားမှသာအောင်
မြင်တာဆိုတော့ ကိုယ့်
အတွက် ဘယ်လိုကြိုးစား
ခဲ့ရသလဲ။**

ကိုယ်ကလည်း ဝါသနာပါတာဖြစ်
တဲ့အတွက် အနုပညာအလုပ်တွေကို
တတ်နိုင်သလောက် ကြိုးစားဆောင်
ရွက်တယ်။ ဘယ်အလုပ်ကိုမဆို
စေတနာထားပြီး ဆောင်ရွက်တယ်။

**ပရိသတ်တွေအတွက် အမှတ်
တရစကားလေးဆိုပါဦး။**

အားပေးကြတဲ့ ပရိသတ်
တွေကို အထူးကျေးဇူးတင်သလို
အနုပညာနဲ့ ပတ်သက်လို့
အကောင်းဆုံးကြိုးစားဆောင်
ရွက်သွားမယ်။ နားလည်ပေး
ပါကို VCD ကိုလည်း အမြန်ဆုံးနဲ့
အကောင်းဆုံးဖြစ်အောင် စီစဉ်နေ
ပါတယ်။

ငြိမ်းချမ်းအောင်





www.burmeseclassic.com

www.burmeseclassic.com



# စုဝေနှင်း

# ဂျနီဖာလဗ်ဟူးဝှစ်၏

## ခန္ဓာကိုယ်ကျစ်လျစ်အချိုးကျစေသော လေ့ကျင့်ခန်းများ



တီဗီမှတစ်ဆင့် ကြည့်ရှုသူ သန်းပေါင်းများစွာ၏ ရှေ့တွင် စွဲမက်ဖွယ်ကောင်းသော ရေကူးဝတ်စုံ (ဘီကနီ) ဝတ်ကာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ဖြင့် ဖျော်ဖြေနေသော Client List တီဗီဇာတ်လမ်းတွဲမှ ဂျနီဖာလဗ်ဟူးဝှဖ်စ် (Jeneifer Love Hewiff) ကို ကြည့်ရှုအားပေးသည့် အမျိုးသမီးတိုင်း အားကျမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဂျနီဖာက သူ ဤကဲ့သို့လုပ်ပြီး ကျစ်လျစ်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ရန် မည်သို့ကြိုးပမ်းခဲ့သည်ကို ပြောပြခဲ့ပါသည်။ ထိုသို့ပြုလုပ်ရသည်မှာလည်း လွယ်ကူကြောင်း သူမက ဆိုထားပါသည်။ ထို့ပြင် သူမက ယခင်ကဆိုလျှင် ဗိုက်ပူပြီး ခါးနားတွင် အဆီများစုနေသည့်အတွက် ကိုယ်ခန္ဓာနှင့်အတိဖြစ်သော အကျီနှင့်ဘောင်းဘီ၊ စကပ်တို့ကို မဝတ်ရဲဘဲ အဝတ်အစားများကို ရွေးဝတ်ခဲ့ရကြောင်း ဝန်ခံပါသည်။ သူမ ဤသို့လုပ်ပြီး ဆွဲဆောင်မှုရှိစေရန် တွန်းအားပေးခဲ့သည်မှာလည်း သူမ၏ တီဗီဇာတ်လမ်းတွဲကို ကြည့်ရှုသည့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးများ ဖြစ်သည်ဟု ဆိုပါသည်။ သူမမှာ တက္ကဆက်နယ်ဖွားဖြစ်ပြီး အသက် ၃၄ နှစ် ဖြစ်သည်။ ထို့ပြင် သူမက အမျိုးသမီးများအား သင်တို့အားလုံးဟာ လှပပြီး ကြည့်ကောင်းကြပါသည်။ သင်တို့ရဲ့ လှပမှုကို ရရှိနိုင်ရန် အားထုတ်ကြပါ။ ကြည့်ကောင်းလှပဖို့ လိုသလို ကျန်းမာကြံ့ခိုင်ဖို့လည်း လိုအပ်တယ်ဟု အားပေးတိုက်တွန်းထားပါသည်။

ဂျနီဖာသည် ဤနည်းလမ်းကို စတင်ကျင့်သုံးဖို့ရန် ဖြစ်လာသည်မှာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်သည်။ ထိုရက်ပိုင်းတွင် သူ၏ ဝဖိုင့်နေသော ကိုယ်လုံးဖြင့် ဘီကနီ ဝတ်ထားရာ သတင်းထောက်တစ်ဦးက ဓာတ်ပုံရိုက်ကာ People မဂ္ဂဇင်းနှင့် အခြား အင်တာနက်ဝက်ဆိုက်များပေါ်တွင် ဖော်ပြလိုက်ပါသည်။ ထိုအခါ သူမကို မနှစ်သက်သူများနှင့် မကျေနပ်သူများက ဝေဖန်ပြောဆိုကြပါသည်။ ထိုအချိန်ကဆိုလျှင် သူမမှာ ဖိစီးမှုများကြောင့် အစားပိုစားမိကြောင်း၊ မရပ်မနားစားသော်လည်း အဆာမပြေကြောင်း ပြောပြခဲ့ပါသည်။ သို့ရာတွင် ထိုဝေဖန်ချက်များကြောင့် သူမ၏ နေထိုင်မှုပုံစံကို ပြန်လည်သုံးသပ်မိသည်ဟု ပြောဆိုပါသည်။

www.burmeseclassic.com


ထိုအချိန်က သူမသည် ကိုယ်လက်လှုပ်ရှားမှုမလုပ်ဘဲ၊ ကျန်းမာရေးနှင့် မညီညွတ်သောအဆာပြေစာများကို အများအပြားစားမိခဲ့ပါသည်။ ထိုအခါ သူမသည် လူအများ၏ လှောင်ပြောင်သရော်မှုများကြောင့် သူမကိုယ်သူမ ပြန်လည်ပြုပြင်ရန် အောက်ပါနည်းလမ်းများကို ကျင့်သုံးခဲ့ပါသည်။

အောက်ပါလေ့ကျင့်ခန်းများသည် ဂျနီဖာ စွဲစွဲမြဲမြဲပြုလုပ်သော ခန္ဓာကိုယ် ကျစ်လျစ် အချိုးကျစေသော လေ့ကျင့်ခန်းများဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းများမှာ ကိရိယာလွတ် လေ့ကျင့်ခန်းများဖြစ်ပြီး ဖျာတစ်ချပ်သာ လိုအပ်ပါသည်။ ထိုလေ့ကျင့်ခန်းပြုလုပ်လျှင် အသုံးပြုသည်များကို လိုအပ်ပါက အသုံးပြုနိုင်သလို မသုံးချင်လည်း ဖြစ်ပါသည်။ လေ့ကျင့်ခန်းတစ်ခုစီကို မှန်မှန်ဖြင့် ၄၀ စက္ကန့်ကြာအောင် ပြုလုပ်ရမည်ကို သတိပြုသင့်သည်။ လေ့ကျင့်ခန်းတစ်ခုနှင့်တစ်ခုကြားတွင် ၁၀ စက္ကန့်ခန့်နား၍ နောက်တစ်ကြိမ်လေ့ကျင့်နိုင်သည်။ တစ်နေ့လျှင် သုံးကြိမ်ပြုလုပ်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

## (၁) တင်ပါး၊ ခြေထောက်နှင့် ခန္ဓာကိုယ်အောက်ပိုင်း ကျစ်လျစ်စေရန်

ပုံ (A) အတိုင်း ခြေထောက်နှစ်ခုကို ကပ်ထားပြီး လက်ဖဝါးနှစ်ဖက်ကိုအားဖြင့် ရင်ဘတ်ရှေ့တွင် ဖိကပ်ထားပါ။ ပြီးလျှင် ဒူးကို အနည်းငယ်ကွေးပါ။ ထို့နောက် ထိုအနေအထားဖြင့် တင်ပါးကို ဘယ်သို့ယိမ်းလိုက်ပါ။ ပြီးလျှင် ပုံ (B) အတိုင်း ညာဘက်သို့ယိမ်းပါ။ လျင်မြန်မြန်မဟုတ်ဘဲ သာသာယာယာ ဖြည်းညင်းစွာပြုလုပ်ရပါမည်။

## (၂) တင်ပါးနှင့် ခြေထောက်တို့ ကျစ်လျစ်စေရန်

ပုံ (A) အတိုင်း ခြေထောက်နှစ်ဖက်ကို ပခုံးအကျယ်ခန့် ခွဲရပ်ကာ တင်ပါးနေရာမှ ရှေ့သို့ကုန်းလိုက်ပါ။

ပခုံးမှ မြေပြင်သို့ လက်များကို ဆန့်တန်းထားပါ။ လက်ဖျားနှင့် မြေကြီးတို့ ထိကပ်နေပါစေ။ ရှေ့တည့်တည့်သို့ကြည့်ပါ။ ပြီးလျှင် ပုံ (B) အတိုင်း ဖြည်းညင်းစွာ ထိုင်ချလိုက်ပါ။ ထိုအခါ ခြေဖဝါးနှင့် ခြေချောင်းများသည် ဘေးသို့ကားထွက်သွားပါစေ။ ဤလေ့ကျင့်ခန်းပြုလုပ်စဉ် ခေါင်းကို ဘေးဘီသို့မစောင်းဘဲ ရှေ့ကိုသာတည့်တည့်ထားပြီး ထိုင်ချရာတွင်လည်း လုံးဝထိုင်ချသည်မဟုတ်ဘဲ တင်ပါးနှင့် ကြမ်းပြင်မှာ ဒူးခေါင်းနှင့် ခြေဖဝါး အကွာအဝေးအတိုင်း ရှိနေရမည်ကို သတိပြုရပါမည်။

## (၃) တင်ပါး၊ ခြေထောက်၊ ပခုံးနှင့် လက်မောင်းတို့အချိုးကျစေရန်

ခြေချောင်းများကို ဘေးသို့ကားပြီး ခြေကားရပ်ပါ။ လက်ဖဝါးနှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ပူးကပ်ထားပါ။ ထိုအနေအထားအတိုင်း ပုံ (A) တွင် ဖော်ပြထားသကဲ့သို့ တစ်ဝက်ထိုင်ချပါ။ ဤနေရာတွင်လည်း တင်ပါးနှင့် မြေကြီးအကွာအဝေးမှာ ဒူးခေါင်းနှင့် ခြေဖဝါးအကွာအဝေးအတိုင်း ဖြစ်နေရပါမည်။ ထို့နောက် ပုံ (B) တွင် ပြထားသည့်အတိုင်း လက်များကို ရှေ့သို့ထောက်၍ အားပြုကာ ခြေထောက်ကို အနောက်သို့ဆန့်တန်းပြီး လေ့ကျင့်ပေးပါ။

## (၄) တင်ပါး၊ ခြေထောက်နှင့် ပခုံးများကို သွယ်လျလှပစေရန်

ပုံ (A) တွင် ပြထားသည့်အတိုင်း ညာခြေကို နောက်သို့ပို့၍ ခြေဖျားများဖြင့် ထောက်ထားပြီး လက်နှစ်ဖက်ကို နားရွက်နားကပ်ကာ အပေါ်သို့မြှောက်ကာ လက်ဖဝါးချင်း ထိကပ်ထားပါ။ ပြီးလျှင် ပုံ (B) အတိုင်း ထောက်ထားသော ညာခြေကို နောက်သို့ ဆန့်တန်းပြီး ခါးမှ အပေါ်ပိုင်းကို (လက်နှစ်ဖက်ကို ဆန့်တန်းလျက်) ရှေ့သို့ မှောက်အိပ်သလို ဆန့်တန်းလှဲချလိုက်ပါ။ ပြီးလျှင် ဘယ်၊ ညာပြောင်းပြီး ကစားပါ။

## (၅) တင်ပါး၊ ခြေထောက်နှင့် ပခုံးများ အချိုးကျစေရန်

ပေါင်နှစ်ဖက်ကို ကားကာ ဒူးထောက်လိုက်ပါ။ ထိုအခါ သင်၏ခြေမများသည် နောက်ဘက်တွင် အချင်းချင်းထိကပ်နေပါစေ။ ပုံ (A) တွင် ပြထားသည့်အတိုင်း လက်ဖဝါးနှစ်ဖက်ကို အချင်းချင်းဆုပ်ကိုင်လျက် အပေါ်သို့မြှောက်ပြီး တင်ပါးကို ဖနောင့်ဆီသို့ အနည်းငယ်နှိမ့်ချလျက် ဘယ်သို့ရွှေ့ပါ။ ပြီးလျှင် ပုံ (B) တွင် ပြထားသည့်အတိုင်း ညာသို့ရွှေ့ပါ။ ဤလေ့ကျင့်ခန်းကိုလည်း ၄၀ စက္ကန့်ကြာအောင် ဖြည်းညင်းစွာ ပြုလုပ်ရပါမည်။


အထက်ပါလေ့ကျင့်ခန်းများကို တစ်နေ့လျှင် သုံးကြိမ် ပြုလုပ်ပေးနိုင်လျှင် ပိုမိုထိရောက်သည်ဟု ဂျနီဖာက အကြံပြုထားပါသည်။

စုဝေနှင်း

*Ref:Internet*


www.burmeseclassic.com

## ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုရှင် အမျိုးသမီးစာရေးဆရာမ ဒေါ်ခင်မြဇင်နှင့် တွေ့ဆုံခြင်း



၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့က မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်ခဲ့တဲ့ အမျိုးသားစာပေဆုကို အမျိုးသမီးစာရေးဆရာမ ဒေါ်ခင်မြဇင်မှ ရရှိခဲ့ပါတယ်။ ဆရာမရဲ့ 'ကောင်းကင်မိုးတိမ်နှင့် တခြားဝတ္ထုတိုများ' အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်နဲ့ အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဆန်ခါတင် ရွေးချယ်စာရင်းမှာ ပါဝင်ခဲ့သူ ဆရာမ မစန္ဒာက ဆုရွေးချယ်ရေးအဖွဲ့မှာ ပါဝင်နေခဲ့တာကြောင့် သူမဟာ ဆုရွေးချယ်ရေးအဖွဲ့ကနေ နုတ်ထွက်ခဲ့တဲ့အကြောင်းလေးနဲ့ ဆရာမခင်မြဇင် ဆုရရှိတဲ့အပေါ်မှာ ဝမ်းသ
ပီတိနဲ့ မုဒိတာစကားတွေကိုလည
အမျိုးသမီးစာရေးဆရာမများရဲ့ ဂု
ပြုပွဲမှာ ပြောကြားသွားခဲ့ပါသေးတယ

အမျိုးသမီး စာရေးဆရာမမ
စုပေါင်းပြီး ဆရာမ ဒေါ်ခင်မြဇင်နဲ့ 
ခင်ဆွေဦးတို့ကို ထပ်မံဂုဏ်ပြုချီးမြှင့်

www.burmeseclassic.com

လေးမှာ ဆရာမ ဒေါ်ခင်မြဖင်နဲ့ တာ တွေ့ဆုံမေးမြန်းဖြစ်ခဲ့တဲ့ ားလေးတွေကို ပရိသတ်များ သိ ဖို့ ပြန်ပြောရမယ်ဆိုရင် ..

**ဆရာမအနေနဲ့ ခုလိုအမျိုးသား ပေဆုကို ရရှိခဲ့တဲ့အတွက် ဖြစ်ပေါ် ရတဲ့ ပီတိလေးရယ်၊ ဒီဆုနဲ့ပတ် က်ပြီး ပြောချင်တာလေးများရှိရင် စာမျက်နှာကနေ ပြောပြပေးပါလား င်း။**

ဟုတ်ကဲ့ပါ။ ကျွန်မအနေနဲ့က ဒီ ကို မထင်မှတ်ဘဲ ရလာခဲ့တဲ့အတွက် ကြောင့် အလွန့်ကိုပဲ အံ့သြမိသလို လွန်လည်း ဝမ်းသာမိပါတယ်။ ဆု းတဲ့ပုံစံတွေပြောင်းလဲလာတဲ့အတွက် ည်း ပြန်ကြားရေးဝန်ကြီးဌာနကို ျူးဇူးတင်ပါတယ်။ ခေတ်ပြောင်းလာ တဲ့အခြေအနေတွေအပေါ်မှာ ဒီလို က်လိုက်လျောလျောနဲ့ စနစ်ကိုပါ ပြောင်းလဲလာကြတာ တွေ့ရတော့ သိပ် ကောင်းတယ်လို့ ထင်မိပါတယ်။ နောင်နှစ်တွေမှာလည်း ရသင့်ရထိုက် တဲ့သူတွေကို ရစေချင်ပါတယ်။

ကျွန်မတို့ စာရေးဆရာမတွေ နေနဲ့ကတော့ ဆုရတာ မရတာထက် ပေကို လွတ်လွတ်လပ်လပ်ရေးခွင့်ရ ာကို ပိုနှစ်သက်ပါတယ်။ ဆုကတော့ နောက်ပေါ့နော်။ ဆုရခြင်းမရခြင်းထက် တ်လပ်စွာ စာပေရေးသားခွင့်ရခြင်း က ကျွန်မတို့ စာရေးဆရာတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုတစ်ခုလို့ ထင် ပါတယ်။

**ဆရာမရဲ့ စာရေးလာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီဆုရရှိခြင်းဟာ ပထမဦးဆုံးပဲလား။ ဒါမှ မဟုတ်ရင် အရင်က တခြားဆုတွေဘာတွေရရှိခဲ့ပါသလား။**

ဒီဆုက ကျွန်မအတွက် ပထမဦးဆုံးရရှိတဲ့ဆု မဟုတ်ဘူးရှင့်။ ၂၀၀၇ ခုနှစ်က 'မျိုးဆက်သုံးဆက် မြန်မာပန်းချီဆရာမများ' ဆိုတဲ့ စာအုပ်နဲ့ ဆရာဝန်(တင်ရွှေ)ဆုကို ရရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းတုန်းကလည်း ကောင်းကင်မိုးတိမ်ဝတ္ထုနဲ့ တော်ဘုရားလေး စာပေဆုကို ရရှိခဲ့ပါတယ်။

**အခု ဒီ အမျိုးသားစာပေဆုကိုရော ဘာစာအုပ်နဲ့ ရရှိခဲ့တာလဲ။ ဆရာမရဲ့ စာရေးသက်တမ်း ဘယ်လောက်မှာ ရရှိခဲ့တာပါလဲရှင့်။**

ဟုတ်ကဲ့ .. အခု ဒီအမျိုးသားစာပေဆုကို 'ကောင်းကင်မိုးတိမ်နှင့်အခြားဝတ္ထုတိုများ' ဆိုတဲ့ ဝတ္ထုတိုစုစည်းမှုစာအုပ်နဲ့ ရရှိခဲ့တာပါ။ စာရေးသက်ဘယ်လောက်မှာလဲလို့ ပြောရမယ်ဆိုရင် ၁၉၇၅–၇၆ ခုနှစ်၊ စီးပွားရေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းမှာ ဝတ္ထုတို စတင်ရေးသားရာကနေ အခုထိဆို

"

အမြဲတမ်းလည်း အကောင်းချည်းမရသလို၊ အမြဲတမ်းလည်း ဆိုးမနေတတ်ပါဘူး။ ဘယ်အခြေအနေမျိုးကိုပဲ ရောက်ရောက်၊ ကိုယ်က ခံနိုင်ရည်ရှိအောင် ကြိုးစားထားရမယ်။ ကျွန်မဆိုရင် အခြေအနေအကြောင်းကြောင်းကြောင့် စာရေးတဲ့ အလုပ်ကို မလုပ်နိုင်သေးဘူးဆိုရင် စာဖတ်တဲ့အလုပ်ကို လုပ်ပါတယ်

"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၃၈ နှစ်ရှိပြီလို့ ဆိုရမှာပါပဲ။

**စာရေးဆရာမတွေရဲ့ ဘဝတွေဟာ စင်းလုံးချောရှိမနေကြဘဲ၊ ခက်ခဲကြမ်းတမ်းတဲ့ လမ်းတွေပေါ်မှာ များသောအားဖြင့် လျှောက်နေကြရတယ်ဆိုတော့ ဒီလို ဆရာမတွေ၊ ဒီလို အမျိုးသမီးတွေအတွက် ဆရာမရဲ့ အားပေးစကားလေးနဲ့ ဆရာမရဲ့ ဘဝကြိုးစားတည်ဆောက်ခဲ့ရပုံလေးကို အတုယူနိုင်အောင် ဒီကနေ ပြောကြားပေးပါလား။ စာရေးသားခြင်း၊ စာဖတ်ခြင်းအပေါ်မှာလည်း ဆရာမရဲ့ သဘောထားကို ပြောပြပေးပါဦး။**

ဘဝဆိုတာ အကောင်းအဆိုး အမြဲဒွန်တွဲနေတာပါပဲ။ အမြဲတမ်းလည်း အကောင်းချည်းမရသလို၊ အမြဲတမ်းလည်း ဆိုးမနေတတ်ပါဘူး။ ဘယ်အခြေအနေမျိုးကိုပဲ ရောက်ရောက်၊ ကိုယ်က ခံနိုင်ရည်ရှိအောင် ကြိုးစားထားရမယ်။ ကျွန်မဆိုရင် အခြေအနေ အကြောင်းကြောင်းကြောင့် စာရေးတဲ့အလုပ်ကို မလုပ်နိုင်သေးဘူးဆိုရင် စာဖတ်တဲ့အလုပ်ကို လုပ်ပါတယ်။ ခေတ်အခြေအနေအရ ပြောင်းလဲလာတဲ့ စာပေပုံစံတွေ၊ ကမ္ဘာ့စာပေရော၊ မြန်မာ့စာပေတွေမှာပါ ပြောင်းလဲမှုတွေရှိပါတယ်။

ဒါတွေကို စာဖတ်ခြင်းကနေ သိနိုင်မှာပါ။ ဒါကြောင့်မို့ စာမရေးနိုင်သေးခဲ့ရင် စာဖတ်ပါလို့ ပြောချင်ပါတယ်။ ကျွန်မကတော့ စာရေးတဲ့အလုပ်ကို လုပ်နိုင်အောင်လို့ အချိန်ပိုင်းအလုပ်ကိုပဲ ရွေးချယ်ပြီး လုပ်ပါတယ်။ ဒီအတွက်တော့ တကယ်တမ်း မိသားစုစားလောက်တဲ့ ဝင်ငွေကို ဘယ်ရပါ့မလဲ။ စာရင်းကိုင်၊ စာရင်းစစ်အလုပ်ဆိုတော့ အချိန်ပြည့်လုပ်နိုင်ရင် နည်းနည်းတော့ ပိုပြေလည်မှာပေါ့။ ဒါပေမဲ့ ဒီလို အချိန်ပြည့်အလုပ်တွေက ကျွန်မအတွက် စာရေးချိန်၊ စာဖတ်ချိန် နည်းသွားမယ်လေ။ အဲဒါကြောင့် ကျွန်မ စားဝတ်နေရေးအတွက် အချိန်ပိုင်းအလုပ်ကိုလည်း လုပ်တယ်။ စာရေးခြင်းအလုပ်ကိုလည်း လုပ်တယ်။ စာဖတ်ခြင်းအလုပ်ကိုလည်း လုပ်တယ်ပေါ့။

အခြားသော စာရေးသူများနဲ့ အမျိုးသမီးပရိသတ်များကို ပြောချင်တာကလည်း အလုပ်လည်းလုပ်ပါ၊ ဝါသနာပါတာကိုလည်း လုပ်ပါ၊ စာဖတ်ခြင်းအလုပ်ကိုလည်း လုပ်ပါ၊ စာဖတ်ခြင်းကနေ မိမိအင်အားတွေ ပိုမိုဖွံ့ဖြိုးလာပါလိမ့်မယ်လို့ ပြောကြားချင်ပါတယ်။

အခုလို ရိုးသားကြိုးစားပြီး ရှေ့ကိုရောက်အောင် လှမ်းလျှောက်နိုင်ခဲ့သူ အမျိုးသမီးစာရေးဆရာမ ဒေါ်ခင်မြဇင်ရဲ့ ရင်တွင်းစကားများအတွက် ပရိသတ်များ ကျေနပ်နှစ်သိမ့်နိုင်ပါစေ။

စန္ဒီမြင့်လွင်

www.burmeseclassic.com



တိုင်းပြည့်တာဝန် ထမ်းဆောင်ရင်း ''တောင်ပေါ်မြို့လေး''သို့ ယခုပင် ကျွန်တော် ရောက်ခဲ့ပါပြီ။ ပင်လယ်ရေ မျက်နှာပြင်ထက် ပေ ၃၀၀၀ ကျော် မြင့်သော တောင်ပေါ်မြို့တစ်မြို့ ပီသလှစွာ အေးမြလတ်ဆတ်သည့် လေပြည်ကလေး သုတ်ဖြူးနေသဖြင့် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ အပေါ်ဝတ်အနွေးထည်၏ ဇစ်ကို အပေါ်ဆုံးအထိ ဆွဲတင်လိုက်ရင်း ''နွေးထွေးမှု ကင်းမဲ့လိုက်တာ''လို့ ကျွန်တော် တွေးကြည့်လိုက်မိသည်။ သို့သော် ထိုအတွေးကို မြို့ခံမိတ်ဆွေသစ်များက လက်မခံဘဲ ချက်ချင်း ပယ်ချလိုက်ကြသည်။



# ကြင်ဦးရှေ

## ယမ်းဝေရှိမှုခင်းနှင့် လွမ်းစေတီရှုခင်း



www.burmeseclassic.com

"မြို့နယ်မှူးကြီး ...ရောက်ရောက်ချင်း ဘုရားဝင်ဖူးမယ်ဆိုလို့ ကျွန်တော်တို့ လာစောင့်နေတာပါ"

"မြို့လယ်စေတီ"မုခ်ဦးမှ ဂေါပက ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့်အဖွဲ့ ဘုရားကပ်လှူရန် ပန်း၊ ဆီမီးတိုင်များဖြင့် အသင့်စောင့်ကြိုနေကြသည်။ ကြည်ညိုသပ်ပယ်ဖွယ်ရာ မြို့လယ်စေတီကြီးကို ထိုမိတ်ဆွေသစ်များနှင့်အတူ ကျွန်တော် စိတ်ချမ်းမြေ့ကြ၏။ ကြည်နူးစွာ ဖူးမြော်ကန်တော့ကာ "**အရှင့် ခြေတော်ရင်းမှာ ...ခိုလှုံရင်း ဤမြို့နယ်၊ ဤဒေသ၏ ကောင်းကျိုးအထွေထွေကို အောင်မြင်စွာ သယ်ပိုးထမ်းဆောင်နိုင်တဲ့ ဝန်ထမ်းကောင်း တစ်ဦး ဖြစ်ရပါလို၏**"လို့ တိတ်တခိုး ဆုပန်ခဲ့မိသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးစိုက်ရာ 'ဘီးတောင်ရပ်ကွက်'က တောင်ကုန်းပြေပြေလေးပေါ်သို့ တက်ခဲ့သည်။ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စိန်ဝင်းထံမှ မြို့နယ်မှူးတာဝန် ဝတ္တရားများကို လွှဲပြောင်း၊ လက်ခံပြီးနောက် ထုံးစံအတိုင်း အထက်ဌာန အသီးသီးသို့ သတင်းပို့သည်။

ထိုအချိန်မှစ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦး၏ ပုံမှန်တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်ရင်း တစ်ဖက်မှလည်း မြို့နယ်ဒေသအကြောင်း လေ့လာရသည်။ တစ်ဆက်တည်းမှာပင် မကြာမီ ကျင်းပတော့မည့် "မြို့လယ်စေတီ"ဗုဒ္ဓပူဇနီယပွဲတော် လုံခြုံရေး အစီအမံများကို ရေးဆွဲရပြန်သည်။ ယမန်နှစ် စီမံချက်နှင့် ဆောင်ရွက်ချက်တို့ကို လေ့လာကြည့်တော့ ပွဲတော်ကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တပ်စု တစ်စု လုံခြုံရေးအင်အား တိုးမြှင့်ချထားပေးခဲ့သည်ကို တွေ့ရသည်။

"ဒါဆိုရင် ...ဒီနှစ်အတွက်လည်း လုံခြုံရေးအင်အား တိုးမြှင့်ပေးဖို့ တင်ပြပြီးပြီလား"မေးကြည့်ရာ ဒုမြို့နယ်မှူးမှ–

"ယခုနှစ် ...ခရိုင်ရဲတပ်ဖွဲ့မှ အခြား အရေးပေါ်လုံခြုံရေးကိစ္စရပ်များကြောင့် အင်အားဖြည့်တင်းပေးနိုင်ခြင်း မရှိကြောင်းနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး အစီအစဉ်နဲ့ ဘုရားပွဲလုံခြုံရေးကို စီမံဆောင်ရွက်သွားဖို့ ညွှန်ကြားထားပါတယ်"ဟု တင်ပြ သိရှိရသည်။

ဤသို့ ဆိုလျှင်လည်း ထို မြို့နယ်တွင်းရှိ ရဲစခန်း၊ ရဲကင်း အသီးသီးတို့မှ ထုတ်နှုတ်အင်အားဖြင့်သာ ပွဲတော် လုံခြုံရေး စီမံဆောင်ရွက်ရပေတော့မည်။ သို့သော် အခက်အခဲရှိနိုင်သည်က ဤဘုရားပွဲတော်၏ ထူးခြားသော အခြေအနေ။ ဘုရားပွဲတော် ပွဲခင်းလုံခြုံရေး သက်သက်မျှသာမက ဘုရားပွဲတော်နှင့် ဆက်စပ်လျက် ဖြစ်ပွားတတ်သည့် ခိုးပြမှုများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ် ဆောင်ရွက်ရသည့် အနေအထားဖြစ်သည်။

ယခင် မှတ်တမ်းဟောင်းများအရ "မြို့လယ်စေတီ ပွဲတော်ကို ၇ ရက်တိုင် ကျင်းပသော်လည်း နောက်ဆုံး ၃ ရက်မှာ အစည်ကားဆုံးဖြစ်ပြီး ကျေးလက်တောရွာ လူထုပရိသတ်ပါ လာရောက်ဖူးမျှော်ကြသောကြောင့် လုံခြုံရေး အထူးဂရုပြုရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ပွဲတော်ကျင်းပရာတွင် အခြားသော နယ်ဘုရားပွဲများနည်းတူ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ဝင်သည်။ အနီထောင်၊ မြားပေါ် စက်ဝိုင်းလှည့်၊ အံစာတုံးလိမ့် စသ အပျော် လောင်းကစားဝိုင်းများ ပါဝ သည်။ ပွဲခင်းပြင်ပ မနီးမဝေးတွ လေးကောင် ဂျင်ဝိုင်းများ၊ ဖဲဝိုင်းမျ လျှို့ဝှက်လုပ်လေ့ရှိသည်။ ပွဲတေ အတွင်း အကြော်ဆိုင်၊ ထမင်းဆို ခေါက်ဆွဲဆိုင်၊ ဘီယာဆိုင်၊ လက်ဖ ရည်ဆိုင်များရှိပြီး ၎င်းဆိုင်အားလုံ တွင် အရက်မျိုးစုံ လိုသလောက် သည်။ ထိုဆိုင်များမှာပင် အရက် သောက်ရင်း ကာရာအိုကေ ဆိုနိ သည်။ သို့ဖြစ်၍ အငြိမ့်ရုံ၊ ဇာတ် များမှာထက် ပွဲဈေးတန်းမှာပဲ လူမျ ကြိတ်ကြိတ်တိုး စည်ကားနေလေ့ရှိ သည်။ မူးယစ်ရမ်းကားမှု၊ ခါးပိုက် တိုက်ရိုက်မှုတွေကလည်း ညစဉ်အချိ နှင့် တစ်ပြေးညီ အဆက်မပြတ်ဖြစ်ပွာ နေ၍ အချုပ်ကားဖြင့် အခေါက်ခေါက် အခါခါ ရဲစခန်းသို့ ပို့နေရသည်" အ ရှိသဖြင့် လေ့လာတွေ့ရှိရသည်။

"ဒီလိုဆိုရင်လည်း ...ပွဲတော် လုံခြုံရေးရဲကင်းမှာ ဒု–မြို့နယ်မှူးက ထိုင်နိုင်းပြီး မြို့နယ်မှူးက အနီးက ကွပ်ကဲရုံပဲပေါ့ကွာ"လို့ ကျွန်တော်ပြော တော့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဝါရင့် ရဲတပ်ကြပ်ကြီးအုန်းမော်က–

"မြို့နယ်မှူးကြီး ...အဲဒီ ပွဲ တော်ကာလရဲ့ နောက်ဆုံး ၃ ရက်ဖြစ် တဲ့ အဖိတ်နေ့၊ လပြည့်နေ့နဲ့ လပြည့် ကျော် ၁ ရက်နေ့တွေမှာ ကျေးရွာတွေ က ဘုရားပွဲလာကြတဲ့ ပွဲသွား၊ ပွဲ တွေကို လမ်းကဖြတ်ပြီး လုယက်တိုက် ခိုက်တဲ့ လူဆိုးဓားပြတွေ ရှိနေတာ


www.burmeseclassic.com

www.burmeseclassic.com



တိပြုရပါမယ်''လို့ သတိပေးသည်။

မှန်ပေသည်။ ဤအခြေအနေ ား ဘုရားပွဲတော် ကာလအတွင်း နယ်တစ်ခုလုံး၏ နယ်စွန်နယ်ဖျား သများ၊ မြို့နှင့် ကျေးလက်ဒေသ သီးသီး၏ ဆက်သွယ်ရေးလမ်း ကြောင်းများအားလုံးကို လုည့်ကင်း ယ်ကင်းများဖြင့် တပ်ဖြန့်စိုးမိုးထားဖို့ သလို တစ်ဖက်ကလည်း ဘုရားပွဲ တော်ကို လုံခြုံရေးအင်အား ပြည့်စုံလုံ လောက်စွာဖြင့် ဖိဖိစီးစီး ဆောင်ရွက် ားရန် လိုအပ်ကြောင်း တောင်းဆို နေသော အနေအထားပါ။

''အင်း ... ရုပ်ရှင်ထဲကလို မြို့ ယ်မှူး နှစ်ကိုယ်ခွဲလို့ ရရင်တော့ အ ကောင်းသား ... အခုတော့ ...''

ထိုညက ကျွန်တော် တော်တော် င့် အိပ်မပျော်ခဲ့။ နယ်မြေအသစ်ကို တင်ရောက်ရှိခါစ အချိန်၊ စိန်ခေါ်မှု ကျပ်အတည်းကြားမှာ ကျွန်တော် ည်သို့ ရှန်းထွက်ရပါမည်နည်း။

ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များ ကျင့်သုံးလျက်ရှိသည့် 'မှုခင်းကျဆင်း ရေး မှုခင်းကြိုတင်ကာကွယ်ရေး လုပ် ငန်းများတွင် ''ယစ်မျိုးမှု''များ ဖမ်းဆီး အရေးယူခြင်းသည်လည်း အဓိက လုပ်ငန်းတစ်ရပ် ဖြစ်သည်။ **''အရက် သေစာ သောက်စားမူးယစ်ခြင်း သည် ဆူပူမှု၊ ရမ်းကားမှုနှင့် ရာဇ ဝတ်မှုတို့၏ အကြောင်းရင်းခံ တစ်ရပ် ဖြစ်သည်''**ဆိုသော သီအိုရီကို ကျွန် တော် လက်တွေ့ကျင့်သုံးကြည့်ဖို့ လို အပ်နေပြီလို့သာ ဆုံးဖြတ်ချက် ချလိုက် တော့သည်။

+++

ဆောင်းညဦး၏ ကောင်းကင်ပြာဒွ လပြည့်ဝန်းကြီးသည် ကြယ်ရံရွှေအ ပေါင်း ခြံရံလျက် အစွမ်းကုန် ထွန်းပ နေသော်လည်း နှင်းမှုန်ဇာလွှာက ပိတ် ဆီးကာရံထားလေသည်မို့ ငွေလရောင် မှိန်ပျပျလေးက လွှမ်းစရာပါ။ ရှေးခေတ် ဂီတစာဆိုကျော် 'မြဝတီမင်းကြီး ဦးစ' ၏ ပတ်ပျိုးတစ်ပုဒ်မှ 'လကိုမြင် ... ကြယ်စင်ဟုတ်ဘူး'ဆိုသော စာသား တစ်ပိုင်းတစ်စကို သတိရမိတော့သည်။ ညဦးငှက်ကလေးများ၏ တေးဖွဲ့သံတွေ ကလည်း တောတောင်သဘာဝနှင့် ညဦး အလှကို ပို၍ နက်ရှိုင်းစေသည်။

ကျွန်တော်တို့အဖွဲ့ လှည့်ကင်း တာဝန်ထမ်းဆောင်ရင်း ခေတ္တစခန်းချ ရာ ဝက်ပါတောင်ကြောပေါ်မှ လှမ်းမျှော် ကြည့်လိုက်လျှင် မြို့လယ်စေတီကြီး၏ ပွဲတော်ဈေးတန်းဆီမှ မီးရောင်များကို တွေ့မြင်နေရသည်။ ဘုရားကြီးကို အ ဝေးဆီမှ မှန်းဆကြည်ညိုရင်း ''နယ် မြေဒေသ အေးချမ်းသာယာရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ... ဘုရားတပည့်တော် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးစားဆောင်ရွက်လျက် ရှိ ပါသည် ... ဘုရား၊ ဤမှန်သော စကားသစ္စာ မှန်ကန်ပါက တပည့်တော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာ ဝန်များ အောင်မြင်မှုရပါစေသား''လို့ အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်မိသည်။

ကျွန်တော်တို့အဖွဲ့ လှည့်ကင်း ထွက်ခွာခြင်းမပြုမီ 'ဘုရားပွဲတော် ဈေးခင်းအတွင်း အရက်သေစာ လုံးဝ ရောင်းချခြင်း မပြုရန်၊ လျှို့ဝှက်ရောင်း ချပါက စုံစမ်းဖော်ထုတ်၍ ထိရောက် စွာ ဖမ်းဆီးအရေးယူရန် မြို့ပေါ်တွင် လည်း လိုင်စင်ရ အရက်ဆိုင်မှအပ အခြား အရက်ပုန်းဆိုင်များ ဖမ်းဆီး ရန်နှင့် ဒု-မြို့နယ်မှူးကိုယ်တိုင် ကြီး ကြပ်ရန်' မှာကြားခဲ့ပြီးမှ ယခုလို လှည့်ကင်း စတင်ထွက်ခွာလာခဲ့ခြင်း ဖြစ်ပါသည်။ ယခုအချိန်အထိတော့ ပွဲ တော်အတွင်း မှုခင်း ကြီးကြီးမားမား တစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိခဲ့ပေ။

ကျွန်တော်တို့အဖွဲ့ ခေတ္တစခန်း ချရာနေရာသည် တောင်ကြောပေါ်ဖြစ် သောကြောင့် ကြိုးမဲ့စကားပြောစက် ဆက်သွယ်မှု ကောင်းမွန်သည်။ နယ် မြေစိုးမိုးရေးအတွက် ဖြန့်ခွဲစေလွှတ် ထားသည့် လှည့်ကင်းအဖွဲ့များနှင့် လည်းကောင်း၊ ဘုရားကြီးပွဲတော် လုံ ခြုံရေး ရဲကင်းနှင့်လည်းကောင်း ဆက် သွယ်မှုမပြတ်ဘဲ ကွပ်ကဲနိုင်သည်။

ပွဲတော် လုံခြုံရေး ရဲကင်းသို့ နောက်ဆုံးအခြေအနေ တင်ပြစရာ ''ပွဲတော်အတွင်း အရက်သေစာ လုံးဝ ရောင်းချခွင့်မပြုသောကြောင့် မူးယစ် ရမ်းကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ လွန် စွာ နည်းပါးကြောင်း၊ ရဲကင်းအနေဖြင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နိုင် ပါကြောင်း''သတင်းပို့သဖြင့် နောက် ပိုင်းအတွက်တော့ စိတ်အေးရပြီ ဖြစ် သည်။ လက်ပတ်နာရီကို ကြည့်လိုက် တော့ ည ၁၂ နာရီသို့ ညွှန်ပြနေသည်။ ဤအချိန်သည် ပွဲသွား၊ ပွဲပြန်များ သွားလာမှု ရှင်းသွားပြီဖြစ်၍ တပ်ဖွဲ့ဝင် များ အနားယူအိပ်စက်ရန် ညွှန်ကြား လိုက်သည်။

ကျွန်တော်ကတော့ ကျောက် တောင်စွန်းတွင် ကျောပိုးအိတ်ကိုချပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းညဉ့်အလှကို ခဏတာ ငေးမောနေမိသည်။ ကျွန်တော်ထိုင်နေရာသို့ ရဲတပ်ကြပ်ကြီးအုန်းမော် ရောက်ရှိလာပြီး–

"ဗိုလ်ကြီး ... ခဏ အိပ်လိုက်ပါဦး၊ စိတ်ချလက်ချသာ အိပ်၊ ကျွန်တော် ... ကင်းစောင့်မယ်၊ ရဲဘော်တွေအားလုံးကိုလည်း အိပ်ခိုင်းထားပြီးပြီ"

ကျောက်ဆောင်ဆင်ခြေလျောတွင် မြေရာခင်းတစ်ထည်ကို ကျွန်တော် အိပ်ဖို့ ခင်းပေးထားတာ တွေ့ရသည်။ ၃ ရက်တိုင် တစ်ညလုံး လှုပ်ရှား၊ နေ့ပိုင်း ရိုးရာကျေးရွာဝင်အိပ်၊ ဆက်တိုက် တောတောင်၊ အတက်အဆင်း ခရီးနှင်ခဲ့ကြရလို့ အားလုံး ပင်ပန်းနေကြပြီ။ ဤသို့သော အခြေအနေတွင် မိမိလက်အောက်တပ်ဖွဲ့ဝင်တွေအပေါ်မှာကော မိမိအထက်အရာရှိ အပေါ်မှာပါ အနစ်နာခံ တတ်သော၊ ထောက်ထားငဲ့ညှာတတ်သော ရဲတပ်ကြပ်ကြီး အုန်းမော်ကို ကျွန်တော် လေးစားချစ်ခင်မိသည်။

"ဆရာကြီးလည်း ... ပင်ပန်းနေပြီ၊ သွားအိပ်လိုက်ပါ၊ ကိုယ်စောင့်လိုက်မယ်"

"ဟာ ... မဟုတ်တာ ဗိုလ်ကြီးရာ ... မြို့နယ်မှူးကို ကင်းစောင့်ခိုင်းရမယ်လို့ပဲ ရဲလက်စွဲမှာ မပါပါဘူး၊ ကျွန်တော် နေ့လယ်က အိပ်ထားလို့ မအိပ်ချင်ပါဘူး"

ဤသို့လည်း ရယ်ရယ်မောမော ပြောတတ်သူ ဖြစ်သည်။

"အေး ... ကိုယ်လည်း မအိပ်ချင်ဘူး၊ ထိုင် စကားပြောကြတာပေါ့"

ဤသို့ဖြင့် ကျွန်တော်နှင့် ဆရာ



အုန်းမော်တို့ ဘုရားကြီးပွဲတော် ကျင်းပပုံ၊ မြို့နယ်တစ်ခုလုံးမှ ပြည်သူများအားလုံးလိုလို ပွဲတော်သို့ လာရောက် နွှဲပျော်ကြပုံများကို စကားလက်ဆုံကျနေကြတော့သည်။

ထိုစဉ် ပဲ့တင်ရိုက်ခတ်ထွက်ပေါ်လာသည့် သေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။ ကျွန်တော်တို့ ရှိနေသည့် တောင်ကြော၏ မြောက်ဘက် ၄/၅ မိုင်ခန့်အကွာ အနိမ့်ပိုင်းဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

လှည့်ကင်းအဖွဲ့များ အားလုံးသို့ ကြိုးမဲ့စက်ဖြင့် ဆက်သွယ်ခေါ်ယူမှုများ ဆောင်ရွက်၍ တပ်ဖွဲ့ဝင်များကိုလည်း အသင့်ပြင်စေလိုက်သည်။ ခဏအကြာတွင် လှည့်ကင်းအဖွဲ့ အမှတ်(၃) ဒုရဲအုပ် ဇော်ဝင်းမောင်ဦးစီးအဖွဲ့မှ ကြိ စက်ဖြင့် သတင်းပို့သည်မှာ "သေန သံသည် 'မိုးဝေ့ရွာ'ဘက်မှ ထွက် လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့ ရွာသို့ သွားရောက်ရှင်းလင်းပြီး အ အနေ သတင်းပို့မည်ဖြစ်၍ အမိန့်န ပါကြောင်း"ဟူ၍ ဖြစ်သည်။

ကျွန်တော်က ၎င်းအဖွဲ့အား ဝေ့ရွာသို့ သွားရောက်ရှင်းလင်းရန် ကျွန်တော်တို့အဖွဲ့ တောင်ဘက်ပိုင် ရှင်းလင်းပြီး မိုးဝေ့ရွာထဲသို့ ဝင်လာ ဖြစ်ကြောင်း တပ်ချင်းမမှားရေးအတွ စက်ဆက်သွယ်မှု အမြဲ အသင့်ထာ ရန် ညွှန်ကြားပြီး နောက်ခရီးစ နှင်ခဲ့ကြသည်။

မိုးဝေ့ရွာသို့ ကျွန်တော်တို့ ရော တော့ နံနက် ၃ နာရီခန့်။ အခင်း နေရာတွင် ဒုရဲအုပ် ဇော်ဝင်းမော အဖွဲ့ ရောက်ရှိစစ်ဆေးနေတာ တွေ့ သည်။

"လူဆိုးတွေ ရွာထဲဝင် ဓာ တိုက်ပြီး ... အိမ်ရှင်ကို သေနတ် ပစ်သတ်သွားတာပါ၊ မြို့နယ်မှူးကြီ

လို့ သတင်းပို့သည်။

ဓားပြများ၏ မူလအကြံအစ က ပွဲသွားပွဲပြန်များကို လုယက်တို ခိုက်ဖို့ဖြစ်သော်လည်း လမ်းကြော များပေါ်၌ လှည့်ကင်းအဖွဲ့များ ရှားစိုးမိုးထားသဖြင့် မကြံသာသ အဆုံး ယခုကဲ့သို့ ရွာထဲဝင်၍ လွှန်သွားခဲ့ခြင်း ဖြစ်ဟန်တူသည်။ ရှင် ဦးစိုင်းအောက်က တစ်ရွာလုံ အောင် အချက်ပေး၍ ခုခံရန် ကြို စဉ် ဓားပြများက သေနတ်ဖြင့် သတ်ခဲ့ခြင်းဖြစ်ကြောင်း ထို့နောက်


www.burmeseclassic.com

သားများ ဝိုင်းလိုက်သဖြင့် ထွက်ပြေးသွားခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက် စုံစမ်းရာ ဓားပြအင်အား ၅ ယောက်ပါဝင်ပြီး ၎င်းတို့အားလုံး မျက်နှာကို အဝတ်စည်းထားကြကြောင်း၊ ပြောင်းရှည်သေနတ် ၂ လက်/ ၃ လက်နှင့် ဓားရှည်များ ကိုင်ဆောင်ထားကြကြောင်းနှင့် အရှေ့ဘက်တောင်ကြောပေါ်သို့ ဆုတ်ခွာသွားကြကြောင်း ထပ်မံ စုံစမ်းသိရှိရသည်။

သို့ဖြစ်၍ မိုးဝေ့ရွာ အရှေ့ဘက်တောင်ကြောအား ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး ရွာလူကြီးများ လိုက်ပါလျက် အဖွဲ့ငယ်များဖြင့် တပ်ဖြန့်ကာ တက်ရောက်ရှင်းလင်းကြရသည်။ ကျွန်တော်တို့အဖွဲ့ အတန်ကြာတက်ခဲ့ပြီးနောက် တောင်ယာတဲတစ်လုံး တွေ့ရသည်။

''အားဝ''ဆိုသူ၏ တောင်ယာတဲ ဖြစ်ကြောင်း ရွာလူကြီးက ပြောပြသည်။ ၎င်းတဲအား ဝင်ရောက်စစ်ဆေးရာ အားဝတို့ လင်မယားနှစ်ယောက်သာမက 'ဖော်ဦး'ဆိုသူ မြို့ပေါ်မှ ညွှသည်တစ်ဦး ရောက်ရှိနေသည်ကိုပါ တွေ့ရှိရသည်။ ဖော်ဦးက ၎င်း၏ မိဘများနှင့် စိတ်ဆိုးပြီး အိမ်မှဆင်းလာခဲ့ရာ နေစရာမရှိ၍ ယခင်က ခင်မင်ခဲ့သော အားဝထံ လာရောက်နေထိုင်ခြင်းဖြစ်ကြောင်း ပြောသည်။

အားဝနှင့် ဖော်ဦးတို့ ၂ ယောက်စလုံး၏မျက်နှာတွင် ချွေးများ စို့နေကြသည့်အပြင် သမန်းမြက်ရိုင်းများ ရှထားသည့်အရာများ တွေ့ရသည်။ ပို၍ သေချာစေရန်အတွက် တပ်ကြပ်ကြီး အုန်းမော်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရင်း–

''သမန်းတောကိုဖြတ်ပြီး .. ပြေးတက်လာကြတာကိုး''

မိုးဝေ့ရွာ၏ အရှေ့ဘက် တောင်ကြောအတက်တွင် သမန်းမြက်ရိုင်းတောကြီးက ပိတ်ဆီးကာရံနေသည်။ တောင်ကြောကို တက်ရန်အတွက် သမန်းတောကို ရှောင်ကွင်း၍ တက်ကြရသည်။

အားဝက အေးအေးဆေးဆေးပင်–

''ဟုတ်တယ်လေ ... ကျုပ်တို့ သမန်းတောကို ဖြတ်တက်ခဲ့တယ်''

''ရွာထဲက ပြန်လာတာပေါ့''

''မဆိုင်ပါဘူး ... ကျုပ်တို့က နွားပျောက်လို့ လိုက်ရှာတာ''

''တွေ့ပြီလား''

''ဟိုမှာလေ''

ချည်တိုင်တွင် ချည်ထားသော နွားတစ်ကောင်ကို အားဝက လက်ညှိုးထိုးပြသည်။

''နွားက ... အေးအေးဆေးဆေးပါလား''

''အင်း ... နွားက ဘယ်မောမလဲ၊ ကျုပ်တို့ကသာ ဆင်းလိုက်တက်လိုက်နဲ့ ရှာရလို့ ချွေးပြန်တာ''

ရဲတပ်ကြပ်ကြီးအုန်းမော်က သူ့မေးခွန်းတွေကို အားဝက ပညာသားပါပါ လှီးလွှဲရှောင်ကွင်းဖြေဆိုနေတာကို သဘောပေါက်သွားသဖြင့် အသံမာမာဖြင့် မေးလိုက်ပြန်သည်။

''ကိုင်း ... ဒါဆိုရင် .. သေနတ်သံ ဘယ်က ထွက်လာတာလဲကွာ''

အားဝကတော့ ခပ်အေးအေး မှင်သေသေဖြင့်–

''သေနတ်သံက ... ရွာထဲဘက်က ထင်တယ်၊ အဲဒီအချိန် ... ကျုပ်တို့က သမန်းတောထဲမှာ နွားရှာနေတုန်း''

ရဲတပ်ကြပ်ကြီးအုန်းမော်နှင့်အဖွဲ့ စစ်မေးနေစဉ် မသင်္ကာတရားခံတို့၏ မျက်နှာများကို ကျွန်တော် အကဲခတ်လေ့လာနေခဲ့သည်။ မရိုးသားမှု လိမ်လည်ကောက်ကျစ်မှုများ သူတို့၏ မျက်လုံးတွေမှာ အထင်းသား တွေ့နေရသည်။ သို့ဖြစ်၍ ခိုင်မာသော အထောက်အထား တစ်စုံတစ်ရာဖြင့် ၎င်းတို့ကို မငြင်းသာအောင် ထုတ်နှောင်ရန်အတွက် ကျွန်တော်က တည်တည့် မေးလိုက်သည်။

---

**တောင်ကုန်းတွေပေါ်ရောက်လို့ ဘုရားကြီးကို ဖူးမြော်လို့ရတဲ့အခါတိုင်း ဦးချကန်တော့ရင်း**
**''ဤရပ်ရွာဒေသရဲ့ အေးချမ်းသာယာရေးအတွက်**
**ဘုရားတပည့်တော်ဆောင်ရွက်နေတဲ့လုပ်ငန်းတာဝန်တွေ အောင်မြင်ရပါလို၏ဘုရား'' လို့**
**ဆုတောင်းဖြစ်ခဲ့တယ်။ အဲဒီတော့ ...**



www.burmeseclassic.com

www.burmeseclassic.com


"အားဝ ...မင့် သေနတ် ဘယ်မှာလဲ"

"တောက်တီးတောက်တဲ့ ဗိုလ်လုံ ရယ် ...ကျုပ်မှာ ..ဘယ်တုန်းကမှ သေနတ်မရှိခဲ့ပါဘူး၊ ကိုင်လည်း .. မကိုင်တတ်ပါဘူး"

"ကိုင်း ...ဒါဆိုရင် ...ဖော်ဦး ပြောစမ်းကွာ"

"ကျွန်တော်လည်း ...သေနတ် မကိုင်ဘူးပါဘူး၊ ပစ်လည်း ...မပစ် တတ်ပါဘူး"

"အေး ...မင်းတို့ အဖြေ .. မင်းတို့ မှတ်ထားနော်"

ထို့နောက် ရဲတပ်ကြပ်ကြီးအုန်း မော်နှင့် ရွာလူကြီးတို့အား အားဝနှင့် ဖော်ဦးတို့၏ လက်တွေကို နမ်းခိုင်းလိုက်သည်။

ရဲတပ်ကြပ်ကြီး အုန်းမော်နှင့် ရွာလူကြီးတို့မှ ချက်ချင်းပင် တူညီသော အဖြေကို ပေးကြသည်။ မည်သို့မျှ ဖုံးကွယ်မရနိုင်သည့် အထောက်အထားတစ်ခုကို ဖော်ထုတ်ရရှိနိုင်ခဲ့လေပြီ။ **"ဖော်ဦး၏လက်မှာ ယမ်းခိုးယမ်းငွေ့နံ့များ စွဲကျန်နေသည်ကို တွေ့ရှိရသည်"**ဟူသော အချက်ပင်တည်း။

"ကိုင်း ...ဖော်ဦး၊ မင်းပြောတော့ ...သေနတ်မကိုင်ဖူးဘူး၊ မပစ်တတ်ဘူးဆို ...အခု ..မင်းလက်မှာ စွဲကပ်နေတဲ့ ယမ်းခိုးယမ်းငွေ့တွေက မကြာသေးခင် ကာလအတွင်းမှာ မင်း သေနတ် ပစ်ဖောက်ခဲ့တယ်ဆိုတာ .. အခိုင်အမာ ပြောနေပြီ၊ ဘာမှ ငြင်းမနေနဲ့တော့ ...မင်းပစ်ခဲ့တဲ့ အဲဒီ သေနတ် ဘယ်မှာလဲ"

လို့ ကျွန်တော် မေးလိုက်တော့ ဖော်ဦး ခေတ္တမျှ ငိုင်ကျသွားပြီး မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။ ဖော်ဦးက မျက်ရည်တို့ကို သူ့လက်ဖဝါးဖြင့် သုတ်မည် ဟန်ပြင်လိုက်စဉ် ရဲတပ်ကြပ်ကြီး အုန်းမော်က ဖော်ဦးလက်ကို ဖမ်းကိုင်လိုက်ရင်း–

"ဟ ...ကောင်ရ ..လက်ကို ငြိမ်ငြိမ်ထားစမ်း၊ မင်းမျက်ရည်ကို ငါ သုတ်ပေးပါ့မယ်၊ မင်းလက်က ... ယမ်းခိုးယမ်းငွေ့တွေက တန်ဖိုးဖြတ်လို့ မရဘူးကွ၊ အဲဒါကို ...ဖယောင်းလက်အိတ်လုပ်ပြီး ယူရမှာ ...ပြီးရင် .. စီအိုင်ဒီပို့ရမှာ ...ဒါကြောင့် ..ငြိမ်ငြိမ်လေးနေပါ ...ဆရာရယ်၊ လိုအပ်တာ ..ကျွန်တော့်ကို ..ပြော ..အာရန် လုပ်ပေးမယ်"

ဟာသလေးနှော၍ ရဲတပ်ကြပ်ကြီးအုန်းမော် ပြောလိုက်ပုံကို ကျွန်တော် သဘောကျမိသည်။ မည်မျှပင် ခက်ခဲပင်ပန်းပါစေ။ တာဝန်များကို ပျော်ပျော်ရွှင်ရွှင် ထမ်းဆောင်တတ်သည့်သဘောကို ပြသနေခြင်းပါ။

ရဲတပ်ကြပ်ကြီးအုန်းမော်က ဖော်ဦးကို မျက်ရည်သုတ်ပေးရင်း–

"သေနတ် ဘယ်မှာလဲ ..ပြောဦးလေကွာ"

"သေနတ်က အားဝကို မေးပါ"

ဖော်ဦးပြောသည်ကို အားဝ မသဲမကွဲ ကြားလိုက်ပုံရသည်။ ပျာပျာသလဲဖြင့် ပြန်ပြောသည်။

"ဘာ ...သေနတ်က အားဝဟာလဲကွ၊ ဟေ့ကောင် ...ဖော်ဦး .. မင်း မဟုတ်တာမပြောနဲ့၊ မင်းနဲ့ အောင်ကြီး သေနတ် တစ်လက်စီ ယူလာခဲ့တာလေကွာ ..မင်း ..သေနတ်ကို မင်းပဲ ဖွက်ခိုင်းလို့ ငါ သွားဖွက်[...] ပေးရတာပဲ"

ထိုသို့ဖြင့် အားဝက တူးမီးသေ[...] နတ်ဖွက်ထားရာ သမန်းမြက်နှင့် [...] ပင်များ ထူထပ်စွာ ပေါက်ရောက်[...] သည့် လျှိုထဲသို့ လိုက်လံပြသ ဖော်[...] ထုတ်ပေးသောကြောင့် ရှာဖွေပုံစံဖြ[...] စနစ်တကျ သိမ်းဆည်းခဲ့သည်။

ထို့နောက် ဓားပြတရား[...] အောင်ကြီးကိုလည်း မိုးဝေ့ရွာထဲမှာပ[...] ရွာခံ စိုးသန်း၏နေအိမ်တွင် ပုန်[...] အောင်းနေသည်ကို တူးမီးသေနတ်တ[...] လက်နှင့်အတူ ရှာဖွေတွေ့ရှိ ဖမ်းဆီ[...] နိုင်ခဲ့သည်။ ၎င်းတို့၏ အစစ်ခံထွက်[...] ချက်များအရ ဓားပြခေါင်းဆော[...] အောင်ထူးကိုပါ ဖမ်းဆီးရမိခဲ့ပြီး အ[...] အား ခိုင်မာစွာ တရားစွဲတင်ပို့ရေး [...] စဉ်ဆောင်ရွက်နိုင်ခဲ့သည်။

ဤသို့ဖြင့် တောင်ပေါ်မြို့လေး[...] ပွဲဦးထွက်ဓားပြမှုကို ကျွန်တော်တို့အဖွဲ့[...] အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သလို မြို့[...] လယ်စေတီကြီး ဗုဒ္ဓပူဇနီယပွဲတော်[...] ကာလကိုလည်း အဆင်ပြေစွာ လွ[...] မြောက်ဖြတ်သန်းနိုင်ခဲ့ပါတော့သည်။

+++

နောက် တစ်လခန့်အကြာ[...] တောင်ပေါ်မြို့လေးမှ မန္တလေးဘက်သို့[...] 'တိုယိုတာဗင်'အမျိုးအစား ကိုယ်ပိုင်[...] ယာဉ်တစ်စီး ခပ်မှန်မှန်လေး မောင်းနှင်[...] နေပါသည်။ မောင်းနှင်သူမှာ မြို့လယ်[...] ဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးထွန်းရွှေ[...] ဖြစ်ပြီး ဘေးခုံတွင် ကျွန်တော်စီးနင်း[...] လိုက်ပါလာခဲ့ပါသည်။ ကျွန်တော်တို့[...] မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ အ[...] စည်းအဝေးတက်ရောက်ဖို့ရေး ခရီး[...]


www.burmeseclassic.com

www.burmeseclassic.com



သွားရန် စီစဉ်နေစဉ် ဦးထွန်းရွှေလည်း ္တလေးသို့ သွားဖို့အကြောင်း တိုက် ဆိုင်နေသဖြင့် ၎င်း၏ဖိတ်ကြားချက် အရ ကျွန်တော် ခရီးကြုံလိုက်ပါလာ ခြင်း ဖြစ်ပါသည်။

ဦးထွန်းရွှေက တောင်ဆင်း တောင်တက် အကွေ့အကောက်များကို ကျင်လည်စွာ မောင်းနှင်ရင်း–

"မြို့နယ်မှူးကြီး ... မိုးဝေ့ရွာ ားပြမှုက တရားခံတွေ ထောင်ဒဏ်ချ ိုက်ပြီလို့ ကြားတယ် ... ဟုတ်လား ျ"

"အင်း ... ဟုတ်တယ် ဦးထွန်း ရွှေရေ ... ပြစ်မှုကျူးလွန်ရင်တော့ ိုက်သင့်တဲ့ ပြစ်ဒဏ်ဆိုတာလည်း ခံ ကြရစမြဲပဲလေဗျာ"

"ဩော် ... ဒါနဲ့ ... ကျွန်တော် ရမ်းသိချင်နေတာ ... တစ်ခု မေးရ ီးမယ်"

"တစ်ခုမက ... မေးစမ်းပါဗျာ၊ ိုးသွားရင်း ... ပြောစရာ စကား တော့ အမျင်းပြေတာပေါ့"

"ဒီလိုပါ ... အဲဒီအမှုမှာ ဓားပြ တွက သူတို့ကို တွေ့တွေ့ချင်း မ က်ာတော့ 'မဟုတ်ဘူး'လို့ ငြင်းသေး ယ် ဆို၊ ဒါပေမဲ့ ... ဆရာကြီး ဦး န်းမော်က ဓားပြတွေ လက်ကို နမ်း ြည့်တော့ ယမ်းနံ့တွေရလို့ အမှုကို ော်ထုတ်နိုင်ခဲ့တာလို့ သိရတယ်"

"ဟုတ်တယ်လေဗျာ"

"ကျွန်တော် သိချင်တာက ... ဒါ .. ဘယ်လိုကြောင့်လဲ၊ သေနတ် တိုင်း အဲဒီလို ... ယမ်းခိုးတွေ စွဲ န်တာမျိုး ရှိသလား"

"ဒါက ... လက်နက်ခဲယမ်းမီး

"အရက်ဟာ ဆူပူရမ်းကားမှုနဲ့ ရာဇဝတ်မှုတွေရဲ့ အကြောင်းရင်းခံတစ်ရပ် ဖြစ်တယ်" ဆိုတဲ့ သီအိုရီအရ ...



ကျောက်ပညာရဲ့ စစ်ဆေးတွေ့ရှိချက် အရ ဖော်ထုတ်ခဲ့တာလေ၊ သေနတ်ပစ် သူတိုင်းရဲ့လက်မှာ ... ယမ်းငွေ့တွေ ကပ်ငြိ ကျန်ရစ်နိုင်တယ်ဆိုတဲ့ အချက် ပါပဲ"

"တူမီးသေနတ်မို့လို့လားဗျ"

"မဟုတ်ဘူး ဦးထွန်းရွှေရေ ... ဘယ်သေနတ်အမျိုးအစားမဆို ပစ် ဖောက်ပြီးရင် .. ပစ်ဖောက်တဲ့လူရဲ့ လက်မှာ ယမ်းခိုးယမ်းငွေ့တွေ စွဲကပ် ကျန်ရစ်လေ့ရှိတာပဲ၊ သေနတ်တစ် လက်ကို ပစ်ဖောက်လိုက်တဲ့အခါ တိုင်း ... နောက်ကို ကျန်တဲ့အရှိန် ကြောင့် ရှိသမျှ ထွက်ပေါက်တွေက နေ ယမ်းငွေ့တချို့က ... ကန်ထွက် လာတဲ့သဘော ရှိတာကိုး၊ အဲ ... သေနတ်အမျိုးအစားအလိုက် အနည်း အများတော့ ကွာခြားမှု ရှိတာပေါ့ဗျာ"

"ဒီအမှုက သေနတ်ကကော"

"ဒီဓားပြမှုက သေနတ်ကတော့ တူမီးသေနတ်လေ ... တူမီးသေနတ် က ... ပြောင်းရင်းထဲကို ခန့်မှန်းခြေ ပမာဏ အတိအကျမဟုတ်တဲ့ ယမ်း ကိုထည့်ပြီး ထောင်းထားတဲ့ သေ နတ်ဆိုတော့ ပစ်ခတ်တဲ့လူဆိုးလက် မှာ ယမ်းငွေ့တွေ ပိုပြီး များများ ကပ်ငြိ ကျန်ရစ်နိုင်တာပေါ့ဗျာ"

"တော်သေးတာပေါ့ ... အဝတ် နဲ့ သုတ်ပစ်၊ ပွတ်ပစ်ရင်တော့ ယမ်းငွေ့ တွေ ပျောက်မသွားဘူးလား"

"အလွယ်တကူတော့ မပျောက် ပျက်နိုင်ဘူး၊ သေနတ်ပစ်ပြီးပြီးချင်း ရေ နဲ့ သေသေချာချာ ဆေးကြောလိုက်ရင် တော့ ပျောက်ပျက်သွားနိုင်တာပေါ့"

"အခုဟာက ... ရေမဆေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခင် မြို့နယ်မှူးကြီးတို့အဖွဲ့က လက်ဦး သွားတဲ့ သဘောပေါ့၊ အဲဒါ ...ကံ ကောင်းတာပဲနော်''

''ဦးထွန်းရွှေရေ ...ကျွန်တော် ကတော့ ကံကောင်းတယ်ဆိုတာထက် မြို့လယ်စေတီကြီးရဲ့ ...တန်ခိုးတော် ကြောင့်လို့သာ ဆိုလိုက်ချင်တယ်ဗျာ''

''ဘယ်လိုကြောင့်တုန်းဗျ''

''ကျွန်တော် ...ဒီမြို့နယ် ရောက်ရောက်ချင်း မြို့လယ်စေတီကြီး ကို အရင်ဦးဆုံး ဝင်ဖူးပြီး ဒီဒေသရဲ့ အေးချမ်းသာယာရေး တာဝန်တွေ အောင်မြင်စွာ ထမ်းဆောင်ရပါလို၏လို့ ဆုတောင်းခဲ့တယ်။ နောက်ပြီး လှည့် ကင်းတာဝန်ထမ်းဆောင်ရင်း အဲဒီ တောင်ကြောတွေ ...တောင်ကုန်းတွေ ပေါ်ရောက်လို့ ဘုရားကြီးကို ဖူးမြော် လို့ရတဲ့အခါတိုင်း ဦးချကန်တော့ရင်း 'ဤရပ်ရွာဒေသရဲ့ အေးချမ်းသာယာ ရေးအတွက် ...ဘုရားတပည့်တော် ဆောင်ရွက်နေတဲ့လုပ်ငန်းတာဝန်တွေ အောင်မြင်ရပါလို၏ဘုရား''လို့ ဆု တောင်းဖြစ်ခဲ့တယ်။ အဲဒီတော့ ... ကျွန်တော့်စိတ်ထဲမှာလည်း အလိုလိုနေ ရင်း ..ငါ့ရပ်ရွာဒေသအကျိုး ကြိုးစား ဆောင်ရွက်သမျှ လုပ်ငန်းတာဝန်တွေ မလွဲမသွေ အဆင်ပြေအောင်မြင်မှာပဲ လို့ ခိုင်ခိုင်မာမာ ယုံကြည်နေမိတယ်ဗျ။ ဝေလ်ပါဝင် Will Power ခေါ်တဲ့ စိတ် စွမ်းအားတွေ ပြည့်ဝထက်မြက်လာတဲ့ သဘောပေါ့ဗျာ''

''ကောင်းပါလေ့ ...သာဓုခေါ် ပါတယ်ဗျာ၊ အဲ ...နေဦးဗျ၊ မြို့နယ် မှူးကြီး ...နောက်ထပ် သာဓုခေါ်စရာ တစ်ခု ကျန်သေးသဗျ''

''ဘာများပါလိမ့်ဗျာ''

''ဒီနှစ် ...ကျွန်တော်တို့ မြို့ လယ်စေတီတော်ကြီးရဲ့ ဘုရားပွဲတော် မှာ အရက်သေစာရောင်းချတာ လုံးဝ မရှိအောင် မြို့နယ်မှူးကြီး စီမံ ဆောင် ရွက်ပေးခဲ့တာကြောင့် ခါတိုင်းနှစ်တွေ နဲ့မတူဘဲ ...ဘုရားပွဲတော်ဟာ အ လွန်ကို အေးချမ်းသာယာလှပါတယ် ဗျာ''

''ကျွန်တော်လည်း ...ဘုရားပွဲ တော် ကာလအတွင်း နယ်မြေထဲကို လှည့်ကင်းထွက်ရမှာဆိုတော့ ... နောက်ပိုင်းအတွက် စိတ်အေးရအောင် 'အရက်ဟာ ဆူပူရမ်းကားမှုနဲ့ ရာဇ ဝတ်မှုတွေရဲ့ အကြောင်းရင်းခံတစ်ရပ် ဖြစ်တယ်'ဆိုတဲ့ သီအိုရီအရ ကြိုတင် ကာကွယ် ဆောင်ရွက်ပေးခဲ့တာပါ''

''အဲဒါ ပြောတာပေါ့၊ အရင့်အ ရင်နှစ်တွေတုန်းက ပွဲခင်းထဲမှာတင် အရက်တွေ ..ဘီယာတွေ သောက် ကြ စားကြနဲ့၊ ပြီးရင် ...ရန်ပွဲတွေ မူးရစ်တာတွေဆိုတာ မနည်းမနောပဲ၊ ပွဲတော်ရဲကင်း ယာယီအချုပ်ခန်းနဲ့ မဆန့်လို့ ရဲစခန်းကို အချုပ်ကားနဲ့ တစ် ညနှစ်ခေါက် သုံးခေါက်ပို့နေရတာ၊ ဒီနှစ်ကတော့ ..အေးချမ်းလှပါဘိဗျာ၊ အပြင်က သောက်လာပြီး ပွဲခင်းထဲမှာ စကားများ ရန်ဖြစ်တာ အနည်းအ ကျဉ်းကလွဲလို့ ကြီးကြီးမားမား မူးယစ် ရမ်းကားမှုတောင် မရှိသလောက်ပါပဲ''

''ဩော် ...ဟုတ်လား''

''သိပ်ဟုတ်တာပေါ့ ...မြို့နယ် မှူးကြီးရယ်၊ ရှင်းရှင်းပြောရရင် အရင် နှစ်တွေတုန်းက ပွဲဈေးတန်းကို မောင်နဲ့ နှမ၊ သားနဲ့အတူ မလျှောက်ရဲကြဘူး၊ လူငယ်ကာလသားတိုင်းလိုလို အရ[...] သောက်ထားကြတာ မဟုတ်လား၊ [...] ရူးပြီး ပြောင်ပြောင်တင်းတင်း ဆွဲလ[...] ရမ်းလားတွေလုပ်ကြရင် ရန်ပွဲတွေ ..[...] ခားထိုးမှုတွေ ဖြစ်ကြတော့တာပဲလေ[...] ဒီနှစ်တော့ ...ဒါမျိုးတွေ လုံးဝ က[...] တယ်ဗျို့၊ ကျွန်တော်တောင် ...ပထ[...] တစ်ညနှစ်ညလောက် အခြေအ[...] ကြည့်လိုက်တော့ သဘောပေါက်သွ[...] ပြီး ...နောက်ပိုင်း ညတွေ အိမ်ရှ[...] နဲ့ သမီးတွေပါခေါ်ပြီး ပွဲဈေးတ[...] လျှောက်ရတာ ...ကြည်နူးစရာပါ[...] ကျွန်တော့်ဇနီးကဆို 'အခုမှပဲ ဘုရ[...] နဲ့တူတော့တယ်'တဲ့၊ မြို့လူထုအား[...] ကလည်း ...မြို့နယ်မှူးကြီးကို အ[...] ပဲ ...ကျေးဇူးတင်ကြလေရဲ့''

ကျွန်တော် ကြည်နူးဝမ်းသာ[...] သာဓုခေါ်လိုက်မိပါသည်။ တစ်ဆ[...] တည်းမှာပင် တောင်ပေါ်မြို့လေး၏ '[...] လယ်စေတီတော်ကြီး'အား စိတ်[...] မှန်းဆ ဦးချကန်တော့လိုက်မိပါ[...] သည်။

ကြည်[...]



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု

ကျွန်တော် ပင်စင်ယူပြီးကတည်း
ာ စာရေးစာဖတ်တဲ့အလုပ်ကလွဲပြီး
ာစီးပွားရေးမှ မလုပ်တော့ဘူး။ သမီး
တွေကလည်း မလုပ်စေချင်ကြတော့
ကြေမှာ စိုပြည်သွားတာပေါ့လေ။ စာ
တ်ဖို့အတွက် နေ့စဉ်သတင်းစာတစ်
စောင်နဲ့ အပတ်စဉ်ဂျာနယ်လေးစောင်
ယ်ပေးထားတော့ ရိက္ခာက အပြည့်ပါ
 သည့်ကြားထဲမှာ မိတ်ဆွေအယ်ဒီတာ
တစ်ဦးကလည်း မဂ္ဂဇင်း၊ ဂျာနယ်နဲ့
ရေးတဲ့စာအုပ်မျိုးစုံကို လူကြုံတိုင်း
ည့်ပေးနေတော့ စာပေရိက္ခာက ကျိ
ည့်ကျိလျှံ။

အဟောတဝချမ်းသာလေစွ။

"တစ်နေ့တစ်နေ့ ဖတ်လိုက်တဲ့
ာအုပ်၊ ဖတ်လိုက်တဲ့ဂျာနယ်၊ ပြီးရင်
ာယ်တော့မှ နေရာတကျပြန်မထား
ူး။ ရှင်ဟာ အသက်ကြီးလေ ပျက်စီး
လေပဲ"

ချမ်းသာလေစွဆိုတဲ့ အဟောဝ
ာသုခလေး ကျွန်တော့်မဟေသီဘွား
အကြီးရဲ့ နှာကစ်မှုန်တိုင်းမှာ,လွင့်ပါ
ပျောက်ရှသွားပါပကော။ ဟုတ်တော့
ည်းဟုတ်တယ်နော်။ ကျွန်တော်ဖွ
ထားသမျှ သူက ဒိုင်ခံသိမ်းပေးနေရ
ာကိုး။

ဒီနေ့မနက်ရောက်လာတဲ့သတင်း
ာဖတ်နေတုန်း အထုပ်တစ်ထုပ်ကို
ိုက်ကားပေါ်တင်လို့ သူ ဈေးထွက်
ွားတာ မြင်လိုက်တယ်။ သိနေတယ်။
လိုပဲ အိမ်မှာရှိတဲ့ အစုတ်ပလုတ်တွေ
ကို ရီဆိုင်ကယ်လုပ်ဖို့ ယူသွားတာ။ ရေ
သန့်ဘူးခွံ၊ အချိုရည်ဘူးခွံ၊ ပုလင်းခွံ
တွေ အလှည့်ကျ သူမကြာခဏလုပ်နေ
ကျ။

သတင်းစာထဲမှာ အကယ်ဒမီ
များရှင် မင်းသမီးကြီးတစ်ဦးရဲ့ ငွေကြေး
အမြောက်အမြားကိစ္စ သတင်းစာရှင်း
လင်းပွဲ သတင်းမှာတွေ့လိုက်ရတယ်။
ပွင့်လင်းမြင်သာခေတ်မို့ထင်ရဲ့၊ သတင်း
စာရှင်းလင်းပွဲတွေက မှိုလိုပေါက်လို့။
အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ၊ အသင်း
အဖွဲ့၊ NGO၊ ပုဂ္ဂလိကတွေပါမကျန်
သတင်းစာရှင်းလင်းပွဲလုပ်လာကြတာ
တွေ့ရတယ်။ ရှင်းလိုက်မှ ရှုပ်မသွားကြ
ပါစေနဲ့။ ဘယ်လောက်ကြာအောင်
အတွေးနက်နေမိသလဲမသိ။ ဈေးမှ
ဘွားအေကြီး ပြန်ရောက်လာတယ်။
ဦးဦးဖျားဖျားသတင်းလေးမို့ ..

"ဘွားအေကြီးရေ . မင်းပြောတဲ့
ဟိုမင်းသမီးကြီးက သတင်းစာရှင်းလင်း
ပွဲလုပ်ပြီကွ။ သူ့ငွေတွေ ပြန်ရတော့
မယ်ထင်တယ်"

ကျွန်တော့် နှုတ်ဆက်စကားကို
ဆိုက်ကားပေါ်ကဆင်းရင်း သူပြန်ပြော
လိုက်တဲ့စကားက ..


"သူ့သတင်းစာရှင်းလင်းပွဲ ငွေ
တွေပြန်ရမရတော့မသိဘူး။ ကျုပ်
သတင်းစာရှင်းလင်းပွဲကတော့ တစ်
ပိဿာ ခုနစ်ဆယ်နဲ့ပွဲသိမ်းခဲ့သတော့"
တဲ့။

သည်တစ်ခါအလှည့်ကျသွားတာ
က သတင်းစာအဟောင်းတွေပဲဆိုတာ။

ခက်လှိုင်းကျော်

## အလှည့်

ခက်လှိုင်းကျော်





www.burmeseclassic.com

# ခင်မောင်မြင့် (ရွှေဆယ်မြေ)

# ရာဇဝတ်ဒဏ်သင့်ခံရရှာသည့် ရက္ခသတ္တဝါများ



နွေနေမင်း၏ အပူရှိန်ပြင်းပြင်းကို အံတုလျက် ကိုတင်ဝင်းလှိုင် နောက်ဖေးခြံဝင်းထဲသို့ ထွက်ခဲ့မိ၏။ သစ်ပင်ကြီးများ ကျဲပါးမှုကြောင့် ဝေ့ဝဲစိုက်ခတ်လာသော လေပူငွေ့၏ အထိအတွေ့ကို ခံစားရသည်။ ကိုတင်ဝင်းလှိုင်၏ မျက်ဝန်းအိမ်ကင်မရာ၌ ပုံရိပ်ထင်လာသော ပန်းအိုးများက အစီအရီ။

ရွက်လှပန်းပင်များနှင့် အလှစိုက်ပန်းပင်မျိုးစုံတို့သည် စွတ်စိုလန်းဆန်းခြင်းဖြင့် မိုင်ပေါင်းများစွာ ဝေးကွာသွားသည်။ ယခင်နေ့ရက်များက နံနက်စောစောအိပ်ရာထ၊ မျက်နှာသစ်ပြီးသည်နှင့် ပေ ၆၀၊ ပေ ၈၀ ခြံမြေကွက်အတွင်းက သစ်ပင်ကြီးငယ်များကို ရေလောင်းခြင်းကိစ္စအားလုံး ကိုတင်ဝင်းလှိုင်ပြုလုပ်နေကျဖြစ်သည်။ နှလုံးရောဂါနှင့် ရာသီကာလများစွာ မိတ်ဆွေဖြစ်နေသော ဇနီးသည်၏ မောပန်းခြင်းကို ကြင်နာအငွေ့အသက်ပြုခြင်းဟု ကိုတင်ဝင်းလှိုင် ခံယူထား၏။ တစ်နေ့ နှစ်ကြိမ်ရေလောင်းခြင်းကြောင့်လည်း ခြံထဲမှ စိမ်းစိုလန်းဆန်းသော သစ်ပင်ကြီးငယ်တို့သည် နွေရာသီကို စိန်ခေါ်ဝံ့ခဲ့ချေသည်။

"မောင် .. သစ်ပင်တွေရေလောင်းတာ ဖြည်းဖြ
ပက်ရတယ်ရှင့်၊ ဆူးပုပ်ပင်တွေ၊ ကင်ပွန်းချဉ်ပင်တွေ
အပင်ရင်းမှာ မြေဆွထားတာ တွေ့တယ်မဟုတ်လား။ သူ
ဘာလုပ်ထားမှန်းလည်း မသိဘူး"

ကျောင်းဆရာမပီပီ ပြောလိုက်သောဇနီးသည်
လေသံက နောက်ဆုံးပေါ်မုန်တိုင်းသက် ပြင်းထန်သ
ကြင်နာတိုးညှင်းသော လေသံမဟုတ်။ ကိုတင်ဝင်းလှိုင
ဒေါသပေါက်ကွဲမှုက ရေပုံးလေးဆီသို့ ရောက်သွားသ
ရေလောင်းပြီးသော ရေပုံးလွတ်လေးမှာ ခြံထောင့်သို့ က
ပေါက်ရောက်ရှိသွားသည်။ ဇနီးသည်အနား၌ ထိုင်နေသေ
ယောက္ခမကြီး၏ တရားလိုရှေ့နေ မျက်နှာသွင်ပြင်ကြေ
ကိုတင်ဝင်းလှိုင် ဒေါသကို သော့ခတ်သိမ်းဆည်းလိုက်ရ

ထိုနေ့မှစ၍ ကိုတင်ဝင်းလှိုင် ခြံဝင်းအတွင်းရှိ သစ်
များကို ရေမလောင်းတော့။ ယနေ့ပါနှင့်ဆိုလျှင် ကိုတင်
လှိုင် ခြံထဲမရောက်သည်မှာ ငါးရက်ရှိပြီ။ ယနေ့မှ ခြံဝင်းထ
သစ်ပင်များကို လှေ့လာကြည့်မိသည်။ အပူရှိန်ကို မခံ
နိုင်သဖြင့် အပင်တချို့ သေကုန်ပြီ။ သစ်ပင်ကြီးများလ
ညှိုးနွမ်းလျက်။

ဇနီးမောင်နှံနှစ်ဦး၏ ဒေါသစစ်ပွဲပစ်ခတ်သံများက
အပြစ်မဲ့သစ်ပင်များကို ထိမှန်သွားခဲ့သည်ဟုဆို
လျှင် ..။

ခင်မောင်မြင့်(ရွှေဆယ်

(က)

ဥတုရာသီက အံ့ဆိုင်းဆိုင်း၊ မိုး းမှိုင်းနေတဲ့ ဝန်းကျင်၊ အဝေးက ာရိပ်တောင်ရိပ်တွေရဲ့အဆုံး၊ မြူ င်းတချို့ရဲ့ အငွေ့အသက်ကို ခံစားမိ ည်။ နဘဲပင်တို့ရဲ့ အလှဆုံးဥတု သီ နိုဝင်ဘာအကုန်၊ ဒီဇင်ဘာလ န်း နဘဲပင်တွေရဲ့ ဝါတချို့၊ ညို ချို့၊ ကြွေတစ်ဝက်၊ အပင်ထက်မှာ စ်ဝက်၊ ဆောင်းဦးရွက်ကြွေမှ မေ ယ်(လ်) (Maple) ရွက်ကလေးများကို တိရမိသည်။ အခုလို အပူပိုင်းဒေသ ့ အလှဆုံးရှုခင်းကို အသက်ဝင်စေ ဲ့ နဘဲပင်ကလေးတွေ သန်းပင်၊ ာတ်ပင်တွေရဲ့ မြူခင်းအလှတွေ ..။

(ခ)

အလုပ်ခွင်မှ နားနေဆောင်က လးထဲသို့ မြောက်ပြန်လေတစ်ချက် ့တိုက်လိုက်သည်။ ဖီးကလိုင်းပင်မှ သီးခြောက်များ တဖြုတ်ဖြုတ်ကြွေ ျဆဲ။ ဦးလေးလှအေးသည် အနောက် က်မိုးကုတ်စက်ဝိုင်းဆီသို့ ငေးရင်း ကားတချို့ကို ဖွင့်ဟသည်။ အဆက် စပ်ကမရှိ။

"ဒီနေ့ ဖြာသိုလပြည့်နေ့ ဦးလေး မေဆုံးတာ (၁၀)နှစ်တိတိပြည့်တဲ့နေ့ ုန်းကြီးတွေကို အာရုံဆွမ်းကပ်ပြီးမှ လုပ်ထဲထွက်လာခဲ့တာ"

မိမိက အမေနှင့်အမေ့အကြောင်း ိုလျှင် တန်ဖိုးထားပြီး နားစွင့်မိသည်။ ာကို မမေ့မလျှော့သော သားကြီး ြရသတစ်ဦးအဖြစ် ဦးလေးလှအေး၏ င်ဖွင့်စကားများကို လေးစားစွာနား ထောင်ဖြစ်သည်။

"အချိန်ရရင် ဦးလေးလှအေးတို့ မေအကြောင်း ပြောပြပါလား။ ကျွန် တ်နားထောင်ချင်လို့ပါ"

ဟု စကားစမိသည်။

"ငါ့တူက သိချင်တယ်ဆိုတော့ ပြောပြရမှာပေါ့။ ဦးလေး ခဏခဏ မှတ်မိနေတာလေးတချို့ ပြောမယ်။ ဦးလေးငယ်ငယ်က ဆင်းရဲတယ်။ ဦးလေးအဖေ မြင်းလှည်းထွက်ရင်း ဦးလေးကလေးဘဝကတည်းက မြင်း လှည်းမောင်းတတ်ခဲ့တယ်။ ဦးလေး တို့အမေ ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးနု သားနုနဲ့ အကြော်ဖိုထိုင်ရရင်းနဲ့ မျက်စိတစ်ဖက်ကို အဲဒီအချိန်က တိမ် စွဲနေတယ်။ အဲဒီအချိန်က ဦးလေးက



# အမြဲစိုးဆင်းနေဦးမယ့် မြစ်တစ်စင်းအကြောင်း

## ဇာနည်ဆွေထက်

ငယ်သေးတော့ နောင်တစ်ချိန် မျက်စိ ကွယ်မယ်လို့ မထင်ခဲ့ဘူး။ မြင်းလှည်း သိမ်းချိန်ပြန်လာရင် ထမင်းဝိုင်းမှာ အမေက တို့နဲ့အတူမစားဘူး။ အတူဝင် စားဖို့ပြောလည်း မရဘူး။ အဖေနဲ့ သားသမီး သုံးယောက်ကို အရင်ကျွေး ပြီး အမေက မီးဖိုတဲကလေးထဲမှာ ည တိုင်းစားတယ်။ အဲဒီနေ့က ငါးဟင်း ချက်တယ်။ မှတ်မှတ်ရရ ငါးသလောက် အကောင်ငယ်ငယ်တစ်ကောင်ကို ရေဗတ်သီးစိမ်းနဲ့ နံနံပင်အုပ်ချက်တဲ့ ငါး ဟင်းချက် အမေ့ထမင်းဇလုံထဲမှာ ငါး ခေါင်းနဲ့ ငါးအမြီးလေးတစ်ပိုင်း အရိုး တွေ။ ဦးလေးလည်း ရေနံဆီမီးခွက် မလင်းတလင်း အလင်းရောင်ထဲမှာ သိလိုက်ရတာ။

၁၂ နှစ်သားအရွယ်ရောက်နေ တဲ့ ကိုယ် အရမ်းဝမ်းနည်းသွားတယ်။ အရင်နေ့တွေကလည်း အမေ ဒီလိုပဲ စားတာရှိမှာ။ တို့ သားအဖကို အလယ် သားကျွေးပြီး သူကျတော့ ခေါင်းတွေ အရိုးတွေပဲစားရတာ။ ငါ ပိုက်ဆံရှာ သမျှ အမေ့ကို ပိုရှာပေးမှ ဖြစ်မယ်ဆို ပြီး ချွေတာသုံးတယ်။ အမေ့ကို အဲဒီ ကတည်းက မလိမ်မညာတော့ဘူး"

ဦးလေးလှအေးသည် စကားကို ခဏဖြတ်ထားပြီး သုခမိန်ဆေးပေါ့လိပ် ထိုကို မီးတို့ရင်း နှစ်ဖွာ၊ သုံးဖွာ ရှိုက် လိုက်သည်။ ပြီးမှ ..

"အကြော်မကြော်ရတော့တဲ့ ဦးလေးအမေက အလုပ်မရှိရင် မနေ တတ်ဘူးလေ။ အဲဒီအချိန်မှာ ဦးလေး တို့အဘွား(အမေ့ရဲ့အမေ)က စီးပွားရေး ပြေလည်တယ်။ အိမ်ရောင်းတာအပြင် ဝက်အူချောင်းလုပ်ငန်းရှိတယ်။ အမေ က အဲ့ဒီမှာ နေစားသွားလုပ်ပြန်တယ်။ အမေက ဝက်အူချောင်းလုပ်ဖို့အတွက် အသားဖယ်ပြီးသား အရိုး၊ အသား ကပ်တာလေးတွေကို အိမ်မှာ မျှစ်က လေး၊ အာလူးလေးနဲ့ ရောနှောချက်ပြီး ကလေးတွေ ဟင်းတစ်မယ်စားရဖို့ အရေး သူ့အမေဆီကို အရိုးလေးတွေ တောင်းတယ်။

မာနထောင်လွှားနေတဲ့ အဘွား က ဆင်းရဲတဲ့အမေ့ကို ခွေးကျွေးဖို့ ထားတာတွေ နင်ယူချင်ယူပေါ့လို့ လူ တွေရှေ့မှာပြောတော့ မျက်ရည်စတွေ ကို ဖုံးဖိရင်း သားသမီးတွေစားဖို့ ယူ လာခဲ့ရတယ်။ ဒီအကြောင်းတွေ နောက် မှ သိရတာပါ။ သားသမီးတွေအတွက် အမေ လောကဓံကို ရင်ကော့ပြီး အံတု


www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပေမယ့် ဦးလေးလုပ်စာကို အကြာကြီး စားမသွားရပါဘူး။ ဦးလေးအရွယ် ရောက်တော့ အဖေ့လိုပဲ မြင်းလှည်း တစ်လှည့်မောင်း၊ ညဘက် ဆိုက်ကား နင်း ငွေရှာရင်း ညကျောင်းတက်ပြီး စာမေးပွဲဆက်ဖြေခဲ့တယ်။

အမေ့ကို အိမ်ဦးခန်းမှာထားပြီး အလုပ်မျိုးစုံကို နေပူမရှောင်၊ မိုးရွာ မရှောင်လုပ်ရင်း ဦးလေးကြိုးစားပြီး ပညာရှာခဲ့တယ်။ အမေ့အတွက်ဆိုတဲ့ စေတနာနဲ့ ကြိုးစားခဲ့တာ မြေလတ်မြို့လေးရဲ့ ဖုန်ထူနေပူတဲ့ လမ်းတွေကို ပန်းမွေ့ယာလို သဘောထားခဲ့တယ်။ လုပ်ငန်းတွေလည်း ပိုအဆင်ပြေလာခဲ့တယ်။ ဘွဲ့တစ်ခုလည်း ရခဲ့တယ်။ ငယ်ငယ်က ဆင်းရဲတဲ့ဒဏ်တွေကို ခါးစည်းခံခဲ့ရတဲ့အမေဟာ အရွယ်မတိုင်ဘဲ မျက်စိနှစ်ဖက်ကွယ်ခဲ့ရတယ်။ နား အကြားအာရုံတစ်ဖက်လည်း ချို့ယွင်းခဲ့ရပြီ။ ကျန်းမာရေးချို့ယွင်းနေတဲ့အမေဟာ ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ အလုပ်ကပြန်လာတဲ့သားကို 'ခေါင်းမူး လိုက်တာသားရယ်' လို့ ပြောလို့ ကိုယ်တိုင် အမေ့ကို ကိုယ့်မြင်းလှည်းပေါ် ပွေ့တင်ပြီး 'အမေ ‥ အားမငယ်နဲ့ သားကို နောက်ကျောကနေဖက်ထား။ သားဆံပင်တွေကိုကိုင်ထား' လို့ ပြောရင်း ဆေးခန်းအသွား လမ်းမှာတင် အမေဆုံးသွားတယ်။

ကိုယ့်ဆံပင်ရှည်တွေကို အားကိုးတကြီးနဲ့ နောက်ဆုံးဆုပ်ကိုင်သွားခဲ့တဲ့ အမေ့လက်သေးသေးလေးတွေဟာ ကိုယ်တို့ကို လူဖြစ်အောင် ရှာဖွေကျွေးမွေးခဲ့တဲ့ အောက်ကျခံခဲ့ အနိမ့်ခံခဲ့ရတဲ့ အမေ့လက်သေးသေးလေးတွေကို ကိုယ် အမြဲလေးစားအထင်ကြီးနေမိတယ်။ အမေ့ရဲ့ သားသမီးအတွက် လောကဒဏ်ကို အံတုခဲ့တဲ့ အဲဒီလက် သေးသေးလေးနှစ်ဖက်ကို အမြဲပဲ ရှိန် ကန်တော့နေမိတယ်။ နှစ်စဉ်နှစ်တိုင် အမေ့ကို ရည်စူးပြီး အမေဆုံး ပြာသိုလပြည့်နေ့မနက်မှာ ဘုန်းကြီး ပါးကို အာရုံဆွမ်းကပ်ဖြစ်တယ်''

စကားဆုံးတော့ ဦးလေးလှ မျက်ဝန်းမှာ မျက်ရည်စတချို့ ဝေ နေတာကိုတွေ့ရသည်။ ဦးလေးလှ ရင်ထဲမှာလည်း မိခင်ဆိုတဲ့ မြစ်တ စင်း အေးမြစွာ စီးဆင်းနေဦးမှာဖြ သလို မိခင်မေတ္တာကို အမြဲအလေ အမြတ်ထားသော သားသမီးတိုင်း ရင်ထဲနှလုံးသားတွင် မိခင်ဆိုသေ မြစ်တစ်စင်းက အမြဲစီးဆင်းနေဦး အသေအချာပင်ဖြစ်ပါတော့သည်။

ဇာနည်ဆွေ

# ကိုမင်းဝေ

# အမေ့ရဲ့ မျက်လုံးတစ်ဖက်



ကျွန်တော့်အမေက မျက်လုံးတစ်ဖက်ပဲရှိတယ်။ သူ့ကိုကြည့်ရတာ ကသိကအောက်ဖြစ်လွန်းလို့ ကျွန်တော် သူ့ကိုမုန်းတယ်။ ဖမေဟာ အိမ်ရဲ့ဝင်ငွေအတွက် ပုံကျဈေးမှာ ဟင်းသီးဟင်းရွက်တွေရောင်းရုံမက သူများအိမ်တွေမှာပါ လုပ်လို့ရသမျှ တိုလီမိုလီအလုပ်တွေကိုလည်း အကုန်လိုက်လုပ်တယ်။

မှတ်မိပါသေးတယ်။ ကျွန်တော် မူလတန်းကျောင်းသားဘဝတုန်းကပေါ့။ ကျောင်းစုံညီပွဲနေ့မှာ အမေ ကျောင်းကိုရောက်လာခဲ့တယ်။ အဲဒီမှာ ကျွန်တော်အရမ်းရှက်ပြီး အမေ့ကို မုန်းတီးတဲ့အကြည့်နဲ့ကြည့်ပြီး ပြေးထွက်လာခဲ့တယ်။ နောက်နေ့ကျောင်းရောက်တဲ့အခါ သူငယ်ချင်းတွေက ‥

"မင်းအမေက မျက်လုံးတစ်ဖက်ပဲရှိတာလား" လို့ မေးပြီး လှောင်ပြောင်ကြတယ်။

ကျွန်တော် အမေ့ကို ဒီကမ္ဘာပေါ်က ပျောက်သွားစေချင်တဲ့စိတ်တွေဖြစ်ခဲ့တယ်။ အိမ်ပြန်ရောက်တဲ့အခါ ကျွန်တော် အမေ့ကို မေးခဲ့တယ်။

"အမေ့မှာ ဘာလို့ မျက်လုံးတစ်ဖက်မရှိရတာလဲ။ ကျွန်တော့်ကို တမင်အဟားခံရအောင် လုပ်နေသလိုပဲဗျာ"

အမေက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေခဲ့တယ်။ ကျွန်တော်ဆိုးဆိုးဝါးဝါး ခံစားလိုက်ရသလိုပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ကျွန်တော်အမြဲပြောချင်နေတဲ့ စကားကို ပြောလိုက်ရတဲ့အတွက် စိတ်ထဲပေါ့သွားသလိုခံစားလိုက်ရတယ်။ ဒါဟာ ဒီလိုပြောလိုက်တဲ့အတွက် အမေ ကျွန်တော့်ကို ဘာမှအပြစ်မပေးလို့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အမေ့စိတ်ထဲမှာ နာနာကျင်ကျင်ခံစားလိုက်ရတယ်ဆိုတာကိုတော့ ကျွန်တော် မတွေးမိခဲ့ဘူး။

အဲဒီညမှာပဲ ကျွန်တော် တစ်ရေးနိုး ရေသောက်ဖို့ မီးဖိုချောင်ဘက်သွား



www.burmeseclassic.com

www.burmeseclassic.com


တော့ ကျွန်တော်နိုးမှာစိုးလို့ အသံမ ထွက်ဘဲ တစ်ယောက်တည်းကြိတ်ငိုနေ တဲ့ အမေ့ကို တွေ့လိုက်ရတယ်။

ကျွန်တော် ညနေက ပြောခဲ့မိတဲ့ စကားအတွက် ရင်ထဲမှာ ဆစ်ခနဲခံစား လိုက်ရလို့ အမေ့ကို တစ်ချက်ကြည့်ပြီး ပြန်ပြေးလှည့်လာခဲ့မိတယ်။ ဒါတောင်မှ မျက်လုံးတစ်ဖက်တည်းကပဲ မျက်ရည် ကျနေတဲ့ အမေ့ကို ကျွန်တော်မုန်းနေ တုန်းပဲ။ ဒါကြောင့် ကျွန်တော်ကြီးလာ တဲ့အခါ ကြီးပွားချမ်းသာစေရမယ်လို့ ကိုယ့်ကိုကိုယ် တွန်းအားပေးခဲ့တယ်။ ဘာလို့လဲဆိုတော့ မျက်စိတစ်ဖက်လပ် နေတဲ့ ကျွန်တော့်အမေနဲ့ မျှော်လင့်ချက် ကင်းမဲ့လောက်အောင် ဆင်းရဲနေတဲ့ အမေ့ရဲ့ အခြေအနေကို ကျွန်တော် မုန်းလို့ပဲ။

အဲဒီနောက်မှာ ကျွန်တော်စာကို အပြင်းအထန်ကြိုးစားခဲ့တယ်။ ဒီလိုနဲ့ ကျွန်တော်ဘွဲ့ရပြီး ဝင်ငွေကောင်းတဲ့ အလုပ်တစ်ခု ရရှိခဲ့ပါတယ်။ မရှေးမ နှောင်းမှာပဲ ကျွန်တော့်အကြောင်းမသိ တဲ့ တခြားမြို့က ကျွန်တော့်ချစ်သူနဲ့ လက်ထပ်ခဲ့ပြီး သူတို့မြို့မှာပဲ အိမ်တစ် လုံးဝယ်ပြီး အခြေချခဲ့တယ်။ အခု ကျွန် တော့်မှာချစ်စရာကောင်းတဲ့ ကလေး တစ်ယောက်ရှိတဲ့အပြင် အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက်အဖြစ်ပါ ပျော် ရွှင်စွာနေနိုင်ပြီဖြစ်ပါတယ်။ ဒီဘဝမှာ နေရတာ ကျွန်တော်အရမ်းပျော်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန် တော့်အမေကို မေ့ထားနိုင်တဲ့ ပတ်ဝန်း ကျင်တစ်ခုဖြစ်နေလို့ပါ။

တစ်နေ့မှာ ကျွန်တော့်သမီးငယ် လေးဟာ ကြောက်လန့်စွာ အော်ဟစ်ပြီး အိမ်ထဲပြေးဝင်လာပါတယ်။ ကျွန်တော် အိမ်ရှေ့ထွက်ကြည့်တော့ မမျှော်လင့် ထားတဲ့ တစ်စုံတစ်ယောက်ကိုတွေ့ လိုက်ရတယ်။ အဲဒါ ကျွန်တော့်အမေပါ။ အမေဟာ အရင်လို မျက်လုံးတစ်ဖက် လပ်နဲ့ ဖြစ်နေဆဲပါပဲ။

"ခင်ဗျားဘယ်သူလဲ .. ခင်ဗျား ကို ကျွန်တော်မသိဘူး"လို့ ကျွန်တော် မသိသလိုနဲ့ ပြောလိုက်ပါတယ်။

အကြောင်းက ကျွန်တော့်မိန်းမနဲ့ ကလေးက ကျွန်တော့်နောက်မှာ ရှိနေ လို့ပါပဲ။ အမေဟာ တဒင်္ဂလောက် မှင် သက်သွားပြီးတဲ့နောက် ..

"တောင်းပန်ပါတယ်ကွယ် ..၊ အဒေါ်လိပ်စာမှားသွားလို့ပါပဲ"

လို့ အလျင်အမြန်ပြန်ဖြေပြီး လှည့်ထွက်သွားခဲ့တယ်။

အဲဒီတော့မှ ကျွန်တော် စိတ် သက်သာရာရသွားတော့တယ်။ အမေ ကျွန်တော့်ကို မသိသလို နေပေးသွား တော့ နောက်ဆိုရင် ဒီအကြောင်းနဲ့ ပတ်သက်ပြီး တွေးပူစရာ၊ ဂရုစိုက်စရာ မလိုတော့ဘူးပေါ့။ တစ်နေ့ ကျွန်တော့် ဆီ ကျောင်းသားဟောင်းများတွေ့ဆုံပွဲ အတွက် ဖိတ်စာတစ်စောင်ရောက်လာ ခဲ့တယ်။ ကျွန်တော်လည်း အလုပ်ကိစ္စ နဲ့ ခရီးထွက်ရမယ်လို့ မိန်းမကိုညာပြီး ဇာတိမြို့လေးကို ထွက်လာခဲ့တယ်။ ပွဲ လည်းပြီးရော ကျွန်တော်ငယ်ငယ်က ကစားနေကျ ကောက်ရိုးခင်းနားကို လျှောက်လာခဲ့တယ်။ ကျွန်တော်လမ်း လျှောက်လာရင်းနဲ့ အေးစက်နေတဲ့ မြေပြင်မှာလဲနေတဲ့ အမေ့ကို တွေ့လိုက် ရတယ်။ အမေ့လက်ထဲမှာ စာတစ် စောင်ဆုပ်ကိုင်ထားတာကို တွေ့လိုက် ရတယ်။ စာကို ဖောက်ဖတ်ကြည့်လိုက် တော့ ..

"သားရေ

*အမေ့အသက်အရွယ်နဲ့ဆို ဒီဘဝ အတွက် နေရတဲ့အချိန်က လုံလောက် နေပါပြီ။ ရှေ့ဆက်လည်း သိပ်နေရ တော့မယ်မထင်ပါဘူး။ သားရှိတဲ့မြို့ကို အမေ နောက်ထပ်မလာတော့ပါဘူး။ ဒါပေမဲ့သားရယ် .. အမေ့ဆီကိုတော့ ခဏလောက်ဖြစ်ဖြစ် လာတွေ့ပါလား။ အမေ .. သားကိုအရမ်းလွမ်းလို့ပါ။ ကျောင်းသားဟောင်းတွေ့ဆုံပွဲကို သား လာမယ်ဆိုတာ ကြားရတော့ အမေ အရမ်းဝမ်းသာတာပဲ။ ဒါပေမဲ့ သားတို့ ကျောင်းကို နောက်တစ်ခါမသွားဖို့ အမေ ဆုံးဖြတ်ထားပါတယ်။ အမေ့မှာ မျက်လုံးတစ်ဖက်ပဲရှိတာ သားကို အရှက်ရစေတဲ့အတွက် အမေစိတ် မကောင်းပါဘူးကွယ်။*

*သားသိရဲ့လား .. သားငယ်ငယ် တုန်းက မတော်တဆ ထိခိုက်မိပြီး သားမျက်လုံးတစ်ဖက် ပျက်စီးသွားတာ လေ။ အမေတစ်ယောက်အနေနဲ့ မျက် လုံးတစ်ဖက်တည်းနဲ့ ကြီးပြင်းလာရ မယ့် သားရဲ့အဖြစ်ကို ဘယ်လိုလက် ပိုက်ကြည့်နေနိုင်မှာတဲ့လဲ။ ဒါကြောင့် အမေ့မျက်လုံးတစ်ဖက် သားကို ပေးခဲ့ တာပါ။ သားလုပ်ခဲ့သမျှ ပြောခဲ့သမျှ တွေအတွက် အမေဘယ်တော့မှအပြစ် မယူခဲ့ပါဘူး။ သား အမေ့ကို စိတ်ဆိုး တိုင်း အမေ့ကိုချစ်လို့ပြောတယ်လို့ပဲ အမေတွေးခဲ့ပါတယ်။ သား အမေ့ ဘေး မှာ ရှိခဲ့တဲ့အချိန်တွေကို အမေအရမ်း သတိရတာပဲ။ သားကိုလည်း အရမ်း လွမ်းတယ်။ အမေ သားကိုချစ်တယ်။ သားဟာ အမေ့ရဲ့ကမ္ဘာပါ။ အခုတော့ လည်း အမေ့ကမ္ဘာက အစိတ်စိတ် အမြွာမြွာပြိုကွဲသွားပါပြီကွယ်။*

*သားရဲ့အမေ*

စာကိုဖတ်ပြီးချိန်မှာတော့ ကျွန် တော့်အတွက် အသက်ရှင်နေတဲ့ အမေ့ အတွက် ကျွန်တော် ပထမဆုံးအကြိမ် မျက်ရည်ကျရင်း ငိုကြွေးမိခဲ့ပါတော့ တယ်။

ကိုမင်းဝေ

www.burmeseclassic.com
နံ့သောက်အတိုဆုံးဝတ္ထု

# လုံးကြီးတင်

## ရဲနွယ်မောင်

(သုံးဆယ်)



"ဒီလုပ်ငန်းဟာ အင်မတန်မွန်မြတ်တဲ့ အလုပ်ပါ။ ကျွန်တော်တို့တစ်တွေ ကုသိုလ်စိတ်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်မှာပါ။ ကျွန်တော့်ကို အလှူခံဖြတ်ပိုင်းသုံးအုပ်ပေးဗျာ။ အနည်းဆုံးတော့ အလှူငွေ ငါးသိန်းထက်မနည်းရအောင် ကျွန်တော်တာဝန်ယူတယ်ဗျာ"

မြတ်ဆရာပူဇော်ပွဲကျင်းပရေး အစည်းအဝေးလေးတစ်ခု၊ စိတ်အားတက်ကြွစွာပြောနေသူကို အားလုံးက မျှော်လင့်တကြီး ကြည့်နေကြသည်။ သူ့စကားနှင့်သူ စေတနာကို အားကျနေသူတွေရှိသလို အားငယ်နေသူတွေလည်းရှိ၏။ သူက ပြောနိုင်သည်လေ။ ကားပိုင်ရှင် ဆန်စပါးလုပ်ငန်းလုပ်နေသူတစ်ဦး။ ငွေကြေးပြည့်စုံသူဖြစ်သည်။ ယခင်နှစ်တွေက သူ အစည်းအဝေးမတက်ပါ။ အလှူငွေထည့်ချင်မှထည့်သည်။ သည်နှစ် သူကိုယ်တိုင်ပါဝင်အားပေးလာပြီဆိုတော့ သူငယ်ချင်းအားလုံးက ဝမ်းသာနေကြ၏။

"ကျွန်တော့်လိုပဲ ကြိုးစားပေးကြပါဗျာ။ ဖြတ်ပိုင်းစာအုပ်များများယူ။ များများရအောင်လုပ်ကြစေချင်ပါတယ်"

တစ်ဖက်ကလည်း တိုက်တွန်းနေလိုက်သေးသည်။ ဖိုးသက်မောင်အား ငယ်နေမိပါသည်။ ရင်ထဲမှာစေတနာကအပြည့်ပါ။ သူ့လိုတော့မစွမ်းဆောင်နိုင်၊ အငြိမ်းစားဝန်ထမ်းတစ်ဦးအနေနှင့် တတ်နိုင်သလောက် လုပ်ပေးချင်ပါသည်။

"ကျွန်တော့်ကို အလှူခံဖြတ်ပိုင်းတစ်အုပ်ပဲပေးပါ။ ရနိုင်သရွေ့အလှူခံပေးပါ့မယ်"

ဒါက ဖိုးသက်မောင်တောင်းဆိုမှု။ ကားပိုင်ရှင်ကြီးက အထင်သေးသည့် မျက်လုံးနှင့် လှမ်းကြည့်ပြီး ..

"ဖိုးသက်မောင် .. မင်းကလည်း ညံ့လိုက်တာကွာ။ စေတနာမရှိလည်း မလုပ်ပါနဲ့လား"

သူ့အပြောကြောင့် ဖိုးသက်မောင် ဒေါသစိတ်တင်းခနဲဖြစ်သွား၏။ စိတ်ကိုဖြေလျှော့၍ ဘာမှုပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ သည်လိုနှင့်ဖြတ်ပိုင်းစာအုပ်လေးများ ခွဲဝေယူကြ၏။ အလှူငွေအပ်နှံရက်တွင် ပြန်လည်ဆုံစည်းကြရန် ချိန်းဆိုလိုက်ကြသည်။

+++

အလှူငွေအပ်နှံရမည့် သတ်မှတ်ရက်။

တစ်ကျောင်းတည်းနေ ကျောင်းတော်သားဟောင်းတို့ ဆုံစည်းမိကြပြန်သည်။ ဖိုးသက်မောင်က သူတာဝန်ယူထားသည့် ဖြတ်ပိုင်းကုန်စာအုပ်နှ အလှူရငွေကို အပ်နှံသည်။ သူ့နည်းတူ သူငယ်ချင်းများကလည်း အားတက်သ ရော အလှူငွေအပ်နှံကြ၏။ ဖိုးသက် မောင် တစ်ယောက်သောသူကို လှမ် ကြည့်မိသည်။ မျက်နှာခပ်တင်းတင် နှင့် တကယ့်အကျိုးဆောင်ကြီးပမ မြင်ရ၏။ ခဏအကြာ ဖြစ်မြောက်ရေ တာဝန်ရှိသူတစ်ဦး၏ အသံကြား သည်။

"ကိုမိုးကျော်သူရေ .. ခင်ဗျား အများဆုံးစွမ်းဆောင်နိုင်သူဆိုတော့ ရရှိငွေလေး ကြေညာပေးပါဦး"

သူ ထိုင်ရာကထသည်။ လက်ထဲ မှဖြတ်ပိုင်းစာအုပ်များကိုပစ်ချလိုက်ပြီး ..

"ကျွန်တော်က အလုပ်များတယ် ဗျာ။ ခိုင်းရမယ့်သူမရှိတော့ အလှူခံ မရလိုက်ဘူး။ ကျွန်တော်လိုက်မယ့် ရာတွေကို ဖိုးသက်မောင်တို့က အလှူခံသွားတယ်။ ကျွန်တော့်မျက်နှ ဆိုရင် ငါးရာလှူတဲ့သူ ငါးထောင် တစ်ထောင်လှူတဲ့သူ တစ်သောင်း ခုတော့ သူတို့ဝင်လိုက်တာ ကျွန်တေ ဘာမှမလုပ်နိုင်တော့ဘူး"

မျက်နှာပြောင်လိုက်ပါဘိ။ အကြ ညှိနှိုင်းစဉ်က မိုးလားကဲလား လေလုံ ထွားပြီး သေးသေးတင်ခဲ့သူ။ ခုလည် သူ့ဘက်က တာဝန်မကျေ။ ကိုယ်တို လည်း မည်ရွေ့မည်မျှမလှူ။ စကားက အကြောကြီးနှင့်။ ဖိုးသက်မောင် စိတ် ကိုထိန်းမရတော့ အသားတဆတ်ဆတ် တုန်လာသည်။ ချက်ချင်းမတ်တပ်ရ ၍ တစ်ခွန်းပဲပြောလိုက်ပြီး ထွက်လ ခဲ့မိသည်။

"ကျွန်တော် အမှုဆောင်အဖွဲ့က ထွက်တယ်"

လောကတွင် လုံးကြီးတင်သူတေ ရှိနေသရွေ့ ..။

ရဲနွယ်မောင်(သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com





# သက်ရှည်ကျန်းမာရယ်စရာ

## တစ်ပူပေါ်နှစ်ပူဆင့်

ခန့်ခန့်ဝဝ ကတော်မကြီးတစ်ဦးက သူမ ခံစားနေရသော စိတ်ပူပန်သောကများအတွက် ပြေလိုပြေငြား နှစ်သိမ့်မှု ရမလားဟူ၍ အိမ်ဖော်မလေးအား ခေါ်ယူကာ ဤသို့ပြောလေသည်။

"ဒီမှာ ငါပြောမယ်၊ နင်စဉ်းစားကြည့်စမ်း၊ ငါ့ယောက်ျားဟာ သူ့ရဲ့ ကိုယ်ရေးအတွင်းရေးမှူးမလေးနဲ့ မရှင်းမရှင်း ဖြစ်နေတယ်ဆိုတာ ဖြစ်နိုင်သလား"

အိမ်ဖော်မလေးက တစ်ခဏစဉ်းစားပြီး ပြန်ဖြေသည်။

"မာမီကြီးကလည်း မဖြစ်နိုင်ပါဘူး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဘာလဲ မာမီကြီးက ကျွန်မ မနာလိုဝန်တိုဖြစ်မယ် ထင်လို့ ပြောနေတာလား" တဲ့။

---

## ငါ့အဖေအကြောင်း ငါပဲ သိတယ်

သူငယ်ချင်းနှစ်ယောက် သချာတွက်နေကြသည်။

တစ်ယောက် မေးခွန်းထုတ်သည်။

"မင်းမှာ ငွေနှစ်ရာရှိတယ်ကွာ။ ပြီးတော့ မင့်အဖေဆီမှာ ငွေငါးရာတောင်းတယ်ကွာ။ အဲဒါဆို မင်းမှာ ငွေဘယ်လောက်ရှိလာမလဲ"

"နှစ်ရာပေါ့"

"ဟာကွာ ‥ မင်းကလည်း သချာညံ့လိုက်တာ။ ဒါလေးတောင်မသိဘူးလား"

"သူငယ်ချင်း မင်းလည်း ငါ့အဖေအကြောင်းမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



## သိလို့

မိုးရွာရွာနေ့တစ်နေ့မှာ လိပ်သုံးကောင် မိုးခိုရင်း လက်ဖက်ရည်ဝင်သောက်သည်။ လက်ဖက်ရည်မှာပြီးမှ ပိုက်ဆံပါမလာကြောင်း သူတို့ သတိပြုမိကြသည်။

အကြီးဆုံးလိပ်က အငယ်ဆုံးလိပ်အား ..

"ဟေ့ကောင် .. မင်း ပြန်ပြီး ပိုက်ဆံယူကွာ" ဟု ခိုင်းလိုက်သည်။

လိပ်ကလေးက မသွားချင်။

"ခင်ဗျားတို့ ကျွန်တော်သွားရင် ကျွန်တော့်လက်ဖက်ရည် ယူသောက်မှာလား"

"မသောက်ပါဘူးကွာ၊ စိတ်ချလက်ချသာသွားပါ။ မြန်မြန်သာ ပြန်လာခဲ့"

ကျန်လိပ်နှစ်ကောင်က ကတိပေးသည်။

အငယ်ဆုံးလိပ်ကလေး ထွက်သွားသည်။

အချိန်ကာလ ၂ နှစ်ကြာသွ
သည်။ လိပ်ကလေး ပေါ်မလာ။

"ဟိုကောင်တော့ ခုထိမလာဘ
သူ့လက်ဖက်ရည်ကို ငါတို့တစ်ဝက်
ခွဲသောက်လိုက်ကြစို့"

လိပ်ကြီးနှစ်ကောင် တိုင်ပ
သည်။

ထိုအခါ တံခါးနောက်ကွယ်
လိပ်ကလေး အသံထွက်လာသည်။

"ခင်ဗျားတို့ အဲဒီလိုလုပ်ရင် ကျ
တော် မသွားတော့ဘူး"

---

## ဈေးတက်သွားပြီ

မိန်းမကြီးတစ်ယောက်က လမ်းဘေးတွင် မုန့်ဆိုင်ကလေးဖွင့်၍ ရောင်းသည်။ ဆိုင်ရှေ့တွင် ဆိုင်းဘုတ်ကလေးတင်ထားသည်။

"မုန့်တစ်ထုပ် ငါးဆယ်ကျပ်"

ထိုလမ်းတွင် နေ့စဉ်အပြေးလေ့ကျင့်သူ လူတစ်ယောက်သည် ထိုမိန်းမကြီးအား သနား၍ ငွေငါးဆယ်ကို ဆိုင်ခုံပေါ်တင်ကာ မုန့်ထုပ်ကိုမယူဘဲ ပြေးလေ့ရှိသည်။

တစ်နေ့တွင် အပြေးလေ့ကျင့်သူ ခါတိုင်းလိုပင် ငွေငါးဆယ်ကို ဆိုင်ခုံပေါ်တင်ကာ ဆက်ပြေးသွားသည်။ ထိုအခါ နောက်မှ မိန်းမကြီးက ပြေးလိုက်သွားကာ အပြေးလေ့ကျင့်သူအား အော်ခေါ်သည်။

"ဒီမှာ .. ဒီမှာ မောင်ရင်နေပါဦး"

အပြေးလေ့ကျင့်သူ ရပ်လိုက်သည်။

"ဘာလဲ အဒေါ်ကြီး၊ ကျွန်တော် ပိုက်ဆံချပေးထားခဲ့ပြီး မုန့်မယူသွားတာကြောင့် လိုက်မေးတာလား"

ဈေးရောင်းသူ အမျိုးသမီးကြီးက လူငယ်၏ အမေးကို ပြန်ဖြေသည်မှာ ဤသို့ဖြစ်၏။

"မဟုတ်ပါဘူး။ ငါ ရောင်းတဲ့မုန့်က တစ်ထုပ်တစ်ရာဖြစ်သွားပြီဆိုတာ ပြောမလို့ပါ"

ဆွိ



www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်သခင်များ သုတ်သင်ပွဲ





www.burmeseclassic.com

"ယုံချင်ယုံ မယုံချင်နေ၊ မြိုင်တော့ သမီးလေးနဲ့တွေ့ခဲ့ရတာ အမှန်ပဲ။ အသေချာပဲ မောင် ..."

"ဘာပြောတယ် .. မြိုင်၊ မင်း ဘာပြောလိုက်တာလဲ"

ကိုစိန်တိုး၏ ခပ်ကြောင်ကြောင် အမေးကြောင့် မြိုင်က မချိတင်ကဲ သရော်ပြုံးလေး ပြုံးမတတ်ဖြစ်သွား၏။ မြိုင်က သူ့ပတ်လည်ရှိ ကလေးကစားစရာပုံကြီးထဲမှ အဝတ်ဆင်ထားသော ကော်ပတ်ရုပ်ကလေးကို မွေ့ယူလိုက်ရင်း ...

"ထူးဆန်းတာတော့ တကယ်ပဲ မောင် ..၊ မြိုင် သူ့နဲ့ စကားကောင်းကောင်းပြောခဲ့ရတယ်။ သမီးလေးကလည်း မြိုင့်စကားကို နားလည်တယ်။ အဲ .. မြိုင့်ပတ်လည်မှာ သူရောက်နေတာပဲလို့လည်း မြိုင်ခံစားရတယ်။ ရှင်းရှင်းပြောရရင် သူ့ကိုတောင် မြိုင် မြင်ခဲ့ရတယ်လို့ ပြောရမလား မသိဘူး .."

"ဒါဖြင့် သမီးနဲ့တွေ့အောင် ဝိညာဉ်သခင်များဂိုဏ်းက ဆက်သွယ်ပေးခဲ့တာပေါ့ ဟုတ်လား ..."

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား မေးမနေပါနဲ့။ ဒီထက်ပိုပြီး မြိုင်လည်း မပြောတတ်တော့ဘူး။ မောင်ကိုယ်တိုင်လိုက်ကြည့်မှ သိမှာပဲ ..."

ဖြစ်ပုံက လွန်ခဲ့သော သုံးလ ..။

ကိုစိန်တိုး၏ အပေါင်းအသင်းများနှင့် မိသားစုတွေစုပြီး ကန်တော်ကြီးသို့ ပျော်ပွဲစားထွက်ခဲ့ကြသည်။ အမျိုးသားတွေက အပျင်းပြေ အံစာပစ်တမ်း ကစား၍ အမျိုးသမီးတွေက စားသောက်ရေး ပြင်ဆင်နေစဉ် ခုနှစ်နှစ်အရွယ် သမီးလေးသိဂီ ဘယ်အချိန်က ရေစပ်ဆင်းသွားမှန်း မသိ။ ပျောက်လို့လိုက်ရှာတော့ ရေနစ်ထားသော အလောင်းသာ ပြန်ရတော့သည်။ သည်ကတည်းက မြိုင်တစ်ယောက် မစားနိုင် မအိပ်နိုင် အရူးတစ်ပိုင်းဖြစ်၍ ဖေဒင်မေး၊ နတ်မေး၊ ခွေးဖေဒင်ပါမကျန် ငွေတွေ သောက်သောက်လဲအကုန်ခံပြီး သမီးကို အလွမ်းဖြေခဲ့ရသည်။

သမီးလေးသောကကြောင့် အသက် သုံးဆယ်တောင် မပြည့်သေးသော မြိုင် မှာ ပြည့်ဖြိုးသော အလှအပ၊ ချောမောသော ရုပ်အဆင်းတို့ ယူပစ်လိုက်သလို ပျက်ယွင်းခဲ့ရပေပြီ။

ခုတော့ နောက်ဆုံးပေါ် ဝိညာဉ်သခင်ဂိုဏ်းနှင့် ဆက်သွယ်မိပြီး သူ့သမီးနှင့် တွေ့ခဲ့ရသည်ဟု ဆိုပြန်၏။

"သေပါပြီကွယ် ..၊ သမီးလေးဟာ သေကို သေပါပြီ။ သေတယ်ဆိုတဲ့ စကားကို မင်း သဘောပေါက်လိုက်စမ်းပါ မြိုင်။ အရှိအတိုင်း လက်ခံလိုက်စမ်းပါ မြိုင်ရဲ့ ..."

"ဟုတ်ပါတယ်လေ ..၊ မြိုင် သဘောပေါက် နားလည်ပြီးသားပါ။ သမီးလေးသေပြီလို့ ..။ ဒါပေမယ့် သိဂီသေခဲ့တာက ရုပ်ခန္ဓာကိုယ် သက်သက်ကြီးပါ မောင်။ ရေဝေးမှာမီးရှို့ပစ်လိုက်ရတဲ့ ရုပ်အလောင်းကြီးပါ။ ဒါပေမဲ့ သူ့ဝိညာဉ်ဆိုတာကတော့ ဒီနေ့အထိ မသေသေးဘူး။ ဝိညာဉ်ရဲ့အသက်ဟာ ရှင်သန်နေဆဲပဲ။ မြိုင်စကားပြောခဲ့၊ တွေ့ခဲ့ရတယ်ဆိုတာလည်း သူ့ဝိညာဉ်နဲ့ပါ ..."

"ပြဿနာပဲ မြိုင်ရယ်၊ တက္ကသိုလ်ဘွဲ့ရ ခေတ်ပညာတတ်ဖြစ်ခဲ့ပါရက်နဲ့ အယူသီးလှချည်လား မြိုင်ရယ်။ မင်း အခု ယုံကြည်နေတဲ့ ဝိညာဉ်ဝါဒဟာ နှစ်ပေါင်းများစွာ နောက်ကျကျန်ရစ်ခဲ့ပြီကွ။ ဒီမယ် .. မင်းတစ်သက်လုံးမှတ်ထားဖို့က လူရဲ့အစဟာ မိခင်ဝမ်းလှ


www.burmeseclassic.com

www.burmeseclassic.com



ရဲ့အဆုံးဟာ မြေကြီးသင်္ချိုင်းကုန်း၊ အဲဒီ ထက်ပိုပြီး လူ့ဘဝဆိုတာ မထူးခြား တော့ပါဘူး။ မင်းဟာ တရားလက်လွတ် နိုင်လွန်းအားကြီးလိုက်တာကွာ ...''

''တရားလက်လွတ်တာက ရှင့် ရှင့်။ နောက်ဘဝဆိုတာမရှိရင် သံသရာ တို့၊ နတ်ပြည်တို့၊ ငရဲပြည်တို့ဆိုတဲ့ ၃၁ ဘုံ''

''တော် တော် .. မြိုင်၊ ငါ့အတွက် ဒီကမ္ဘာပေါ်မှာ မျက်မြင်လက်တွေ့ရှိနေ တဲ့ လူ၊ တိရစ္ဆာန်၊ သစ်ပင် စတဲ့ သက် ရှိသက်မဲ့တွေကလွဲလို့ ဘာမှမရှိဘူး။ ခွေးသေရင် မြေကြီး၊ သစ်ပင်ခွေးရင် မြေကြီး၊ လူသေရင်လည်း မြေကြီးပဲ ဖြစ်တာပဲ ...''

''အို .. နောက်ဘဝရှိတယ်ဆိုတာ ကိုမှ မယုံတဲ့လူအနေနဲ့ တမလွန်က သမီးလေးကိုယုံဖို့ ဝေလာဝေးပေါ့ ..''

''ဟုတ်ပြီ .. မင်းပြောသလို ယုံ ပြီပဲထား။ မင်းရဲ့ ဝိညာဉ်သခင်ဆိုတဲ့ သူတွေကိုတော့ လုံးဝမယုံဘူး။ အခု မင်းဆီကငွေတွေ သိန်းချီယူပြီး တွေ့ အောင်ဖန်တီးပေးတယ်ဆိုတာ မင်းကို ညာစားနေတာပဲ ဖြစ်ရမယ်။ ဒီနေ့လို အချိန်က လူလိမ်လူညာတွေ နည်း အမျိုးမျိုးနဲ့ စားပေါက်ထွင်နေတာကွ''

''ဒါ .. ရှင် ဆရာကြီးတွေကို သက်သက်မဲ့ သိက္ခာချပြီးစော်ကားတာ ပဲ။ သူတို့က ငွေတောင်းခဲ့တာမဟုတ် ဘူး။ မြိုင့်သဘောနဲ့မြိုင် ပေးခဲ့တာ။ ရှ့လျှောက်လည်း သမီးလေးနဲ့တွေ့ဖို့ ပေးဦးမှာပဲ၊ လှူဦးမှာပဲ''

''အေး .. ကမ္ဘာပေါ်မှာရှိရှိသမျှ ငွေတွေအားလုံး ပုံပေးတောင် သမီး လေးသေပြီဆိုတာထက်ပိုပြီး အကြောင်း ထူးအောင် မလုပ်နိုင်ပါဘူး မြိုင်ရယ်။ လောလောဆယ် မင်းလုပ်ဖို့အကောင်း ဆုံးက ကျန်းမာရေးကိုပြန်ဂရုစိုက်၊ ချောင်းသာလို ငပလီလို တစ်နေရာရာ သွားပြီး စိတ်ပြေလက်ပျောက် အပန်း ဖြေ အနားယူသင့်တာပဲ ...''

''မြိုင်အတွက်တော့ သမီးလေး သီဂီမှမရှိရင် တစ်လောကလုံး အလကား ပဲ။ သီဂီလိုသမီးလေးမျိုးလည်း နောက် ထပ်ရလမ်းမှ မရှိတော့ဘဲ။ မောင့်မှာ လည်း ရောဂါကြောင့် သားကြောဖြတ် ထားရတာဆိုတော့ ...''

''ဒီမယ်မြိုင် ..၊ သမီးလေးကို မြိုင်နဲ့အတူ မောင်လည်းပဲ ဆုံးရှုံးလက် လွှတ်ခဲ့ရတာပါကွာ။ ဒီတော့ တကယ် တမ်းသာ သီဂီနဲ့တွေ့ရမယ်ဆိုရင် မောင်ငြင်းနိုင်မယ်မထင်ပါဘူးလေ''

ကိုစိန်တိုးက ဆို့နင့်အားဖျော့ သောလေသံဖြင့် လျှော့ပေးလိုက်ပါ သည်။ တကယ်တော့ မြိုင့်ကို သူ အသက်မက ချစ်ခဲ့ရသည်ပဲ မဟုတ်ပါ လား။

(၂)

ဝိညာဉ်သခင်ဂိုဏ်းချုပ် ဆရာဦး ရွှေမိုးခေါင်ဆိုသူမှာ အသက်(၄၀)အရွယ် ခပ်ညှက်ညှက် လူတစ်ယောက်သာ ဖြစ် သော်လည်း ဥပဓိရုပ်အလွန်ကောင်း ကြောင်း တွေ့ရ၏။

အနောက်တိုင်းဝတ်စုံကို သေသေ သပ်သပ်၊ ကျကျနန ဝတ်ထားပြီး နှုတ် ခမ်းမွေးစစလေးကို လှလှပပသထားပြီး ပေါ်လွင်သောနှာတံများအထက်တွင် စူးရှတောက်ပ အားကောင်းလှသည့် မျက်လုံးအစုံက ထူးထူးခြားခြားရှိနေ၏။

ကိုစိန်တိုးသည် မြိုင်နှင့်အတူ ရန် ကုန်မြို့စွန်တစ်နေရာရှိ ရောမခြံကြီး အလယ်မှ ဝိညာဉ်သခင်ဂိုဏ်းတည်ရာ နှစ်ထပ်တိုက်ကြီး၏ ဧည့်ခန်းတွင်း၌ ရောက်နေကြခြင်း ဖြစ်ပါသည်။

''မိတ်ဆွေက ကျုပ်တို့ဂိုဏ်းအပေါ် မှာ အယုံအကြည်မရှိဘူးလို့ ကြားတယ်''

''ဟုတ်ပါတယ်။ ဒါကလည်း တမလွန်လောကဆိုတာကို အစ ကတည်းက မယုံလို့ပါဘဲ။ ခုလည်း မယုံဘူး။ ဘယ်တော့မှလဲ နောင်ကို ယုံမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ပွင့်ပွင့်လင်း လင်း ကြိုပြောထားချင်တာက ကျုပ် သမီးလေးနဲ့သာ အမှန်တကယ်တွေ့ရမယ် ဆိုရင် ကျုပ်ချမ်းသာသမျှ ငွေတွေတင် မကဘူး။ ခင်ဗျားတို့တောင်းတာ အကုန်ပေးဖို့ပဲ။ ကုန်ကုန်ပြောရရင် ကျုပ်အသက်တောင် ကျုပ် မနှမြောဘူး''

''ကျုပ်တို့က လူမှုရေးအရ ကူညီ ပေးပြီး သဒ္ဒါကြေးရယ်လို့ ပေးသမျှ လက်ခံတာပါ။ အဓမ္မ မတောင်းသလို မပေးလည်းရပါတယ်။ ဒီကြားထဲက မိတ်ဆွေပေးတဲ့ တန်ဖိုးကတော့ ကြီးလွန်း လှပါတယ် ...''

''ကောင်းပြီလေ။ ခင်ဗျားတို့ အစွမ်း ကိုသာ ပြပါတော့ ဦးရွှေမိုးခေါင်''

''ကျုပ်တို့ရဲ့အစွမ်းဆိုတာက အဓိ က မဟုတ်ပါဘူး။ အဓိက အရေးပါ တာက မိတ်ဆွေကိုယ်တိုင်ပါ။ မိတ်ဆွေ ဟာ လုံ့လစိုက်ရမယ်။ သက်ဝင်ယုံ ကြည်မှုထားရမယ်။ ဒါမှလည်း အာနိ သင် စူးရှထက်မြက်မှာပေါ့။ ကဲ .. ပြော နေတာကြာတယ်၊ လက်တွေ့သိရအောင် လိုက်ခဲ့ကြ ...''

သို့ဖြင့် တိုက်နောက်ဖက်ရှိ မကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



မကျယ် အခန်းလေးတစ်ခုထဲသို့ ရောက်ခဲ့ကြရတော့သည်။

အခန်းအလယ်တွင် စားပွဲဝိုင်းလေး တစ်လုံးမှအပ ဘာမျှမရှိ။

နံရံ မျက်နှာကျက်တို့မှာလည်း အနက်ရောင် ပိန်းသုတ်ထား၏။

သူတို့သုံးယောက်စလုံး အလုံပိတ်လေးထောင့်သေတ္တာကြီးထဲ ရောက်နေရသည်လို့သာ ဆိုရပါတော့မည်။

ဒါပေမယ့် ဘယ်ကမှန်းမသိသော အလင်းရောင်တစ်ခုက မှုန်မှုန်လေး လင်းနေသည်။

စားပွဲဝိုင်းပေါ်တွင် မှန်တစ်ချပ် အတိအရိလုပ်ထား၏။ မှန်ဝိုင်းပေါ်မှာတော့ အတော်အတန်ကြီးသော စက်ဝိုင်းတစ်ခုကို ဆေးအနီဖြင့် ဆွဲထားသည်။ ထိုစက်ဝိုင်းထဲ၌ အပြာရောင် ဆဋ္ဌဂံကစ်ခုကို ရေးထားသည်။ ဆဋ္ဌဂံအတွင်း လူလား၊ တိရစ္ဆာန်လား၊ ပန်းပွင့်လား မပြောတတ်သော ရုပ်ပုံသဏ္ဍာန်များကို ရေးချယ်ထားသလို၊ လူသာမန်တစ်ယောက် နားမလည်နိုင်သော စာပေအက္ခရာများဖြင့် ရေးထိုးထား၏။

"မိတ်ဆွေတို့ ..၊ ဆဋ္ဌဂံရဲ့ထောင့်စွန်းမှာ လက်အစုံထောက်ထားလိုက်ကြပါ။ မျက်စိတွေ မှိတ်ထားလိုက်ပါ။ ဝိညာဉ်ဆိုတာ သိပ်ပြီးနူးညံ့ပါတယ်။ ယုယုယယ ရှိဖို့လိုပါတယ် ..."

ဦးရွှေမိုးခေါင်ပြောသည့်အတိုင်း ကိုစိန်တိုး လိုက်လုပ်သည်။ ဆရာကြီးကိုယ်တိုင်လည်း မျက်နှာချင်းဆိုင်ရပ်၍ မှန်ပေါ်တင်ထားလိုက်သည်။ သူတို့ကြားမှာ မြိုင်က ကမန်းကတန်းဝင်လာပြီး မျက်စိမှိတ်၊ ခေါင်းကိုမော့၍ စောင့်မျှော်နေလိုက်ဟန်ရှိ၏။

တစ်ပြိုင်နက်ချင်း အလင်းရောင်ကလေးပျောက်သွားသည်။ တစ်ခန်းလုံး မှောင်ကြီးမည်းမည်း ဖုံးသွား၏။ တစ်ချိန်တည်း၌ ကိုစိန်တိုး၏လက်ချောင်းထိပ်ဖျားလေးများတွင် ဓာတ်လိုက်သလို ခံစားရ၏။ လျှပ်စစ်ဓာတ်ခပ်ပျော့ပျော့က လက်ဖျားလေးများမှ တစ်ဆင့် တစ်ကိုယ်လုံးသို့ စီးဝင်ပျံ့နှံ့ခဲ့ပုံရ၏။

"ခင်ဗျားတို့စိတ်တွေ ဘယ်မှ မလွင့်အောင် ထိန်းထားလိုက်ပါ။ ခင်ဗျားစိတ်တွေဟာ သမီးလေးသိုက် ဆိုသူထံမှာသာ အာရုံပြုထားလိုက်ပါ
တမလွန်က သမီးလေးနဲ့ ကျိန်းသေ
တွေ့ရတော့မယ်လို့ ယုံကြည်လိုက်ပါ
ကဲ .. ကျုပ်က ကျုပ်ရဲ့အတတ်ပညာနဲ့
သမီးလေးကိုခေါ်ပေးမယ်။ သူနဲ့တွေ့နိုင်
ဖို့သာ ခင်ဗျားတို့ ကြိုးစားကြပေတော့"

ဦးရွှေမိုးခေါင်က လိုအပ်သလိုမှာ
ကြားပြီး ကမ္ဘာပေါ်တွင် မည်သည့်အဘိ
ဓာန်တွင်မှ ရှာတွေ့နိုင်ဖွယ်မရှိသော
စကားလုံးအသံထွက်များဖြင့် ဂါထာ
မန္တန်ဆန်ဆန်/ စာတစ်ပိုဒ်ကို ရွတ်ဆို
လိုက်သည်။

သည့်နောက်တော့ ပကတိ ဆိတ်



www.burmeseclassic.com

www.burmeseclassic.com


ငြိမ်ခြင်း။

ကိုစိန်တိုးအဖို့ ချောက်ချားဖွယ်ဆိတ်ငြိမ်ခြင်းများအလယ်တွင် တစ်ကိုယ်လုံး မကြံ့ဖူးအောင် တုန်လှုပ်ခံစားနေရသည့်ကြားမှ အသိဉာဏ်မလစ်ဟင်းရအောင် ကြိုးစားထိန်းချုပ်နေရပါပြီ။

ရင်တလှပ်လှပ်၊ အသည်းတထိတ်ထိတ်ကြားထဲမှာ သူတို့သုံးယောက်စလုံး အလင်းတန်းတစ်ခုကို ဇက်တွယ်လုယက်နေရသည် ထင်ရ၏။ အာခေါင်တွေလည်း ခြောက်စပြုလာသလို၊ သွေးလည်ပတ်မှုတွေလည်း ရပ်သွားမလား ထင်မှတ်ရ၏။

ထိုအချိန်၌မှာပင် ...

"သီဂီ .. သမီးလေး။ သမီးလေးမေမေ့နားရောက်လာပြီ မဟုတ်လား။ မေမေ့ကို စကားပြောပါဦး သမီးရယ်"

ပထမ မြိုင်၏ တီးတိုးရေရွတ်သံ၊ တစ်ဆက်တည်း၌ ဦးရွှေမိုးခေါင်၏ ငေါက်ငမ်းသတိပေးသံ။

"သတိထားပါမြိုင် ..၊ မင်းသမီးဟာ စကားပြောလို့ မရဲသေးပါဘူး။ တို့လုပ်ငန်းစဉ် ဆုံးခန်းတိုင်ဖို့ အဆင့်တွေအများကြီး လိုပါသေးတယ်။ ဒီအတောအတွင်း ကျုပ် အမိန့်မပေးမချင်း မျက်လုံးတွေမဖွင့်မိဖို့ သတိထားပါ။ ရှေ့ကမိတ်ဆွေရောပဲပေါ့ ..."

"သီဂီ .. သမီးလေး။ မေမေတို့ကို ပစ်မသွားနဲ့နော်။ ထင်ထင်ရှားရှားသာ ပြလှည့်ပါ။ ဒါကိုမြင်ချင်လို့ မင်းအဖေလည်း လိုက်လာတယ်ကွဲ့ ..."

မြိုင့်အသံ ပျောက်သွားသလိုကိုစိန်တိုးရင်ထဲ အေးခနဲဖြစ်သွားရပြန်၏။ သတိမလစ်အောင်ထိန်းရင်း သူ့အသိဉာဏ်တွေကို တစ်စုံတစ်ခုသောလက်နက်ဖြင့် ထုချေရိုက်ခတ်နေသည့်အလား ခံစားရနေ၏။

ထို့အတူ သူ့အသိဉာဏ်ထဲသို့ သမီးလေးသီဂီ လွှမ်းမိုးထင်ဟပ်လာပါချေပြီ။

"မြိုင် ..၊ မင်းရဲ့မျက်လုံးတွေကို ဖွင့်နိုင်ပြီ၊ ကိုစိန်တိုး ပိတ်ထားပါဦး။ မမြိုင် .. မင်းရဲ့မျက်လုံးတွေဟာ မင်းဝိညာဉ်ရဲ့တံခါးပဲ။ တစ်ခြားဝိညာဉ်တွေဟာလည်း အဲဒီမျက်လုံးတံခါးကပဲ မင်းနဲ့ဆက်သွယ်လာလိမ့်မယ်"

"သမီးလေး .. သီဂီ။ သမီးလေးအတွက် မေမေနဲ့ဖေဖေ ပူဆွေးသောကရောက်နေရပါတယ်ကွယ်။ သမီးလေးကို မေမေတို့ ဘယ်လောက်ချစ်တယ်ဆိုတာသိရင် ပြန်လာဖို့ ကြိုးစားပါဦးကွယ်"

ကိုစိန်တိုး၏ အသိဉာဏ်သည် တဒင်္ဂအားဖြင့် မှေးမှိန်လွင့်ပါးသွားရာမှ ဖျတ်ခနဲ ပြန်ဝင်လာသည်။ သတိဝင်လာသည်နှင့်တစ်ချက်တည်း မျက်စိကို ဖွင့်ကြည့်မိသည်။ သူ့ကိုကြည့်ခွင့်မပေးသေးဘဲ ခိုးကြည့်ခဲ့ခြင်း ဖြစ်၏။

ထိုအခါ အခန်းထဲမှာ ဝိုးတဝါးလင်းနေသလို နံရံမည်းကြီးတွေက ရှေ့တိုးကပ်လာသည် ထင်ရ၏။ ပြီးတော့ သူ့အာရုံထဲ၌ သမီးလေး အခန်းထဲလှည့်ပတ်ပြေးနေသည်ဟု ယုံစားခံစားနေမိ၏။

သီဂီ သေပြီပဲ။ သီဂီ သေပြီ။ သီဂီ သေခဲ့ပြီးပြီ။

ဒါဖြင့် သူ့ပတ်ဝန်းကျင်သို့ သီဂီရောက်လာသည်လို့ ဘာဖြစ်လို့ထင်ရပါသလဲ။

ဒီအဖြစ်ဟာ
သာမည
မဟုတ်သလို
ပဟေဠိ
ဆန်ဆန်
လျှို့ဝှက်
နက်နဲလှတဲ့
အတွေ့အကြုံပါပဲ
...


www.burmeseclassic.com

www.burmeseclassic.com



မငြင်းတမ်းဝန်ခံရလျှင် သမီးလေး၏ အသံသဲ့သဲ့လေးပင် ကြားလိုက်ရသယောင် ရှိခဲ့၏။ သမီးလေးအသံနှင့် အတူ ပုံသံသဲ့သဲ့ပါ ရောထွေးကြားနေရသည် ထင်ရ၏။

ကိုစိန်တိုး မျက်နှာအောက်စိုက်ချလိုက်ရာမှ စားပွဲခုံကို ကြည့်မိလျက်သား။ အလို .. စားပွဲက ရွေ့နေပါရောလား။ မဟုတ်ပါ။ စားပွဲက မရွေ့ပါ။ သို့သော် စားပွဲပေါ်မှ မှန်ထဲတွင် လှုပ်ရှားနေခြင်းသာ ဖြစ်၏။

ဆဋ္ဌဂံအတွင်းရှိ အရုပ်လိုလို၊ စာလိုလို သင်္ကေတန်များက ရွေ့လျားလှုပ်ရှား နေတာအမှန်။ အရိပ်သင်္ကေတန်တွေလား။ ဝိညာဉ်တွေပဲလား။ တကယ်ဖြစ်နေတာလား။ စိတ်က ထင်ယောင်ထင်မှား ခံစားရတာလား။

တီးတိုးညံနေသော ညည်းသံတွေ မသဲကွဲသော အရိပ်သင်္ကေတန်တွေ၊ ရှုပ်ထွေးနေသော အရောင်တွေ၊ ယစ်မူးဖွယ် အနံ့အသက်တွေနှင့် မှန်တိုင်းမိနေရသည့်ပမာ ဘာဖြစ်လို့ ဘာဖြစ်မှန်း မသိအောင် ကြုံနေရတော့သည်။ ထိုအခိုက်မှာပင် လက်ဖျားထိပ်ကလေးတွေမှာ ကျင်ခနဲဖြစ်သွားသလို၊ သူလေထဲလွင့်သွားပြီး အသံကုန် ဟစ်အော်ပစ်လိုက်တော့၏။

"တော်ပြီ .. ကျေနပ်ပြီ။ ရပ်ကြပါတော့ .. ရပ်ကြပါတော့"

ရုတ်တရက် မီးရောင်တစ်ခု ပြန်လင်းလာ၏။ သူတို့ရောက်ခါစထက် အဆများစွာ ထိန်ညီးသောအလင်းရောင်ပါ။ ဒါပေမဲ့ ထိုမီးရောင် ဘယ်ကလာမှန်း ရှာဖွေဖို့ ကိုစိန်တိုး မကြိုးစားမိပါတော့။

ထူးဆန်းတာက အလင်းရောင်ပွင့်လာသောအချိန်၌ ကိုစိန်တိုးသည် မြိုင်တို့ရှိရာ စားပွဲဝိုင်းလေးမှ သုံးပေခန့်အကွာ ကြမ်းပြင်ပေါ်တွင် ပက်လက်လန်နေခြင်းပါပဲ။

"ဟင် .. ရှင်၊ ရှင့်ကြောင့် အစီအမံတွေ ပျက်ကုန်ပြီ။ ရှင်ဘယ်လိုလုပ်လိုက်တာလဲဟင် .. ကိုစိန်တိုး"

"ဆောရီးပဲမြိုင် .. မောင်တောင်းပန်ပါတယ်။ မောင့်အနေနဲ့ ဒါမျိုး တစ်ခါမှ ကြုံဖူးတာမဟုတ်လို့ပါမြိုင်ရယ်။ မောင့်ကို ခွင့်လွှတ်ပါ"

မြိုင်က အလိုမကျသောအသံဖြင့် အပြစ်တင်လိုက်သည်ကို ကိုစိန်တိုးက လေသံပျော့လေးနှင့် တောင်းပန်လိုက်သည်။

ဆရာကြီးရွှေမိုးခေါင်ကတော့ ကျေနပ်မှု၊ မကျေနပ်မှု မပေါ်လွင်သော မျက်နှာကြီးဖြင့် ကိုစိန်တိုးကို စူးစူးဝါးဝါး စိုက်ကြည့်ရင်း ....

"ဘယ့်နှယ် အုံ့သြစရာ မကောင်းဘူးလား ကိုစိန်တိုး။ သမီးလေးနဲ့ရော ထိတွေ့မှုရှိလိုက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ကိုရွှေမိုးခေါင်။ ဒီအဖြစ်ဟာ သာမညမဟုတ်သလို ပဟေဠိဆန်ဆန် လျှို့ဝှက်နက်နဲလှတဲ့ အတွေ့အကြုံပါပဲ။ အဲ .. ကျွန်တော် မပြန်ခင် ဆရာကြီးနဲ့နှစ်ယောက်တည်း စကားပြောချင်ပါသေးတယ် ..."

"ဪ .. ဒီလိုလား၊ ရပါတယ်။ ကဲ .. မမြိုင် ဒီအထဲမှာ ခဏစောင့်နေလိုက်ပါဦးနော် ..."

ဦးရွှေမိုးခေါင်နှင့် ကိုစိန်တိုး အိမ်ရှေ့ဧည့်ခန်းထဲသို့ ပြန်ရောက်ခဲ့ကြသည်။

"ကဲ .. ပြောချင်တာ ပြောပါ"

"ပြောရရင်တော့ ခင်ဗျားတို့ ဘယ်လိုဘယ်ပုံဖန်တီးထားမှန်း မသိပေမယ့် ပညာခန်းတွေပါနေတော့ ရိုပ်မိတယ်ဆိုတာပါပဲ။ အရေးကြီးတာ အဓိကပြောချင်တယ်။ ကျုပ်မိန်းမကို ရှေ့ဆက်မလှည့်စားတော့ဘဲ အဆက်ဖြတ်ပစ်ပါ။ ခင်ဗျားလိုချင်သလောက် ငွေပေးပါ့မယ် ..."

"ကိုစိန်တိုး .. ခင်ဗျားဟာ သမီးလေးသိဂီနဲ့ ထိတွေ့ခဲ့ရတယ်။ ဒါကို ဘာကြောင့် ဝန်မခံချင်ရတာလဲ"

"ကျွန်တော် နားလည်သလောက်တော့ တွေ့ခဲ့ရတာ သိဂီအစစ်မဟုတ်နိုင်ဘူး။ ဘာခေါ်ရမလဲ၊ အမှောင်ရဲ့ အင်အားကို အခြေခံပြီး လှည့်စားသွားတာလို့ပဲ ထင်တယ်။ ကျွန်တော်က အလင်းရဲ့အင်အားကိုသာ လိုချင်ပါတယ် ကိုရွှေမိုးခေါင် ..."

"ဒီမယ် .. ကိုစိန်တိုးသိထားဖို့က အလင်းရဲ့အင်အားဆိုတာ ပျက်စီးလွယ်တယ်။ ရေရှည်မမြဲဘူး။ အမှောင်ရဲ့ အင်အားကသာ တာရှည်ခံတယ်။ ဝိညာဉ်ဆိုတာတွေကလည်း အမှောင်ထဲမှာပဲ ပျော်တတ်တာ သဘာဝပဲဗျ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အပေးအယူလုပ်တာကို လက်မခံရင်တော့ ခင်ဗျားကို စားပေါက်ပိတ်ရုံတင် မကဘူး ဒီဂိုဏ်းကြီးတစ်ခုလုံး ပြိုသွားအောင် ကျုပ်လုပ်ရမှာပဲဗျ"

"ဒါဆို ကျုပ်ကလည်း ပြန်ပြောလိုက်မယ်။ ကျုပ်တို့ကို အနှောင့်အယှက်ပေးဖို့ မကြိုးစားပါနဲ့။ ကော... ကျိုးထက် ဆိုးကျိုးကများသွားမယ် ဆို... တာပါပဲ။ စေတနာနဲ့ သတိပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ"

ကိုစိန်တိုး ခပ်ပြတ်ပြတ်ပြော
ိုက်ပြီး ချာခနဲလှည့်ထွက်ခဲ့သည်။
ှင့်ကို သွားခေါ်ကာ ဆန်နီကားလေး
ှင့် အိမ်သို့ တန်းပြန်ခဲ့တော့သည်။

(၃)

နောက်တစ်နေ့ညနေ ...။

သန်းခေါင်ယံ ...

တက်ထရက် နက်ပြာရောင်
ဘောင်းဘီ၊ ဂျာကင်အညို၊ ရှပ်အင်္ကျီ
ိုးရောင်တို့ကို ဝတ်ဆင်လျက် ဗိုညာဉ်
ခင်ဂိုဏ်း အဆောက်အအုံရှိရာ ခြံကြီးထဲသို့ ရောက်ခဲ့သူကား ကိုစိန်တိုး။

တစ်နာရီလောက် အကဲခတ်ကြည့်ပြီး ခြံလယ်မှ တိုက်ကြီးထဲသို့ဝင်ရန် ဆုံးဖြတ်လိုက်သည်။

တိုက်တံခါးဝတွင် ဂျာကင်အိတ်ထဲမှ သော့ဝိဇ္ဇာ၊ ဖလက်ဂမ်းမီးပါသော အသေးစား ကင်မရာလေးကို စမ်းလိုက်ပြီး ဘောင်းဘီနောက်အိတ်ရှိ ဖောင်တိန်လက်နှိပ်ဓာတ်မီးလေးကို ထုတ်ယူရင်း တံခါးမကြီးကို တွန်းကြည့်မိသည်။

အတွင်းမှသော့ခတ်ထားပြီးတံခါးဘောင်တွင်းမြှုပ်ထားသော အသွားသော့ကို သူ့သော့ဝိဇ္ဇာက တစ်ချက်နှစ်ချက်လှည့်လိုက်ရုံနှင့် ပွင့်သွားစေ၏။

လက်နှိပ်ဓာတ်မီးငယ်ကို အသုံးပြုလျက် အောက်ထပ်မှအပေါ်ထပ်သို့ သတိကြီးစွာ တက်ခဲ့သည်။

ထိုမှတစ်ဆင့် တိုက်နောက်ဖက်မှ မနေ့က အခန်းထဲသို့ ရောက်သွားပြန်သည်။

စင်စစ်တော့ နဂိုဗီဇအရ မဟုတ်မခံစိတ်ဓာတ်ပြင်း၍ သတ္တိကောင်းသလို၊ ကရာတေးပညာတတ်ထားသူမို့ စုံထောက်တွေ၊ ရဲတွေ အကူအညီမခေါ်ဘဲ တစ်ကိုယ်တော်စွန့်စားခဲ့သော ကိုစိန်တိုးပါ။

ကိုစိန်တိုးသည် အခန်းအလယ်စားပွဲဝိုင်းလေးနား ကပ်မိသည်နှင့် စိတ်ထဲ ဘာလိုလို ဖြစ်သွားသည်။ သမီးလေးသီဂီ အငွေ့အသက်တွေ စွဲထင်ခံစားလိုက်မိသယောင်ယောင်ပင်။

ဘာပဲဖြစ်ဖြစ် စားပွဲခုံပေါ် လက်တင်မိလိုက်ရုံနှင့် ဓာတ်လိုက်သလိုခံစားရပြီး ဆဋ္ဌဂံမှန်ဝိုင်းထဲမှ အရုပ်တွေသက်ဝင်လှုပ်ရှားလာရသည့် လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ကြံလိုက်မိ၏။

အချင်း ငါးပေခန့်ရှိသော ကျောက်စားပွဲမှာ ခြေထောက်တွေမပါဘဲ အလယ်အူတိုင် တစ်တိုင်တည်းဖြင့် ထိန်းထားသည်။

ဦးရွှေမိုးခေါင် ရပ်သွားသည့်နေရာနှင့် စားပွဲအောက်ကြမ်းပြင်တွင် ခလုပ်၊ လျှပ်စစ်ဝါယာကြိုးများ တွေ့ရမလား ရှာကြည့်၏။ ဘာမှမရှိ။ ကြမ်းပြင်မှာ သံမံတလင်းဖြစ်လျက် ပြောင်ချောနေ၏။ ကိုစိန်တိုးက စားပွဲကို တွန်းကြည့်သည်။ သံမံတလင်းပေါ်တွင် သာ





www.burmeseclassic.com

သာလေး ရွှေ့သွားသည်။

ထို့နောက် နံရံမည်းကြီးတွေကို စစ်ဆေးကြည့်လိုက်မိပြန်သည်။ သည်တော့မှ နံရံတွေမှာ အုတ်နံရံတွေမဟုတ်ဘဲ သုံးထပ်သားပြားတွေကို ဆေးသုတ်ထားကြောင်း တွေ့ရတော့၏။ ကျန်နံရံနှစ်ဖက်မှာလည်း ထိုအတိုင်း ရွှေ့တိုးနောက်ဆုတ် ရွှေ့လို့ရအောင် လျှောလမ်းလေးတွေ တင်ထားသည်။

အားလုံးပေါင်း သုံးထပ်သားနံရံတစ်ဖက် အုတ်နံရံတစ်ဖက်ဖြင့် အခန်းဖွဲ့ထားတာ သိလိုက်ရ၏။ အုတ်နံရံမှာ လျှို့ဝှက်ခလုတ်တွေ၌ ဖွင့်ဝင်လိုက်သည်။ တစ်ဖက်ခန်း၌ ရုပ်ရှင်ပြစက်ငယ် တစ်လုံး။ ရုပ်ရှင်ပြစက်ထဲရှိ ဖလင်ပေါက်၌ ရုပ်ကော်ပြားတစ်ခု ကပ်လျက်သား။ ထိုဖလင်ကို ထုတ်ကြည့်လိုက်တော့ သမီးလေးသီဂီကို နောက်ဆုံးပျော်ပွဲစားထွက်သည့်နေ့က သူကိုယ်တိုင် ရိုက်ပေးခဲ့သည့် ဓာတ်ပုံ။

အထွေအထူး ခေါင်းစားစရာမလိုပါ။ သမီးလေးနှင့် ဆက်သွယ်တွေ့ဆုံရေးတွင် ဓာတ်ပုံလိုသည်ဟု အကြောင်းပြ တောင်းချက်အရ ဦးရွှေမိုးခေါင်အား မြှင်ကပေးခဲ့တာပဲ ဖြစ်ရမည်။ အဲ .. ပိတ်ကားအနက်ပေါ်တွင် အရုပ်ထင်အောင်တော့ ခေတ်မီသိပ္ပံနည်း တစ်ခုခုဖြင့် ပြစက်ကို တီထွင်ထားခဲ့ပုံရသည်။

အခန်းထောင့်တစ်နေရာမှာလည်း ကွန်ပျူတာအငယ်စားလေးတစ်လုံး။ မဟုတ်မှလွဲရော ကွန်ပျူတာနှင့် စားပွဲဝိုင်းကို ဆက်သွယ်လှုပ်ရှားခဲ့တာ ဖြစ်နိုင်သည်။

ကိုစိန်တိုး သူတွေ့သမျှကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ပြီး စားပွဲဝိုင်းရှိရာ ပြန်ထွက်ခဲ့သည်။

စားပွဲဝိုင်းစက်ထဲမှ အပြာရောင်ဆဋ္ဌဂံအတွင်းရှိ အမျိုးအမည်မသိသော အကောင်ဗလောင် အက္ခရာများက သူ့ကို ညှို့ယူဖမ်းစားနေသလိုလို။

ကိုစိန်တိုး၏လက်နှစ်ဖက်က အမှတ်တမဲ့ ဆဋ္ဌဂံ၏ထောင့်စွန်းနှစ်ခုကို သွားထောက်မိလိုက်သည်။ တစ်ပြိုင်နက်အတွင်း သူ့တစ်ကိုယ်လုံး ကြက်သီးတွေထ၍ ခေါင်းနားပန်းကြီးသွားရအောင် ကျဉ်တင်တင်ခံစားမှုက အရှိန်ခိုက်သွား၏။

တစ်ချိန်တည်း၌ မှန်ဝိုင်းစက်ဝိုင်းပေါ်ရှိ ဆဋ္ဌဂံထဲမှ အရိပ်သဏ္ဍာန်များ သက်ဝင်လှုပ်ရှားနေပြီဖြစ်ကြောင်း ကိုစိန်တိုး အံ့သြတကြီး တွေ့လိုက်ရ၏။ ကေန္တတော့ မှန်ဝိုင်းအောက်မှ ဖန်သားပြင်တွင် အရုပ်ထင်လာတာတွေများ ဖြစ်မလား။

စဉ်းစားနေဆဲမှာပင် မပီသသော အသံတစ်မျိုးက သူ့နားထဲသို့ ထိုးဖောက်ဝင်ရောက်လာ၏။ လှိုင်းရှာမှ အသံတွေလို ခပ်သဲ့သဲ့၊ ခပ်လေးလေး မြည်ဟည်းနေသော အသံတွေပါပဲ။

သည့်နောက် ဘယ်ကထွက်လာမှန်းမသိသော အလင်းတန်းတစ်ခုဖြင့် တစ်ခန်းလုံး ဖျန်းခနဲ လင်းထိန်သွားသည်။

သည်မှာပင် အခန်းထောင့် တစ်နေရာ၌ ကုလားဗုံသုံးလုံးကို ရှေ့ချ တီးခတ်နေသော လူမည်းကြီးသုံးယောက်အား မြင်တွေ့လိုက်ရတော့၏။

သုံးယောက်စလုံး ဘီလူးသဘက်တွေလို ထွားကျိုင်း၍ ဆိုးသွမ်းရက်စက်မည့် မျက်နှာပေါက်များ ရှိကြ… အနက်ရောင်ဝတ်စုံတွေ ကိုယ်စီနှ…

သူတို့အသားတွေက ကတ္တ… စေးသုတ်ထားသလို မည်းချိတ်… လျက် မျက်စိစုံမှိတ်၊ ပါးစပ်ကြီးဖြ… ကျောက်ရုပ်ကြီးတွေလို ငြိမ်ထိုင်က… လက်ချည်းလှုပ်ရှား၍ ဗုံတီးနေခြင်း…

"အတန်တန် သတိပေးထာ… ရက်နဲ့ ငါ့စကားကိုနားမထောင်တ… မင်းရဲ့ မဟာအမှားပဲ စိန်တိုး"

သူတို့ဘေးမှ ဦးရွှေမိုးခေါင် … ခနဲဝင်လာပြီး အကြောင်းသားရုပ်… သည့် ကိုစိန်တိုးအား လှမ်းပြောလိုက်… ပါသည်။ ပြောရင်းက ရှေ့သို့တိုး… သည်။ သူ့မျက်လုံးတွေမှာ ပြူးကျ… တောက်ပနေပြီး အရောင်မျိုးစုံ … ဖြာထွက်နေသည် ထင်ရ၏။

"မင်းလောက်မိုက်လုံးကြီးတဲ့… မတွေ့သေးဘူးကွ။ မင်းရဲ့ မိုက်ပြ… ထိုက်တန်တဲ့ဒဏ် အခုခံရတော့မယ်… မင်းက ငါ့ကို အထင်သေးလို့ အား… ဘဲ စော်ကားခဲ့တယ်။ ဒီအတွက် နော… တကောင်းကောင်း ရပြီသာမှတ်လိုက်…

"ကဲ .. စိန်တိုး၊ ငါ့ကိုကြည့်စမ်… ငါ့မျက်လုံးတွေကို စိုက်ကြည့်လိုက်စမ်း"

ကိုစိန်တိုးသည် သူ့စိတ်ကို … ကြံခိုင်တင်းရင်းနှင့် ဦးရွှေမိုးခေါင်… ဝံ့ဝံ့စားစား မျက်တောင်မခတ် ရင်ဆိုင်… စိုက်ကြည့်ထားလိုက်၏။

ဦးရွှေမိုးခေါင်က သူ့နားကပ်လ… သလို နှုတ်ကလည်း ဆိမ်းမန်းသ… ပြောလေ၏။

သူ့ကို စိတ်ညှို့ပြီး အိပ်မွေ့ချ… ကြိုးစားတာကလား။

"စိန်တိုး .. မင်းစိတ်ကို ငါနိုင်…

www.burmeseclassic.com



ိုင်းတာ မင်းလုပ်ရမယ်။ ခုအချိန်က ပြီး အိပ်လိုက်ပေတော့။ ဟုတ်ပြီ .. တိုး၊ မင်းအိပ်ပျော်သွားပြီ။ အိပ်မော သွားပြီ ...''

တတွတ်တွတ်အသံတွေကို အာခံ သူ့စိတ်ထဲကလည်း ..

''မအိပ်ဘူး။ ဘာလို့အိပ်ရမှာလဲ'' ဟု ကြုံးဝါးပြီး တင်းခံနေမိ၏။

ဦးရွှေမိုးခေါင်၏ ကြောက်စရာ မျက်နှာကြီးကို ပြန်၍ ပြူးပြဲကြည့်ထား လိုက်သည်။

လက်တစ်ဖက်ကလည်း ဘောင်း ဘီအိတ်ရှိ ဓားမြှောင်ကို နှိုက်ထုတ်ရန် ကြိုးစားမိသည်။

သည်အခိုက်မှာပင် ...

ကိုစိန်တိုး ချီစောင်းမှာ ပူခနဲ ဒနာတစ်ရပ် ခံစားလိုက်ရပြီး မျက် လုံးတွေ မြာခနဲ၊ ဝင်းခနဲ ကမ္ဘာကြီး ဆောက်ထိုးမိုးမျှော် ချာချာလည်သွားပါ တော့သည်။

ကိုစိန်တိုး ဦးရွှေမိုးခေါင်ကို အာရုံ စိုက်နေစဉ်အတွင်း သူ့နောက်ဖက်မှ တ်ရုံနက်ဝတ် လူမည်းကြီးတစ် ယောက်က မာကျောသောလက်နက် ဖြင့် အလစ်ရိုက်ချလိုက်တာပဲ မဟုတ် ပါလား။

(၄)

''ဘယ်လိုလဲ စိန်တိုး၊ မင်းက ကို ဖြိုဖျက်မယ်ဆို။ ခုတော့ မင်းကိုယ် ပိုင်ပြီရတော့မှာပါလားကွ။ ရောက်လေ ဘဝအထိ မှတ်ထား။ အမှန်တရား ဆိုတာကို ဖော်ထုတ်ဖို့ကြိုးစားတာ အများပဲတွေ့မယ်လို့ ...''

အချိန်ဘယ်လောက်ကြာသွားမှန်း မသိ။ သတိပြန်ရလာတော့ အခန်း ကျယ်ကြီးထဲတွင် ရောက်နေသည်။ ကွပ်ပျစ်ပေါ်၌ လက်ပြန်ကြိုးတုပ်လျက် သား။

သူ့ရှေ့မှာလည်း ဦးရွှေမိုးခေါင် နှင့် တပည့်များ ကားရားကြီးရပ်လျက် သြဝါဒ ခြွေနေခဲ့ပါပြီ။

''အဲ .. မင်းကို နောက်ဆုံးအခွင့် အရေးပေးတဲ့အနေနဲ့ မင်းအဖြေရှာနေ တဲ့ ပဟေဠိတွေကို အသိပေးလိုက်ပါ မယ်။ ဟုတ်တယ် .. မင်းစွပ်စွဲတဲ့ အတိုင်း ငါတို့လိမ်ခဲ့တယ်။ ခေတ်မီ သိပ္ပံနည်းအရ နောက်ဆုံးပေါ် စက် ကိရိယာတွေနဲ့ လိမ်ခဲ့တာလည်း ငါ ဝန် ခံတယ်။ ဒါ့အပြင် တို့ဟာ လူလိမ်ဂိုဏ်း သက်သက်သာမဟုတ်ဘဲ အခွင့်ကြုံရင် ကြုံသလို ရာဇဝတ်မှုတွေ ကျူးလွန်တဲ့ ဒုစရိုက်ဂိုဏ်းကြီးဆိုတာပါ မင်းနားလည် ထားလိုက်။ မူးယစ်ဆေး မှောင်ခိုတယ်။ ဓားပြတိုက်တယ်။ ပြန်ပေးဆွဲတယ်။ အားလုံး ပိပိရိရိ သေသေသပ်သပ်၊ ပိုင်ပိုင်နိုင်နိုင် လုပ်ခဲ့တော့လည်း ဘယ် သူမှ မရိပ်မိခဲ့ကြဘူးပေါ့။ ဟား .. ဟား''

ဦးရွှေမိုးခေါင်က ဂုဏ်ယူဝင့်ကြွား စွာဖြင့် ရယ်သွမ်းသွေးလိုက်သည်။

ပြီးတော့လည်း ...

''ငါတို့ဟာ လုပ်သင့်လုပ်ထိုက် တဲ့ မကောင်းမှုဒုစရိုက်မှန်သမျှ ဒိုင်ခံ လုပ်ခဲ့ကြတယ်။ ငါတို့ဂိုဏ်းရဲ့နာမည် '၂၀ ရာစု ဝိညာဉ်သခင်များ' ဆိုတဲ့ အဓိပ္ပာယ်ကိုပဲ သေသေချာချာတွေး ကြည့်။ ဝိညာဉ်သခင်ဆိုတာ 'သေမင်း' ပဲလေ၊ အေး .. တို့ဟာ ရန်သူတွေ အတွက် သေမင်းပဲ။ ကဲ .. မင်းသိချင် တာအားလုံး သိပြီဆိုတော့ ဘာလုပ် မလဲ ..၊ ရဲစခန်းသွားတိုင်မလား၊ မိုးပေါ်က သိကြားမင်းယောက္ခမအထိ သွားတိုင် .. ဟား .. ဟား .. ဟား''

ဦးရွှေမိုးခေါင်က အသံနက်ကြီး ဖြင့် ဟားတိုက်ရယ်နေရင်းက မေးငေါ့ ပြလိုက်သည်။

လူမည်းကြီးနှစ်ယောက်က လက် ထိတ်ကြိုးတွေဖြုတ်ပေးပြီး နှစ်ယောက် ညှပ်ထူလိုက်သည်။

ခုထိ ကိုစိန်တိုး မူးဝေနေဆဲ။

သည်အထဲမှ လူမည်းကြီး တစ်ယောက်နှင့်အတူ ဝင်လာသူကို တွေ့လိုက်ရာမှ အထိတ်တလန့်နှင့် အံ့ အားသင့်သွားရသည်။

တစ်ခြားတော့မဟုတ်။

လွန်ခဲ့သော နှစ်နာရီ၊ သုံးနာရီခန့် က အိမ်က မွေ့ရာပေါ်တွင် အိပ်ပျော် ကျန်ရစ်ခဲ့သည့် မြိုင်။

ဦးရွှေမိုးခေါင် အခေါ်ခိုင်းလိုက် ရာမှ ထလိုက်လာသော မြိုင်။

မြိုင့်ရုပ်သွင်က အလှရယ်လို့မရှိ၊ ကြောက်စရာအတိ။

မျက်နှာပြင်မှာ အစွမ်းကုန် ခက် ထန်နေ၏။ ရန်လိုမုန်းတီးမှုများဖြင့် ပြည့်လျှမ်းလို့။

မျက်လုံးတွေက နီရဲပြီး ဒေါသ ရောင်ဖြင့် တလက်လက် ဝင်းဝင်း တောက်လျက်။

မြိုင် ရူးများသွားပြီလား။

ဦးရွှေမိုးခေါင်က မြိုင့်ကို စိတ်ညှို့ မှော်သွင်းပြီး သူ့ကို သတ်ခိုင်းလိုက်တာ ပဲလား။

ကြည့်လေ .. မြိုင့်လက်ထဲမှာ လည်း ရောမနှစ်ဖက်သွား ဓားမြှောင်



www.burmeseclassic.com



ကို ကိုင်ထားသည်။

ဦးရွှေမိုးခေါင်တို့ ကျေးဖူးကြောင့် ကွယ်လွန်သွားရှာလေသူ တမလွန်မှ သမီးလေးနှင့် တွေ့နေရသည်ဟု စွဲလမ်းယုံကြည်နေသော မြိုင်အတွက် ကိုစိန်တိုးသည် မဟာရန်သူပင် ဖြစ်ပါသည်။

ဒါကြောင့်လည်း ကိုစိန်တိုး၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ရာမှ ကိုစိန်တိုး သည်အိမ်ကြီးသို့လာကြောင်း သူမပင် ဦးရွှေမိုးခေါင်ထံ ဖုန်းဆက်ပြောကြားခဲ့တာ မဟုတ်ပါလား။

ခုတော့ မြိုင် ကိုစိန်တိုးကို အပြတ်ရှင်းပစ်မှ အေးမည်ဟူသော အသိဖြင့် ဓားမြှောင်ကြီးမြှောက်လျက် တစ်လှမ်းချင်းတက်လာကာ လှုမည်းကြီးနှစ်ယောက်ကြားမှ ကိုစိန်တိုး၏ ရင်ဝသို့ ချိန်ရွယ်လာခဲ့ပါပြီ။

ကိုစိန်တိုးကား ကြက်သေသေပြီး ကြောင်နေ၏။ ဟန့်တားအောင်ဟစ်ရန် သတိရပေမည့် ပါးစပ်က အာစေးထည့်ထားသလို ဆွံ့အနေမိ၏။

သည့်မှာပင် မြိုင်က ဓားမြှောင်ကြီးကိုစိုက်ချရန် အားယူလိုက်ပါတော့သည်။

(၅)

အသံကြီးက ကိုစိန်တိုးဆီမှ မဟုတ်။

သူ့ ဘယ်ဘက်ဘေးက လှုမည်းကြီးထံမှ စူးစူးဝါးဝါးထွက်လာခြင်းသာ ဖြစ်သည်။

ရှင်းအောင်ပြောရလျှင် ညာဘက်က လှုမည်းကြီးက ကိုစိန်တိုးကို ဘေးသို့ဆောင့်ဆွဲလိုက်ရာမှ ကျန်လူက ဓားစာခံ ဝင်သွားရခြင်းပင်။

မမျှော်လင့်သောဖြစ်ရပ်ကြော
ရုတ်ရုတ်သဲသဲဖြစ်သွားချိန်မှာပင် ကိုစိ
တိုးကို ကယ်တင်လိုက်သော လှုမည်
လက်ထဲတွင် ပစ္စတိုတစ်လက် ရောက
နေပါပြီ။

"တစ်ယောက်မှ မလှုပ်ကြနဲ့နော်
မင်းတို့ ဝိညာဉ်သခင်များ လှုဆိုးဂိုဏ်
ကြီးကို ဖော်ထုတ်သုတ်သင်ဖို့ မြုပ်နှံ
ရာခံပြီး စုံစမ်းထောက်လှမ်းနေခဲ့တဲ
စီအိုင်ဒီက ရဲအုပ်ဝဏ္ဏစိုးဆိုတာ ငါပဲ"

ဦးရွှေမိုးခေါင်နောက်မှ လှုဆိုးက
သေနတ်ထုတ်လိုက်သည်။ ရွယ်လိုက
ချိန်ပင်မရ။

"ဒိုင်း"

ဝဏ္ဏစိုးက လက်ဦးမှု ရယူလိုက
သည်။

သေနတ်ကိုင်လက်မှာ ကျည်ဆ
မှန်သွားပြီး သွေးဖျန်းဖျန်း ဖြာသွ
သည်။ သေနတ်လွတ်ကျသွားသည်။

ကိုစိန်တိုးကလည်း မြိုင့်လက်ထဲ
ဓားကိုလုပြီး မြိုင့်ကို လက်ဝါးစောင်းနှ
သိပ်ထားလိုက်သည်။

ဦးရွှေမိုးခေါင် ပြေးပါပြီ။


ဒါပေမဲ့ သုံးလှမ်းထက် မ
လိုက်ပါ။ လွှားခနဲ ခုန်ပျံသွားသည
ဝဏ္ဏစိုး၏ သေနတ်ဒင်စာ မိသွားသည
နာရီပိုင်းအတွင်း ရဲတပ်ဖွဲ့ဝင်တွေလည
ရောက်လာသည်။ ဝိညာဉ်သခင်မျ
အုပ်စုအဖို့ အင်းစိန်အပန်းဖြေစခန်း
လွဲ၍ တခြားလမ်းမရှိတော့ပါ။

ဝဏ္ဏစိုးနှင့် စုံထောက်ရဲတပ်ဖွဲ့
အစွမ်းဖြင့် လူလိမ်လူညာ၊ လူ
လူညစ်တို့ နယ်ကျဉ်းလာတာကတေ
အသေအချာ။ ။

ညီညီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်သော အင်တာနက်သတင်းတစ်ပုဒ်တွင် အောက်တွင်ဖော်ပြထားသော စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားခဲ့သည်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

“ကလေးငယ်များအား သတ်ဖြတ်၍ စားသောက်ရန် ကြံစည်ခဲ့သော ဒုစရိုက်သမားတစ်ဦးအား ရာဇဝတ်တရားရုံးတော်က ထောင်ဒဏ် ၂၇ နှစ်ချမှတ်”

ဝေါဆက်စတာ၊ စက်တင်ဘာလ၊ ၁၈ ရက်

အမေရိကန်ပြည်ထောင်စု မက်ဆက်ချူးဆက်ပြည် စုံထောက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗြိတိသျှအမျိုးသား အစုလိုက်အပြုံလိုက် လူမမယ်ကလေးငယ်များအား ပြန်ပေးဆွဲ ညှင်းဆဲနှိပ်စက်၍ သတ်ဖြတ်ရန်ကြံစည်သူ လူသတ်သမားအား ယမန်နေ့ညနေပိုင်းက ထိုအမျိုးသားနေအိမ် အသံလုံမြေအောက်ခန်းအတွင်းတွင် လက်ပူးလက်ကြပ်ဖမ်းဆီးရမိသည်ဟု သတင်းမီဒီယာများအား ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုသူမှာ အသက် ၄၀ နှစ်အရွယ်ရှိ ဂျက်ဖရီပေါဝေးဆိုသူဖြစ်သည်။ မက်ဆက်ချူးဆက်ပြည်နယ်၊ ရဲအဖွဲ့နှင့် ဒေသခံစုံထောက်များသည် လွန်ခဲ့သော နှစ်အတွင်းက ဝေါဆက်စတာမြို့၊ ဆင်ခြေဖုံးရှိ အထက်ဖော်ပြပါ ဗြိတိသျှအမျိုးသား ဂျက်ဖရီ ပေါ်ဝေး၏ နေအိမ်အား သတင်းအရ စီးနင်းရှာဖွေခဲ့ရာ ၎င်း၏နေအိမ် မြေအောက်အသံလုံခန်းအတွင်းမှ ကလေးငယ်အမြောက်အများ ရုပ်ကြွင်းအလောင်းများ၊ အသုံးအဆောင်များ၊ သံမဏိများဖြင့် ပြုလုပ်ထားသော လှောင်အိမ်များ သားသတ်သမားများ အသုံးပြုလေ့ရှိသော အသုံးအဆောင်ပစ္စည်းများအား တွေ့ကြရသည်။ ပတ်ဝန်းကျင်လေ့လာချက်များအရ ပေါဝေးသည် ကလေးငယ်အရွယ်အမျိုးမျိုးအား သွေးဆောင်ဖြားယောင်း၍ အထက်ဖော်ပြပါ မြေအောက်ခန်းတွင် ဖမ်းဆီး၍နှိပ်စက်သတ်ဖြတ်၍ ချက်ပြုတ်စားသောက်ရန် စီစဉ်ခဲ့သည်ဟု အစိုးရဥပဒေအကျိုးဆောင်များက ထုတ်ဖော်ပြောဆိုခဲ့သည်။ သူ့ မြေအောက်ခန်းမှ သတ်ဖြတ်ရန်စီစဉ်ထားသော ကလေးငယ်တစ်ဆယ့်ငါးယောက်အားတွေ့ရှိရသည်။ သို့ဖြစ်၍ ရဲနှင့်စုံထောက်တို့က အမှုကို သက်သေအထောက်အထား စုံစုံလင်လင်နှင့် ခိုင်မာစွာတည်ဆောက်ပြီး ရာဇဝတ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။

သို့ဖြစ်၍ ရာဇဝတ်တရားရုံးတော်က လူသတ်သမားပြန်ပေးဆွဲသမား ဂျက်ဖရီပေါဝေးအား ထောင်ဒဏ် ၂၇ နှစ် ချမှတ်ခဲ့ပြီး သူ့အကျဉ်းထောင်မှ လွတ်လာသောအခါတွင်လည်း အင်္ဂလန်နိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခြင်း ခံရမည်ဖြစ်ကြောင်း။

အင်တာနက်

ဤကဲ့သို့ ရည်ရွယ်ချက်ကင်းမဲ့စွာ ကလေးငယ်များအား ညှင်းဆဲနှိပ်စက် သူတစ်ဦးအကြောင်းကို လွန်ခဲ့သော သုံးနှစ်ခန့်ကတည်း အင်တာနက်စာ မျက်နှာများတွင် ဖော်ပြခဲ့သည်ကို ကျွန် တော်များဖတ်ရှုခဲ့ရသည်။ ထိုသတင်း မှာ ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့တွင် ဖြစ်ပွားခဲ့သော ထူးဆန်းသောလူသတ် မှုကြီးကို ကျူးလွန်သူ ဂျာဗက်အစ် ဘယ်ဆိုသူအကြောင်း ဖြစ်ပါသည်။

ယင်းသတင်း၌ အထက်ဖော်ပြ လူသတ်သမား ဂျာဗက်အစ်ဘယ်သည် ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရဲတပ်ဖွဲ့ထံ သူသည် ယောကျ်ားကလေး ၁၀၀ အ မည်သို့မည်ပုံ သတ်ခဲ့ကြောင်း အသေး စိတ်ပြောဆိုရေးသားထားသည့် စာတ စောင် ပေးပို့ခဲ့သည်ဟု သိရ၏။ သတ ဆိုင်ရာအာဏာပိုင်များကလည်း ယင်း ကလေးငယ် ၁၀၀ ကို သတ်ဖြတ်ခဲ့ သည်ဆိုသော လူသတ်တရားခံအား ဖမ်းဆီးရမိရေးအတွက် ပိုက်စိပ်တိုက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော် လည်း လူသတ်တရားခံ ဂျာဗက်အ ဘယ်အား ခြေရာခံနိုင်ခြင်း မရှိခဲ့

သို့သော် လာဟိုးရဲတပ်ဖွဲ့နှ ဒေသခံစုံထောက်များကမူ လူသ သမား ဂျာဗက်အစ်ဘယ်၏ ညီအစ် တော်သူ သုံးဦး၊ ယောက်ဖတော်သူ ဦးနှင့် လူသတ်သမားနှင့် ခင်မင်ရင် သော သူငယ်ချင်းသုံးဦးတို့အား ဆီးထားပြီး စုံစမ်းစစ်ဆေးမှုများပြု

www.burmeseclassic.com

နေသည်ဟု သတင်းရရှိသည်ဟုဆိုသည်။ လာဟိုးမြို့တော်ရဲအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ မှုခင်းများကျူးလွန်ရာတွင် ကျူးလွန်ရခြင်း၏ရည်ရွယ်ချက်ရှိကြောင်း၊ သာဓကအားဖြင့် ရွှေငွေပစ္စည်းကို လိုသောကြောင့်လော (သို့မဟုတ်) လက်စားချေလိုသောကြောင့်လော (သို့မဟုတ်) မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ပတ်သက်၍ကျူးလွန်ခဲ့သလော စသည်ဖြင့် ရည်ရွယ်ချက်ရှိရမည်ဖြစ်ကြောင်း၊ သို့သော် လူသတ်သမား ဂျာဗက်အစ်ဘယ်သည်သူ ဖြောင့်ဆိုထားသလို ကလေးငယ် ၁၀၀ အား အဘယ်ကြောင့် သတ်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း၊ စိတ္တဇလူသတ်သမားတစ်ယောက်ဖြစ်နိုင်သည်ဟု ယူဆရသည်ဟု သတင်းမီဒီယာများအား ထုတ်ဖော်ပြောပြခဲ့သည်။

ပန်ဂျပ်ပြည်နယ်၊ လာဟိုးမြို့မှာ လူနေထိုင်မှု သိပ်သည်းသော မြို့တစ်မြို့ဖြစ်ရကား တရားခံတစ်ယောက်အား ဖမ်းဆီးနိုင်ရေးမှာ ခက်ခဲလှသည်။ ရဲနှင့်စုံထောက်များသည် သင်္ကာမကင်းသူများ၊ ယခင်ပြစ်မှုကျူးလွန်ဖူးသူများအား ဖမ်းဆီးစစ်ဆေးခဲ့သည်။ ရဲသတင်းပေးများ အကူအညီနှင့် ပိုက်စိပ်တိုက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း အစုလိုက်အပြုံလိုက်သတ်သည့် လူသတ်သမားအား ခြေရာခံနိုင်ခြင်းမရှိဘဲ ပန်ဂျပ်ပြည်နယ် ရဲအဖွဲ့ကမူ အထက်ဖော်ပြပါ လူသတ်သမားအား ဖမ်းဆီးပေးနိုင်သူ (သို့မဟုတ်) ထိုသူ မည်သည့်နေရာတွင်ရှိသည်ကို တိတိကျကျသတင်းပေးနိုင်သူအား ဆုငွေ ဒေါ်လာ ၁၉၆၀၀ ပေးမည်ဟု ကြေငြာချက်ထုတ်ခဲ့သည်။ ရဲအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောပြချက်အရ အထက်ဖော်ပြပါ လူသတ်သမားနေထိုင်ခဲ့သည့် အိပ်ခန်းအတွင်းရှိ အက်ဆစ်များထည့်ထားသော စည်ပိုင်းတစ်ခုအတွင်းမှ ကလေးငယ်သုံးဦးအလောင်းကို တွေ့ရှိရသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ အင်တာနက်သတင်းများအရ လူသတ်သမားများသည် အဘယ်ကြောင့် ဤကဲ့သို့ ရက်စက်သော လူသတ်မှုများကို ကျူးလွန်ခဲ့သည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရပေ။ မည်သို့ပင် ဆိုစေကာမူ အထက်ဖော်ပြပါ လူသတ်သမားနှစ်ယောက်တို့အား မှုခင်းသုတေသီများကမူ 'The Serial Killer' အကြောင်းမဲ့စဉ်ဆက်မပြတ်သတ်ဖြတ်သော လူသတ်သမား ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

နှစ်ဦးစလုံးသည် လူမျိုးခြားမဟုတ်ကြပါ။ ပတ်ဝန်းကျင်အနေအထားလည်းမဟုတ်ပါ။ သို့သော် မှုခင်းကျူးလွန်ပုံကျူးလွန်နည်း တူကြပေသည်။ ထူးခြားသော စိတ်စေတသိတ်တို့၏ ဖြစ်စဉ်ကြောင့်လောဟု စဉ်းစားစရာရှိပေသည်။ ကမ္ဘာ့မှုခင်းသမိုင်းတွင် အလားတူ လူအများအား ရက်ရက်စက်စက်ရည်ရွယ်ချက် ကင်းမဲ့စွာသတ်ဖြတ်ခဲ့သော လူသတ်သမားပေါင်း ဒုနှင့်ဒေးရှိခဲ့ပြီ။ ထိုလူသတ်သမားအများစုမှာ အမေရိကန်ပြည်ထောင်စုသားများဖြစ်ကြသည်ကို တွေ့ကြရသည်။ အမေရိကန်ပြည်ထောင်စုသည် ခေတ်မီတိုးတက်သော ရုပ်ဝါဒီနိုင်ငံကြီးဟု အများက မှတ်ယူထားကြသည်။ သိပ္ပံပညာတွင်လည်း တိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် နိုင်ငံကြီးတွင် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော သည်းထိတ်ရင်ဖိုဖွယ်ရာ မှုခင်းကြီးများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံတကာမှ စုံထောက်အဖွဲ့ကြီးများက မော့ကြည့်ခဲ့ရသော အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီးသည် ဤကဲ့သို့ အံ့ဖွယ်သူရဲ အကြောင်းမဲ့ ရည်ရွယ်ချက်ကင်းမဲ့စွာသတ်ဖြတ်ခဲ့သည့်လူသတ်သမားများအား စနစ်တကျ စူးစမ်းလေ့လာနိုင်ရန် 'Behavvoural science unit' လူတို့၏သဘာဝအား စူးစမ်းလေ့လာရေးအဖွဲ့ ဟူသော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ အထက်ဖော်ပြပါ လူသတ်မှုများကို စိတ္တဗေဒပညာရှင်များနှင့်ပူးတွဲ၍ သိပ္ပံနည်းကျ လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ပြီး 'A study in the psychology of violence' အကြမ်းဖက်မှုနှင့်ပတ်သက်သော စိတ်ပိုင်းဆိုင်ရာ လေ့လာမှုများ စာတမ်း တစ်စောင်ကို ထုတ်ဝေခဲ့ပါသည်။

ယင်းစာတမ်းတွင် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား လူငယ်လူရွယ်အများအပြားကို အကြောင်းမဲ့ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် လူသတ်သမားအကြောင်းကို စေ့စေ့စပ်စပ် အထောက်အထား အချက်အလက်နှင့် တင်ပြထားခဲ့ပါသည်။ ယခုရေးသားဖော်ပြမည့် လူသတ်သမား ဂွန်စီဝိန်း၏ ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်(စ်)ပြည်နယ်၊ ဒတ်(စ်)ပလိမ်မြို့မှ ထုတ်ဝေသော ဒေသခံ The Sun သူရိယသတင်းစာတွင် အလုပ်ရှာဖွေပေးသော ကိုယ်စားလှယ်တစ်ဦးထံ သွားရောက်တွေ့ဆုံသည့် အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦး ပျောက်ဆုံးနေသည်ဟူသော သတင်းတစ်ပုဒ်ပါဝင်ခဲ့သည်။ မိဘများကမူ ဒေသဆိုင်ရာ ရဲအဖွဲ့နှင့် စုံထောက်တို့အား သတင်းပေးတိုင်ကြားထားခဲ့သည်ဟုလည်း ဖော်ပြထား၏။



အမေရိကန်ပြည်ထောင်စုကဲ့သို့ လူနေသိပ်သည်းသော နိုင်ငံတစ်နိုင်ငံအဖို့ လူငယ်တစ်ယောက် ရုတ်တရက် ပျောက်ဆုံးသွားသည်ဆိုသည်မှာ ဘာဆန်းသနည်းဟု ဆိုရမည်ဖြစ်သည်။ မှန်ပါသည်။ ထိုမှုခင်းဖြစ်ပွားသည့် ၁၉၇၈ ခုနှစ်သည် အမေရိကန်ပြည်ထောင်စုအဖို့ ရာဇဝတ်မှုဖြစ်ပွားနှုန်း အံ့မခန်းတိုးတက်လာသည့်နှစ်ဟု မှုခင်းသုတေသီအများက ဆိုခဲ့ကြ၏။ အက်(ဖ်)ဘီအိုင်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ ထိုနှစ်အတွင်း လူသတ်မှုပေါင်း ၂၀၆၇၅ ဖြစ်ပွားခဲ့ပြီး လူပျောက်ဆုံးမှု တိုင်တန်းမှုများမှာလည်း သောင်းနှင့်ချီ၍ ရှိခဲ့ရာ ချီကာဂိုကဲ့သို့ မြို့ကြီးများတွင် မိနစ်တိုင်း လူပျောက်ဆုံးကြောင်း တိုင်တန်းသည့်အမှုများ ရှိခဲ့သည်။ ဤကဲ့သို့ပျောက်ဆုံးမှုများကို ရဲနှင့်ဒေသခံစုံထောက်အဖွဲ့များက အချို့အမှုများကို စုံစမ်းပေးနိုင်ခဲ့သော်လည်း အချို့လူပျောက်ဆုံးမှုများကိုမူ စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်၍ ၁၉၇၈၊ ဒီဇင်ဘာလ၊ ပထမပတ်အတွင်း ဖြစ်ပွားခဲ့သော အထက်ဖော်ပြပါ အသက် တစ်ဆယ့်ငါးနှစ်အရွယ် လူငယ်လေးတစ်ယောက်ပျောက်ဆုံးရမှုမှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။

ထိုလူငယ်သွားရောက်တွေ့ဆုံသည့် အဆောက်အဦဆောက်လုပ်သည့် ကန်ထရိုက်တာ ဂျွန်စီဝိန်ဆိုသူမှာ အောင်မြင်ပေါက်ရောက်သော အဆောက်အဦဆောက်လုပ်သည့် ကန်ထရိုက်တာတစ်ဦးဖြစ်သည်။ ချီကာဂိုမြို့ ကန်ထရိုက်တာလောကတွင် လူသိများသူ အပေါင်းအသင်းဆန့်သူတစ်ဦးဖြစ်သည်သာမက လူငယ်များကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပေါင်းသင်းသူ အကူအညီပေးလေ့ရှိသူဟု သိရသည်။ ရဲနှင့်စုံထောက်တို့ကမူ ဂျွန်စီဝိန်းနှင့်ပတ်သက်သည့် နောက်ကြောင်းသမိုင်းတွင် သင်္ကာမကင်းဖွယ်ရာ တစ်စုံတစ်ရာမတွေ့ရှိရသကဲ့သို့ သူ မည်ကဲ့သို့ အောင်မြင်ပေါက်ရောက်သော အဆောက်အအုံတည်ဆောက်သည့် ကန်ထရိုက်တာတစ်ဦးဖြစ်လာသည်ကိုလည်း မသိရှိရပေ။ ကန်ထရိုက်တာ ဂျွန်စီဝိန်းသည် သူ့ဝင်ငွေမှ အချို့ကို လူမှုရေးလုပ်ငန်းများတွင် ရက်ရက်ရောရောလှူဒါန်းသူတစ်ဦးဟူ၍လည်း လူသိများသည်။ အတည်မပြုရသေးသောသတင်းများအရဆိုရလျှင် ဂျွန်စီဝိန်းသည် လူငယ်ဂေဟာတစ်ခု တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု ဆိုသည်။

စကားပြောလည်း ညက်ညောသူဖြစ်သဖြင့် သူ့အားလေးစားကြည်ညိုသူ ပေါများ၏။ သူ ကန်ထရိုက်တာလုပ်ငန်းအတွက် လူငယ်အမြောက်အမြားကို ခန့်ထားပေးခဲ့လေ့ရှိသဖြင့် ချီကာဂိုမြို့ရှိ သူ့ကန်ထရိုက်တာရုံးခန်းနှင့် သူ့နေအိမ်မှာ အလုပ်လျှောက်ထားလိုသော လူငယ်အမြောက်အမြားဝင်ထွက်သွားမှုရှိခဲ့သည်။ ချီကာဂိုရဲနှင့် စုံထောက်တို့ကမူ ဂျွန်စီဝိန်း၏ နေအိမ်ကို စောင့်ကြည့်ခဲ့ကြသည်။ ဂျွန်စီဝိန်းသည် ထိုစဉ်က အမေရိကန်ပြည်ထောင်စုသမ္မတကြီး ကာတာ၏ဇနီးဖြစ်သူနှင့်လည်း ခင်မင်ရင်းနှီးသူဟု လူသိများသည်။ သူ့နေအိမ် ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ဓာတ်ပုံများတွင် သမ္မတကြီးကာတာ မိသားစုနှင့်အတူ ယှဉ်တွဲရိုက်ကူးထားသော ဓာတ်ပုံများပါဝင်သဖြင့် ဂျွန်စီဝိန်းမှာ သမ္မတကြီးမိသားစုနှင့် ခင်မင်သူဟု အများက ယူဆထားသည်။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြထားခဲ့သော အီလီနွိုက်(စ်)ပြည်နယ်၊ ဒတ်(စ်)ပလိန်းမြို့မှ အသက်တစ်ဆယ့်ငါးနှစ်အရွယ် လူငယ်ဖြစ်သည့်သူ ဂျွန်စီဝိန်းအား သွားရောက်တွေ့


www.burmeseclassic.com

www.burmeseclassic.com




ည်ဟု မိတ်ဆွေများ၊ မိဘများကို ာဆိုသွားခဲ့သဖြင့် သူ ပျောက်ဆုံးမှု င် ဂျွန်စီဝိန်းအပေါ် သင်္ကာမကင်း လာခဲ့သည်။ ဤတွင် ချီကာဂိုရဲအဖွဲ့ ် ဒေသခံစုံထောက်များသည် သက် င်ရာအာဏာပိုင်များ၏ ခွင့်ပြုချက် ရ နာမည်ကျော်ကန်ထရိုက်တာကြီး စီဝိန်းနေအိမ်အား စီးနင်းရှာဖွေခဲ့ သည်။ သူ့အိမ်အပေါ်ထပ်ညေ့ခန်း ် အောက်ထပ်အခန်းများအား ရဲနှင့် ထောက်တို့သည် ပိုက်စိပ်တိုက်ရှာဖွေ သော်လည်း တစ်စုံတစ်ရာ သင်္ကာ ကင်းဖွယ်မတွေ့ရ။ သို့သော် အိမ်ကြီး ပေါ်ထပ်တက်သော လှေကားအနီးရှိ ိုခန်းအတွင်းမှာမူ လူငယ် ခုနစ် ယောက်တို့၏ အရိုးစုများကို တွေ့ရ တော့သည်။ ကန်ထရိုက်တာ ဂျွန်စီဝိန်း ဝိန်းကမူ တစ်စုံတစ်ရာထုတ်ဖော်ပြော ဆိုခြင်းမပြုခဲ့။ ရဲနှင့်စုံထောက်တို့ကမူ ဂျွန်စီဝိန်း၏ ပန်းချံအတွင်း စနစ် တကျ တူးဆွရှာဖွေခဲ့ရာ လူငယ်ရှစ် ယောက်အလောင်းအား တွေ့ရှိခဲ့ရ သည်။ ဤတွင် ရဲနှင့်စုံထောက်များ သည် အက်(ဖ်)ဘီအိုင်အဖွဲ့မှ စိတ္တဗေဒ ပညာရှင်များ၏ အကူအညီနှင့် ကန် ထရိုက်တာဂျွန်စီဝိန်းကို စစ်ဆေးခဲ့ ကြသည်။

ထိုစဉ်က ချီကာဂိုမြို့မှ စောင်ရေ အများဆုံးထုတ်ဝေရပြီး ဩဇာတိက္ကမ အကြီးမားဆုံးသတင်းစာကြီးဖြစ်သော ချီကာဂိုထရီဗြွန်းသတင်းစာကြီးကမူ သမ္မတကြီးကာတာမိသားစုနှင့် ခင်မင် ရင်းနှီးသည့် စိတ္တဇလူသတ်သမား ဟူသော ခေါင်းစဉ်ဖြင့် ထိုလူသတ်မှုကြီး ကို သတင်းဆောင်းပါးအဖြစ် ထည့် သွင်းဖော်ပြပေးခဲ့သဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ်ဖြစ်ခဲ့ရ သည်။ စိတ္တဇလူသတ်သမားဟု စွပ်စွဲ ခံရသော ကန်ထရိုက်တာကြီး ဂျွန်စီ ဝိန်းကလည်း သူသည် ၁၉၇၂ ခုနှစ်၊ ဇီဇင်ဘာလကပင် စတင်၍ လူသတ်မှု များကို ကျူးလွန်ခဲ့ကြောင်းနှင့် စုစု ပေါင်းလူငယ် ၃၂ ဦးတို့အား သတ်ဖြတ် ခဲ့ပါသည်ဟု ရဲနှင့်စုံထောက်တို့ထံတွင် ဖြောင့်ချက်ပေးခဲ့သည်။ သို့သော် ထို လူငယ် ၃၂ ယောက်အား သူ အဘယ် ကြောင့် ဤကဲ့သို့ သတ်ဖြတ်ခဲ့သည်ကို မူ ထုတ်ဖော်ပြောပြခဲ့ခြင်းမရှိခဲ့။ စိတ္တ ဗေဒရှင်အများကမူ ကန်ထရိုက်တာ ဂျွန်စီဝိန်းတွင် စိတ္တဇဝေဒနာစွဲကပ် သူဟု ဆိုခဲ့သည်။

ရဲနှင့်စုံထောက်တို့ကမူ လူသတ် သမားဂျွန်စီဝိန်းအား ချီကာဂိုရာဇ ဝတ်ခုံရုံးတွင် တရားစွဲဆိုခဲ့သည်။ ဂျွန် ဂါစီ၏ ဥပဒေအကျိုးဆောင်များကမူ သူ့တွင်စိတ်ရောဂါဝေဒနာစွဲကပ်နေ သည်ဟု ရုံးတော်တွင် တင်ပြခဲ့ကြသော် လည်း ရာဇဝတ်ရုံးတော်ကမူ ကန်ထ ရိုက်တာ ဂျွန်စီဝိန်းအား ၁၉၈၀ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် သေ ဒဏ်ချမှတ်ခဲ့သည်။

ထိုအမှုအား သက်ဆိုင်ရာသို့ အယူခံတင်သွင်းခဲ့သော်လည်း သူ့ အယူခံအား သက်ဆိုင်ရာက ပယ်ချခဲ့ သည်ဟု ဆိုကြပါကြောင်း။




လှမိုး(ပညာရေး)

ကျမ်းကိုး

Murder and science



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


ာစ်နေ့ ...

မြို့ထဲ လူစည်ရာအရပ် ပန်းဆိုး ာန်းတစ်ဝိုက်တွင် မထင်မှတ်ပါဘဲနှင့် ူမကို ပလက်ဖောင်းတစ်ဖက်သို့ ာမ်းဖြတ်အကူး တွေ့မိလိုက်တော့ ျွန်တော့်ရင်ထဲမှာ ဘယ်လို ခံစား ိုက်ရမှန်းမသိ ဖြစ်သွားသည်။

သူမဆိုခြင်းက တခြားမဟုတ်။ ွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ဝန်းကျင် သံယောဇဉ်ရှိခဲ့သော ချစ်သူလို့ဆိုရင် မှားပေ။ သူမ လမ်းဖြတ်အကူးကို ျွန်တော် သတိထားကြည့်မိပြီး မျက် ည်မပြတ်အောင် မီးပွိုင့်စိမ်းနေချိန် ူမနောက်သို့ လိုက်သွားမိသည်။ ို့သော် ကျွန်တော်က မမီလိုက်ခြင်း ကြောင့် မတွေ့လိုက်ရပါ။

ကျွန်တော် မြို့ထဲကိုရောက်တိုင်း ကားစီးတိုင်း သူမကို တွေ့ပြီးတဲ့နောက် သူမ ရန်ကုန်မှာ ရှိနေသည်ဟု တွက်ဆ၍ အမြဲတမ်း သတိထားကြည့်မိ၍ ရှာမိခဲ့ပြန်သည်။ ဒီလိုနှင့် တစ်နေ့ရောက်ပြန်တော့ မြို့ထဲသို့ ကျွန်တော် ကားစီးလာရင်း ဆူးလေအဝိုင်းသို့ ကွေ့၍ မြို့တော်ခန်းမရှေ့သို့ ဆိုက်မည့်ဂိတ်ဆုံး ၄၅ ကားကို စီးလာစဉ် ဆူးလေကွေ့ မီးပွိုင့်တွင် သူမ လမ်းဖြတ်ကူးတာကို တွေ့လိုက်ရပြန်သည်။ သူမ ဆူးလေဘုရားပေါ်သို့ တက်လာမည်အထင်နှင့် ၄၅ ကားပေါ်မှ အမြန်ဆင်း၍ ကျွန်တော် ဘုရားပေါ်သို့ တက်၍ ဟိုရှာဒီရှာနှင့် ရှာမိခဲ့ပြန်သည်။ သို့သော် သူမနှင့် လွဲခဲ့ရပြန်သည်။

မှတ်မှတ်ရရ (၁၃-၅-၂၀၀၆) ရက်နေ့ သူမနှင့် ဘားလမ်းအထွက် ထပ်တွေ့မိပြန်သည်။ သူမက အထက်လမ်းမှ အောက်သို့ဆင်းပြီး ပန်းဆိုးတန်းဘက်သို့ ဦးတည်၍ သွားနေသည်။ ကျွန်တော် နောက်မှ ခြေရာခံ၍ သူမနောက်သို့ လိုက်ခဲ့မိသည်။

လိုက်ခဲ့မိခြင်းက သူမ ဘယ်မှာ အလုပ်ဆင်းနေသလဲ။ ဒါမှမဟုတ် သူ ဘယ်သူနှင့်များ လာတွေ့သလဲ။ သူမကို ဒီနေရာများတွင် မကြာခဏ တွေ့နေမိသော်လည်း မဆုံဖြစ်ကြ၍ သူမအကြောင်းကို သိချင်ကာ နောက်မှ ခြေရာခံလိုက်ခဲ့ခြင်း ဖြစ်သည်။

ပန်းဆိုးတန်းမီးပွိုင့်ကျော်၍ ကျွန်တော်မှီခါနီး နှုတ်ဆက်မည်ဟူ၍ လုပ်တော့ သူမက ယောကျ်ားတစ်ယောက်နှင့်တွဲ၍ သွားသည်။ တွဲပုံကလည်း သူ့ကို တမင်တကာစောင့်နေသည့်ပုံ တွဲသွားရင်းနဲ့လည်း စကားတွေပြောသွားကြသည်။ ဒီတော့ ကျွန်တော့်စိတ်ကူးထဲ အတွေးတစ်ခုဝင်လိုက်သည်။

'စီးပွားရေး တစ်ခုခု လုပ်နေလို့ လုပ်ဖော်ကိုင်ဖက်လား ... ဒါမှမဟုတ် သူမ ... နောက်အိမ်ထောင်ပြုလိုက်သူလား' ဟု တွေးမိသည်။ သူမ နောက်အိမ်ထောင်ပြုလိုက်ခြင်းလားဟု ထင်လိုက်ရာတွင် သူမ အိမ်ထောင်ကျ၍ ကလေးတစ်ယောက်ရခဲ့သည်ကိုလည်း ကျွန်တော်နှင့်ဝေးကွာပြီးနောက် မထင်မှတ်ဘဲ ကားဂိတ်တစ်ခုတွင် သူမ၏ ကလေးငယ်ချီ၍ စောင့်သည်ကို တွေ့လိုက်ရ၍

"မိငယ် ... မင်း ... ဘယ်သူ့ကို စောင့်နေတာလဲ"

ဟု ကျွန်တော် နှုတ်ဆက်မိတော့ သူမ အံ့ဩစွာနှင့် ကျွန်တော့်ကို ကြောင်ကြည့်နေ၍ စကားပင် ပြန်မပြောနိုင်။ ကျွန်တော် ထပ်ပြီး နှုတ်ဆက်စကားပြောလိုက်မိပြန်သည်။

"မင်း ... ကလေးတစ်ယောက် ရနေပြီလား၊ အခု ... ဘယ်မှာနေလဲ၊ မင်းအမျိုးသားကရော ... ဘာလုပ်နေလဲ"

ဟုဆိုကာ ကျွန်တော့်မေးခွန်းတွေ ထပ်သွားတော့သည်။ ဒီတော့မှ သူမက

"ဟုတ်တယ် .. အစ်ကို၊ ကျွန်မ အိမ်ထောင်ကျသွားပါပြီ၊ ဒီကလေးက သားကြီးလေ၊ အမျိုးသားက ကားမောင်းပါတယ်၊ အခု သူ့အဖေကားကို လာစောင့်ရင်း မြို့ထဲလိုက်မလို့လေ"

ကျွန်တော်လည်း ကလေး၏ ချစ်စရာပါးလေးကို ကိုင်လိုက်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်မိသည်။


www.burmeseclassic.com

သူမ အိမ်ထောင်ကျသွားသည်ကိုတော့ သိခဲ့ပါသည်။ သို့သော် ဘယ်က လူနှင့်လဲ၊ ဘာအလုပ် လုပ်သလဲဆိုတာတော့ မသိခဲ့ရ။ အခု သူမ ပြောတော့မှပဲ ကားမောင်းတဲ့သူနှင့်မှန်း သိရတော့သည်။ သူမကလည်း ကျွန်တော့်ကို ပြန်၍ မေးနေပြန်သည်။

"အစ်ကိုရော ... အိမ်ထောင်ကျနေပြီလားဟင် ... အခု .. ဘယ်မှာ ရောက်နေပြီလဲ"

"အစ်ကို ... အိမ်ထောင်မကျသေးပါဘူး၊ နယ်မှာပဲ ပြန်နေတယ်လေ၊ အလုပ်ကတော့ ... ထွက်လိုက်ပါပြီ"

နှစ်ယောက်သား စကားပြောနေစဉ်–

"အစ်ကို ... သွားမယ်နော်၊ ဟိုမှာ .. ကလေးအဖေရဲ့ ကားလာနေပြီ"

ဟု ဆိုကာ နှုတ်ဆက်၍ ကားပေါ်တက်သွားတော့သည်။ သူမနှင့်ကျွန်တော် တစ်ချိန်က ချစ်သူဘဝနှင့် ဆုံးဆည်းခဲ့ရပုံက သိပ်မဆန်းလှပါ။ ကျွန်တော်က လယ်ယာနှင့် သစ်တောဌာနမှာ အလုပ်လုပ်ခဲ့ဖူးသည်။ ကျွန်တော် ထမ်းဆောင်ရတဲ့တာဝန်က နိုင်ငံခြားသို့တင်ပို့သော သစ်လုံး၊ အိပ်စပို့များကို သိုလှောင်သော သစ်လုံး သိုလှောင်ရေးဌာနဖြစ်သည်။ ဌာနချုပ်က အလုံသစ်တောဝန်းဖြစ်သည်။ မန္တလေး ပဲခူးမှ ဖောင်ဖွဲ့၍ဆင်းလာသော သစ်လုံးများကို ရန်ကုန်မြို့ အလုံသစ်လုံးသိုလှောင်ရေးဌာနချုပ်သို့ သစ်ဖောင်များကို ဖောင်ဆိပ်သို့ အပ်နှံကြရသည်။ ထိုမှတစ်ဆင့် ကျွန်တော်တို့က သင်္ဘောတင်နှင့် ရန်ကုန်သစ်ဆိပ်များရှိရာ သစ်ဆိပ်များသို့ အော်ဒါအလိုက် သစ်လုံးဖောင်များကို ဖောင်ဆွဲသင်္ဘောလေးများနှင့်တစ်ဖန် ဆွဲ၍ သစ်ဆိပ်များသို့ ခွဲပို့ရပြန်သည်။ ကျွန်တော်တို့က ရေထဲမှ သင်္ဘောလေးများ ဆွဲယူရသော ဖောင်ဆွဲသင်္ဘောသားများ ဖြစ်သည်။

ဖောင်ဆွဲရန် အော်ဒါမရှိလျှင် သိုလှောင်ရေးသစ်ဆိပ်တွင် အဖွဲ့လိုက် သင်္ဘောများ ကြိုးချည်ထား၍ နေကြရသည်။ ကုန်းပေါ်သို့တက်၍ အလည့်ကျသွားသည့်သူက သွားကြသည်။ ကျန်လူအဖွဲ့ကလည်း သင်္ဘောများတွင် စု၍ ဂစ်တာတီးသီချင်းဆိုသူများက ဆို၊ ပိုကာဒေါင်းသူများကဒေါင်းနှင့် ပျော်စရာတော့ ကောင်းလှသည်။

ကုန်းပေါ်မှ ဂိတ်စောင့်တာဝန်မှူးများ မီးသတ်တာဝန်နှင့် တာဝန်ကျသူများကလည်း သစ်တောဝန်ထမ်းများပင် ဖြစ်ကြသည်။ မီးသတ်ဝန်ထမ်းထဲတွင် ကိုရွှေရီဆိုသူနှင့် ကျွန်တော် ရင်းနှီးခင်မင်ခဲ့ဖူးသည်။ သူက အသားဖြူဖြူ၊ ရုပ်ကလည်းသန့်၊ သီချင်းဆိုကောင်း၍ တွံတေးသိန်းတန်နှင့် တစ်ထပ်တည်းဖြစ်နေတော့သည်။ အရက်လေးများ သောက်လာပြီဆိုလျှင် သီချင်းဆိုကောင်းတော့သည်။ တစ်ညလုံး တအုံးအုံးနှင့် မအိပ်တော့ပါ။

ထိုကဲ့သို့ ကိုရွှေရီနှင့် ကျွန်တော် ခင်မင်ရင်းနှီးပြီး အလည်ခေါ်၍ ကျွန်တော် ရောက်သွားခဲ့သည်။ အိမ်ကလည်း မဝေး၊ သစ်တောဝန်းထဲက ဝန်ထမ်းတန်းလျားများ ဖြစ်သည်။ သူ့အိမ်သို့ရောက်တော့ သူ့ဇနီးနှင့် ကလေးများကလည်း ဖော်ဖော်ရွေရွေနှင့် ခင်စရာကောင်းလှသည်။ သူ့ဇနီးက အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် သူတို့ ...
ယောက် လိုက်ဖက်ကြသည်။ ကိုရွှေ...
က ကျွန်တော့်ကို–

"ကဲ ... အစ်ကိုရေ .. အိမ်...
တော့ ကျဉ်းပြီး ကလေးတွေက များ...
တယ်၊ စိတ်မကျဉ်းကြပ်နဲ့နော်၊ လွ...
လွတ်လပ်လပ်သာနေ ... ပြီးရင် ...
ထမင်းစားမယ်"

သူတို့က ထမင်းပွဲတောင် ပြ...
ဆင်ပြီး၍–

"ရေချိုးဦးမလား"

"မချိုးတော့ပါဘူး ဗျ...
... ထမင်း လည်း စားပြီးခဲ့ပါပြီ"

"ဟာ .. မဟုတ်တာဗျာ၊ ...
ဗျားကို တကူးတကခင်မင်လို့ ...
တာပါ၊ စားရမယ်နော်"

သူတို့က အတင်းဖိတ်ခေါ်...
ကျွေးတော့ ကျွန်တော် မနေသာ၍ ...
ရွှေရီနှင့်အတူ ထမင်းစားကြသည်။

နံနက်စာစားပြီး၍ နေ့လယ်...
တွင်–

"ကဲ ... ကိုရွှေရီရေ .. ဖော...
ဆွဲအော်ဒါသွားယူရင်း ဆီထုတ်ချိန် ...
နေပြီ၊ ကျွန်တော်သွားမယ်"ဟု နှု...
ဆက်တော့–

"နေပါဦးဗျာ ... ကျုပ်လည်...
လိုက်မှာပါ၊ ဒီည ... ဂျူတီကျတယ်...
သင်္ဘောတစ်စီးကိုလည်း ဆီပိုင်းထ...
ပေးစရာရှိသေးတယ်"

ဟု ကိုရွှေရီက ပြောရင်း ကျွ...
တော်နှင့် သစ်ဆိပ်သို့ ပါလာတော...
သည်။

"ဒါဆိုရင် ... ကိုရွှေရီရေ ...
ညကျရင် သီချင်းသံလေး နား‌ထော...
ရဦးမှာပေါ့ဗျာ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ကိုရွှေရီနှင့် ညီအစ်ကို
ို ခင်မင်ရင်းနှီးကာ သူ့အိမ်သို့ မကြာ
ဏ ဝင်ထွက်သွားလာဖူးသည်။ တစ်
နေ့ သူ့အိမ်တန်းလျားနှင့် မနီးမဝေး
ွင် မိငယ်ဆိုသော ကောင်မလေးကို
တွေ့ခဲ့ရသည်။ နောက်နေ့များမှာ ကျွန်
တော် သတိထားကြည့်မိ၍ ကိုရွှေရီတို့
ဝင်မယားကို ဖွင့်မေးမိသည်။

"သူ့အဖေကလည်း ... သစ်
တာဝန်ထမ်းပဲလေ၊ သူက မွေးချင်း
ာစ်ယောက်တည်း ... သူ့အဖေဝန်
ာမ်းလစာနဲ့ သုံးယောက်ထဲဆိုတော့
ဆိုးလှပါဘူး"

ဟု ကိုရွှေရီက ပြောပြတော့
ည်။ နောက်တော့ သူမ ဈေးသွား
ဖူးပြန်ချိန်ကို သတိထား၍ ကျွန်တော်
ားလိုက်ပြောဖူးသည်။ သစ်တော
န်းထဲက လက်ဖက်ရည်ဆိုင်များတွင်
်၍ သူမကို စောင့်ခဲ့ဖူးသည်။ ဒီလို
် ချစ်သူဘဝသို့ ရောက်ခဲ့ဖူးသော်
ည်း တရှင်းတနှီးနှင့် ပီပီပြင်ပြင် မ
တ်။

တစ်နေ့တော့ ကိုရွှေရီတို့ ဇနီး
ကင်နှံကို ဖွင့်ပြောရင်း ကိုရွှေရီ၏ဇနီး
် အဆက်အသွယ်လုပ်ကာ စာပေး
းသည်အထိ ရောက်ခဲ့တော့သည်။
ာတွေပေးတယ်'ဟု ကိုရွှေရီ့ဇနီးက
ာ့သော်လည်း သူမက စာမပြန်။
ာက်တစ်နေ့ သူမ ဈေးအထွက်ကို
က်မေးတော့-

"ညီမ ... ကိုရွှေရီ့မိန်းမနဲ့ စာ
ပေးခိုင်းတာ ... ရလား"

သူမက ရယ်နေသော်လည်း
ာ မှပြန်မပြော။ ဒီတော့
န်တော်က-

"ကို ... ခွင့်ရလို့ နယ်ကို ပြန်ဦး
မယ်၊ နှစ်ပတ်လောက်ပဲ ကြာမှာပါ၊ တို့
... ပြန်လာရင် သူ့အတွက် ဘာလက်
ဆောင် ယူခဲ့ရမလဲ"

ဒီတော့ သူကမ-

"ဘယ်ကို ပြန်ရမှာလဲ"

"ရောဝတီတိုင်းထဲက ... မြစ်ဝ
ကျွန်းပေါ်ဒေသလေးတစ်ခုပေါ့၊ ဘာလဲ
... တို့ ပြန်သွားရင် လွမ်းလို့လား"

"မဟုတ်ပါဘူး ... ကဲ .. အိမ်
နားရောက်တော့မယ်၊ အိမ်ကသိရင် ဆူ
နေလိမ့်မယ်"

ဟုပြောတော့ ကျွန်တော် ပြန်
လှည့်လာခဲ့သည်။

ကျွန်တော် နယ်ပြန်နေချိန်တွင်
ကျွန်တော့်ဖခင်ကြီးက နေထိုင် မ
ကောင်း၍ ဆေးရုံတက်ရတော့သည်။
နောက်ဆုံး ဆေးရုံတွင်မရတော့၍ အိမ်
မှာတွင် ဆုံးရှာတော့သည်။ ဒီတော့
ကျွန်တော့်အပူနှင့်ကျွန်တော်။ အိမ်မှာ
လည်း အောက်မှာ အငယ်တွေနှင့်ဆို
တော့ ကျွန်တော့်အမေကလည်း စိတ်
အားငယ်နေချိန်။ ကျွန်တော် အလုပ်ကို
လက်လွှတ်ကာ ပြန်မရောက်ဖြစ်ခဲ့ပေ။
တစ်နှစ်နီးပါးမှ ဌာနသို့ အလည်သ
ဘောဖြင့်သာရောက်ခဲ့၍ ကိုရွှေရီတို့အိမ်
တွင် အလည်ရောက်ခဲ့ရတော့သည်။ ဒီ
တော့ ကိုရွှေရီက-

"မင်းကွာ ... နေနိုင်လိုက်တာ၊
မင်းအလုပ်က ... ဘာဖြစ်လို့ ...
ထွက်လိုက်ရတာလဲ၊ စာလေးဘာလေး
လည်း ... မရေး၊ ဖုန်းနဲ့လည်း ...
အကြောင်းမကြား"

ဒီတော့ ကျွန်တော်က ကိုယ့်အ
ခက်အခဲတွေကို ပြောပြတော့။

"အေးပေါ့ကွာ ... မိဘဖြစ်နေ
တော့လည်း .. ဒီထက်တော့ ... အ
ရေးမကြီးပါဘူး၊ သဘော်သားတွေ
တောင် ... ဒီတစ်ပတ် ပါမစ်နစ်ခေါ်
သွားတယ်ကွာ"

"မရလည်း ... နေပါစေတော့
ဗျာ၊ စိတ်မပါတော့ဘူး၊ ရေထဲအလုပ်
ကို ... ဒါနဲ့ .. ကိုရွှေရီ မိငယ်တစ်
ယောက်လည်း မတွေ့ပါလား"

"မမေးနဲ့ .. ဖော့ကောင်ရေ ...
ဘယ်ကကောင်နဲ့မှန်းမသိ လိုက်သွား
လို့ ... သူ့အမေတောင် စိတ်ထိခိုက်ပြီး
ကျန်းမာရေး မကောင်းဖြစ်နေတယ်"

"ဟေ ... ဖြစ်မှဖြစ်ရလေ မိ
ငယ်ရယ်"

ဟု ကျွန်တော် နှုတ်မှ တီးတိုး
လေး ပြောမိသည်။ ဒီလိုနဲ့ သူနှင့် ကျွန်
တော် ဝေးခဲ့ကြရတော့သည်။

အခုတော့ သူမနှင့် ပြန်ဆုံတွေ့ရ
ပြန်သော်လည်း တိုက်တိုက်ဆိုင်ဆိုင်
မဆုံဖြစ်ခဲ့သေး၍ ကျွန်တော်သတိထား
စုံစမ်းမိတာက ကျွန်တော့် အမှားပေ
လားဟု ဝေခွဲမရ။ သူမနှင့် မကြာခဏ
မြင်တွေ့ခဲ့ရပြီး လများမကြာမီတွင်တော့
ပန်းဆိုးတန်းတွင် တိုက်တိုက်ဆိုင်ဆိုင်
ဆုံမိတော့သည်။ ဒီတစ်ခါတော့ ကျွန်
တော် လက်လွှတ်မပေး၊ သူမနှင့်ကပ်
လျက် လိုက်သွား၍ သူမက သတိထား
ကာ နောက်သို့ လှည့်ကြည့်၍ ကျွန်
တော့်ကို မြင်သွားတော့သည်။ ဒီတော့
ကျွန်တော် ပြုံးပြ၍ သေချင်းယှဉ်ကာ
လိုက်ခဲ့မိသည်။ သူမက ပန်းဆိုးတန်း
အတိုင်း အထက်လမ်းခုံးကျော်ဘူတာ
ကြီးဘက်သို့ ဦးတည်၍ လျှောက်နေ
သည်။ ကျွန်တော်လည်း ထက်ကြပ်



www.burmeseclassic.com

မကွာ လိုက်သွားတော့သည်။ သူမက ကျွန်တော့်ကို မမှတ်မိ၍လားမသိ။ ဒါပေမဲ့ သူ့ခြေလှမ်းတွေနှေး၍ စောင့်ခေါ်နေမှန်း ကျွန်တော် သိလိုက်သည်။

ဒါနဲ့ ခုံးကျော်နားမရောက်ခင် ကုန်းထိပ်တွင် လက်ဖက်ရည်ဆိုင်လေး ရှိ၍ ကျွန်တော်က–

"အအေး ‥ တစ်ခုခု သောက်ရအောင် … အချိန်ရလား"

ဟုပြောလိုက်တော့–

"ဘယ်ဆိုင်ကိုဝင်မှာလဲ"

"ဒီထိပ်နားက နီးတဲ့ဆိုင်ပေါ့"

ဒီတော့ သူမက–

"ရပါတယ် … ဝင်လေ"

ဟုဆိုကာ ဆိုင်ထဲကို နှစ်ယောက်သား ဝင်ခဲ့ကြသည်။ အအေးနှစ်လုံးမှာ၍ သူမကို ကျွန်တော် အသေအချာ စိုက်ကြည့်မိတော့–

"ဘာကြည့်တာလဲ … မြင်ဖူးနေလို့လား"

"မင်း … တို့ကို … မမှတ်မိဘူးလား"

ဟု ကျွန်တော် ပြန်မေးလိုက်တော့ သူမ တွေဝေသွားတော့သည်။

"အေးလေ … ဒီလောက်နှစ်တွေ ကွာဝေးခဲ့တော့လည်း မေ့လောက်ပြီပေါ့ မိငယ်ရယ်"

ပြီးတော့ ကျွန်တော်က–

"မင်း … အဖေ၊ အမေများရှိသေးလား၊ ဘယ်ပြောင်းသွားပြီလဲ၊ အလုံသစ်တောဝန်းမှာ ဆုံဖူးခဲ့တဲ့ တို့ကို … မမှတ်မိဘူးလား၊ ကိုရွှေရီ့ သူငယ်ချင်းလေ"

ဟု ပြောပြတော့မှ သူမ အံ့သြစွာနှင့်။

"သြော် … ဖြစ်မှဖြစ်ရလေ ရှင်ရယ် … အမေပဲရှိတော့တယ်၊ အိမ်ထောင်ကွဲသွားတာလည်း ကြာပါပြီ၊ သားတောင် ဆယ်တန်းရောက်နေပြီ၊ အခု … ဒဂုံမှာ … ကိုယ့်အိမ်လေးနဲ့ကိုယ်နေကြတယ်၊ သားက … စက်ရုံတစ်ခုမှာ အလုပ်လုပ်နေရင်း စာမေးပွဲပြန်ဖြေပါတယ်၊ ကျွန်မ … လုံးဝမမှတ်မိတာကို နားလည်ပါနော်"

"ကိစ္စမရှိပါဘူးကွာ … မင်း ‥ အိမ်ထောင်ရေး အဆင်မပြေတာကိုတော့ စိတ်မကောင်းပါဘူး၊ ကိုလည်း … ခွင့်ယူပြီးပြန်သွားကထဲက အဖေက ဆုံးတယ်လေ၊ အဲဒီနောက် ‥ ပြန်မလာဖြစ်တော့ဘူး၊ ကိုယ့်ဘက်က မှားသွားတာပေါ့လေ"

"အိမ်ကို … အလည်လာလို့ရမလား"

ဟု ကျွန်တော်မေးတော့–

"မလာပါနဲ့ အစ်ကိုရယ် … ကျွန်မက အိမ်ထောင်ပျက်ထားသူလည်း ဖြစ်ပြန်တယ်၊ သားကလည်း အရွယ်ရောက်နေတော့ မကောင်းဘူးလေနော်၊ မလာစေချင်လို့ မဟုတ်ပါဘူး၊ ဘယ်လိုမှ မထင်ပါနဲ့ … အချိန်လည်းမရတော့လို့ ကျွန်မသွားတော့မယ်"

ဟုဆိုကာ ချက်ချင်း ထပြန်သွား၍ ကျွန်တော်ကြောင်သွားသည်၍ ကျန်ခဲ့တော့သည်။

နောက်တစ်ပတ်အကြာမှာ သူမကို အမျိုးသားတစ်ယောက်နှင့်တွဲ၍ တွေ့ရပြန်သည်။ သူမ ဒီနေရာတွင် ကျင်လည်နေသည်ကို ကျွန်တော် သတိထားမိလိုက်တော့သည်။ သူမကို အအေးတိုက်သည့်နေ့က သူမက ကျွ… တော့်ကို စောင့်၍ လမ်းကြောင်းပေ… ကာ ခေါ်သွားခြင်းက ကျွန်တော် အခု… ရိပ်မိတော့သည်။ ကျွန်တော့်စိတ်ထဲမှ… တွေး၍ အတော်ခံစားမိကာ အိပ်မပျော်… စားမဝင် ဖြစ်ခဲ့ရသည်။

သြော် ကံတရားက ဆန်းကျယ်… လှပါလားကွယ်။ သူမက ငယ်ငယ်လေး… ကထဲကပင် ရိုးရိုးအေးအေးနှင့် စကား… ပြောတာတောင် တိုးတိုးလေး။ ကျ… သိက္ခာလည်းရှိသူတစ်ယောက်။ ဒီ… အဖြစ်မျိုးနဲ့ ပြန်ဆုံရလိမ့်မယ်လို့ ကျွ… တော် အိပ်မက်တောင် မမက်ခဲ့ဘူး… ကျွန်တော့်အသည်းနှလုံးတွေ ဖြောင်… ပြန်လန်သည့်နှယ်။

"ဒီတစ်ခါတွေ့လျှင်တော့ … သူမကို အပြတ်ဆွေးနွေးပြီး မေး… တော့မည်။ တတ်နိုင်သည့်ဘက်မှလည်… အကူအညီပေးမည်' ဟု ဆုံးဖြတ်ခဲ့… သည်။ ထင်သည့်အတိုင်း သူမကျ… လည်နေသော မြို့လည်တစ်ဝိုက်တွင်… တွေ့ရပြန်ပြီ။ သူမက ဝတ်စားထားတာ… လည်း အမြဲတမ်းလိုလို သန့်ရှင်းသ… ယပ်၍ ရုပ်ရည်ကလည်း ခပ်တည်… တည်နဲ့ဆိုတော့ မထင်ရက်စရာ။ ဒါပေ… မဲ့ ဖောက်သည်တွေကတော့ သူ့အထ… နှင့်သူ သိနေကြသည်။

ဒီတစ်ခါ ဘားလမ်းထဲမှာ ပြန်ဆုံ… ၍ စည်ပင်ဆယ်ထပ်ရုံးဘေးမှ လက်… ဖက်ရည်ဆိုင်သို့ ကျွန်တော် ဦးဆောင်… ၍ ခေါ်လာတော့သည်။ နေ့လယ် နှ… နာရီလောက်ဖြစ်၍ နေကလည်း တော… တော်ပြင်းနေသည်။ ဆိုင်ထဲတွင် … အေးနှစ်လုံးမှာကာ သောက်ရင်း–

"ဘာလာလုပ်တာလဲ…

www.burmeseclassic.com

ဟု ကျွန်တော် ခပ်မာမာ မေးမိသည်။ ဒီတော့ သူမ မလုံမလဲနှင့် "ဈေးလာဝယ်တာပါ"ဟု ပြောကာ သူမ အိတ်တစ်လုံးထဲမှပစ္စည်းများကို ပြနေသည်။

"မိငယ် . . . တို့ကို စိတ်မဆိုးပါနဲ့၊ ကို . . . ပြောစရာရှိတာတော့ ပြောရတော့မယ်"

ဟု ဆိုတော့ သူမက မျက်နှာတော့ ပျက်နေ၍–

"ပြောပါ . . . ကျွန်မ နားထောင်နေပါမယ်"

"မိငယ် . . . ဘာလုပ်နေတယ်ဆိုတာ ကို . . သိတယ်၊ ဒီလို ပြန်ဆုံတော့ ကို . . . စိတ်မကောင်းဘူး သိလား၊ ဘယ်လိုဖြစ်ရတာလဲကွာ . . . တစ်နေ့မဟုတ် တစ်နေ့တော့ မင်း . . ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ သတိထားပါဦး၊ မင်း . . ဒီဘဝကို နှစ်သက်နေလို့လား"

"ကျွန်မ . . . စိတ်ထဲကရော နှလုံးသားထဲကပါ မပါမိပါဘူး၊ ဘယ်လိုပင် ယောကျ်ားတကာရဲ့ရင်ခွင်မှာ ပျော်ဝင်နေရပေမယ့် အလုပ်သဘောအရပါပဲ၊ သံယောဇဉ်လည်း မထားမိပါဘူး အစ်ကို . . . ကျွန်မကို နားလည်ပေးပါ၊ အမေကလည်း ကျန်းမာရေးမကောင်းတော့ဘူး၊ သား . . ပညာရေးကလည်း ရှိသေးတယ်လေ၊ ဒီမြို့ထဲကို လာတာတောင် . . . အပေါင်းအသင်း မိတ်ဆွေတွေ မတွေ့အောင် ရှောင်နေရတာ၊ သားသိသွားရင်လည်း မကောင်းဘူးလေ၊ ဒါကြောင့် အစ်ကို့ကိုလည်း အိမ်အလည်မခေါ်တာပါ . . အစ်ကိုနဲ့လည်း ဒီလို ပြန်ဆုံရလိမ့်မယ်လို့ မထင်မိဘူး သိလား"

ဟုဆိုကာ သူမ မျက်လုံးမှ မျက်ရည်များ ဝဲလာတော့သည်။

"ကို . . . ဘာကူညီပေးရမလဲ၊ တတ်နိုင်သမျှတော့ . . ကူညီရမှာပေါ့၊ မင်း . . . ဒီလမ်းကြောင်းကို ရှောင်ပါ့မယ်လို့ ကတိပေးပါလား"

ကျွန်တော် စိတ်မကောင်းညှိုးငယ်စွာနှင့်ပြောလိုက်မှ သူမမျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

"ကဲပါ . . စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့ကွာ၊ ကို့ကို . . ကတိပေးမလား"

"ညီမဘဝနဲ့ ညီမ ရှိပါစေတော့ အစ်ကိုရယ် . . . မသန့်ရှင်းတဲ့ ညီမဘဝထဲကိုလည်း . . . အစ်ကိုမလာပါနဲ့တော့၊ ပြီးခဲ့တာတွေလည်း မေ့လိုက်ပါတော့၊ ဒါပေမဲ့ . . . ညီမ ကတိပေးခဲ့ပါတယ်၊ အတတ်နိုင်ဆုံး . . . ဒီဘဝထဲက . . ကျွန်မ . . . ရုန်းကန်၍ ကျော်နိုင်းလိုက်ပါမယ်"

ဟုဆိုကာ သူမ ဆိုင်ထဲမှထ၍ ခပ်သုတ်သုတ် ထွက်သွားသည်။ ကျွန်တော့်ရဲ့နှလုံးသားတွေ ပေါက်ကွဲမတတ် ခံစားကျန်ခဲ့၍ သူမ ကျောပြင်ကိုကြည့်ရင်း ဝေး၍ ဝေး၍ . . .။

မျိုးဝင်းမောင်

(အပျောက်ရွှေမြေ)





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com


"အန်တီက ... မိထွေးဆိုပေမဲ့ သားဖြစ်ချင်တဲ့ ဆန္ဒကို တတ်နိုင်သမျှ ကူညီပံ့ပိုးလာခဲ့တာ သားသိပါတယ်၊ သား ... ကွန်ပျူတာသင်ချင်တယ်ဆိုလို့ အန်တီကိုယ်တိုင် ကျောင်းလိုက်အပ်ပြီး အကြိုအပို့လုပ်ခဲ့ဖူးတယ်၊ သားကားမောင်းသင်ချင်တယ်ဆိုတုန်းကလည်း ... အန်တီပဲ မင်းအဖေ ကန့်ကွက်နေတဲ့ကြားက မဖြစ်ဖြစ်အောင် လုပ်ပေးခဲ့ဖူးတယ်၊ သား ... ဂစ်တာတီးသင်ချင်တယ်ဆိုတုန်းကရော ... ဘယ်သူကူညီခဲ့သလဲ .. အန်တီပဲ ... ကူညီခဲ့ရတာ မဟုတ်လား"

ဒေါ်သီတာက ကူညီမှုရာနှုန်းပြည့် စာတမ်းကို အဆက်မပြတ် နှုတ်တိုက်ရွတ်နေခဲ့သည်။ ဒေါ်သီတာပြောပြချက် အားလုံးမှန်ကန်ကြောင်း ချမ်းမြေ့အောင် လက်ခံသည်။ ဒေါ်သီတာသည် မိထွေးဟုဆိုသော်လည်း ချမ်းမြေ့အောင်ဘဝ၏ တစ်စိတ်တစ်ဒေသကို ကိုင်တွယ်ပိုင်ဆိုင်ခဲ့သည်ဟု ဆိုရပေမည်။

ချမ်းမြေ့အောင် ကျောင်းသားဘဝ ၈ တန်းအရောက်တွင် အမေဆုံးပါးသွားခဲ့သည်။ ချမ်းမြေ့အောင်က မွေးကတည်းက ရောဂါထူပြောခဲ့သည်။ သည်ကြားထဲ မွေးရာပါ နှလုံးရောဂါ ပါလာသေး၏။ ချမ်းမြေ့အောင်၏ နှလုံးရောဂါကြောင့် အမေကိုယ်တိုင် ပိုးမွှေးသလို မွေးလာခဲ့သည်။ ဆေးရုံတက် ဆေးခန်းတကာလှည့်၍ သားရောဂါ သက်သာဖို့ ကုသပေးခဲ့သည်။ ဗေဒင်ဆရာ၊ နတ်ကတော်တွေဆီလှည့်၍ ယတြာအမျိုးမျိုးချေပြီး သားကျန်းမာရေးအတွက် ဂရုစိုက်ပေးခဲ့၏။

သားကိုချစ်သော အမေသည် ကံမကောင်းခဲ့ပါ။ သားကျန်းမာရေးကို အရေးပေးစောင့်ရှောက်ခဲ့သော အမေသည် သူ့ကျန်းမာရေးကို လျစ်လျူရှုနေလာခဲ့၏။ စင်စစ် အမေတွင်လည်း နှလုံးရောဂါရှိနေခဲ့သည်။ ယင်းရောဂါကပင် အမေ့ဝိညာဉ်ကို မနုဿရင်ခွင်မှ ဆွဲခေါ်သွားခဲ့၏။

အမေဆုံးပါးသွားပြီးနောက် ချမ်း

**ချမ်းမြေ့အောင်**
**မိထွေးတော်ဂေါ်တာမိ**
**စာအုပ်ကို ဖတ်ရှုခဲ့စဉ်က**
**မိထွေးတော် ဂေါ်တာမိကို**
**ကြည်ညိုခဲ့ပူး၏။**
**အကြိမ်ကြိမ်အခါခါ**
**ဦးညွှတ်ခဲ့ပူး၏။**
**ဤဘဒ္ဒကမ္ဘာ၏**
**တစ်ဦးတည်းသော**
**မိထွေးတော်အဖြစ်**
**စံတင်ထားခဲ့ပူးသည်**
**...**


www.burmeseclassic.com

မြွေအောင်အပေါ် အဖေက ဂရုစိုက်လာခဲ့သည်။ အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၏။ အလုပ် မအားမလပ်သည့်ကြားမှပင် ချမ်းမြွေအောင်ကို နှစ်သိမ့်အားပေး စောင့်ရှောက်ခဲ့သည်။

အဖေ့မေတ္တာကြောင့် ချမ်းမြွေအောင် ၁၀ တန်း နှစ်ချင်းပေါက်အောင်လာခဲ့၏။ ၁၀ တန်းအောင်စာရင်းထွက်သည့်နေ့က အမေ့ကို သတိရမိသည်။ အမေသာရှိလျှင် မိသားစုသုံးယောက် အရမ်းပျော်ကြလိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။

အမေမရှိတော့သဖြင့် မျှော်လင့်ချက်များ ပျောက်ကွယ်သွားခဲ့ရသည်။ ဝမ်းနည်းမိခဲ့ရသည်။ ဝမ်းနည်းမှု ဆွေးမြည့်မှုက ရင်ထဲမှာ နေရာယူရန်ရှိသေး၏။ အဖေက ဒေါ်သီတာနှင့် နောက် အိမ်ထောင်ပြုလိုက်သည်။

ဒေါ်သီတာက အမေ့နေရာတွင် ဝင်လာ၏။ ဒေါ်သီတာသည် အမေမဟုတ်မှန်း ချမ်းမြွေအောင် နားလည်သည်။ သို့သော် အဖေ့စိတ်ချမ်းသာမှုအတွက် ဒေါ်သီတာကို အမေ့နေရာတွင် လက်ခံပေးခဲ့၏။

ဒေါ်သီတာက ချမ်းမြွေအောင်ကို သားတစ်ယောက်ပမာ တတ်နိုင်သမျှ ဂရုစိုက်ခဲ့၏။ သို့ရာတွင် ဒေါ်သီတာ ဂရုစိုက်မှုသည် ချမ်းမြွေအောင်၏ နှလုံးသားကို မီးစဖြင့်ထိုးနေသလို စူးစူးရဲရဲ ခံစားနေမိ၏။

ချမ်းမြွေအောင် မိထွေးတော်ဂေါ်တမီစာအုပ်ကို ဖတ်ရှုခဲ့စဉ်က မိထွေးတော် ဂေါ်တမီကို ကြည်ညိုခဲ့ဖူး၏။

အကြိမ်ကြိမ်အခါခါ ဦးညွှတ်ခဲ့ဖူး၏။ ဤဘဒ္ဒကမ္ဘာ၏ တစ်ဦးတည်းသော မိထွေးတော်အဖြစ် စံတင်ထားခဲ့ဖူးသည်။

ဒေါ်သီတာဟူသော မိထွေးသည်ကား ချမ်းမြွေအောင်အပေါ် ဘယ်လိုပင် ဂရုစိုက်စေကာမူ မိထွေးတော် ဂေါ်တမီ၏ ခြေဖဝါးတွင် တွက်ငြိကပ်ပါခဲ့ဖူးသော သဲတစ်ပွင့်မျှပင် မှီနိုင်မည်မဟုတ်မှန်း ချမ်းမြွေအောင် နားလည်မိ၏။

"ဘယ်လိုလဲ သား၊ သားနိုင်ငံခြားကို သွားမယ်မဟုတ်လား၊ သားအတွက် .. ပတ်စ်ပို့ကအစ ဗီဇာအဆုံး အစစအရာရာ အန်တီ စီစဉ်ထားပြီးပြီ၊ ဟိုမှာ ... အလုပ်လုပ်ရမှာက ဒီဇိုင်နာအလုပ်ဆိုတော့ ... ပင်ပင်ပန်းပန်း လုပ်ရမှာမဟုတ်ပါဘူး။ သားဘဝရှေ့ရေးအတွက် အန်တီအတတ်နိုင်ဆုံး စီစဉ်ပေးထားတာ"

ချမ်းမြွေအောင် ပြည်ပထွက်ဖို့အတွက် ဒေါ်သီတာပွဲစားများနှင့် အပေးအယူလုပ်၍ စီစဉ်ထားခြင်း ဖြစ်သည်။

"ယောကျ်ားလေးပဲကွာ ... စဉ်းစားကြည့်ပေါ့ သား ... အန်တီက သားကို ဒုက္ခရောက်အောင် လုပ်မှာမဟုတ်ပါဘူး၊ နောက်ဆုံး ... သားအဆင်မပြေလို့ ပြန်လာလည်း သားအတွက် ပူစရာမလိုပါဘူး၊ ဖေဖေ့မှာရှိတဲ့ ... သားအတွက် အမွေတွေက သားတစ်သက် စားလို့မကုန်ပါဘူး"

အဖေက ပြည်ပထွက်ဖို့ တိုက်တွန်းအားပေးခဲ့သည်။

"သား ... ဟိုမှာ အလုပ်လုပ်လို့ ရလာမယ့် ပိုက်ဆံကို ဖေဖေ မမျှော်ကိုးပါဘူး၊ ဖေဖေ ... မျှော်လင့်တာ သား ... ဟိုမှာ .. သွားအလုပ်လုပ် အတွက် ကိုယ့်ကိုယ်ကို အားကိုး စိတ် ရှိလာမယ်၊ ဗဟုသုတတွေ ရ မယ် ... လုပ်ငန်းတွေ့အကြုံတွေ လာပြီး ... ကိုယ့်ဆီပြန်ရောက်လာ အခါ အရာရာကို ဦးဆောင်တတ်လာ မယ်၊ ဒါ ... ဖေဖေ့ ... မျှော်လ ချက်တွေပဲ"

ဖေဖေ့မျှော်လင့်ချက်များက သားလွန်းသည်၊ ပွင့်လင်းလွန်းသည် အဖေ့ဆန္ဒကို အကောင်အထည်ဖေ ပေးနိုင်ဖို့ ချမ်းမြွေအောင် ခေါင်းညိတ် ခဲ့မိ၏။ ချမ်းမြွေအောင် ခေါင်းညိတ် တော့ ဒေါ်သီတာ မျက်နှာဝင်းလက် သွားသည်။ ဒေါ်သီတာ ကျေနပ်ဝမ်း သာသွားရ၏။

"တစ်ခုတော့ ရှိတယ်သား ... ဟိုရောက်ရင် .. အလုပ်ကို ဂရုစိုက် ပြီးလုပ် .. သွားရမှာက စာချုပ်ချုပ်ပြီး သွားရမှာဆိုတော့ ... စာချုပ်သက် တမ်းမပြည့်ဘဲ ပြန်လို့မရဘူး၊ စာချုပ် မပြည့်ဘဲပြန်ရင် သုံးဆပြန်လျော်ရမှာ"

"သုံးဆပြန်လျော်ရတာ ... အ ရေးမကြီးပါဘူး၊ ဖေဖေတို့ .. လျော်နိုင် စားနိုင်ပါတယ်၊ ဒါပေမဲ့ ... အလုပ် မလုပ်ချင်လို့ ပြန်ပြေးတယ်ဆိုရင် ... သိက္ခာကျတယ်၊ သိက္ခာတော့ အထိ ခိုက်မခံနဲ့ ... တတ်နိုင်သမျှ စာချုပ် သက်တမ်းပြည့်အောင်သာလုပ် ... သား .. လုပ်နိုင်မှာပါ"

ချမ်းမြွေအောင် ဆုံးဖြတ်၍ ဖေဖေ့သိက္ခာအတွက် ပေးဆပ်နိုင်သော သားတစ်ယောက် ဖြစ်ရပါလိမ့်မည်ဟု

+++



www.burmeseclassic.com

www.burmeseclassic.com


ဒီဇိုင်နာတော့ ဒီဇိုင်နာဖြစ်၏။ ...ို့သော် ငြိမ်သက်စွာလုပ်ကိုင်ရသော ...ိုင်နာမဟုတ်။ ဝိုက်နံ့ရုံတွေကို သုတ် ...သော ဒီဇိုင်နာဖြစ်ရသည်။ သင်ယူ ...တ်မြောက်ထားသည့် ကွန်ပျူတာနှင့် ...ည်သို့မျှ မပတ်သက်ခဲ့။

Decoration ကုမ္ပဏီတစ်ခုတွင် ...ecorator အဖြစ် အလှဆင်လုပ်ငန်း ...ုပ်ရခြင်းပင် ဖြစ်သည်။ ပွဲစားများက ...ecorator ကို Designer ...ဖြစ် မလိမ့်တပတ် ...ုပ်၍ အလုပ်ခေါ်ယူခဲ့ ...ခြင်း ဖြစ်၏။

အလုပ်က သက် ...သက်သာသာ မရှိလှ။ ...ိုက်နံ့ရုံအမြင့်တွေကို ...ငြမ်းဆင်ပြီး ဆေးသုတ် ...င်း နှလုံးရောဂါအခံရှိ ...သော ချမ်းမြေ့အောင် ...ဖို့ အသက်ကို မရဏ ...င်းထံ ဝကွက်ပြီးလုပ် ...နရခြင်းဖြစ်သည်။ ...ငြမ်းဆင်ပေါ်တက်တိုင်း ...င်တလုပ်လုပ်ဖို့ရင်း ...သား တဆတ်ဆတ် ...ုန်ရင်း–

"သိက္ခာတော့ ..အထိခိုက်မခံ ... တတ်နိုင်သမျှ စာချုပ်သက်တမ်း ...ည့်အောင်သာလုပ်"

အဖေ့စကားများက ချမ်းမြေ့ ...အောင်နားထဲ စိမ့်ဝင်ဆဲရှိနေသေး ...ည်။

ချမ်းမြေ့အောင် ဆုတောင်း။ ...ဖေ စိတ်ချမ်းသာနိုင်ပါစေ။

+++

"သား ...ချမ်းမြေ့အောင်"

"မေမေ"

အမေ့ကို တွေ့သဖြင့် ချမ်းမြေ့အောင် ပျော်သွားမိသည်။ အမေ့ဆီ အပြေးအလွှား သွားမိ၏။ အမေက ချမ်းမြေ့အောင်ကို နွေးနွေးထွေးထွေး ပြေးပွေ့ကြိုဆိုသည်။

"သားရယ် ...သားကြည့်ရတာ ပင်ပန်းလိုက်တာ ...တစ်ကိုယ်လုံး



လည်း ချွေးတွေ စိုရွှဲနေတာပဲ၊ အသား တွေလည်း ...နေပူရှိန်ကြောင့် နီစပ် စပ်ဖြစ်နေပြီ"

အမေက ချမ်းမြေ့အောင် နဖူးမှ ချွေးများ သုတ်ပေးသည်။ အမေ့ အကြင်နာကြောင့် ချမ်းမြေ့အောင် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

"အမေနဲ့ တွေ့ရတာ သား ...ဝမ်းသာလိုက်တာ၊ အမေ နေကောင်းရဲ့လားဟင်"

"အမေ ...နေကောင်းပါတယ်၊ အမေကသာ သားအတွက် စိတ်ပူနေတာ ...သားမှာ ..နှလုံးရောဂါရှိတယ်လေ၊ အဲဒီရောဂါမျိုးက ..အမြင့်တွေ ဘာတွေ မတက်ရဘူး၊ ထိတ်လန့်ခြောက်ခြားစရာတွေ ရှောင်ရတယ်၊ အလုပ်က အရေးမကြီးဘူး၊ ကျန်းမာရေးကို ဂရုစိုက်ပါ သား ...ကျန်းမာရေးက အရေးကြီးတယ်"

အမေ့မေတ္တာ၊ အမေ့သံယောဇဉ်များက ချမ်းမြေ့အောင်အပေါ် အပြည့်အဝ ရှိနေခဲ့သည်။

"အမေ ..အခု ဘယ်မှာနေတာလဲဟင် ..သား ..အမေနဲ့ လိုက်ချင်တယ်"

"မလိုက်နဲ့သား ..လိုက်လို့ မရဘူး"

"ဘာဖြစ်လို့လဲ မေမေ"

"အို ..ဘာမှမမေးနဲ့ ပြန်တော့"

ရုတ်တရက် အမေက ချမ်းမြေ့အောင်ကို တွန်းထုတ်ပြီး ပြေးထွက်သွားသည်။ ချမ်းမြေ့အောင် ပြေးထွက်သွားသော အမေ့ကို စူးစူးရှရှ အော် ဟစ်ခေါ်မိ၏။

"မေမေ ...မေမေ"

+++

"မေမေ ...မေမေ"

ချမ်းမြေ့အောင် အသံကြောင့် ရပ်ကြည့်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။


www.burmeseclassic.com

"ချမ်းမြွေအောင် ... မင်းသတိရလာပြီလား"

ချမ်းမြွေအောင် မျက်လုံးဖွင့်ကြည့်မိ၏။ လုပ်ဖော်ကိုင်ဖက်၊ အလုပ်သမားများကို သူ့ဘေးပတ်ပတ်လည်မှာ ဝိုင်းနေကြသည်။ ချမ်းမြွေအောင် ခေါင်းထဲ မူးနောက်နေ၏။

"မင်း ... မြမ်းပေါ်က ခြေချော်ကျပြီး သတိမေ့သွားတာလေ၊ တော်သေးတယ်၊ ငြမ်းက ... အပေါ်ငြမ်းမဟုတ်ဘဲ အောက်ငြမ်းဖြစ်နေတာကို အပေါ်ငြမ်းသာဆိုရင်မတွေးရဲစရာဘဲ"

အလုပ်သမားတစ်ယောက်၏ အသံက စိုးရိမ်သည့်အငွေ့အသက်ပါနေခဲ့သည်။

ချမ်းမြွေအောင်ငြမ်းပေါ်မှ ပြုတ်ကျပြီး သတိမေ့ခဲ့သည်။ သတိမေ့မျောသွားစဉ် အမေနဲ့တွေ့ခဲ့၏။ တွေ့စရာအကြောင်းမရှိတော့ဟု ထာဝရယုံကြည်ထားသော အမေကို တွေ့ခဲ့ရသဖြင့် ချမ်းမြွေအောင် ပျော်ခဲ့မိသည်။

"အမေ့ကို ... တွေ့ခွင့်ရခဲ့တာရယ် ... ဘာမှ .. ကြီးကြီးမားမားဒဏ်ရာမရခဲ့တာရယ်ကြောင့် ငြမ်းလေးကို ကျေးဇူးတင်ပါတယ်"

ချမ်းမြွေအောင် ချော်ကျခဲ့သောငြမ်းလေးကိုကြည့်ရင်း ကျေးဇူးစကားတီးတိုးဆိုခဲ့၏။

ချမ်းမြွေအောင် မျက်ဝန်းအိမ်တွင် အမေ့ပုံရိပ်နဲ့ လွှမ်းမိုးနေဆဲရှိသေး၏။ အမေ့အသံကို ကြားယောင်နေဆဲရှိသေး၏။

သည်အလုပ်ကြောင့် အမေနှင့်တွေ့ခွင့်ရခဲ့သည်။ အမေနှင့်တွေ့ခွင့်ရအောင် ပို့ဆောင်ခဲ့သော မိတွေးဒေါ်သီတာကိုပင် ချမ်းမြွေအောင် ကျေးဇူးတင်ခဲ့မိသေးသည်။

ထို့နောက်–

"ချမ်းမြွေအောင် အလုပ်လုပ်ရန်မြင်ဆင်ထားသည့်ငြမ်းကို ကြည့်မိသည်။ မြင့်မားလွန်းသည့် တိုက်နံရံကိုမှီတွယ်၍ ငြမ်းအပြည့်ဆင်ထားသည်ကို တွေ့လိုက်ရ၏။

"အောက်ငြမ်းပြီးရင် .. အပေါ်ငြမ်းအလှည့်"

ချမ်းမြွေအောင် မျက်လုံးစုံမှိတ်ထားလိုက်သည်။

+++

*ဖေဖေ*

*သား အောက်ငြမ်းပေါ်က ပြုတ်ကျတဲ့အချိန်မှာ မေမေနဲ့ တွေ့ခဲ့တယ်။ မေမေက သားကို ချစ်နေဆဲပါ။ နွေးနွေးထွေးထွေး ကြင်နာဆဲပါ။ မေမေနဲ့တွေ့ရတာ သားအရမ်းပျော်တယ်။*

*အန်တီ ဒေါ်သီတာကိုလည်း ပြောပြပေးပါ။ သား မေမေနဲ့ တွေ့ခွင့်ရအောင် နိုင်ငံခြားပို့ပြီး အလုပ်လုပ်ခိုင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့*

*ဖေဖေ စိတ်ချပါ။ သားသိက္ခာကျမဲ့အလုပ်မျိုး မလုပ်ပါဘူး။ စာချုပ် စာတမ်းမပြည့်မချင်း ပြန်မလာပါဘူး။ သားအပေါ် ငြမ်းတွေ ဆက်တက်ရဦးမယ် ဖေဖေ။ သား မေမေနဲ့ တွေ့ရလို့ ပျော်တယ်။ ထပ်လည်းတွေ့ချင်သေးတယ်။ မေမေက သားကို အမြဲတမ်း ချစ်နေမှာပါ*

*ဖေဖေ့ရဲ့သား*

***ချမ်းမြွေအောင်***

စာကိုဖတ်ရင်း ချမ်းမြွေအောင်ရဲ့ အဖေ မျက်ရည်များပါးပြင်ပေါ် စီးကျလာခဲ့သည်။ စာချုပ်သက်တမ်းမပြည့်သေး၍ လူကိုယ်တိုင်ပြန်မလာခဲ့။ ချမ်းမြွေအောင် "ပြာအိုး"လေးက အဖေ့ထံ ပြန်ရောက်လာခဲ့သည်။ ချမ်းမြွေအောင် အပေါ်ငြမ်းက ပြုတ်ကျသဖြင့် အသက်ဆုံးသွားခဲ့ချေပြီ။

စာရွက်ကိုင်ရင်း ကြေကွဲစွာ ငို ရှိုက်ခဲ့သည်။ အဖေ့ကို ဒေါ်သီတာ စိတ် မကောင်းစွာ ကြည့်နေမိသည်။ ဒေါ်

**အန်တီ‥မင်းကို မမြင်ချင်ဘူး**
**သေစေချင်တယ်ဆိုတာ မင်းသိရင် အန်တီ့ကို**
**မုန်းတီးမှုတွေ စိတ်နာမှုတွေ ဖြစ်မှာပဲနော်၊**
**အန်တီ မင်းရဲ့ နာကြည်းမုန်းတီးမှုကို ခံနိုင်ပါတယ်၊**
**အဲဒါဟာ‥ ဘာကြောင့်လဲသိလား။**
**မိခင်စိတ်ကြောင့်ပေါ့ ...**



www.burmeseclassic.com

www.burmeseclassic.com





သီတာ စိတ်ထဲမှာ မည်သူ့ကိုမျှ ပြောပြလိမ့်မည်မဟုတ်သော ရင်တွင်းစကားများကို အားပါးတရ ပြောပြနေမိ၏။

"ချမ်းမြေ့အောင် ... အန်တီ့ကို ခွင့်လွှတ်ပါ ... သား၊ တကယ်တော့ နိုင်ငံခြားမှာ မင်းသွားလုပ်ရမဲ့ အလုပ်က ဒီဇိုင်နာမဟုတ်ဘဲ ဒက်ကိုရေတာဆိုတာ ... အန်တီအစောကြီးကတည်းက သိပြီးသားပါ၊ မင်းမှာ ... နှလုံးရောဂါရှိနေတယ်လေ ... ပြောကြစတမ်းဆိုရင်တော့ ဒီအလုပ်နဲ့မင်းဟာ လုံးဝ မသင့်တော်ပါဘူး၊ ဒီအလုပ်လုပ်ရင် ... မင်းပြန်လမ်း မရှိနိုင်ဘူးဆိုတာ အန်တီ အစောကြီးကတည်းက ကြိုသိပြီးသားပါ၊ ကြိုသိခဲ့လို့လည်း တမင်စီစဉ်ခဲ့တာ ဝန်ခံပါတယ်၊ အန်တီ မင်းကို ... သေစေချင်တယ်၊ မင်းကို ဒါန်တီမမြင်ချင်ဘူး၊

အန်တီ .. မင်းကို ... မမြင်ချင်ဘူး၊ သေစေချင်တယ်ဆိုတာ မင်းသိရင် ... အန်တီ့ကို မုန်းတီးမှုတွေ စိတ်နာမှုတွေ ဖြစ်မှာပဲနော်၊ အန်တီမင်းရဲ့ နာကြည်းမုန်းတီးမှုကို ခံနိုင်ပါတယ်၊ အဲဒါဟာ ... ဘာကြောင့်လဲသိလား၊ မိခင်စိတ်ကြောင့်ပေါ့၊

တကယ်တော့ ... အန်တီဟာ မင်းကို သားအရင်းတစ်ယောက်လို ချစ်ခဲ့ဖူးတယ်၊ ချစ်လို့လည်း မင်း ဖြစ်ချင်တဲ့ဆန္ဒမှန်သမျှ လိုက်လျောခဲ့တယ်၊ ကွန်ပျူတာသင်တာတွေ ... ကားမောင်းသင်တာတွေ .. ဂစ်တာတီးသင်တာတွေကအစ .. မင်းဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ်၊ မင်းပျော်နေရင် .. မင်းရဲ့အပျော်မျက်နှာလေးကိုကြည့်ပြီး အန်တီ စိတ်ချမ်းသာမိတယ်၊ မင်းဟာ ငါ့သားအရင်းဆိုရင် ... သိပ်ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့မိတယ်၊ တကယ်တော့ ... မင်းဟာ .. အန်တီ့ရဲ့သားအရင်း မဟုတ်ဘူး ,.. အန်တီ့ရဲ့ လင်ပါသားပါ၊

တစ်ချိန်ချိန်မှာ .. မင်းဟာ ... အန်တီ့ကို အချိန်မရွေး ခြေစုံကန်ပစ်သွားနိုင်တယ်၊ အဲဒီအခါမှာ ... ငါ တကယ် ခံစားရမှာလေ ... အဲဒီလို ခံစားရမှာ ငါ ... ကြောက်တယ်၊

ဖြစ်ချင်တော့ ... အန်တီပဲ ကံကောင်းချင်တာလား၊ မင်းပဲ .. ကံဆိုးချင်တာလားတော့ မသိဘူး၊ အန်တီ့မှာ ... မင်းအဖေနဲ့ရတဲ့ ကိုယ်ဝန်ရှိလာတယ်၊ အန်တီ့မှာ ကိုယ်ဝန်ရှိတော့ အန်တီ အရမ်းဝမ်းသာသွားတယ်၊ မမြင်ရသေးတဲ့ရင်သွေးအတွက် .. လောဘတွေ ... သောကတွေ ဖြစ်လာတယ်၊ မင်းအဖေရဲ့ ပိုင်ဆိုင်မှုအားလုံးကို အန်တီ့ရဲ့ရင်သွေးလေးပဲ ပိုင်ဆိုင်စေချင်လာတယ်၊ အန်တီ့ရဲ့ရင်သွေးလေးအတွက် ... စဉ်းစားတိုင် မင်းဟာ ... အန်တီ့ရဲ့ရန်သူ ဖြစ်လာတယ်၊ ဒီလောက်ဆို ... မင်း ... သဘောပေါက် နားလည်မှာပါ၊

ချမ်းမြေ့အောင် ... အန်တီနဲ့ အန်တီ့ရင်သွေးလေး ပြည့်ပြည့်ဝဝ ပျော်ပျော်ရွှင်ရွှင် နေခွင့်ပေးပါ၊ မင်းလည်း ... မင်းအမေနဲ့တွေ့ပြီး မင်းအမေရဲ့မေတ္တာရိပ်မှာ ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေ"။

ပီဆ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



သင်လမှအဆက်

ဖြူးမြို့၊ ဂုဏ်ဓမ္မာရုံကြီးတွင် သူ့အဖေသည် ဆံရာစံဟူသောအမည်ဖြင့် လူထုကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် နှင့်ပတ်သက်၍လည်းကောင်း၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ကြရန် တိုက်တွန်းသည့် ဝံသာနုရက္ခိတ တရားထားကြရန်စသော အကြောင်းအရာများကို နှုန်းရှန်းဝေဝေ ဟောပြောသည်။ လူထုရှိသတ်ကြီးသည် ဆရာစံ၏ ဟောပြောချက်များကို သဘောကျလွန်းသဖြင့် လက်ခုပ်တဖြောင်းဖြောင်း ဩဘာပေးကြ၏။

ထိုလက်ခုပ်သံများထဲတွင် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပြည့်ဝိုင်းနသော မစိန်၏ လက်ခုပ်သံသည် ကျယ်ဆုံးဖြစ်သကဲ့သို့ ဤတစ်ကြိမ်တွေ့သားအဖတွေ့ဆုံခြင်းသည်လည်း နောက်ဆုံးအကြိမ်ဖြစ်၏။

ဆရာစံသည် ထိုအချိန်မှပင်၍ နယ်ချဲ့ကို တော်လှန်ရန်လျှို့ဝှက်စည်းရုံးမှုများ အစပျိုးနေပြီဖြစ်ပါတည်း။

+++

လဝန်းက မြင့်တက်စပင်ပြုပါပြီ။ ညက တိတ်ဆိတ်နေဆဲပင်။

သာအေးက ..

"အဲဒါကတော့ ကျွန်တော်တို့ သိရသလောက် ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိအကျဉ်းဆိုပါတော့ဗျာ"

"သာယာဝတီခရိုင်အတွင်း ... ဆရာစံရောက်လာပုံ ဆက်စမ်းပါဦး ကိုသာအေးရဲ့"

ဆရာဦးသန်းအောင်က သိလိုသည်ကို ဆက်မေး၏။

"သာယာဝတီနယ်ကို ဆရာကြီးရောက်လာတော့ ဝံသာနုအသင်းကိစ္စအတွက်လာခဲ့တာပါ။ ဒီကိုရောက်တော့ တောင်သူလယ်သမားထုကြီး တစ်ရပ်လုံးဟာ ဗြိတိသျှနယ်ချဲ့အစိုးရရဲ့ ဖိနှိပ်မှုအမျိုးမျိုးကို ခါးစည်းပြီး ရင်ဆိုင်နေရတာတွေကို အတွင်းကျကျသိခွင့်ရခဲ့တယ်။ သူကိုယ်တိုင်လည်း တောင်သူလယ်သမားမျိုးရိုးက ဆင်းသက်လာခဲ့သူပဲလေ"

"ဟုတ်ကဲ့ ကိုသာအေး"

"ဆရာကြီးဟာ အင်းရွာအနီးက မန်ကျည်းကုန်းဘုန်းကြီးကျောင်းမှာ အင်္ဂရိတ်ထိုးရင်း တောင်သူလယ်သမားတွေရဲ့ဒုက္ခကို ကြားနေမြင်နေရတော့ မခံမရပ်နိုင်ဖြစ်ပြီး တော်လှန်ဖို့ ဆုံးဖြတ်လိုက်တာပေါ့"

"ဗြိတိသျှနယ်ချဲ့အစိုးရဟာ လက်နက်အင်အားကြီးတယ်။ ခေတ်မီလက်နက်တွေ ပိုင်ဆိုင်ထားတယ်။ ယှဉ်ပြိုင်အံတုဖို့ လွယ်မှာမဟုတ်ဘူးဆိုတာ ဆရာကြီးအပါအဝင် ကျွန်တော်တို့ တောင်သူလယ်သမားတွေလည်း သိပါတယ်။ ဒါပေမဲ့ ရွေးချယ်စရာလမ်းမရှိ

ဆယ်ခါပြန်သေလည်း
သေရမှာကို
မကြောက်နိုင်တော့ဘူး။
ဘဝအဆက်ဆက်
နယ်ချဲ့သမားအုပ်စိုးခံရတဲ့
ကျွန်နိုင်ငံမှာ
လူမဖြစ်ပါရစေနဲ့လို့
ဆုတောင်းပြီး
တိုက်ပွဲဝင်ရင်း
အသေခံသွားတော့မယ်။
ဒါဟာ ကျုပ်တို့
လယ်သမားအားလုံးရဲ့
ရင်ထဲက
တစ်ညီတစ်ညွတ်တည်းသော
ဆန္ဒမှန်ဗျ



www.burmeseclassic.com

တော့ဘူးလေ။

အသက်ရှင်လျက် ဆင်းရဲတော်ပြတ်ပြီး အောက်တန်းကျတဲ့ဘဝနဲ့ နေရတာထက် တော်လှန်တိုက်ခိုက်ပြီး သေရခြင်းက မြတ်တယ်၊ ဂုဏ်ရှိတယ်ဆိုတဲ့ သံမဏိဆုံးဖြတ်ချက်တွေနဲ့ ဂျွန်တပ်သားတွေအဖြစ် စိတ်တူကိုယ်တူ ထလုပ်ကြတာပဲ။ ဟုတ်တယ်နော် ကိုအောင်မှတ်''

သာအေးက တိတ်ဆိတ်စွာ နားစွင့်ထားသည့် အောင်မှတ်ကို မေးလိုက်သည်။ အောင်မှတ်ကလည်း ...

''ဒါပေါ့ဗျာ .. ဆယ်ခါပြန်သေလည်း သေရမှာကို မကြောက်နိုင်တော့ဘူး။ ဘဝအဆက်ဆက် နယ်ချဲ့သမားအုပ်စိုးခံရတဲ့ ကျွန်နိုင်ငံမှာ လူမဖြစ်ပါရစေနဲ့လို့ ဆုတောင်းပြီး တိုက်ပွဲဝင်ရင်း အသေခံသွားတော့မယ်။ ဒါဟာ ကျုပ်တို့ လယ်သမားအားလုံးရဲ့ရင်ထဲက တစ်ညီတစ်ညွတ်တည်းသော ဆန္ဒမှန်ဗျ''

''အင်း ခင်ဗျားတို့ တောင်သူလယ်သမားတွေရဲ့ သံမဏိစိတ်ဓာတ်ကိုတော့ လေးစားပါတယ်ဗျာ၊ ဒီအရေးတော်ပုံကြီးဟာ သမိုင်းဝင်မယ့် ဖြစ်ရပ်ကြီးတစ်ခုဖြစ်မှာသေချာတယ်ဗျာ''

ဆရာဦးသန်းအောင်က လှိုက်လှိုက်လှဲလှဲထောက်ခံသည်။

သာအေးနှင့်အောင်မှတ်က ထိုင်နေရာမှ ထရပ်လိုက်၏။

''ကဲ .. ဆရာ .. ကျွန်တော်တို့သွားဖို့ အချိန်ကျပြီထင်တယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ ဆရာ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ''

''ကောင်းပြီလေ၊ သွားကြပါ ရည်မှန်းချက်တွေ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ''

သာအေးနှင့်အောင်မှတ် ညရင်ခွင်ထဲသို့ လှမ်းထွက်လိုက်၏။ ရှေ့ခရီးမှာ အမှောင်ရင့်ရင့်က ပိတ်ဆီးကာရံထားလျက်ပဲလေ ..။

## အခန်း(၉)

## တောင်ပံဖြန့်၍ ပျံတော့မည့် ဂျွန်

သာယာဝတီမြို့နယ်၊ အင်းရွာအနီးရှိ မန်ကျည်းကုန်းဘုန်းတော်ကြီးကျောင်းကြီးသည် လရောင်အောက်တွင် ကျယ်ဝန်းလှသည်။ ပရဝုဏ်အတွင်း ခေါင်အထပ်ထပ်ဖြင့် ခန့်ညားထည်ဝါလျက်ရှိ၏။

သာအေးနှင့် အောင်မှတ် ခြေသံလုံလုံနင်း၍ ကျောင်းကြီး၏အဝင်တံခါးအနီး ကပ်သွားသည်။

'''ဘယ်သူတွေလဲ''

ကျောင်းဝင်းအတွင်းမှ အသံခပ်အုပ်အုပ်ဖြင့် မေးသံဖြစ်၏။ အမေးခံရသည့် သာအေးကလည်း မဆိုင်းမတွပင်။

''သံမဏိဂျွန်''

''ဂျွန်မှန်ရင် ‌တောင်ပံဖြန့်ပြ''

''အေး .. ဒီမှာကြည့်''

သာအေးက လရောင်စွန်းထင်းနေသည့်နေရာသို့ ရွှေ့၍ရပ်လျက် လက်မောင်းရင်းကို လှန်ပြလိုက်၏။

အတွင်းမှလူက သာအေးလက်မောင်းရင်းမှ ဂျွန်ရုပ်ကို သေချာစွာစစ်ဆေးသည်။ ကျေနပ်သွားဟန်ဖြင့် ..

''အဖော်ပါတဲ့ တစ်ယောက်ကရော''

''သူ့ကိုလည်း စစ်ဆေးကြည့်နိုင်ပါတယ်''

အောင်မှတ်ကလည်း သာအေးကဲ့သို့ လက်မောင်းရင်းကို လှန်ပြလိုက်သည်။ စစ်ဆေးသူကလည်း သေချာစိစစ်သည်။ ခေါင်းကို ဆတ်ခနဲညိတ်၏။

''အေး .. မှန်တယ်၊ ဝင်လို့ရပြီ''

အတွင်းမှလူက တံခါးကို ဖွင့်ပေးသဖြင့် သာအေးနှင့်အောင်မှတ် ကျောင်းဝင်းအတွင်း ဝင်လိုက်သည်။ သည်တော့မှ သူတို့ကို စစ်ဆေးသူကို သေချာကြည့်မိ၏။ လက်ထဲမှာ လရောင်ဖြင့် တလက်လက်တောက်နေသည့် ဓားကြီးတောင်ဓားကြီးကို ကျစ်ကျစ်ဆုပ်ထား၏။ သူ့နောက်မှောင်ရိပ်တွင်လည်း လက်မရွံ့ဖြစ်ဟန်တူသော လူနှစ်ယောက်က ဓားကိုယ်စီနှင့် မားမားကြီးရပ်နေ၏။

ပထမလူက သာအေးနှင့် အောင်မှတ်ကို လမ်းပြ၍ ခေါ်သွားသည်။ ကျောင်းကြီး၏ အောက်ထပ်ရှိ လုံခြုံသည့်အခန်းတစ်ခန်းသို့ ရောက်သောအခါ ..

''ကဲ .. ထိုင်ကြဦး၊ နာမည်လေး ဘာလေ၊ ပြောကြ''

သာအေးက ..

''ကျုပ်နာမည်က သာအေးဗျ၊ ဥက္ကဋ္ဌသားပါ''

''ဩော် .. ကိုသာအေးက ဥက္ကဋ္ဌသားကိုး၊ အချိန်မတော်မှ ဘာဖြစ်လို့ ခင်ဗျားတို့ရောက်လာတာလဲ။ ထမင်းကော စားပြီးကြပြီလား''

''စားပြီးပါပြီ''

''နေ့ခင်းက ကျုပ်တို့ကို ပြည်



www.burmeseclassic.com

www.burmeseclassic.com


ရထားနဲ့ ဖမ်းခေါ်လာတာလေ။ ဘူတာအဆင်းမှာ ဟောဒီ ကိုအောင်မှတ်ကူညီလို့ ကျုပ်တို့အားလုံး ပုလိပ်လက်ထဲက လွတ်လာခဲ့တာဗျ။ သာယာဝတီမြို့ထဲက ကယ်တဲ့လူတွေ ကယ်ထားလို့ ခဏအောင်းနေပြီး အခု လူခြေတိတ်မှ ပုလိပ်တွေရှိတဲ့ မြို့ထဲကို ရှောင်ကွင်းပြီး လာရတာဆိုတော့ အချိန်လင့်သွားတာပေါ့ဗျာ''

''အင်း ‥ ကျုပ်တို့လည်း ဘူတာမှာ ပုလိပ်နဲ့အချုပ်သားတွေ ပြဿနာတက်ကြတယ်လို့ ကြားတယ်။ အခု ခင်ဗျားတို့လာတဲ့ကိစ္စက ဘာကိစ္စလဲ''

''ဆရာကြီးကို သတင်းပို့စရာရှိလို့ ဆက်သားအဖြစ် ဟောဒီ ကိုအောင်မှတ်က ဒေးဒရဲကတောင် လာခဲ့တာဗျ''

''အေးလေ ‥ ဒါဆိုလည်း ဒီညတော့ အချိန်မရှိတော့ဘူး။ မနက်ကျမှပဲ ဆရာကြီးကို တွေ့လို့ရအောင် ကျုပ်စီစဉ်ပေးမယ်''

''ကောင်းပါပြီဗျာ''

''ကဲ ‥ ခင်ဗျားတို့လည်း ခရီးပန်းလာကြတယ်မဟုတ်လား။ နားကြတော့ဗျာ''

+++

အရုဏ်ဦးသည် အရှေ့ဘက်တောင်တန်းကြီးကိုကျော်၍ အလင်းရောင်ဖြင့် ပက်ဖြန်းလိုက်လေ၏။

အောင်မှတ် အစောကြီးနိုးနေ၏။ ကျောင်းကြီးပေါ်မှ ဘုရားဝတ်တက်သံ၊ အမျှပေးဝေ မေတ္တာပို့သံ၊ ကြေးစည်သံများ ကြားရသည်။

ဘုန်းကြီးကျောင်း၏ အောက်ထပ် ‧ သမံတလင်းတွင် ဖျာကြမ်းခင်း၍ အိပ်နေသူများလည်း တစ်ယောက်ပြီးတစ်ယောက် နိုးလာကြသည်။ တံခါးတစ်ချပ်လှပ်၍ ကျောင်းကြီးဝင်းထောင့်ရှိ အုတ်ရေကန်လေးတွင် တစ်ယောက်တစ်လဲ မျက်နှာသစ်ကြသည်။



အောင်မှတ်မျက်နှာသစ်ပြီး သူ့အိပ်ရာနှီးကြော်ဖျာကြမ်းပေါ်တွင် ပြန်ထိုင်နေ၏။ သူတို့အားလုံးသည် တောင်သူလယ်သမားများဖြစ်ကြသဖြင့် နေမြင့်အောင် မအိပ်တတ်သူများဖြစ်၏။ အောင်မှတ်အနီးသို့ လူတစ်ယောက်ရောက်လာလျက် အောင်မှတ်ဘေးမှ ဖျာပေါ်တွင် ထိုင်ချလိုက်သည်။

''ကျုပ်က ‥ ညက ခင်ဗျားတို့နဲ့ တွေ့တဲ့လူဗျ။ နာမည်က စံလှတဲ့''

''ဝမ်းသာတယ် ကိုစံလှရာ''

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် တရင်းတနှီးဆုပ်ကိုင်လိုက်ကြ၏။ ထိုအချိန်မှာပင် အပြင်မှာ မျက်နှာသစ်ပြီးသဖြင့် မျက်နှာကို ပုဆိုးဖြင့်သုတ်ရင်း ဝင်လာသူကို မြင်သဖြင့် စံလှက ‥

''ဟော့လူ ‥ လာဦးဗျာ၊ ဒီက မိတ်ဆွေတွေနဲ့ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်''

ထိုသူက သူတို့နှစ်ယောက်အနီး ဝင်ထိုင်၏။ စံလှက ‥

''သူက ကိုကံရေးတဲ့ဗျ။ ဟသ်ာတနယ်ကပဲ ကိုကံရေး၊ ညက ရောက်လာတဲ့ သူတို့နှစ်ယောက်က ကိုသာအေးနဲ့ ကိုအောင်မှတ်တဲ့ဗျ။ မှတ်ထားကြဗျာ။ ကျုပ်တို့တွေက ရဲဘော်ရဲဘက်အဖြစ်နဲ့ အတူတိုက်ပွဲဝင်ရမယ့် လူတွေဗျ''


www.burmeseclassic.com

"အေးပါဗျာ"

အသီးသီးခေါင်းညိတ်၍ အသိအမှတ်ပြုကြသည်။

"ကျုပ်တို့ ဒီ မန်ကျည်းကုန်းဘုန်းကြီးကျောင်းမှာ ဆရာကြီးဆရာစံနဲ့အတူ လူစုနေတာကို ပတ်ဝန်းကျင်က မရိပ်မိအောင် ပိပိရိရိနေကြရတယ်ဗျ။ ကျုပ်တို့ လူမျိုးတွေထဲမှာလည်း နယ်ချဲ့အလိုတော်ရိတွေရှိတယ်လေ။ ဘုန်းကြီးကျောင်းထဲမှာ ယောကျ်ားကြီးတွေစုပြီး တစ်ခုခုလုပ်ဖို့ ကြံစည်နေပုံရတယ်လို့ သာယာဝတီက ပုလိပ်တွေကို မျက်နှာလိုမျက်နှာရ သတင်းသွားပေးရင် ဘာမှမလုပ်ရသေးဘဲ အဖမ်းခံနေရဦးမယ်"

"အင်း ‥ ဟုတ်တာပေါ့ဗျာ"

"အဲဒီတော့ အကြောင်းကြီးငယ်မရှိဘဲ ကျောင်းဝင်းထဲကိုတောင် မထွက်ကြပါနဲ့ဗျာ။ ဘုန်းကြီးကျောင်းဆိုတော့ ဒကာဒကာမတွေလည်း အချိန်မရွေးလာတတ်တယ်။ မသင်္ကာမဖြစ်အောင် ရှောင်နေကြပေါ့"

"ကောင်းပါပြီ ကိုစံလှ"

"ဘုန်းကြီး အရှုဏ်ဆွမ်းဘုန်းပေးပြီးရင် ခင်ဗျားတို့ကို မနက် အဆာပြေ ထမင်းကြမ်းကျွေးမယ်။ အဆာပြေစားပြီးမှပဲ ဆရာကြီးနဲ့ တွေ့စရာရှိတာတွေ့ပြီး ပြောစရာရှိတာပြောပေါ့ ဟုတ်ပြီလား။ ခုတော့ ဆရာကြီးက ဘုရားရှိခိုးပြီးလို့ တရားထိုင် ပုတီးစိပ်နေတယ်ဗျ"

"ဟုတ်ကဲ့ပါဗျာ"

အောင်မှတ်တစ်ယောက် ဆရာကြီးဆရာစံနှင့် တွေ့ရတော့မည်ဆိုသဖြင့် ရင်ခုန်စပြုသည်။

## အခန်း(၁၀)

**တောင်သူလယ်သမားခေါင်းဆောင်ကြီး ဆရာစံ**

မန်ကျည်းကုန်းဘုန်းကြီးကျောင်း၏ အနောက်ဘက်တွင် သီးခြားအဆောက်အဦကလေးရှိသည်။ သာအေးနှင့် အောင်မှတ်ကို အဆောက်အဦကလေးထဲသို့ စံလှက ခေါ်လာသည်။ သာအေးနှင့် အောင်မှတ် အဆောက်အဦကလေးအတွင်း ဝင်လိုက်သောအခါ တရှူးရှူးတရှဲရှဲနှင့် အင်္ဂရတ်ထိုးနေသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို သူတို့ မြင်လိုက်ကြရ၏။ စံလှက သူတို့ကို ဖိုခွဲနေသော ပုဂ္ဂိုလ်ကြီးနှင့် မနီးမဝေးတွင် ထိုင်ခိုင်းသည်။ နားနားကပ်၍လည်း တိုးတိုးလေသံဖြင့် အဲဒါ ဆရာကြီးပဲဟု၍လည်း ပြောသွားခဲ့သည်။

အောင်မှတ် ဆရာကြီး ဆရာစံကို သေချာကြည့်၍ အသက် ၅၀ ကျော်ဟု ခန့်မှန်းလိုက်၏။ ပိန်ပိန်ပါးပါး မျက်ခုံးမွေးထူထူ၊ နှုတ်ခမ်းမွေးနှင့် နှာတံပေါ်ပေါ်၊ မျက်နှာသွယ်လျလျ မျက်လုံးတွေအရောင်တောက်နေ၏။

နှုတ်ခမ်းအစုံကို တင်းတင်းစေ့ထားသည်ကိုမြင်ရသည်နှင့်ပင် အလုပ်တစ်ခုလုပ်တော့မည်ဆိုလျှင် မဖြစ်ဖြစ်အောင် ပြတ်သားစွာ လုပ်ကိုင်လေ့ရှိသူဖြစ်ကြောင်း အကဲခတ်မိသည်။

ဆရာကြီးဆရာစံက အင်္ဂရတ်ထိုးခြင်းကိစ္စကို ခေတ္တရပ်လျက် အနီးမှာလာထိုင်သည့် အောင်မှတ်နှင့် သာအေးကို အကဲခတ်သည်။ သာအေးက တည်ငြိမ်သောလေသံဖြင့် ‥

"ဆရာကြီး ကျွန်တော့်ကို မှတ်မိမယ် ထင်ပါတယ်။ ကျွန်တော် ဥက္ကံက သာအေးလေ"

"ကြော် ‥ အေး ‥ မှတ်မိပြီ မောင်သာအေး၊ မင်း ‥ ဒီကို နှစ်ခေါက်သုံးခေါက် ရောက်ဖူးတယ်မဟုတ်လား"

ဆရာစံအသံက တိုးညှင်းညင်သာသည်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ရောက်တာ ဒီအခေါက်နဲ့ဆိုရင် သုံးခေါက်ရှိပါပြီ။ ဒုတိယအခေါက်တုန်းက ကျွန်တော့်ကို ဆရာကြီးကိုယ်တိုင် (က)ဂဠုန်တပ်သား အမှတ်အသား

**တောင်သူလယ် သမားအရေးတော်ပုံကြီးဟာ မကြာခင်မှာပဲ စတင်တော့မှာဖြစ်တယ်။ တိုင်းပြည်အတွက်၊ အမျိုးဘာသာသာသနာအတွက် တို့တွေအသက်စွန့်ချင် စွန့်ရလိမ့်မယ်။ သေမြေကြီး ရှင်ရွှေထီးပေါ့ကွယ်။ တို့သေရမယ်ဆိုရင်လည်း တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ဘာသာ၊ တို့သာသနာအတွက် အသက်စွန့်လှူလိုက်တယ်လို့ သဘောထားကြ•••**



www.burmeseclassic.com

www.burmeseclassic.com


ဂျွန်ရုပ်ဆေးမင်ထိုးပေးခဲ့တယ်လေ''

ဆရာစံက ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ..

''အေးလေ .. ဟုတ်ပါတယ်။ နို့ဒီတစ်ယောက်ကရော''

ဆရာစံက အောင်မှတ်ကိုကြည့်၍ မေးလိုက်ခြင်းဖြစ်၏။

''ကျွန်တော့်ကို ဒေးဒရဲက ဘကြီးအောင်လှက ဆက်သားအဖြစ် လွှတ်လိုက်တာပါ ဆရာကြီး''

''ဟုတ်လား၊ ဦးအောင်လှတစ်ယောက် ကျန်းမာရဲ့ မဟုတ်လား''

''ဟုတ်ကဲ့ .. ကျန်းကျန်းမာမာပါပဲ ဆရာကြီး''

''ဘာများကော မှာလိုက်သေးလဲကွဲ့''

''ဘကြီးက အစစအရာရာပြင်ဆင်ထားပြီးပါပြီတဲ့။ တပ်သားအင်အားလည်း အခုလောလောဆယ် တစ်ထောင်ကျော်လောက် စုဆောင်းလို့ ရပါတယ်တဲ့။ တပ်သားတိုင်းကိုလည်း ရှေ့တန်းက လက်နက်စွဲကိုင် တိုက်ပွဲဝင်မယ့်လူကို 'က'ဂျွန်အမှတ်အသားနဲ့ နောက်တန်းမှာ စားနပ်ရိက္ခာစုဆောင်းပြီး ရှေ့တန်းစစ်မျက်နှာမှာ လိုအပ်တဲ့ အကူအညီများ ဆောင်ရွက်ပေးမယ့်လူတွေကို 'ခ'ဂျွန်တပ်သားလို့ ဆရာကြီး ဒေးဒရဲကို ရောက်တုန်းက ညွှန်ကြားခဲ့တဲ့အတိုင်း အမှတ်အသားကိုယ်စီ ဆေးမင်တွေထိုးနှံပေးပြီးတဲ့နောက် ကံငါးပါးကို လုံခြုံအောင် ထိန်းခိုင်းထားပါတယ်။ အမျိုးဘာသာ သာသနာအတွက် အသက်ပေးတိုက်ပွဲဝင်မယ်လို့လည်း ကတိသစ္စာဆိုခိုင်းထားပြီးပါပြီ။ ဆရာကြီးက တိုက်မိန့်ပေးတာနဲ့ တိုက်ပွဲဝင်ဖို့ အသင့်အနေအထား ရှိပြီဖြစ်ကြောင်း ကျွန်တော့်ကို သတင်းပို့ခိုင်းလို့ ကျွန်တော်လာခဲ့တာပါ''

''အေး .. ကောင်းပါလေရဲ့ကွယ်၊ မောင်ရင့်ကို တစ်ခုတော့ ဦးအောင်လှကို ထပ်ပြီး မှာလိုက်ချင်သေးတယ်''

''အမိန့်ရှိပါ ဆရာကြီး''

ဆရာကြီး ဆရာစံက အင်္ဂရတ်ဖိုဘေးတွင် ကပ်၍တည်ထားသော မြေရေနွေးကရားထဲမှ လက်ဖက်ရည်ကြမ်းကို ရေနွေးကြမ်းပန်းကန်သုံးခွက်ထဲသို့ ငှဲ့ထည့်လျက် သာအေးနှင့်အောင်လှကို တစ်ယောက်တစ်ခွက် ကိုယ်တိုင်ကမ်းပေးသည်။ သာအေးနှင့်အောင်လှက တရိုတသေ ဆရာစံကမ်းပေးသည့် ရေနွေးကြမ်းပန်းကန်များကို လက်နှစ်ဖက်ဖြင့် လှမ်းယူကြ၏။ ဆရာစံက သူကိုယ်တိုင်လည်း ရေနွေးကြမ်းငှဲ့ထည့်ထားသည့်ပန်းကန်ကိုယူ၍ တစ်ငုံသောက်သည်။ ထို့နောက် ..



''ဒီလိုကွဲ့ .. နယ်ချဲ့မိစ္ဆာတွေကို တို့မြေပေါ်က အပြီးတိုင်မောင်းနှင်တိုက်ထုတ်ဖို့ ကျုပ်တို့ရဲ့ တောင်သူလယ်သမားအရေးတော်ပုံကြီးမစတင်မီ သတင်းတွေမပေါက်ကြားအောင် လျှို့ဝှက်သိပ်သည်းစွာ ဆောင်ရွက်ရမယ်''

''တို့လူမျိုးတွေထဲမှာလည်း အင်္ဂလိပ်မျက်နှာဖြူတွေရဲ့ အလိုတော်ရိတွေ ရှိနေတယ် မဟုတ်လား''

ဆရာစံ၏မျက်နှာက ပြောရင်းတဒင်္ဂညိုးကျသွား၏။ အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့သူများကြောင့် ယူကျုံးမရဖြစ်သွားဟန်ပင်။

''မှန်ပါတယ် ဆရာကြီး''

မျက်နှာရိပ်မျက်နှာကဲကို စောင့်ကြည့်နေသည့် အောင်မှတ်နှင့်သာအေးက ပြိုင်တူလိုပင် ထောက်ခံကြ၏။

''အဲဒါကြောင့် တို့ရဲ့ အစီအမံတွေကို ရန်သူတွေက ရိပ်မိသွားပြီး ခြေမှုန်းခံလိုက်ရရင် စစ်မရောက်ခင် မြားကုန်ဆိုတာမျိုးဖြစ်ပြီး အချည်းအနှီးဖြစ်သွားမှာစိုးရတယ်ကွဲ့။ သဘောပေါက်ရဲ့မဟုတ်လား''

''ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ပိပိရိရိနဲ့ လှုပ်ရှားနေကြပါတယ်။ တိုက်ပွဲဝင်မယ့် လက်နက်တွေဖြစ်တဲ့ ဓားတွေ၊ ဒူးလေးတွေ၊ လုံတွေကိုတောင် လူမမြင်အောင် လျှို့ဝှက်ပြီးစုဆောင်းပါတယ်။ ကုန်ကုန်ပြောရရင် ဓားသွေးတာတောင် လူမမြင်ကွင်းမှာ မသွေးပါဘူး ဆရာကြီး''

ဆရာစံက ခေါင်းဖြည်းဖြည်းညိတ်ညိတ်

ဖြင့် ကျေနပ်အားရသွားဟန်ဖြင့် စောစောက ညှိုးကျသွားသည့် မျက်နှာက ပြန်လည်တက်ကြွလာခဲ့၏။

"ဟုတ်ပါတယ်လေ။ မှာလို့သာ မှာရတာပါ။ ဦးအောင်လှဆိုတဲ့ပုဂ္ဂိုလ်ဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ဝံသာနုစိတ်ဓာတ်ပြင်းထန်တက်ကြွတဲ့လူပါ။ မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်မှာတော့ အင်မတန်ယုံကြည်စိတ်ချရပြီး အားကိုးလောက်တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ သူ့ရသတ္တိနဲ့ အမြော်အမြင်လည်းရှိတဲ့အတွက် ခေါင်းဆောင်ကောင်းတစ်ယောက်ဆိုတာ ကျုပ်လည်း သိပါတယ်လေ"

အောင်မှတ်က သူ့ဘကြီးဦးအောင်လှကို ဆရာစံလိုခေါင်းဆောင်ကြီး၏နှုတ်မှ ထုတ်ဖော်ချီးကျူးနေသဖြင့် ကြက်သီးမွေးညှင်းထအောင်ပင် ဂုဏ်ယူပီတိဖြစ်သည်။

အောင်မှတ်က ဆရာစံ၏ စကားကို တရိုတသေ နားထောင်နေမိသဖြင့် လက်ထဲမှာကိုင်ထားသည့် လက်ဖက်ရည်ကြမ်းခွက်ကိုပင် မော့သောက်ရန် သတိမရ။ ဆရာစံက ..

"ကျုပ်ပြောတာတွေ ငါ့တူကြီး မှတ်မိပါတယ်နော်"

"ဩော် .. ဟုတ်ကဲ့ ခင်ဗျ။ မှတ်မိပါတယ်။ ဆရာကြီးမှာတဲ့အတိုင်း ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်"

"အေး .. အေး .. ကောင်းပါလေ့ကွယ်"

ဆရာစံက ဣန္ဒြေရစွာပြုံးသည်။ ဆရာစံ၏ဟန်က လေးစားစရာကောင်းလောက်အောင်ပင်သိက္ခာသမာဓိပြည့်ဝသည်ကိုလည်း အောင်မှတ် သတိပြုမိ၏။ အားကိုးလိုစိတ်တွေ ရင်မှာပို၍ ဖြစ်တည်လာ၏။

သာအေးက အောင်မှတ်ကို အသာအယာလက်တို့၍ ပြန်သင့်ပြီဖြစ်ကြောင်း သတိပေးသည်။ အောင်မှတ်က ထိုင်ရာမှ မထချင်သေး။ ဆရာစံ၏ ကြည်ညိုဖွယ် ဥပဓိကိုကြည့်၍ ဆရာစံပြောမည့် ဩဝါဒစကားများကို ခံယူနေချင်သေးသည်။ သို့သော် ဆရာကြီးဆရာစံသည် သူ၏ အလုပ်စခန်းဖြစ်သော အဂ္ဂိရတ်ထိုးခြင်းကို ရပ်တန့်၍ သူတို့ကို ညှိခံစကားပြောနေရသဖြင့် အလုပ်ပျက်နေပြီဖြစ်ကြောင်း သဘောပေါက်သွားသဖြင့် ကိုင်ထားသည့် ရေနွေးကြမ်းခွက်ထဲက လက်ဖက်ရည်ကြမ်းကို အကုန်မော့သောက်လျက် နှုတ်ဆက်စကားဆိုရတော့၏။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဆရာကြီး"

"အေး .. အေး၊ မောင်ရင်တို့ ဘယ်နေ့ ဒေးဒရဲကို ပြန်မလဲ"

"ဒီနေ့တစ်ရက်နားပြီး မနက်ဖြန်လောက်ဆို ပြန်ပါ့မယ် ဆရာကြီး"

"ကောင်းပါပြီကွယ်၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတဲ့ အနန္တောအနန္တငါးပါးကို ဘယ်တော့မှ မမေ့နဲ့ကွဲ့။ ကျုပ်တို့ရဲ့ တောင်သူလယ်သမားအရေးတော်ပုံကြီးဟာ မကြာခင်မှာပဲ စတင်တော့မှာဖြစ်တယ်။ တိုင်းပြည်အတွက်၊ အမျိုးဘာသာသာသနာအတွက် တို့တွေအသက်စွန့်ချင် စွန့်ရလိမ့်မယ်။ သေမြေကြီး ရှင်ရွှေထီးပေါ့ကွယ်။ တို့ သေရမယ်ဆိုရင်လည်း တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ဘာသာ၊ တို့သာသနာအတွက် အသက်စွန့်လှူလိုက်တယ်လို့ သဘောထားကြတာပေါ့။ ကဲ .. ကဲ .. ငါ့တူကြီး သွားလေရာလ[illegible] လေရာ ဘေးမသီရန်မခပါစေနဲ့၊ [illegible] ရာခရီးကို စိတ်အေးချမ်းသာစွာ [illegible] ရောက်ပါစေကွယ်။ ကဲ .. ကဲ .. သွား[illegible] ပေတော့ကွယ်"

အောင်မှတ်နှင့်သာအေးက [illegible] တုပ်၍ ကန်တော့၏။

ဆရာစံနှုတ်မှ သာဓုခေါ်သံက[illegible] တိုးညှင်းသာယာစွလေ။

## အခန်း(၁၁)

## ကိုယ့်အရှင် ကိုယ့်သခင်

ထိုနေ့ညနေ ..

အောင်မှတ်သည် မန်ကျည်း[illegible] ကုန်းဘုန်းကြီးကျောင်းဝင်းအတွင်း ခြေ[illegible] ညောင်း လက်ဆန့်လမ်းလျှောက်နေ[illegible] ရင်း အနောက်မိုးကုပ်စက်ဝိုင်းမှ တွန်း[illegible] ကန်လာသည့် တောက်ပသော ဆည်း[illegible] ဆာရောင်အောက်မှာ အရှေ့ဘက်ဆီ[illegible] တွင် ညိုညို့ပြာပြာ မြင်နေရသော ပဲခူး[illegible] ရိုးမတောင်တန်းကြီးကို ငေးကြည့်နေ[illegible] လေ၏။

"ဘာတွေ တွေးနေတာလဲ ကို[illegible] အောင်မှတ်ရဲ့"

သာအေးက သာယာဝတီအရှေ့[illegible] ဘက်၊ စမ်းတွင်းရွာသား စံလှနှင့်အတူ[illegible] အောင်မှတ်အနီးသို့ လာ၍ရပ်သည်။ အောင်မှတ်က သာအေးနှင့်စံလှကို လှည့်ကြည့်ရာမှ ..

"ဘာရယ်လို့မဟုတ်ပါဘူးဗျာ။ တောင်တန်းကြီးကို ခုလို နေဝင်ရီတ[illegible] ရောမှာ မြင်ရတော့ လွမ်းသလိုလို ခြေ[illegible] သလိုလိုခံစားရလို့ ငေးကြည့်နေမိတာ ပါ"



www.burmeseclassic.com

www.burmeseclassic.com


"အင်းပေါ့လေ ‥ ခင်ဗျားက ဒေးဒရဲကလာတာဆိုတော့ ပတ်ဝန်းကျင် အသစ်အဆန်းဖြစ်ပေတာကိုးဗျ။ ဒါနဲ့ ကျုပ် မေးပါဦးမယ် ‥ ခင်ဗျား အဲဒီတောင်တန်းကြီးဆီကို မသွားချင်ဘူးလား"

"သွားချင်တာပေါ့ဗျာ၊ ကျုပ်က မြစ်တွေချောင်းတွေ ပင်လယ်တွေကိုသာ နီးနီးကပ်ကပ်မြင်ဖူးတာ။ ဒီလို လွမ်းစရာကောင်းတဲ့ တောင်တန်းကြီးတွေရဲ့ ရှုခင်းကို အနီးကပ်မြင်ရမယ်ဆိုရင်တော့ ရောက်ဖူးချင်ပြီလားဗျာ"

စံလှက ရယ်ကျဲကျဲနှင့်ပြောသည်။

"ဟဲ ‥ ဟဲ ‥ ဟဲ စိတ်ချ ကိုအောင်မှတ်၊ ခင်ဗျား အဲဒီတောင်တန်းကြီးပေါ်ကို တစ်နေ့နေ့ ရောက်ကို ရောက်ရလိမ့်မယ်။ ဘယ်နေ့ရောက်မယ်ဆိုတာသာ အတိအကျမပြောနိုင်သေးတာ"

အောင်မှတ် တအံ့တသြဖြစ်သွားရာမှ မေးလိုက်သည်။

"အကြောင်းရှိလို့လား ကိုစံလှရယ်"

"ရှိပါသော်ကောဗျာ"

"ပြောစမ်းပါဦးဗျာ ‥ ဘာအကြောင်းများပါလိမ့်"

စံလှက ပုဆိုးကို ပြင်ဝတ်သည်။ ကရင်လူမျိုးပီပီ ပါးစောင်မှာကပ်၍ ငုံထားသည့် ကွမ်းစားဆေးဖတ်ကို ထွီခနဲ ထွေးထုတ်လိုက်ရင်း စကားတွေကို အားပါပါပြောတော့၏။

"ဒီလိုဗျ ‥ ကျုပ်တို့ ဆရာကြီးဟာ သာယာဝတီခရိုင်နဲ့ အင်းစိန်ခရိုင် နယ်စပ်အရှေ့ဘက်မှာရှိတဲ့ တောင်ညိုလေးမှာ လက်ရင်းထဲက တပည့်တွေနဲ့ အတူ လေးဆယ့်ငါးရက် ဉပုသ်ကြီးဝင်ပြီး အလံတောင်မှာ အခိုင်အမာတပ်စွဲဖို့နေရာတွေ သတ်မှတ်ပြီးပြီဗျ။ ဒါကြောင့် တစ်နေ့ အဲဒီတောင်တန်းကြီးပေါ် ခင်ဗျား ရောက်ကိုရောက်ရမယ်လို့ ကျိန်းသေပြောရဲတယ်ဗျာ"

သည်တော့မှပင် အောင်မှတ် သဘောပေါက်သွား၏။

သာအေးထံမှကြားရသည့်သတင်းသည် အတွင်းစကားထိပ်တန်းလျှို့ဝှက်ချက်ဖြစ်နိုင်၏။ သူ့ကို အရေးတော်ပုံခေါင်းဆောင်တစ်ဦးဖြစ်သည့် ဘကြီးအောင်မှတ်၏ တူဖြစ်သဖြင့် ယုံယုံကြည်ကြည်ဖွင့်ပြောခြင်းဖြစ်နိုင်သည်။ အောင်မှတ် အားတက်သွား၏။

"ဒါဆို ဆရာကြီးဟာ အမြော်အမြင်ကြီးကြီးနဲ့ ကြိုတင်စီမံချက်တွေ ချပြီးပြီပေါ့နော်"

"ဟုတ်တယ်ဗျ၊ အလံတောင်ပေါ်မှာ ဗုဒ္ဓရာဇာမြို့လို့ သတ်မှတ်ပြီး မြို့ပန္နက်လည်း ရိုက်ပြီးပြီ။ ဆရာကြီးကိုယ်တိုင်လည်း မင်းမြောက်တန်ဆာငါးပါး ဝတ်ပြီး သုပဏ္ဏကဂဠုန်ရာဇာဘွဲ့နဲ့ ဘိသိက်ခံယူပြီး မြို့ဝန်နဲ့ စစ်သေနာပတိအပါအဝင် တပ်မှူးဗိုလ်မှူးများလည်း ခန့်အပ်တာဝန်ပေးထားပြီးပြီလေ"

"ဟင် ‥ ဟုတ်လား"

အောင်မှတ် အံ့သြရပြန်ပြီ။ ရင်ထဲမှာလည်း တစ်ခုခု မတင်မကျဖြစ်သွားသလိုပင်။

"တစ်ခုတော့ ရှိတယ်ဗျ"

"ဘာပါလိမ့်ဗျာ၊ ပြောစမ်းပါဦး ကိုစံလှရယ်"

"ဆရာကြီး မင်းလောင်းဆန်ဆန်ပြုမူတာနဲ့ပတ်သက်ပြီး ရှေးယခင်က ပေါ်ပေါက်ခဲ့ဖူးတဲ့ မင်းလောင်းမောင်သန့်တို့လို ဘုရင်စိတ်ပေါက်နေသူလို့တော့ အထင်မလွဲစေချင်ဘူး"

"အထင်မလွဲပါဘူးဗျာ။ ဆရာကြီးက လိုအပ်လို့လုပ်တာပဲဖြစ်မှာပေါ့"

"ဟုတ်ပါတယ် ‥၊ အခုလို အဆောင်ယောင်တွေလုပ်ရခြင်းက ပြည်သူလူထုရဲ့ စိတ်ဓာတ်ရေးအခြေအနေအရ စည်းရုံးရေးသဘောနဲ့လုပ်ရတာပါ။ ဆရာကြီးက စိတ်ပါလှလို့ မဟုတ်ပါဘူးဆိုတာ ကျွန်တော်တို့အားလုံး သိပါတယ်။ ကျုပ် ရှင်းပြတာ ခင်ဗျား နားလည်ပါတယ်နော်"

ခုမှပင် အောင်မှတ်ပြုံးနိုင်လာသည်။ နှုတ်မှလည်း ဝမ်းသာအားရစကားတွေ ထွက်အံကျလာ၏။

"ကျွန်တော် သဘောပေါက်ပါပြီဗျာ။ ခုလို ခင်ဗျား ပြောတာကြားရတော့ ကိုယ့်အရှင်ကိုယ့်သခင်နဲ့ ကိုယ့်မင်းကိုယ့်ချင်းဘဝ ပြန်ရောက်ပြီး နယ်ချဲ့ကျွန်ဘဝက လွတ်မြောက်တော့မှာပါလို့ တွေးမိတဲ့အတွက် မင်းမဲ့တိုင်းပြည်မှာ အရှင်သခင်ငတ်နေတဲ့ နိုင်ငံသားတစ်ယောက်ပီပီ ကျုပ် ‥ ကျုပ် အားရကျေနပ်လွန်းလို့ ကြက်သီးတဖြန်းဖြန်းထမိတယ်။ ဒီသတင်းကိုကြားရတဲ့ လူတိုင်းလည်း ကျုပ်လိုပဲ ခံစားရလိမ့်မယ်ထင်ပါရဲ့"

အောင်မှတ် အသံတွေ တုန်ယင်နေ၏။ သူ သိချင်သည်ကို အလျင်စလို မေးလိုက်ပြန်၏။

"အရေးတော်ပုံက ဘယ်တော့စမှာတဲ့လဲဗျ ကိုစံလှရဲ့၊ နယ်ချဲ့တွေကို ခုတောင် ထချချင်နေပြီဗျာ"


www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ရေးရဖို့နဲ့ နယ်ချဲ့အားလုံး အမိမြေပေါ်က ထွက်သွားဖို့အတွက်ကတော့ ကျုပ်တို့ တောင်သူလယ်သမားတွေချည်းပဲ လုပ်လို့မရဘူးတဲ့။ တစ်တိုင်းတစ်ပြည်လုံး အလွှာအသီးသီးက လူထုလူတန်းစားအားလုံး လည်းနေလှေအောင်း မြင်းဇောင်းမကျန် အားမာန်အပြည့်နဲ့ တိုက်ပွဲဝင်ရလိမ့်မယ် ...

အောင်မှတ်က လက်သီးလက်မောင်းတန်း၍ မာန်အပြည့်ဖြင့် ကျူးဝါးသည်။

''အင်း ..အရေးတော်ပုံစဖို့ မစဖို့ကတော့ ဆရာကြီးက စောင့်ကြည့်စရာတစ်ခုရှိသေးတယ်။ နေကြဦးဆိုလို့ ကျုပ်တို့ ငြိမ်နေကြတာဗျ။ နယ်ချဲ့ကောင်တွေကို ကျုပ်တို့လည်း ချချင်နေတာတော့ လက်ယားလှပြီ။ မနည်း ချုပ်တည်းထားရတယ်''

စံလှကလည်း အံကြိတ်၍ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လျက်ဒေါသဖြင့် ပြောသည်။ အောင်မှတ်ကလည်း ထောက်ခံသည်။

''ဟုတ်ပါရဲ့ဗျာ၊ ကျုပ်တို့တစ်တွေလည်း ချချင်လှပြီ။ ဒီ နယ်ချဲ့ကောင်တွေနဲ့ သူတို့ရဲ့ လက်ပါးစေ ပုဆိန်ရိုးတွေဟာ တစ်နေ့တခြား အတင့်ရဲသထက် ရဲလာနေပြီ။ စောင့်ရတာ စိတ်မရှည်ချင်တော့ဘူး။ နေပါဦးဗျ .. ဆရာကြီးက ဘာကိုစောင့်ကြည့်နိုင်းတာလဲ''

''အင်္ဂလိပ်ဘုရင်ခံ ဆာချားအင်းနစ်ခွင့်ယူပြီး ဘိလပ်ပြန်နေခိုက် မြန်မာတိုင်းရင်းသားတွေဖြစ်တဲ့ ဆာဂျေအေမောင်ကြီးကို ခေတ္တဘုရင်ခံအဖြစ် ယာယီတာဝန်ပေးထားသတဲ့ဗျ''

''အဲဒီတော့ ..''

အောင်မှတ်က သာအေး ပြောအားရှိအောင် ထောက်ပေးလိုက်၏။

''ကိုယ့်လူမျိုးအချင်းချင်းဆိုတော့ မြန်မာတောင်သူလယ်သမားတွေရဲ့ ဘဝပြဿနာတွေကို မြန်မာတိုင်းရင်းသား ဘုရင်ခံလက်ထက်မှာ တင်ပြပြီး အခွန်တော်တွေ လျှော့ပေါ့ပေးရေး၊ မတရားတဲ့အခွန်တွေ ဆက်မကောက်ရေး စတာတွေကို တောင်းဆိုထား တယ်။ စောင့်ကြည့်ရဦးမယ်လို့ ဆရာကြီးက ပြောတယ်''

''ဩော် .. ဒီလိုလား''

''ဒါပေါ့ဗျာ ..၊ ကျုပ်တို့မြန်မာ အချင်းချင်း စာနာစိတ်နဲ့ လုပ်ပိုင်ခွင့် ရှိနေတုန်းမှာ သူလုပ်ပေးရင်လည်း ကျုပ်တို့တွေ တိုက်ပွဲဝင်စရာမလိုဘူး ပေါ့ဗျာ။ ဘယ့်နှယ့်လဲ ဟုတ်တယ် မဟုတ်လား''

အောင်မှတ်က ဘဝင်မကျ လက် မခံချင် .. ခေါင်းကို သွက်သွက်ခါရမ်း သည်။

သက်မောရှည်ကြီးကို လေးတွဲ စွာ မှုတ်ထုတ်လိုက်၏။ ရိုးပြတ်တောနှင့် မြက်ရိုင်းပင်ကြီးများကို ဖြတ်သန်းလာ သည့် ညနုနု၏ လေပြည်သည် သူတို့ တွေ၏ ဘဝအမောကို မပြေစေနိုင်။

အောင်မှတ်က စိတ်ပျက်စွာ ပြော သည်။

''ကျုပ်ကတော့ သိပ်မထင်ပါဘူး ကိုစံလှရယ်၊ ဒီကောင်တွေကို လေပြည် ထိုးလို့ရမှာမဟုတ်ဘူးဗျ။ ကျုပ်တို့ဆီ က လုယူသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာကို ကျုပ်တို့က အသနား ခံပြီး လက်ဝါးဖြန့်တောင်းနေမယ့်အစား တိုက်ယူတာပဲ ကောင်းလိမ့်မယ် ထင်ပါ ရဲ့ဗျာ''

အောင်မှတ်အသံက မာထန်နေ သလောက် သာအေးအသံက ပျော့ ပျောင်းနူးညံ့နေ၏။

''တစ်ဖက်နဲ့တစ်ဖက် လက်နက် စွဲကိုင် တိုက်ပွဲဆင်နွှဲပြီဆိုလို့ရင်နောက် သွေးမြေကျပွဲတွေ ဖြစ်ပေါ်မယ်ဗျ''

"ဒါတော့ ‥ ဒါပေါ့ဗျာ သူသေ ကိုယ်သေပေါ့။ ဆယ်ခါပြန်သေရမယ် ဆိုလည်း သေရဲတယ်"

"ဆရာကြီးရဲ့ ဆန္ဒက ကျုပ်တို့ လယ်သမားတွေလည်း တစ်ယောက် တစ်လေမှ အကြောင်းမဲ့မသေစေချင်ဘူး။ ကိုယ်လိုချင်တာကို အေးချမ်းစွာ ရရင်လည်း ပထမအဆင့်အနေနဲ့ ငြိမ်းငြိမ်းချမ်းချမ်းပဲဖြေရှင်းလိုက်ချင်သတဲ့"

သာအေးစကားကြောင့် အောင်မှတ်တွေသွားသည်။

သာအေးက ဆက်ပြော၏။

"လုံးဝလွတ်လပ်ရေးရဖို့နဲ့ နယ်ချဲ့အားလုံး အမိမြေပေါ်က ထွက်သွားဖို့အတွက်ကတော့ ကျုပ်တို့ တောင်သူလယ်သမားတွေချည်းပဲ လုပ်လို့မရဘူးတဲ့။ တစ်တိုင်းတစ်ပြည်လုံး အလွှာအသီးသီးက လူထုလူတန်းစားအားလုံး လှည်းနေ လေ့အောင်းမြင်းဖောင်းမကျန် အားမာန်အပြည့်နဲ့ တိုက်ပွဲဝင်ရလိမ့်မယ်လို့ ပြောဖူးတယ်ဗျ ကိုအောင်မှတ်ရဲ့။ ခင်ဗျား ဘယ်လိုထင်သလဲ"

ဤသို့ ဖြစ်သင့်သည်နှင့် မဖြစ်သင့်သည်ကို ကျိုးကြောင်းပြ၍ သာအေးက ရှင်းပြတော့လည်း အောင်မှတ်လက်ခံရတော့သည်။

"အင်းပေါ့လေ ‥ ဒါကတော့ ဆရာကြီးရဲ့ အမြော်အမြင်ကြီးမားမှုပဲပေါ့။ ကျုပ်တို့ကတော့ ဒီလောက်ထိ နက်နက်ရှိုင်းရှိုင်းဘယ်တွေးတတ်မလဲဗျာ"

တစ်စစည ရင့်စပြုပြီဖြစ်၏။ ပုဇဉ်းရင်ကွဲအော်သံများက ညကို လှုပ်ခတ်နေသည်။ ကျောင်းကြီးပေါ်မှ မီးရောင်လဲ့လဲ့မှအပ ဝန်းကျင်သည် အမှောင်နှင့်မည်းမည်း။ ဆရာကြီး ဆရာစံ၏ ဘုရားဝတ်တက်သံသဲ့သဲ့ကို ကြားရ၏။ သူတို့ဆွေးနွေးပွဲစကားဝိုင်းကို ဖြတ်မှုဖြစ်တော့မည်။ ထိုအချိန်မှာပင် သူတို့အနီးသို့ လူတစ်ယောက်လာရပ်၏။

"ကိုစံလှနဲ့ ဒေးဒရဲကညွှန့်သည်ကို ထမင်းစားခေါ်ခိုင်းလိုက်လို့ဗျ"

"နေဦးဗျာ ‥ ဒီမှာ ကိုအောင်မှတ်ကို ပြောစရာလေး နည်းနည်းကျန်သေးတယ်"

"အင်း ‥ ပြောပါ ကိုစံလှ"

"ဒီမှာ ကိုအောင်မှတ်"

"ဟုတ်ကဲ့"

"ဒေးဒရဲကို ခင်ဗျားပြန်ရင် လာလမ်းအတိုင်းပြန်လို့ကတော့ ဖြစ်မှာမဟုတ်ဘူးဗျ"

"အကြောင်းရှိလို့လား ကိုစံလှ"

"ဟုတ်တယ်ဗျ။ အခု သာယာဝတီမြို့ပေါ်မှာ တရားခံပြေးတွေနဲ့ ပုလိပ်ကို ဝတ္တရားနှောင့်ယှက်သွားတဲ့ လူကို ပုလိပ်တွေက ပိုက်စိတ်တိုက်ပြီး ရှာနေသတဲ့။ ဒါကြောင့် ခင်ဗျားပြန်ရင် ဟင်္သာတဘက်ကလှည့်ပြီး ရေလမ်းက ပြန်မှဖြစ်လိမ့်မယ်"

ဒေးဒရဲကို ဟင်္သာတဘက် လှည့်၍ ရေလမ်းက မည်သို့ပြန်ရမည်ကို အောင်မှတ်လမ်းမသိဖြစ်နေ၏။ စံလှဆက်ပြောသည့်စကားကြောင့် စိတ်သက်သာရာရသွားသည်။ စံလှက ထမင်းစားလာခေါ်သည့် လူကို ပြလျက် ‥

"ဒီလူရဲ့ နာမည်က ကိုကံရေးတဲ့ဗျ။ သူက ဟင်္သာတသား။ သူ ဒီကို လာတုန်းက ရေဝတီမြစ်ကို လက်ပစ်ကူးဖြတ်ပြီး ဒီအရောက်ကုန်းကြောင်း လာခဲ့တာ"

"ဟင် ‥ ဟုတ်လား"

ကံရေးက ဝင်ပြောသည်။

"ဟုတ်တယ်မို့ ‥၊ ကျုပ်က ဟင်္သာတမှာ ပုလိပ်နဲ့ပြဿနာဖြစ်လာတဲ့အတွက် ပေါ်ပေါ်ထင်ထင်မလာရဲလို့ တောလမ်းတွေက အခြေအနေကြည့်ပြီး ဒီအရောက်ကုန်းကြောင်းလာခဲ့ရတာ။ ခင်ဗျားကတော့ ကျုပ်လောက် မဆိုးပါဘူး။ သာယာဝတီက ပုလိပ်တွေကို ကျော်ရင် ပြီးသွားမှာပါ။ ခင်ဗျား ဘယ်လိုသွားရမယ်ဆိုတာ ကျုပ် သေသေချာချာ လမ်းညွှန်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ကိုကံရေးရာ"

လထွက်လာခဲ့ပြီဖြစ်၏။

အမှောင်သည် လရောင်ကြောင့် ဖျော့တော့အားနည်းသွားခဲ့ပြီ။

မင်းမဟာကျော်ခေါင်

ဆက်လက်ဖော်ပြပါမည်





www.burmeseclassic.com






www.burmeseclassic.com

နံနက်ငါးနာရီ • • •။

ချမ်းအေးသော ဒီဇင်ဘာလ၏ နံနက်ခင်းတစ်ခု။

ဒေါ်ရွှေကြည်သည် ပဲခူးမြို့သို့ သွားရန်ပြင်ဆင်နေ၏။ နောက် တစ်ဆယ့်ငါးမိနစ်အကြာတွင် ဒေါ်ရွှေကြည်သည် မိခင်ဖြစ်သူ ဒေါ်သန်းကို နှုတ်ဆက်၍ အိမ်မှထွက်ခွာသွားသည်။

နောက် ခြောက်နာရီကျော်ကျော်အကြာတွင် လှည်းကူးဆေးရုံမှ ဆရာဝန်တစ်ယောက်သည် သေဆုံးနေသော ဒေါ်ရွှေကြည်၏ ခန္ဓာကိုယ်ကို စစ်ဆေးနေသည်။ အထူးသဖြင့် သူမ၏ လည်ပင်းမှ ဒဏ်ရာကိုစစ်ဆေးနေသည်။

ဒေါ်ရွှေကြည်သည် လှည်းကူးမြို့ အလွန် လူပြတ်သောလမ်းမကြီးနံဘေး တစ်နေရာရှိ ချုံပုတ်များအနီးရှိ ချိုင့်ခွက်ထဲ၌ သေနေခြင်းဖြစ်သည်။ လည်ပင်းအစ်ပြီးသေဆုံးခြင်းဖြစ်သည်ဟု ဆရာဝန်က မှတ်ချက်ပေးသည်။

လှည်းကူးရဲစခန်းမှ စခန်းမှူးနှင့် သူ့တပည့်အချို့သည် အလောင်းပေါ်တွင် သဲလွန်စများမရသောအခါ အလောင်းတွေ့ရာနေရာတွင် သဲလွန်စများရှာကြသည်။ မတွေ့ကြ။

ထိုအမှုသည် အင်းစိန်(စီအိုင်ဒီ)သို့ ရောက်လာရာ စုံထောက်မောင်စံဝသည်ထိုအမှုကိုကိုင်တွယ်ရန် လှည်းကူးရဲစခန်းသို့ရောက်သွားသည်။

ညနေ သုံးနာရီခန့်တွင် ရောက်သွားပြီး အလောင်းကို စစ်ဆေးခြင်း၊ အလောင်းတွေ့ရာနေရာတစ်ဝိုက်ကို စစ်ဆေးခြင်းများပြုလုပ်သည်။

"မသေမီ ရုန်းကန်ထားတဲ့ ပုံသဏ္ဍာန်မတွေ့ရဘူးလို့ ဆရာဝန်က မှတ်ချက်ပေးထားတယ်ဆိုတော့"

စုံထောက်စံဝ ဆက်မတွေးတော့။

"နောက်ပြီး အလောင်းကို ဒီနေရာမှာ လာထားသွားပုံရတယ်ဆိုတော့ အလောင်းလာထားသူဟာ ဒီလမ်းမှာ သွားနေကြသူတွေဖြစ်ရမယ်" စံဝသည် တွေးမိသည်။

"သေသူ • • အဲ အသတ်ခံရသူဟာ သေပြီးတော့မှ မတ်မတ်ထိုင်နေတဲ့ပုံစံမျိုးရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သွေးတွေဟာ အောက်ပိုင်းကို အရေပြားဆဲလ်တွေကတစ်ဆင့် စီးဆင်းသွားတာ တွေ့ရတယ်" ဆရာဝန်က ပြောသည်။

"မော်တော်ကား တစ်စီးစီးပေါ်မှာထိုင်သွားတဲ့ပုံစံမျိုးလား" ဦးစံဝက ဆရာဝန်ကို မေးသည်။

"ဖြစ်နိုင်ပါတယ်" ဆရာဝန်က ပြောသည်။

ဦးစံဝသည် အလောင်းတွေ့ရာနေရာတစ်ဝိုက်တွင် မော်တော်ကားဘီးရာများကို တွေ့ရ၍ ဓာတ်ပုံရိုက်ယူထားပြီးဖြစ်၏။ ကားဘီးရာများမှာ ကားကြီးဘီးရာများဖြစ်ပြီး ကားသည် ရှေ့သို့သွားပြီးမှ နောက်ကိုပြန်ကွေ့သည်ကို ထောက်ချင့်ခြင်းအားဖြင့် ကားထဲမှ လူ(သို့မဟုတ်)လူများသည် အလောင်းကို ဤနေရာတွင် လာပစ်သွားခြင်းဖြစ်သည်မှာ ထင်ရှား၏။

စုံထောက်စံဝသည် လှည်းကူးရဲစခန်းမှူးနှင့် ထောက်ကြန့်ရဲစခန်းမှူးတို့ကို အကူအညီတောင်းရ၏။ နံနက် ၆ နာရီနှင့် ၈ နာရီအကြား ရန်ကုန်–ပဲခူးအကြား သွားသော ကားကြီးများ လော်ရီကားအပါအဝင်တို့ကို ထောက်လှမ်းရန် အကူအညီတောင်း၏။

ထိုညတွင် သေဆုံးသူအမျိုးသမီးမှာ ရန်ကုန်၊ မြေနီကုန်း • • • လမ်းတွင် မိခင်အိုကြီးနှင့်အတူတူနေသော ပင်စင်စားကျောင်းဆရာမဒေါ်ရွှေကြည် အသက် ၆၀ နှစ်ဖြစ်ကြောင်း သိရသည်။ ဒေါ်ရွှေကြည်သည် ပဲခူးရှိ သူမ၏မောင်နှင့်ယောက်မထံ တစ်လတစ်ခါ နေ့ခြင်းပြန်သွားလေ့ရှိရာ ထိုနေ့က သူမ ပဲခူးသို့လာမည်ဟု တယ်လီဖုန်းဖြင့် ကြိုတင်ပြောထားရာ ရောက်ချိန်တန်၍ မရောက်သောကြောင့် ပဲခူးမှ လူများက ရန်ကုန်အိမ်သို့ ဖုန်းဆက်မေးရာမှ ဒေါ်ရွှေကြည်ပျောက်နေကြောင်းသိရပြီး ရန်ကုန်–ပဲခူးအကြား စုံစမ်းရင်း ဒေါ်ရွှေကြည်အလောင်းကို လှည်းကူးဆေးရုံ ရင်ခွဲရုံတွင် တွေ့ရခြင်းဖြစ်သည်။

စုံထောက်စံဝသည် သေသူမည်သူမည်ဝါဖြစ်သည်ကို သိရ၍ အား



www.burmeseclassic.com

တက်သွားသည်။ ဒေါ်ရွှေကြည်အိမ်သို့ စုံထောက်စံဝသွားသည်။ ဒေါ်ရွှေကြည်၏ မိခင်ဒေါ်သန့်နှင့်တွေ့ပြီး စုံစမ်းမေးမြန်းသည်။

"သမီးက တစ်လတစ်ခါ ပဲခူးကို သွားနေကြ။ နေ့ချင်းပြန်သွားတယ်။ ဘတ်စ်ကားနဲ့သွားတယ်လို့ သိရတယ်။ ဆောင်းရာသီဆိုတော့ အနွေးထည် အညိုရောင်သိုးမွေးဆွယ်တာ၊ နောက်ပြီး လည်စည်းပုဝါအညိုရောင်၊ လက်ဆွဲခြင်း၊ သူ့တူ၊ တူမတွေအတွက် မုန့်တွေဝယ်သွားလေ့ရှိတယ်။ ကြိမ်ခြင်းပါ အလတ်စားပါ။ အဲ .. လက်ဝတ်ရတနာဆိုလို့ ငါးမူးသားရွှေဆွဲကြိုး၊ နောက်ပြီး လက်ကောက်၊ ရွှေလက်ကောက်တစ်ရံ ဒါကို သူဝတ်သွားနေကြ။ ငွေကတော့ တစ်သောင်းလောက်ပါသွားတယ်ထင်တာပဲ။ အဘွားလည်း တိတိကျကျမသိပါဘူးကွယ်"

စုံထောက်စံဝသည် လိုအပ်သလို မှတ်သားပြီး အိမ်ထဲမှ ပြန်အထွက်တွင် အိမ်ရှေ့ခြံထောင့်၌ ပုံထားသောအုတ်များကို တွေ့ရသည်။

"ဒီအုတ်တွေက ဘာလုပ်ဖို့လဲ"

ဦးစံဝက ဒေါ်သန့်ကို မေးသည်။

"လွန်ခဲ့တဲ့ ခြောက်လလောက်က အိမ်နောက်ဖေး မီးဖိုချောင်နဲ့အိမ်သာ ပြင်တုန်းက ပိုတဲ့အုတ်တွေပါ"

ဒေါ်သန့်က ဖြေသည်။

"အုတ်တွေက ဘယ်ကဝယ်တာလဲ အဘွား"

"အဘွား မသိပါဘူးကွယ် သမီးရွှေကြည်ပြောတာကတော့ သူ့အသိတစ်ယောက်ဆိုင်ကတဲ့။ အဲဒီအုတ်ကားမောင်းတဲ့ သူငယ်လေးဆိုရင် အုတ်လာပို့ရင်း လိုတာတွေဝိုင်းကူလုပ်ပေးလို့ အဘွားတို့နဲ့တောင် ရင်းနှီးသွားတယ်"

"အဲဒီအုတ်ဆိုင်က ဘယ်မှာလဲ။ အုတ်လာပို့တဲ့အုတ်ကားမောင်းသူနဲ့ နာမည်ရော အဘွားမှတ်မိသလား"

ဦးစံဝက မေးသည်။

"အုတ်ဆိုင်က ဒီလမ်းထိပ်က ထွက်သွားပြီး ညာဘက်ကိုချိုး၊ သုံးလေးလမ်းလောက်ကျော်ရင် တွေ့မှာပဲ။ အုတ်ဆိုင်နာမည်တော့ အဘွားမသိဘူး။ အဲ .. အုတ်ကားမောင်းတဲ့သူငယ်နဲ့ နာမည်ကတော့ မောင်ညိုဆိုလားပဲ"

"မောင်ညိုအသက်က ဘယ်လောက်ရှိပြီထင်လဲ"

"အတိအကျတော့ မသိပါဘူးကွယ်၊ ရှိလှ သုံးဆယ်လောက်ပေါ့"

ဦးစံဝသည် ဒေါ်သန့်ထံမှရသည့် အချက်များကို သေသေချာချာမှတ်သားပြီး အုတ်ဆိုင်ကို သွား၍ရှာသည်။

"မောင်ညိုဟာ ဒီဆိုင်က ထွက်သွားတာ သုံးလလောက်ရှိပြီ။ သူက မြောက်ဥက္ကလာမှာနေတယ်။ ဆေးရုံနားမှာလို့ ပြောတာပဲ"

"ဦးတို့ အုတ်ဝယ်ရင် ဘယ်က ဝယ်ပါသလဲ"

စုံထောက်စံဝက အုတ်ရောင်းသူကို မေးသည်။

"လှည်းကူးမရောက်ခင် ... ရွာက ဦးပုအုတ်ဖိုက ဝယ်လေ့ရှိပါတယ်"

"မောင်ညိုကို အဲဒီအုတ်ဖိုက အုတ်တွေဝယ်ခိုင်းဘူးသလား"

"ဟာ .. ဝယ်ခိုင်းတာပေါ့။ သူက ဒီမှာ ရှစ်နှစ်လောက် အလုပ်လုပ်သွားတယ်။ ဦးရဲ့ လော်ရီကားကို သူမောင်း ပြီး ဒီက

ကျွန်တော်လည်း
ကားမောင်းလာရင်း
အလင်းရောင်မှုံမှားမှား
အကူအညီနဲ့
ဒေါ်ရွှေကြည်ရဲ့
လက်ကောက်တွေနဲ့
ဆွဲကြိုးကို
သတိထားမိတော့
လိုချင်စိတ်ဖြစ်လာပြီး
ဒေါ်ရွှေကြည်ကို
...


www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ ဦးပုအုတ်တွေ ကို ဝယ်နေကြပါ''

''သူ ဒီဆိုင်က ဘာဖြစ်လို့ထွက်သွားတာလဲ''

''တခြားမှာ လခကောင်းကောင်းရလို့ဆိုပြီး ထွက်သွားတာပဲ''

''သူ့လိပ်စာကို ရှာပေးပါလား''

စုံထောက်စံဝက အုတ်ဆိုင်ပိုင်ရှင် ဦးတင်စိုးကိုပြောရာ ဦးတင်စိုးသည် သူ၏ အံဆွဲထဲမှ မှတ်စုစာအုပ်တစ်အုပ်ကိုထုတ်ယူပြီး မောင်ညို၏ လိပ်စာကိုရှာ၍ စုံထောက်စံဝကို ပေးလိုက်သည်။

စုံထောက်စံဝသည် ထိုလိပ်စာရှိရာ မြောက်ဥက္ကလာပသို့သွားရာ မောင်ညိုနှင့်သူ့ဇနီးတို့သည် လွန်ခဲ့သော နှစ်လခန့်က ပြောင်းသွားကြောင်း။ မည်သည့်မြို့နယ်သို့ ပြောင်းသွားသည်ကို မသိပါဟု အိမ်နီးနားချင်းတို့က ပြောကြသည်။ စုံထောက်စံဝသည် စိတ်ဓာတ်မကျ။

နောက်တစ်နေ့တွင် လှည်းကူးရဲစခန်းသို့ ရောက်သွားရာ စခန်းမှူးက ဒေါ်ရွှေကြည်အလောင်းတွေ့ရာနေရာနှင့် ကိုက်သုံးရာခန့်အကွာရှိ ရေမြောင်းကထဲတွင် ငါးရှာသော လူတစ်ယောက်သည် ရေမြောင်း၏ ရေစီးကြောင်းအတိုင်း တောင်ဘက်သို့ငါးရှာရင်း ရေမြောင်းအနီးရှိ ချုံတွင်ငြိနေသော လက်ဆွဲခြင်းတောင်းတစ်လုံးကို တွေ့၍ ရဲစခန်းသို့လာအပ်သွားကြောင်းကို စုံထောက်စံဝ သိလိုက်ရသည်။

စုံထောက်စံဝသည် လှည်းကူးရဲစခန်းမှူးနှင့်အတူ ထိုရေမြောင်းသို့သွား၍ ထပ်မံရှာဖွေရာ လမ်း၏တောင်ဘက် ရေမြောင်းအနီးရှိ ချုံပင်ကြားထဲမှ အညိုရောင် လည်စည်းပုဝါကို တွေ့ရ၍ ယူခဲ့သည်။ (ဆွဲခြင်းနှင့်ပုဝါကို ဒေါ်သန့်အားပြရာ သူ့သမီး၏ ပစ္စည်းဖြစ်ကြောင်း အနိုင်အမာပြောသည်)



ထောက်ကြန့်ရဲစခန်းမှလည်း အခင်းဖြစ်သည့်နေ့ နံနက် ၆ နာရီ သာသာ၌ အမိုးမပါသော ဖယ်ရီကားတစ်စီး လှည်းကူးဘက်သို့သွားသည်ဟု ထောက်ကြန့်အဝင်လုံခြုံရေးဂိတ်မှ မှတ်သားထားကြောင်း ကားနံပါတ်ကိုမူ မှတ်မထားကြောင်းဖြင့် သတင်းပေး၏။

ထိုနေ့ နေ့လယ်တွင် စုံထောက်စံဝသည် လှည်းကူးရဲစခန်းမှူးနှင့်အတူ လှည်းကူးမြို့ဝင်ကာနီး နှစ်မိုင်ခန့်အကွာရှိ .... ရွာမှ ဦးပုအုတ်ဖိုသို့ သွားသည်။ ဖုတ်ပြီးသား အုတ်များကို လာရောက်သယ်ယူနေသော လော်ရီကားသုံးစီးကို တွေ့ရာ စုံထောက်စံဝသည် ထိုလော်ရီကားများကို မထွက်ခိုင်းသေးဘဲ တားဆီးထားပြီး ဦးပုနှင့်တွေ့သည်။

ဦးစံဝသည် ဦးပုနှင့် နှစ်ကိုယ်ချင်းတွေ့၍ ..

"ခင်ဗျားရဲ့အုတ်တွေကို မြေနီကုန်းက ဦးတင်စိုးဆိုသူဝယ်တယ်မဟုတ်လား'' ဟု မေးရာ ..

''ဩော် .. ကိုတင်စိုးလား၊ ကျွန်တော့်ဖောက်သည်ပဲ'' ဟု ပြောသည်။

''သူ့ဆိုင်မှာ လော်ရီကားမောင်းတဲ့သူတွေကိုရော ခင်ဗျားသိသလား''

စုံထောက်စံဝက ဆက်မေးသည်။

''ဟာ .. သိတာပေါ့၊ မောင်ညိုတို့ မောင်ကုလားတို့၊ မောင်သီဟတို့''

''အခု အုတ်ဝယ်တဲ့ကားတွေက ဘယ်ဆိုင်က ကားတွေလဲ''

''စမ်းချောင်း ဦးမြင့်ဆိုင်က''

''အခု အုတ်လာဝယ်တဲ့ ကားတွေကိုမောင်းတဲ့ ဒရိုင်ဘာတွေဟာရော ဘယ်သူတွေလဲ''

''မောင်ရီ၊ မောင်ညို၊ မောင်ထွန်းခိုင်''

''ခင်ဗျား .. မှတ်ဉာဏ်တယ်ကောင်းတာပဲ''

''အလုပ်လုပ်ရင် မှတ်ဉာဏ်ကောင်းရမယ်လေ''



www.burmeseclassic.com

ဦးပုက ပြုံး၍ ပြောသည်။

"မောင်ညို့နဲ့ ကျုပ် တွေ့ချင်တယ်ဗျာ"

ဦးစံဝက ပြောသည်။

"မောင်ညိုက အခု ဦးတင်စိုးဆီမှာ မလုပ်တော့ဘူး"

"ကျုပ်သိတယ်"

ထို့နောက် ဦးပုသည် လော်ရီကားတစ်စီးရှိရာသို့ သွားပြီး ..

"မောင်ညို .. ဟောဒီ ရဲအရာရှိက မင်းနဲ့ တွေ့ချင်လို့တဲ့"

ဟု ပြောရာ ..

ကားရှေ့ခန်းမှ အသက် ၃၀ ဝန်းကျင် အရပ်ခပ်မြင့်မြင့် ဗလတောင့်တောင့်လူတစ်ယောက် ဆင်းလာသည်။

စုံထောက်စံဝသည် မောင်ညိုဆိုသူကို စူးစူးရှရှကြည့်ရာ မောင်ညိုသည် မျက်စိမျက်နှာပျက်နေသည်ကို သတိပြုမိသည်။

စုံထောက်စံဝသည် မောင်ညိုကို



လှည်းကူးရဲစခန်းသို့ခေါ်သွားပြီး စစ်ဆေးလေတော့၏။

အတွေ့အကြုံရင့်နေပြီဖြစ်သော စုံထောက်စံဝ၏ မေးခွန်းများကို မောင်ညိုသည် လိုးလွဲဖြေရန် ကြိုးစားသော်လည်း မအောင်မြင်ပေ။

"အဲဒီမနက်က ကျွန်တော် မြေနီကုန်းက သောက်နေကျ လက်ဖက်ရည်ဆိုင်ရှေ့မှာ အုတ်ကားလော်ရီကားကို ရပ်၍ ဆိုင်ထဲမှာလက်ဖက်ရည်သောက်ပြီး ပြန်အထွက်မှာ ဒေါ်ရွှေကြည်နဲ့ဆုံတယ်။ ဒေါ်ရွှေကြည်က ပဲခူးသွားမယ်ပြောလို့ ကျွန်တော်ကတော့ လှည်းကူးအထိရောက်မယ်လို့ပြောတော့ ငါအကြုံလိုက်မယ်။ လှည်းကူးရောက်မှ ကားပြောင်းစီးမယ်ဆိုပြီး လိုက်လာပါတယ်"

"မင်း အခုမောင်းနေတဲ့ အုတ်သယ်ကားက ဘယ်သူ့ကားလဲ"

"ဦးပုဆိုင်ကထွက်ပြီး စမ်းချောင်းက ဦးမြင့်အုတ်သဲကျောက်ဆိုင်က ကားပါ"

"ကဲ .. ဆက်ပြော"

"ကားပေါ်မှာ တခြားလူတွေမပါဘူး။ ကားရှေ့ခန်းမှာ ကျွန်တော်နဲ့ ဒေါ်ရွှေကြည်နှစ်ယောက်တည်း၊ ဒေါ်ရွှေကြည်က မျက်စိမှိတ်ပြီး ဘုရားစာရွတ်လာတယ်။ ကျွန်တော်လည်း ကားမောင်းလာရင်း အလင်းရောင်မှုံမွှားမွှား အကူအညီနဲ့ ဒေါ်ရွှေကြည်ရဲ့ လက်ကောက်တွေနဲ့ ဆွဲကြိုးကို သတိထားမိတော့ လိုချင်စိတ်ဖြစ်လာပြီး ထောက်ကြန့်အလွန် လူပြတ်တဲ့နေရာမှာ ကားကို ရုတ်တရက်ရပ်လိုက်ပြီး ဒေါ်ရွှေကြည်ကို .."

"မင်း .. သူ့လည်စည်းပုဝါနဲ့ ရစ်ပြီး လည်ပင်းညှစ်သတ်လိုက်တယ် မဟုတ်လား"

"ဟုတ် .. ဟုတ်ပါတယ်"

ထိုသို့ပြောပြီး မောင်ညိုသည် မျက်ရည်များ ထွက်ကျလာ၏။

ထို့နောက် မောင်ညိုသည် မျက်ရည်ရွှဲရွှဲနှင့် ဒေါ်ရွှေကြည်ကို လှည်းကူးအလွန် လူပြတ်ရာနေရာ၌ကျနေသော နှင်းများအောက်တွင် လမ်းနံဘေး ချုံပုတ်များကြားထဲ ပစ်ချကာ ကားကို ကွေ့ရန် ရှေ့သို့မောင်းသွားရင်း ကားထဲရှိ ဒေါ်ရွှေကြည့် လက်ဆွဲခြင်းတောင်းနှင့် ကားထဲကျနေသော လည်စည်းပုဝါကို ရေမြောင်းထဲ ပစ်ချလိုက်ကြောင်းကို ဝန်ခံ၏။

"မင်း .. အခုဘယ်မှာနေသလဲ၊ အဲဒီပစ္စည်းတွေရော"

"စမ်းချောင်းမှာပါ၊ ပစ္စည်းကိုတော့ ရောင်းစားလိုက်ပြီ။ အကြွေးဆပ်လိုက်ပါတယ်"

"ဘာဖြစ်လို့ အကြွေးတင်ရတာလဲ"

"ထီ .. ထီ .. နှစ်လုံး" မောင်ညိုသည် ဆက်မပြောနိုင်တော့။

(နောင်အခါဝယ် တရားသူကြီးက မောင်ညို့ကို သေဒဏ်ပေးလိုက်၏)


မြသိန်း



www.burmeseclassic.com

www.burmeseclassic.com





## အပြည့်ခံ

ငါ စောင့်နေနိုင်ပါတယ်
နင်လာမယ့်လမ်းရဲ့
တစ်ချိုးတစ်ကွေ့မှာ
မှတ်တိုင်တစ်ခုအနေနဲ့ပေါ့
အတိုင်းအတာတစ်ခုထက်
ကျော်လွန်လည်းပဲ
ငါ စောင့်နေနိုင်ပါတယ် ..။

နင် ခဏတာ နိုနားရစေမယ့်
အသိုက်အမြုံလေး
နင်အမောပြေသောက်ရစေမယ့်
ရေအေးလေးတစ်ခွက်
နင်စိတ်ညစ်နေတိုင်း
ထုရိုက်တာကိုခံမယ့်
အရေထူ ရင်ခွင်လေးတစ်ခု
နင်ဝင်ချင်ဝင်
ထွက်ချင်ထွက်နေတဲ့
ကမ္ဘာငယ်လေးတစ်ခု
နင့်အတိတ်တွေ ဖွေဖောက်လို့
ငါ့ဘဝ ဝင်နှောက်လည်း
ငါ့ကမ္ဘာပျက်ရုံကလွဲလို့
နင့်ကို မမုန်းဘူး
ငါ့ အသက်ရှူသံတွေရပ်လို့မှ
နင့် နှလုံးသားတွေ
စီးဆင်းရမယ်ဆိုရင်တောင်
ငါ့ အသက်ပျောက်ရုံကလွဲလို့
နင့်ကို မမုန်းပါဘူး။

**စုမြတ်နိုး(ဥပဒေ)**

## အနာဂတ်ရဲ့ ရွှေရောင်ပီတိများ

မျက်စိတစ်မှိတ် အတွင်းမှာ
ပျောက်ကွယ်ခဲ့တဲ့ အရာများ။

မျက်စိ ပြန်အဖွင့်မှာ
တွေ့ရတော့မယ်ဆိုတော့။

ဘယ်တော့မှ မျက်စိပြန်မမှိတ်ချင်တော့ဘူး။ ။

**မင်းလွင်ဦး(ပြည်)**






www.burmeseclassic.com

## မီးလှုံပွဲ

ဒီတစ်ခါ ရန်ကုန်ဆောင်း
အနွေးထည်တွေ ရောင်းအားတက်သွားတယ် ..

မီးခိုးတွေ မှုန်တဲ့ည
စောင်ထူထူနဲ့ ဖိမ်မကျ
ရွာကလေးထဲ လမ်းလျှောက်ထွက်ကြည့်မိတယ် ..

ပေတစ်ရာလမ်းတစ်လျှောက်
မီးပုံလေးတွေ၊ အမှိုက်တွေ၊ မြက်တွေ
သစ်ရွက်ခြောက်တွေ မီးရှို့
ကလေးလူကြီးတို့
ချမ်းရှာသူတို့ မီးလှုံပွဲ
ရင်ထဲစို့နစ်
အသက်ရှူကျပ်တဲ့ည
ကြေကွဲရပါလား ဆောင်းရယ် ..။



။

အေဒီဦး

### အမှတ်စဉ်(၁၃၇) မတ်လအတွက်

**ရွေးကဗျာစာရင်း**

| | | | |
|---|---|---|---|
| ၁။ | မောင်သန်းစိုး(ချောက်) | – | အရေးပေါ်မိုးလေဝသဖုန်းသတင်း |
| ၂။ | သက်နိုင်(ကြို့ပင်ကောက်) | – | ရင်ထဲက ငွေလမင်း |
| ၃။ | ဆုမွန်ဦး(ဟသ်ာတ) | – | လောကဓံ |
| ၄။ | ငယ်လေးမောင်(သပြေရုံ) | – | လှေကလေးရဲ့ ခရီး |
| ၅။ | ဝေမိုးအိမ် | – | ပဋိသန္ဓေ |
| ၆။ | နိုင်မိုးဇော် | – | မီး |
| ၇။ | လဝင်း | – | ပုလဲမြို့ |
| ၈။ | နေသိုက် | – | သတိ |
| ၉။ | မျိုးထွန်းငြိမ်း | – | ပရုပ်လုံး |
| ၁၀။ | စန္ဒကူးနီ | – | ဝမ်းမီးသင့် နာရီများ |



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆရာ၏ အရက်နှင့်ဖဲတွဲသောဇာတ်လမ်းတစ်ပုဒ်တင်ပြပါမည်။ အရက်နှင့်ဖဲကစားခြင်းတွဲ၍ အရက်သမားများ ဖဲကစားလျှင် ရှုံးမည်သေချာသည်ဟု မမှတ်လိုက်ပါနှင့်။ ဖဲကစားခြင်းမှာ ဉာဏ်အသုံးချပြီး တွက်ချက်ရသည်ဖြစ်သော်လည်း သူ၏ သူငယ်ချင်းများမှာ အရက်သောက်ကာ ဖဲကစားပေသည့် မရှုံးသည့်အပြင် အနိုင်ပေါ်၍ စီးပွားဖြစ်နေခြင်းကို ဖော်ပြထားသော ဇာတ်လမ်းဖြစ်သည်။ အရက်နှင့်ဖဲတွဲသောသူတစ်ဦး၏ စီးပွားရှာနည်းဟုလည်း တင်စားနိုင်ပါသည်။ နည်းယူစရာရှိသည်ဟုတော့ ကျွန်တော်မဆိုလိုပါ။ ဗဟုသုတဖြစ်ဖွယ်ဟုသာ မှတ်ယူလိုပါသည်။ ဤဇာတ်လမ်းသည်လည်း လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က သူတို့ကဲခဲ့ကြသော ကာလဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

+++

ကျွန်တော်ပြောခဲ့ဖူးပေါင်းများပါပြီ။ အရက်သမားများလောင်းကစားလုပ်လျှင် သွေးဆူပြီး ကုန်တာများပါသည်။ ဖဲ၊ ဂျင်အပြင် သုံးလုံးထီထိုးမလား၊ နှစ်လုံးထီထိုးမလား၊ ဘောလုံးပွဲလောင်းမည်လား၊ အရက်ပါလာလျှင် ကုန်သည်က များပါသည်။ လောင်းကစားကြောင့် သူဌေးဖြစ်သူနည်းသည်။ ဘဝပျက်သည်က များပါသည်။

ကျွန်တော့်သူငယ်ချင်းနှစ်ကောင်ကတော့ ထူးဆန်းသည်ဟု ပြောရမည်။ အရက်လည်းသောက်သည်။ ဖဲလည်းကစားသည်။ ဖဲကစားတော့မည်ဆိုလျှင် အရက်လျှော့သောက်သည်။ သိပ်မူးအောင်မသောက်။ သူတို့သည် ဖဲကစားခြင်းဖြင့် စီးပွားရှာသူများဖြစ်သည်။ ကျွန်တော်ပြောပြပါမည်။ ကျွန်တော့်သူငယ်ချင်းနှစ်ကောင်ကတော့ ထူးဆန်းပြီး ရှားပါးသော ဖဲသမားများဖြစ်သည်ဟု ဆိုချင်သည်။ ဖဲသမားဟူသည် နဲ့သမားပါးစပ်လို ပိန်လိုက်ဖောင်းလိုက်နှင့်ဆိုသည့် စကားအတိုင်းဖြစ်သည်။ ရတစ်လှည့် ပြုတ်တစ်ခါဖြစ်သည်။ အမှန်မှာ ရတစ်လှည့်ပြုတ်အခါခါဟု ဆိုရမည်။

ကျွန်တော်ကြားဖူးသော နယ်တကာလှည့် ဖဲကစားကာ စီးပွားရှာသော လူတစ်ယောက်အကြောင်း ကြားဖြတ်ပြောချင်ပါသည်။ သည်လူ့ကိုတော့ မတွေ့ဖူးပါ။ မြို့တကာလှည့် ဖဲကစားကာ စီးပွားရှာသူဟု ပြောကြသည်။ ဖဲကစားရာတွင် ကြမ်းပိုးအကြီးစားဟုဆိုသည်။ သူသွားကစားမည့် မြို့တိုင်းတွင် ဘဏ်စာရင်းဖွင့်ထားသည်။ သူက ပိုက်ဆံကိုင်မထား၊ ရောက်သည့်မြို့မှဘဏ်တွင် ငွေထုတ်ပြီး ဖဲကစားသည်။ ရှုံးသည်ကနည်းပြီး နိုင်သည်ကများသည်။ သူ့အလုပ်က ဖဲကစားခြင်းတစ်မျိုးတည်းသာ။ နိုင်လျှင် ထိုမြို့၏ဘဏ်တွင် ငွေအပ်ထားလိုက်သည်။ လမ်းစရိတ်၊ စားစရိတ်လောက်သာ လက်ထဲထားသည်ဟု ဆို၏။ သူ ကစားသည်က တစ်ချပ်မှောက်ဖဲကစားခြင်း

ဖဲနှင့်စီးပွားရှာသော ကျွန်တော့်သူငယ်ချင်းနှစ်ယောက်သည်လည်း ဖဲကစားလျှင် တစ်ချပ်မှောက်ပဲ ကစားကြသည်။ တစ်ချပ်မှောက်ကစားနည်းအကြောင်း အနည်းငယ်ရှင်းပြပါမည်။ ဖဲကစားမည့် လူအရေအတွက်ကိုကြည့်ပြီး မလိုသည့် ဖဲချပ်များကို ထုတ်ပစ်ရသည်။ ဥပမာ ကစားသူငါးဦးရှိသည် ဆိုလျှင် ရှစ်ဖဲကစားပြီး ကင်းအထိ ဖဲချပ်များသာစားမည်။ ကျန်သည့်အချပ်များ ဖယ်ထားရသည်။ တစ်အောက်တော့ ရှစ်အောက်မှာလည်း ထားလျှင် ရသည်။ ကင်းအထက်မှာ ထားလျှင်လည်းရသည်။ တစ်အေသည် ဖဲချပ်များထဲတွင် ပါဝါအကြီးဆုံးဟု သတ်မှတ်နိုင်သည်။ ကစားပြီဆိုလျှင် ပထမ ဦးဆုံးနှစ်ချပ်စီဝေမည်။ တစ်ချပ်ကို မှောက်ဝေမည်။ ပွဲစပြီ။ အားလုံးရှေ့တွင် မှောက်ထားသည့်ဖဲကို ကာယကံရှင်က ပွတ်ကြည့်မည်။ သိပြီ။ ပြန်မှောက်ထားလိုက်သည်။

သည်တွင် ဝိုင်းထဲ၌ လှန်ထားသော အချပ်အကြီးဆုံးက ကြေးခေါ်မည်။ လိုက်ချင်လျှင် သူခေါ်သည့်ကြေးကို အလယ်ပုံထည့်ရသည်။ မလိုက်ချင်လျှင် မှောက်ထား။ နောက်တစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



ဝေပေးမည်။ အပေါ်မှာ အေပူးလျှင် သူအကြီးဆုံးဖြစ်ပြီ။ သူက ကြေးခေါ်မည်။ လိုက်ချင်လျှင်လိုက်၊ ဖဲမကောင်း၍ မလိုက်ချင်လျှင် မှောက်ထားသည့်ဖဲကို လှန်ထားသည့်ဖဲပေါ် မှောက်တင်လိုက်၊ မလိုက်တော့ဟု သဘောရသည်။ ပထမထည့်ထားသည့်ငွေ ဆုံးသွားပြီ။ ခေါ်သည့် ပထမကြေးထက် အပေါ်ပူးသမား၊ ဥပမာ ကင်းပူးသမားက ထပ်ကန်ချင်လျှင် ကန်နိုင်သည်။ ထပ်ကန်သည်ဆိုသည်မှာ ခေါ်ကြေးထက် ကြေးပိုခေါ်ခြင်းဖြစ်သည်။ ယင်းသို့ ကြေးပိုခေါ်လျှင် လိုက်ချင်လျှင်လိုက်၊ မလိုက်ချင်လျှင် ပြေး။ ထိုအခါ ပွဲက ဖဲငါးချပ်အပြည့်။ မဝေခင်မှာပင် ပြီးချင်ပြီးသွားနိုင်သည်။ နိုင်သူအလယ်ပုံထားသည်ကိုစား၊ လေးချပ်မှာတင် ကိစ္စပြီးချင်ပြီးမည်။ ငါးချပ်ရောက်မှပဲ လမ်းဆုံးချင်ဆုံးမည်။

တစ်ချပ်မှောက်ကစားခြင်းသည် အတွက်အချက်တော်ရသည်။ ကြေးခေါ်တတ်ရသည်။ အခြားကစားသမားများ၏ မှောက်ထားသည့်ဖဲ ဘာဖဲဖြစ်နိုင်မည်လဲကို ခန့်မှန်းတွက်တတ်ရမည်။ လှန်နေသည့် ဖဲများကိုကြည့်ပြီး နောက်ဖဲ ဘာဝင်လာနိုင်သည်ကို တွက်တတ်ရသည်။ ပညာပါသည်။ အလေ့အကျင့်ရလာပြီဆိုလျှင် ဖဲကစားဖော်များ၏ မျက်နှာအမူအရာ၊ စရိုက်သဘာဝ၊ ဟန်ပန်ကို တစ်ဦးချင်းစီးနားလည်နိုင်ပြီဆိုလျှင် ထိုလူ လူတော်ဖြစ်ပြီ။ ကျွန်တော် တစ်ချပ်မှောက်ဖဲကစားနည်းသင်ပေးနေခြင်းမဟုတ်ပါ။ အခြေခံသဘောကိုသာ ရှင်းပြခြင်းဖြစ်သည်။ ရှင်းမပြလျှင် ကျွန်တော်ဆက်ရေးပြမည်ကို နားမလည်မည်စိုး၍ ဖြစ်သည်။ တစ်ချပ်မှောက်မှာ သည့်ထက် ကျယ်ပြန့်ပါသည်။ ကစားသူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ ဒဿနများပါဝင်ပါသေးသည်။ ထိုဒဿနများဖြင့် တွက်ချက်နိုင်လျှင် အောင်ပွဲခံရဖို့များပါသည်။

ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ထဲက ပထမတစ်ကောင် ခင်မောင်သက်အကြောင်း အရင်ပြောပြပါမည်။ သူက ရုံးဝန်ထမ်းသမား အရာရှိတစ်ဦးဖြစ်သည်။ ကျွန်တော်နှင့် ကျောင်းနေဖက်တော့မဟုတ်။ သူ တာဝန်ကျသည်က မအူပင်မြို့ဖြစ်သည်။ ရုံးပိတ်ရက်ဆိုလျှင် မော်တော်တစ်စင်းပေါ်တွင် စားသောက်စရာများစီစဉ်ကာ သောက်စရာပုလင်းအစုံနှင့် မြစ်ထဲမောင်းထွက်ပြီး ဖဲကစားတော့သည်။ မော်တော်ပေါ် မတက်မီ ရှီးမန်းနီးပြရသည်။ တစ်ဦးစီတွင် ငွေတစ်သောင်းပြရသည်။ တစ်သောင်းထက်ပိုလျှင်လည်း ရသည်။

သည်ကောင်က လူပါး၊ ကစားတော့မည်ဆိုလျှင် အရက်နည်းနည်းပဲသောက်တော့သည်။ ဖဲကစားခြင်းတစ်ခုတည်းကိုပဲ အာရုံပြုထားသည်။ ပထမဆုံး တစ်ထောင်စီချထိုးရသည်။ နံနက် ၈ နာရီက ကစားလျှင် ၁၀ နာရီထိုးလျှင် ပထမဘရိတ်နားသည်။ ပထမဘရိတ်နားလျှင် ကိုယ့်ငွေကိုယ်သိမ်းခွင့်ရှိသည်။ အချိန်မစေ့ခင်မှာတော့ မိမိရှေ့ကနိုင်ထားသော ငွေပုံကြီး ဟီးနေပေသည့် ကိုယ့်အိတ်ထဲကိုယ် သိမ်းခွင့်မရှိ။ ဒါက ကစားပွဲ၏စည်းကမ်း။

သို့သော် ခင်မောင်သက်သည် မည်သူ့ကိုမျှ အားမနာတတ်။ သူ နိုင်နေပြီဆိုလျှင် နှစ်ဘရိတ်လောက်နှင့်ဖြတ်ကာ ..''ငါတော့ မူးနေပြီကွာ၊ ထမင်းစားပြီး အိပ်တော့မည်'' ဟုဆိုပြီး ရှေ့မျက်နှာရှေ့ထားကာ မျက်နှာပြောင်တိုက်ပြီး အနိုင်နှင့်ပိုင်းတတ်သည်။ သည်လိုနည်းဖြင့် သူ့မိန်းမတွင် စိန်တွေ၊ ရွှေတွေ သီးနေတော့သည်။ သို့သော် နောက်ပိုင်းတွင် သည်ကောင်သည် အရက်ကလည်း ကြိုက်တတ်သေးသည်ဖြစ်၍ အရက်ကိုလည်း မစွန့်လွှတ်နိုင်ဖြစ်ကာ ဖဲကစားခြင်းကို လျှော့လာသည်။ သည်ကောင့်ပါးချက်က အရက်ကြိုက်တတ်၍ သေအောင်သောက်ချင်သာသောက်မည်။ မူးမူးရူးရူးနှင့် ဖဲရှုံးသည်ဟု နာမည်ထွက်အောင် မည်သို့မျှမပြုလုပ်။ အရက်မူးနေလျှင် ဖဲကစားခြင်းကို ရှောင်နိုင်သည့် သူ၏ ထိန်းချုပ်နိုင်စိတ်ကိုတော့ လေးစားမိသည်။ ဤသည်မှာ စီးပွားဖြစ်ဖဲသမားတို့၏ ရင့်ကျက်စိတ်ဟု ဆိုချင်သည်။ သည်ကောင့်အကြောင်းက အနေဝေးသွားသဖြင့် သည်လောက်သာသိခဲ့ရသည်။ နောက်တော့ အရက်များလာလျှင် ဖဲကစားခြင်းဖြင့် စီးပွားမရှာနိုင်တော့ဟု သိရသည်။ ယခုတော့လည်း အသည်းကင်ဆာဖြင့် ဆုံးသွားရှာပြီဟု သိရပြန်သည်။ ကျွန်တော်တို့ သူ့ကို လိုက်မပို့နိုင်တော့။ သူ့ကို ဂုဏ်ပြုခြင်းဖြင့် ဝိုင်းမထောင်ဖြစ်နိုင်တော့။

ဒုတိယသူငယ်ချင်းတစ်ယောက်ကတော့ ကျော်ကျော်နိုင်ဟု ခေါ်သည်။ သည်ကောင်နှင့်တော့ ကျောင်းနေဘက်သူငယ်ချင်းဖြစ်သည့်အပြင် တက္ကသိုလ်ရောက်တော့လည်း အတူတူပင်ဖြစ်သည်။ သည်အချိန်တုန်းက ကျွန်တော်က အိမ်ထောင်ကျပြီး ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ယောက်တောင်ရနေပြီ။ သည့်ကောင်က လူပျိုလူလွတ်။ ထိုစဉ်က ကျွန်တော်တို့တစ်တွေ အသက် ၃၀ ပတ်ဝန်းကျင်သာရှိသေးသည်။ အစိုးရဝန်ထမ်းရင်း ဖဲကစားခြင်းဖြစ်သည်။ အရာထမ်းများဖြစ်ကြ၍ လစာကိုဘေးချိတ်ပြီး ဖဲကစားနိုင်ကြသည်။

ကျော်ကျော်နိုင်သည်လည်း တစ်ချပ်မှောက်ကစားခြင်းဖြင့် စီးပွားရှာနိုင်သော ကစားသမားစစ်စစ်တစ်ဦးဖြစ်သည်။ စီးပွားဖြစ်လွန်း၍ သူ့လစာမည်မျှလောက် နှစ်တိုးရနေသည်ကိုပင် မသိနိုင်လောက်အောင် မေ့နေသူဖြစ်သည်။ အံ့ဩဖွယ်ကောင်းပါ၏။ သူကြီးပွားချမ်းသာလာခြင်းမှာ သူ့ဥာဏ်တွင် လာဘ်လာဘပေါ်များနေ၍မဟုတ်ပါ။ ဖဲက အကျိုးပေးခြင်းသာဖြစ်ပါသည်။ သည့်ကောင်က ခင်မောင်သက်ထက်ပို၍ ပညာပါသည်။ ဖဲပညာပိုတတ်သည်ဟု ဆိုလျှင်ရသည်။

သူသည် အားနေလျှင် ဖဲထုပ်ကိုဘေးချပြီး ဖဲချပ်များကို လက်နှင့်အမြဲပွတ်သပ်နေလေ့ရှိသည်။ ဖဲထုတ်အသစ်ဆိုပေသည့် သူ့လက်နှင့်ကိုင်ပြီးပွတ်ကြည့်လိုက်သည်နှင့် ဘာဖဲဆိုသည်ကို ပြောနိုင်သည်ဟု ဆိုသည်။ မည်သို့သိသည်ကိုတော့ ကျွန်တော်မသိ။ နေ့စဉ်နှင့်အမျှ ပွတ်နေသော သူ့လက်များကသာ သိပေလိမ့်မည်။ သည်လောက်သိနိုင်အောင် ပွတ်နိုင်သည့် အလေ့အကျင့်က မည်မျှလောက်များနေမည်လည်း မခန့်မှန်းနိုင်တော့။

တစ်ချပ်မှောက်ကစားနည်းတွင် နိုင်သည့်လူက ဖဲစကိုင်၊ ကုလားဖန်ထိုး၊ ဘေးအိမ်ကိုချိုးခိုင်းပြီး၊ ပြီးတော့ဝေသည်မှာ ပညာပါသည်။ ဖဲချပ်ကိုင်ပြီး အောက်ဖဲဝေကတည်းက လက်နှင့်စမ်းရင်း အောက်ဖဲဘာဆိုသည်ကို သိသည့်အခါဘာပြောမလဲ အချစ်ရေ။ သူများအောက်ဖဲသိလို့ကတော့ သိသည့်ကောင် အိုကေမှာစိုပြည်ပြီပေါ့။

ကျော်ကျော်နိုင်တို့သည်လည်း ရုံးအားရက်တွင်ချိန်းပြီး ကစားကြသည်။ ဆန်စက်ပိုင်ရှင်များနှင့် ဖြစ်သည်။ ထိုလူများသည် ငွေကိုအလွယ်တကူရှာနိုင်ပြီး အလွယ်တကူသုံးဖြုန်းနိုင်ကြသည်။ လောင်းကစား၊ အရက်၊ မိန်းမ တွဲဆက်နေကြ၏။

ကစားဖက်များသည် နေ့ဆိုမအားလပ်ကြသဖြင့် ညမှာကစားကြသည်ကများသည်။ ကစားကြမည့်နေ့ဆိုလျှင် ကျော်ကျော်နိုင်တစ်ယောက် နေ့ခင်းတွင် တစ်နေကုန်အိပ်တော့သည်။ သည်တော့ ညဘက်တွင် လန်းဆန်းနေသည်။ ကစားဖက်များက တစ်နေကုန် ကုန်းကျုံးအလုပ်လုပ်ထားကြရပြီး ညဘက်တွင် အရက်ကလေးတမြမြနှင့် ကစားကြသောအခါ ကျော်ကျော်နိုင်အတွက် တစ်ပန်းသာနေသည်။ ကျော်ကျော်နိုင်သည် ကစားရာတွင် မွေးရာပါဉာဏ်ကောင်းသူပီပီ အောက်ဖဲကို တွက်တတ်သည်။ နောက်လာမည့်ဖဲကိုလည်း မှန်းတတ်သည်။ ကစားရာတွင်လည်း အရက်ပြင်းကိုမသောက်၊ ဘီယာလောက်သာ သောက်တတ်သည်။ သည်မှာလည်း သည်ကောင်တစ်ပန်းသာသွားပြန်သည်။ ကျော်ကျော်နိုင် ရှေ့တွင် ငွေပုံကြီးရှိနေပြီဆိုလျှင် ဖဲသုံးချပ်လောက်ဝေပြီးကတည်းက ရှုံးပစ်လိုက်တတ်သည်။ ရှုံးသည်ဆိုသည်မှာ ကစားဖက်များ၏ ရှိသည့်ငွေများ အကုန်ဝိုင်းထဲထည့်ခိုင်းလိုက်ခြင်းဖြစ်သည်။ နောက်ဖဲအတက်မခံတော့။ သူ့အောက်ဖဲကောင်းပြီး အထက်ကဖဲလည်း သိပ်မဆိုးဘူးဆိုလျှင် သူ့အောက်ဖဲကတရားဝင်မြင်နေရသည်။ ဖဲများတွင်လည်း မပေါ်ဘူးဆိုလျှင် သည်ကောင်ဆော်တော့သည်။ ရှုံး ..။

သည်ကောင် ဉာဏ်ကောင်းချက်က ကစားဖော်များ၏ မျက်နှာကိုကြည့်ရုံဖြင့် သူသိသည်။ မျက်နှာများ၏ဆိုက်ကိုနှင့် ဖလော်ဆော်ဗီကို နားလည်သည်။ မျက်နှာကြည့်ပြီး စာဖတ်တတ်သည့်ကောင်ဟု ပြောလျှင်မမှား။ ကျန်လူများက မူးနေပြီ။ သွေးဆူကုန်ပြီ။ ရမ်းကုန်ပြီ။ စွတ်ရွတ်လုပ်ကုန်ပြီ။ လွယ်လွယ်ရသည့်ငွေကို လွယ်လွယ်ဖြုန်းလိုက်ကြသည်။ ကစားဖော်တွေမတရားသဖြင့် ရထားသောငွေများ ကျော်ကျော်နိုင့် ပိုက်ဆံအိတ်ထဲ ဝင်ကုန်တော့သည်။

ကျော်ကျော်နိုင့်တွင် အရှုံးမရှိတော့ပြီလော။ မဟုတ်ပါ ..၊ ရှုံးသည့်အခါ ရှုံးပါသည်။ သို့သော် သည်ကောင့်ကို ချီးကျူးစရာတော့ရှိသည်။ ရှုံးပြီဆိုလျှင် အရှုံးနည်းအောင် ထိန်းနိုင်သည်။ ကစားဖော်များသည် ဖဲရှုံးပြီဆိုလျှင် အရက်ဖိသောက်သူက သောက်သည်။ အပျော်မယားလေးထားရာအခန်းတွင်းသို့ ဝင်သွားသူက ဝင်သွားသည်။ ပြီးလျှင် အရက်ထပ်သောက်သည်။ သည်ထုံးစံထဲသို့ ကျော်ကျော်နိုင်ကျမသွား။ ရှုံးသမျှလေးကို ရင်ဝယ်ပိုက်ပြီး အိမ်စောစောပြန်သွားသည်က များသည်။

+++

www.burmeseclassic.com



သည်လိုနှင့် နှစ်များအတန်ကြာသွားသောအခါ ကျော်ကျော်နိုင်တစ်ယောက် အိမ်ထောင်ကျသွားသည်ဟု ကြားရသည်။ ကလေးတွေပင် အတော်ကြီးကြပြီ။ သူကိုယ်တိုင်လည်း ရုံးချုပ်သို့ရောက်သွားပြီး ဒုညွှန်မှူးရာထူးပိုင်ဆိုင်သွားသည်။ ဖဲတော့မကစားတော့ဟု ဆိုသည်။ သူ့မိန်းမက ဖဲကစားသည်ကိုမကြိုက်။ သည်ကောင်မိန်းမကို ချစ်သည်လား၊ ကြောက်သည်လားမသိ။ အပေါင်းအသင်းဆုံလျှင်တော့ ဘီယာတစ်လုံးလောက်သောက်ပြီး မူးနေတတ်သည်ဟု ကြားသိရသည်။

ကျွန်တော်လည်း စီးပွားရေးလုပ်ပြီး ရန်ကုန်တွင် အခြေချရန် ရန်ကုန်သို့ ရောက်ခဲ့သည်။ မကြာခဏသူ့ရုံးခန်းသို့ ကျွန်တော်ရောက်သွားတတ်သည်။ သူ့ဘေးတွင်ထိုင်ပြီး သူ အလုပ်လုပ်ပုံ၊ သူ့ရုံးသူ/သားများအား မှာကြားဆွေးနွေးပုံ၊ အပြင်ဧည့်သည်များနှင့် စကားပြောကျွမ်းကျင်ပုံများကို လေ့လာမိသည်။ သည်ကောင် သိပ်တော်သည်။ သူ့ဆီ ကျွန်တော်သွားခြင်းမှာ အားနေ၍သွားခြင်းမဟုတ်။ ပညာယူဖို့သွားခြင်းဖြစ်သည်။ ကျွန်တော်သည် စီးပွားရေးလောကသို့ ဝင်မည်ပြင်ထားသည်နှင့် သည်ကောင့်လေယူလေသိမ်း၊ ဟန်ပန်အမူအရာ၊ စကားအပေးအယူတို့ကို လေ့လာမိသည်။ သီအိုရီထုတ်ကြည့်သည်။ ကျွန်တော်လက်တွေ့ပြန်အသုံးချမည်။ သူ့ဘေးတွင် ကျွန်တော် ငူငူကြီးထိုင်နေသောအခါ ..

"မင်း ဘာလာလုပ်တာလဲ၊ ခဏခဏမလာနဲ့၊ ငါမအားဘူး။ မင်းတွေ့တဲ့အတိုင်းပဲ။ ပြော ဘာကိစ္စလဲ"

သည်လို ဝေါက်ပြော ပြောလိုက်တော့ ကျွန်တော်က ..

"မင်း စကားပြောတော်လို့ လာလေ့တာပါကွာ။ ဘာကိစ္စမှမရှိပါဘူး"

ဟု ပြောလိုက်ရသည်။ သည်တော့ သူပြုံးသည်။

"အေး .. သည်လိုပါပဲကွာ၊ နေ့တိုင်းအမြုပ်ထွက်အောင် ပြောနေရတာပဲ။ တစ်ခါတလေ လေပွပြီး ထမင်းတောင်မစားနိုင်ဘူး။ ငါ စကားပြောကောင်းတယ်ဆိုတာ မင်း စဉ်းစားကြည့်၊ ငါတို့ဘဝမှာ ကျောင်းကသင်တဲ့ပညာအပြင်၊ အတွေ့အကြုံတွေစုံလာခဲ့တာ။ ဆိုပါစို့ကွာ .. တစ်ချိန်က ငါ ဖဲကစားခဲ့တာ မင်းလည်းအသိ၊ ဒီတစ်ချပ်မှောက်ကစားနည်းကို အသုံးချပြီး လူတွေနဲ့ဆက်ဆံပေါင်းသင်းအလုပ်လုပ်လို့ရတယ်ဆိုတာ ငါရှင်းပြမယ်။ လူတစ်ယောက်ဝင်လာရင် သူ့မှောက်ဖဲဖြစ်တဲ့ ဘာကိစ္စနဲ့ဝင်လာတယ်ဆိုတာ သိအောင်လုပ်တယ်။ သူ စကားစပြောမယ်။ ငါ ပိုသိသွားပြီ၊ ငါ ပြောမယ်။ သူ နောက်စကားဘာပြောမယ်ဆိုတာကို ရှေ့ဆက်လာမယ့် ဖဲကို ခန့်မှန်းတွက်ချက်သလို တွက်ကြည့်လို့ရတယ်။ ဖဲငါးချပ်အထိ စောင့်ကစားမယ်ဆိုရင် သူနဲ့အေးအေးဆေးဆေးဆွေးနွေးလိုက်၊ အပိုအလုပ်ပဲ အချိန်ကုန်မယ်ဆိုတာသိရင် သုံးချပ်ကတည်းက ရှိုးလိုက်သလို ပွဲကိုသိမ်းလိုက်တော့။ စကားပြတ်ပြတ်သာပြောပြီး နှင်ထုတ်လိုက်တော့ပေါ့။ ပြီးတော့မှ နောက်ထပ်ပွဲအသစ်တစ်ပွဲ ပြန်စချင်စပေါ့ကွာ။ ဒီသဘောအတိုင်း ငါက စကားကို နည်းဗျူဟာသုံးပြီး ငါ့ဆီလာတဲ့လူတွေကို ဖဲပွတ်သလို ပွတ်ကြည့်ပြီး စကားကို လိုရင်းနဲ့ ထိထိမိမိပဲပြောတော့ ငါ စကားအရာမှာ ကျွမ်းကျင်တယ်လို့ မင်း ထင်နေတာပါကွာ"


သူ ဘာပြောသည်ကို ကျွန်တော်လိုက်မမီပါ။ သေချာသည်ကတော့ အဓိပ္ပာယ်များစွာ ရှိနေသည်ကို သိနေသည်။ ကျွန်တော် စဉ်းစားကြည့်မိသည်။ သည်တစ်ခါ အပေါင်းအသင်းများဆုံလျှင် သည်ကောင့်ကို အမိအရခေါ်ပြီး တစ်ချပ်မှောက်တစ်ပွဲလောက်ကစားကြရန် ဖြစ်သည်။ သည်တစ်ခါတော့လျှင် မှောက်ထားသည့်ဖဲက ဘာ၊ နောက်လာမည့်ဖဲက ဘာဖြစ်နိုင်သည်များကို မည်သို့ အကဲခတ်တွက်ချက်သနည်း။ မည်သို့ ခန့်မှန်းအဖြေထုတ်သနည်းဟူသည်ကို ကျော်ကျော်နိုင်အား သင်ပေးခိုင်းရပါတော့မည်။

စီးပွားရေးသမားများနှင့် ဆက်ဆံနေရသော ကျော်ကျော်နိုင်တို့လို ရုံးဌာနများသည်လည်းကောင်း၊ ရန်ကုန်တွင် စီးပွားရေးလုပ်ချင်သော ကျွန်တော့်လို မအူမလည် စီးပွားရေးပေါက်စနလေးသည်လည်းကောင်း၊ တစ်ချပ်မှောက်ဖဲကစားနည်း၏ ဒဿနကို သိမထားလျှင် သူဌေးဖြစ်ကိန်းနှင့် အတန်ကြာကြာဝေးနေဦးမည်ဟု ကျွန်တော်ယူဆနေမိပါတော့သည်။

မောင်လွင်ပြင်



www.burmeseclassic.com



# ဘသက်ခွေ ထောင်ထဲက ကျွန်တော်တို့တစ်တွေ

ပန်းရိုးမင်းထက်နိုင်

www.burmeseclassic.com

**လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုသော ဝေါဟာရကို အခြားသူများထက် ထောင်အမှုထမ်းတို့က ပို၍ သဘောပေါက်ကြမည် ထင်ပါသည်။ ထောင်ပေါင်းများစွာသော သူများက...**

အကျဉ်းထောင်ထဲတွင် လူမျိုးစုံရှိပါသည်။ ယင်းအချက်ကို စာဖတ်သူငြင်းမည်မဟုတ်ပါ။ သို့သော် ကျွန်တော့်အနေဖြင့် ထိုအကြောင်းကိုမှ ထည့်ရေးရခြင်းမှာ အကြောင်းရှိပါသည်။

ထောင်ထဲတွင် ထောင်ကျနေသူများ၊ အချုပ်သားများနှင့် ယင်းတို့ကို မှီခိုနေရသူများဟူ၍ ခွဲခြားရေးလျှင် ပို၍သဘောပေါက်လွယ်မည်ထင်ပါသည်။ နောက်ဆုံးအမျိုးအစားမှာ အကျဉ်းထောင်အမှုထမ်းအရာထမ်းများဖြစ်ပါ၏။

စင်စစ် အကျဉ်းထောင်အမှုထမ်းတို့၏ ဘဝမှာ တရားမဝင်ထောင်ကျနေရခြင်းပင်ဖြစ်သည်။ အမှုထမ်းသက်တမ်းတစ်လျှောက်လုံး တစ်ဝက်မှာထောင်ကျပြီး ကျန်တစ်ဝက်မှာ လူလွတ်လပ်ဖြစ်သော်လည်း စိတ်မှာထောင်ကျနေတုန်းပင် ဖြစ်ပါ၏။ ယင်းအဖြစ်ကို အကျဉ်းထောင်အမှုထမ်းချင်းက ပို၍ စာနာသဘောပေါက်မည်ထင်ပါသည်။

ထို့ကြောင့် တစ်ခါတစ်ရံ မိမိဘာကြောင့် ဤအလုပ်ကိုရွေးချယ်မိပါလိမ့်ဟု စောကြောမိပေလိမ့်မည်။

စင်စစ်မှာ များစွာသောအမှုထမ်းတို့သည် မိမိတို့ဝါသနာပါရာ အကျွမ်းတဝင်၊ တရင်းတနှီးရှိသည့် အလုပ်အမျိုးအစားကို အချိန်ယူစောင့်စားခြင်း မပြုနိုင်ကြ။ ပညာအရည်အချင်းအဆင့်ရှိပြီး လစ်လပ်မှုရှိနေသော လုပ်ငန်းများတွင်သာ အားတက်သရောလျှောက်လွှာတင်၊ လူတွေ့စစ်ဆေးခံ၊ ရွေးချယ်ခံရလျှင် ဝင်လုပ်ကြ။ ဤသို့ဖြင့် ဆိုင်ရာဆိုင်ရာဌာနခွဲများတွင် အမှုထမ်းအရာထမ်းများ ဖြစ်လာကြတော့သည်။

ဤသမားရိုးကျလမ်းကြီးအတိုင်းပင် အကျဉ်းဦးစီးဌာနလက်အောက်တွင် ထောင်ပိုင်ထောင်မှူး၊ အကြပ်၊ ဝါဒါစသည်ဖြင့် အမှုထမ်း၊ အရာထမ်းများ ဖြစ်လာကြကုန်၏။

ဤသို့ဆိုလျှင် ထောင်ထဲတွင် သူတို့မည်သို့ အမှုထမ်းဆောင်နေထိုင်ကြ



www.burmeseclassic.com

သနည်း။ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုသော ဝေါဟာရကို အခြားသူများထက် ထောင်အမှုထမ်းတို့က ပို၍သဘောပေါက်ကြမည်ထင်ပါသည်။ ထောင်ပေါင်းများစွာသော သူများကို ဆက်ဆံနေရသောကြောင့် ဖြစ်ပါသည်။

ကြာသောအခါ စိတ်အချဉ်ပေါက်နေကြသော အကျဉ်းသား၊ အချုပ်သားတို့နှင့် လက်ပွန်းတတီးနေရပါများသောကြောင့် ထောင်အမှုထမ်းတို့သည်လည်း စိတ်ကျဉ်းကျပ်မှု၊ ဘဝင်မကျမှုများ အထိုက်အလျောက်ရှိလာတတ်ကြပါသည်။

သို့သော် တာဝန်နှင့် ဝတ္တရားတို့သည် ခေါင်းပေါ်နှင့် ပခုံးပေါ်တွင် ရှိနေတတ်သဖြင့် ကိုယ်ထိလက်ရောက် ဖောက်ဖျက်ရန်မဆိုထားဘိ။ စိတ်ပင်မကူးရဲကြ။

လူတို့တွင် အရည်အချင်းကောင်းများစွာ ရှိကြသည်။ ယင်းတို့အနက် ပတ်ဝန်းကျင်နှင့် သင့်တင့်လျောက်ပတ်စွာနေထိုင်ဆောင်ရွက်နိုင်ကြခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် ထောင်အမှုထမ်းတို့ သက်ဆိုးရှည်နေကြသည်။ လုပ်သက်ရင့်နေကြသည်။ တာဝန်ကျေပွန်စွာ အမှုထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။

ကျွန်တော်သည်လည်း ထောင်မှူးဖြစ်လာပြီးနောက် လူမှုရေးကိစ္စပေါင်းများစွာ ပျက်ကွက်လာရသောအခါ မိမိကိုယ်ကိုဝေဖန်ရင်း အထက်ပါအတိုင်း တွေးတော ထင်မြင်လာရပါသည်။

တစ်ချိန်တည်းမှာပင် မိမိကိုယ်ကို ငဲ့ညှာလွန်းမိသော ထောင်အရာထမ်းတစ်ဦး၏ ငိုအားထက်ရယ်အားသန်မိသော အဖြစ်တစ်ခုကို သတိရမိလိုက်ပါသည်။

အဖြစ်မှာ ဤသို့ ..

''ထောင်မှူးကြီး ဦးထွန်းဘော်'' ဆိုလျှင် ထောင်ကြီးတစ်ခုလုံးက မသိသူမရှိ။ သူ ဤရာထူးကို ရရှိခြင်းသည် လုပ်သက်ကြောင့် ရရှိခြင်းဖြစ်သည်။ အသက် ၂၀ နှစ်တွင် ဝါဒါဝင်လုပ်သော ဦးထွန်းဘော်သည် ယခု သူ့အသက် ၅၀ တွင် ထောင်မှူးကြီးဖြစ်နေပါပြီ။ ရာထူးအားဖြင့် ကျွန်တော့်ထက် တစ်ဆင့်မြင့်သော်လည်း လုပ်သက်အားဖြင့် ကျွန်တော့်ထက် အနှစ်နှစ်ဆယ်ကျော်ပါသည်။ ထို့ကြောင့် သူ့ကို လေးစားအားကိုး ကြောက်ရွံ့ရှိသေကြရပါသည်။

အသားက နီစပ်စပ်၊ ကိုယ်ထည်က တုတ်ခိုင်ခိုင်၊ ပြောလိုက်မှ ဟောင်ဖွာဖွာ၊ သုံးလိုက်သည့်စကားကလည်း တစ်လောကလုံးကို သူက ကျွေးမွေးထားရသည့်ပုံမျိုး။ ဝတ်ထားတာက ဘိုသီဘတ်သီ။ လမ်းလျှောက်သည့်ပုံစံက ထီမထင်သည့် ပုံမျိုး။

သူများ ဗဟိုလမ်းမကြီးအတိုင်း လမ်းလျှောက်လာပြီဆိုလျှင် ဝဲယာလူသွားလမ်းတွင် သွားလာလှုပ်ရှားနေကြသော အကျဉ်းသားများမှာ အဆောက်




www.burmeseclassic.com

www.burmeseclassic.com

> ချစ်ကိုကိုဆိုသည်မှာ တန် ၂၀ မျှလေးသော လမ်းကြိတ်စက်ကြီးကို ပေးထားသည့် အမည်ဖြစ်သည်။ အပြစ်ရှိသော၊ မသင်္ကာဖွယ်ကောင်းသော အကျဉ်းသားများကို ...

အဦးအမိုးအောက်သို့ ဝင်ပုန်းကြရသည်။ အပုန်းလျှော်၍ သူနှင့်တွေ့ပြီဆိုလျှင်တော့ ထိုအကျဉ်းသားမှာ မစားသာတော့။ အကြောင်းပြချက်ခိုင်လုံသည်ထက်ခိုင်လုံသည့်တိုင်အောင် ချစ်ကိုကိုနှင့်တော့ မိတ်ဆက်လိုက်ရသေးသည်။

ချစ်ကိုကိုဆိုသည်မှာ တန် ၂၀ မျှလေးသော လမ်းကြိတ်စက်ကြီးကို ပေးထားသည့်အမည်ဖြစ်သည်။ အပြစ်ရှိသော၊ မသင်္ကာဖွယ်ကောင်းသော အကျဉ်းသားများကို တစ်ဖာလုံမျှဝေးသော ဗဟိုလမ်းမကြီးတစ်လျှောက် ထိုလမ်းကြိတ်စက်ကို တွန်းခိုင်းတတ်သည်။ အများနှင့်တွန်းရလျှင် တော်သေး၏။ တစ်ယောက်တည်းသာ တွန်းရလျှင် မစားသာ။ ရွှေ့ရန်ကိုပင် အတော်ပင်အားစိုက်ရသည်။

အကျဉ်းသားများကိုသာမဟုတ်။ အကြပ်ဝါဒါတို့လည်း သူနှင့်မတွေ့ချင်ကြ။ တွေ့လိုက်ပြီဆိုလျှင် အပြစ်တင်သံက စလေတော့သည်။

"ကိုယ့်တာဝန်တော့မဟုတ်ဘူး။ အလုပ်မရှိအလုပ်ရှာပြီး လမ်းလျှောက်နေကြတာကိုး။ မင်း အဆောင်မှူးကို ငါ့ဆီလွှတ်လိုက်စမ်း"

စသည်ဖြင့် မြည်တွန်တောက်တီးကာ ဆိုတစ်လုံး၊ ဆဲတစ်လုံးဖြင့် ဟစ်ကြွေးတတ်သည်။

ကျွန်တော်တို့ကဲ့သို့ အရာရှိ၊ ထောင်မှူးများနှင့်တွေ့လျှင်လည်း ဘာရယ်မဟုတ် ..

"ဟော့ ဆရာ၊ ကျုပ်နဲ့ခဏလိုက်ခဲ့စမ်းပါဦးဗျ" ဟု ဆိုကာ ခေါ်သွားတတ်သည်။

သူ့ရုံးခန်းတွင် နာရီဝက်၊ တစ်နာရီခန့် တောင်မေးမြောက်မေးအရေးမဟုတ်သည့်ကိစ္စကိုပင် သတင်းထူးလိုလိုဖြင့် အရေးလုပ်နေတတ်သည်။

ကျွန်တော်တို့မှာ သူက အထက်အရာရှိဖြစ်နေသဖြင့် ဘာမျှပြန်မပြောရဲ။ အလိုက်အထိုက်သာ ကြည့်ဆက်ဆံနေရ၏။

သူ့ကွယ်ရာတွင်တော့ အတင်းပြောသည်လို့ပဲ ဆိုချင်ဆို၊ ပြောမဆုံးပေါင် တောသုံးတောင်။

သို့သော် အဆိုးကြီးကိုသာ ပြောကြသည်တော့မဟုတ်ပါ။

"ဒီအဘိုးကြီး အလုပ်တော်လို့မဟုတ်ဘူး၊ အော်ဟစ်ဆူပူအကြိမ်းမောင်းကောင်းလို့ ဒီရာထူးရနေတာကွ" ဟု ပြောကြသလို၊ ဒီအဘိုးကြီး အဆူအပူကောင်းလို့လည်း ကျုပ်ကောင်တွေအလုပ်လုပ်ဖြစ်လို့ မီးခဲပြာသနာက သိသိကလေး လွတ်ခဲ့တာ၊ တော်သေးတာပေါ့ကွာ" ဟူ၍ ပြောဖြစ်ကြပါသည်။

အထူးသဖြင့် ကျွန်တော်တို့လိုအဆောင်တာဝန်ခံ၊ ထောင်မှူးများကို သူက တိုက်ရိုက်အုပ်ချုပ် ညွှန်ကြားသည်။ ထို့ကြောင့် ကျွန်တော်တို့ တစ်ဦးချင်းလုပ်နိုင်စွမ်း၊ လုပ်ငန်းခွင်အနေအထားကို သူကောင်းစွာသိထားသည်။ မည်သည့်အဆောင်တွင် မည်သူတွေရောက်နေသည်။ အဘယ်ပညာရှင်များဝင်လာပြီကို သူသိနေတတ်သည်။

ဥပမာ အချုပ်ဆောင်တွင် ဗေဒင်ပညာရှင်တစ်ဦးရောက်နေသည်ဟု သူသိလိုက်ပြီဆိုလျှင်ပင် အဆောင်မှူးဖြစ်

www.burmeseclassic.com



သော ထောင်မှူး ဦးစံထွန်းအောင်မှတဆင့် ထိုပုဂ္ဂိုလ်အား ခေါ်တွေ့ပြီး ဟောနိုင်းတော့သည်။ နောင်မှ ထိုသူမှာ အယောင်ဆောင်မှန်းသိရသောအခါ ထောင်းမှူးဦးစံထွန်းအောင်အား အကင်းမပါးရကောင်းလားဟု ဆူပူပါတော့သည်။

ဦးစံထွန်းအောင်ခမျာ ဖစ်ဖစ်မြစ်မြစ် မသိရှာသူပီပီ သူပြောသမျှ ငြိမ်ခံနေရရှာတော့သည်။ တစ်ခါကလည်း တရုတ်အပ်စိုက်ပညာရှင်တစ်ဦး အချုပ်ဖြင့်ဝင်လာသည့်အကြောင်း ထောင်မှူးကြီးဦးထွန်းဘော်သိသွားသည်။ ထိုစဉ်က သူ့တွင် ဖက်ကြောတက်ရောဂါရနေသည်။ ထို့ကြောင့် ယင်းအချုပ်သားအား ခေါ်တွေ့ပြီး သူကုသခံပါသည်။

အပ်စိုက်ခံရ၍ အသံပြုပြုကြီးထွက်လာသံမှာ အဆောင်တွင်း ဝက်သတ်နေသလား အောက်မေ့ရပါ၏။

နောင်တွင် သူနှင့်တွေ့၍ မေးကြည့်သောအခါ ..

"ကောင်းတော့ကောင်းတယ်၊ ဒါပေမဲ့ နာတယ်'" ဟု ညည်းညူပါသည်။ ယင်းစကားသည် ကျွန်တော်တို့လို လူငယ်အသိုက်အဝန်းတွင် ကာလအတန်ကြာမျှအထိ ပြောစမှတ်ဖြစ်နေခဲ့သည်။

သူ၏ မျက်မှန်းကျိုးအခံရဆုံးထောင်မှူးမှာ ကျွန်တော်ဖြစ်သည်။ ကျွန်တော့်မှာ ထောင်ကျအဆောင်မှူးဖြစ်သည့်အတိုင်း အလွန်အလုပ်များသည်။

ထောင်တွင်းစည်းကမ်း၊ ပုံစံပြုအလုပ်ချ၊ အယူခံရေး၊ ဝတ်စုံထုတ်၊ ခုံရုံးထိုင်၊ အရေးပေါ်လုံခြုံရေးကိစ္စသည်ဖြင့် ဂျင်ခြေလည်အောင်များပါသည်။

ထို့ကြောင့် သူခေါ်တိုင်း ကိုယ်မသွားနိုင်ဘဲ ကိုယ်ကအကြောင်းရှိမှ သူ့ကိုသွားတွေ့သည်က များပါသည်။

"သြော် .. ရှေ့နေထောင်မှူးကိစ္စထူးပြီထင်ပါရဲ့၊ ဆိုစမ်းဗျာ" ဟု ထေ့ငေါ့၍ မေးတတ်သည်။

ကျွန်တော်က သူ့ထံ အဝင်အထွက်သိပ်မလုပ်ခြင်းမှာ အလုပ်များလွန်း၍ဖြစ်ကြောင်း ပြောပြသည့်အခါတိုင်း "အား .. လျှောက်လဲချက်သိပ်ကောင်း၊ ထောင်မှူးမလုပ်နဲ့ .. ရှေ့နေလုပ်စား"ဟု ပြောလေ့ရှိသည်။ ထို့ကြောင့် ကျွန်တော့်ကို ရှေ့နေထောင်မှူးဟု ခေါ်ခြင်းဖြစ်သည်။ သူနှင့်ကျွန်တော်ဆက်ဆံရေးတွင် သူကသာ ကျွန်တော့်ထံ လာရသည်က များပါသည်။ အကြောင်းမှာ သူ့ကိုကူညီနိုင်သောကိစ္စများ ကျွန်တော့်တွင် ရှိနေသောကြောင့်ဖြစ်သည်။

သူက အတွေ့အကြုံရင့်သည်။ ဒုစရိုက်သမားဟောင်းများ ပြန်ဝင်လာလျှင်, သူ့နာမည်ကို မေးတတ်သည်။ ထို့ပြင် သူ့မှာ အသက်ကြီးလာသည်နှင့်အမျှ ကျန်းမာရေးက စကားပြောလာသည်။ ချူချာလာသည်။ ခန္ဓာကိုယ်ကလည်း ထွားပြီးတုတ်ခိုင်သဖြင့် စိတ်သွားတိုင်းကိုယ်မပါ။ အရာရာတွင် အလိုမကျဖြစ်နေရှာသည်။

ထို့ပြင် သူက တိုင်းရင်းမြန်မာဆေးဝါးကို ယုံကြည်အားကိုးသည်။ လိုက်စားသည်။ ခေတ်မီဆေးဝါးများကိုမူ အမြစ်မပြတ်ဟု သူယူဆသည့်အတိုင်း ယုံကြည်မှုအားနည်းသည်။ ထို့ကြောင့် သူ့ထံမှ မြန်မာဆေးနည်းတို့အချို့ကို ကျွန်တော်တို့ ကြားသိရရှိဖူးပါသည်။

သူ့တွင် အနည်းဆုံး တစ်ပတ်တစ်ကြိမ်ကျ အနင်းအနှိပ်ခံလိုခြင်းနှင့် တစ်ပတ်တစ်ကြိမ် ဝမ်းနှုတ်ဆေးစားခြင်းပင်ဖြစ်သည်။

အနင်းအနှိပ်ခံခြင်းဖြင့် ခန္ဓာကိုယ်ရှိ တင်းမာနေသော အကြောအချင်တို့ ပြေလျော့သည်ဟု ဆိုသည်။ သို့မှသာ ကိုယ်လက်ပေါ့ပါး၍ စိတ်သွားတိုင်းကိုယ်ပါသည်ဟု သူကဆိုသည်။

ထောင်အရာထမ်းတို့အတွက် အချိန်က ရှားပါးလှသည်။ ထောင်ထဲတွင်သာ အချိန်ကုန်ကြရသည်။ ထို့ကြောင့် သူ့အဖို့ ထောင်ထဲမှာ အနှိပ်သည်ကို ရှာရသည်။ နေ့လယ်နေ့ခင်းအလုပ်ပါးလပ်ချိန်တွင် အနင်းခံတတ်သည်။ သူ့အနေနှင့်မူ ထောင်ထဲမှ အနှိပ်သည်တို့နှင့် ရင်းနှီးပြီးဖြစ်သည်။

ဘယ်သူက အနင်းတော်၍ ဘယ်သူက အနင်းအနှိပ်ကောင်းသည်။ အဘယ်သူသည် အကြောလျှော့ဝိဇ္ဇာဖြစ်ပြီး အဘယ်သကောင့်သားကမူ အပူထုတ်ကောင်း၍ အဆစ်အချိုးကောင်းသည်ကို သူသိသည်။

ထို့ကြောင့် သူ မသိသောအနှိပ်သည်၊ သူ အနင်းအနှိပ်မခံဘူးသော အနှိပ်သည်ဟူသည် ထောင်ထဲတွင် ခပ်ရှားရှားပင်။ သို့သော် သူ့အဖြစ်မှာ သနားစရာ။ အနင်းအနှိပ်တတ်သူများကို စနည်းနာသော အလုပ်တစ်ခုနှင့်၊



www.burmeseclassic.com

www.burmeseclassic.com


ထို့အပြင် သူသဘောမတွေ့စိတ်တိုင်းမကျသူများရှိသလို၊ အချို့သည် အချုပ်သားဘဝမှ လွတ်မြောက်သွားခြင်း၊ ထောင်မှထွက်သွားခြင်းတို့ကြောင့် သူ့အတွက်အနှိပ်သည်မှာ ရှားပါးမြဲရှားပါးနေသည်။

ထို့ကြောင့် အနှိပ်သည်တစ်ဦးဝင်လာသည့်သတင်းကို သူ အမြဲနားစွင့်နေတတ်သည်။

တစ်နေ့ ထောင်ပိုင်ကြီးရုံးခန်းမှ အထွက် ထောင်ပိုင်ကြီးဦးထွန်းဘော်နှင့် ပက်ပင်းဆုံသည်။

သူ့အသွင်မှာ ခါတိုင်းလို ရှုံးသိုးသိုးမဟုတ်။ မျှော်လင့်ချက်ဖြင့် လန်းဆန်းတက်ကြွနေသည်။

"အဟဲ .. ဆရာရှေ့နေထောင်မှူး၊ ခင်ဗျားအဆောင်မှာ မနေ့က ဦးသာစိန်ဆိုတဲ့ အဘိုးကြီးဝင်လာတယ်ဗျ။ အနှိပ်သိပ်ကောင်းဆိုပဲ။ ကျုပ်နေ့လယ်လာခဲ့မယ်ဗျာ .. စီစဉ်ထားပါဦး"

သူ့စကားအဆုံးတွင် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

ယင်းကိစ္စမှာ ကျွန်တော့်အတွက် အပန်းကြီးလှသည်မဟုတ်။ ကျွန်တော့်တန်းစီး ဦးခင်ဖော်မှတစ်ဆင့် စုံစမ်းပြီးစီစဉ်လိုက်ရုံသာဖြစ်သည်။

သို့သော် ယင်းကိစ္စတွင် ကျွန်တော့်ထက်ဦးပြီး သူ သတင်းစုံစမ်းသိရှိသည်ကိုမူ မအံ့သြဘဲ မနေနိုင်ပါ။ စိတ်ထဲမှ ချီးကျူးနေမိပါသည်။

ထို့ပြင် နေ့လယ်အလုပ်ပါးသောနားနေချိန်တွင် သူ ရောက်လာသည်။ ကျွန်တော့်ရုံးခန်းရှိ ကွပ်ပျစ်ပေါ်တွင်



**သူနဲ့အနှိပ်ခံရင်း မေးကြည့်တော့မှ အမှုသဘောကို ကျုပ်သိရတာဗျ။ သူဌေးအဘိုးကြီး တစ်ယောက်ကို ဦးသာစိန်က နင်းနှိပ်ပေးတယ်လေ။ ခမျာ အနှိပ်ခံရင်း ညင်ညင်သာသာလေး ...**

ပင် သူအနင်းအနှိပ်ခံနိုင်ရန် ပြင်ဆင်ပေးလိုက်သည်။

ဦးသာစိန်ဆိုသူမှာ အသက် ၅၀ ခန့်ရှိပြီး သန်မာထွားကြိုင်းပြီး အသက်နဲ့မလိုက်အောင် လျှင်မြန်ဖျတ်လတ်နေသည်။ သူသည် တကယ်ပင် အပြင်တွင်လည်း ဘဝတစ်လျှောက်လုံး အနှိပ်သည်လုပ်စားလာသူဖြစ်ကြောင်း သိရသည်။

ထိုနေ့က ကျွန်တော့်မှာလည်း အလုပ်အလွန်များနေပါသည်။ သေဒဏ်ကျ အကျဉ်းသားနှစ်ဦး၏ အယူခံမှာ ပယ်ခံနေရသဖြင့် ၎င်းတို့ကိုယ်စား ဗဟိုသို့ အယူခံဆက်ဝင်ပေးရန် ရှိသည်။ ယင်းကိစ္စမျိုးမှာ နာရီပိုင်းနှင့်အမျှ အရေးကြီးလှပါသည်။


www.burmeseclassic.com

ထို့ကြောင့် ထောင်မှူးကြီး ဦးထွန်းဘော်၏ အနှိပ်ခံရှုခင်းကို ဆုံးခန်းတိုင်အောင် ကျွန်တော်မကြည့်နိုင်ပါ။ လိုအပ်သည်ကိုသာ ညွှန်ကြားပြီး သေဒဏ်ကျအကျဉ်းသားတို့ထားသော တိုက်သစ်သို့ ထွက်ခဲ့ပါသည်။

ကျွန်တော့်အလုပ်သည် ထင်တာထက်စော၍ ပြီးပါသည်။ အကျဉ်းသားများသည် ကိုယ်တိုင်အယူခံရေးရမည်ဖြစ်သဖြင့် ယင်းကိစ္စကို တိုက်ထောင်မှူးက စောင့်ကြည့်ပြီး သူတို့ရေးပြီး လက်မှတ်ထိုးပြီးလျှင် ကျွန်တော့်ထံလာပို့ရန်သာ ဖြစ်ပါသည်။

ကျွန်တော် ဆက်နေရန်မလိုတော့ပါ။

ဤသို့ဖြင့် ကျွန်တော် အဆောင်သို့ ပြန်ခဲ့သည်။ ကျွန်တော့်စိတ်ထင် အသွားအပြန်နှင့် စကားပြောနေသည်ကို တွက်လျှင် နာရီဝက်ခန့်သာရှိမည်။ ဦးထွန်းဘော်တစ်ယောက် အနှိပ်ခံကောင်းတုန်းဖြစ်မည်။ ဤကား ကျွန်တော့်အထင်ဖြစ်သည်။

ကျွန်တော် ရုံးခန်းရောက်၍ မြင်ရသော ရှုခင်းမှာကား အံ့အားသင့်စရာ၊ ဦးထွန်းဘော်သည် ကျွန်တော့်အလုပ်စားပွဲမှ ကုလားထိုင်တွင် ငူငူကြီးထိုင်ရင်း သူ့အလိုမကျသည့်အခါ ပြုမူလေ့ရှိသည့်အတိုင်း မှုန်တေတေ ရှုံ့သိုးသိုးဖြင့် ကျွန်တော့်အားကြည့်နေ၏။

ကွပ်ပျစ်ပေါ်မှ ခေါင်းအုံးနှင့် စောင်တို့မှာ ဘယ်ရောက်သွားသည်မသိ။ အနှိပ်သည် ဦးသာစိန်ကိုလည်း မတွေ့။ ကျွန်တော့်တန်းစီး ဦးခင်ဖော် မှာလည်း မျက်နှာပျက်နေသည်။

ဒီမြင်ကွင်းကြောင့် တစ်ခုခုတော့ ဖြစ်ချေပြီဟု ကျွန်တော် အတပ်သိလိုက်သည်။

"ဟာ .. ဘယ်လိုလဲ .. ဆရာဦးထွန်းဘော်ရဲ့၊ အနှိပ်ခံရတာ မြန်လှချည်လား။ ဘာလဲ .. အင်အားသုံးတဲ့ အနှိပ်သည်နဲ့တူတယ်"

"တော်စမ်းဗျာ .. ခင်ဗျား တော်တော်လျှော်တဲ့ ထောင်မှူးပဲ"

သူ အပြစ်တင်သံကြောင့် ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ပါ။

"ခင်ဗျားလူ ဘာကြောင့် အထဲရောက်လာတယ် မှတ်သလဲ"

"သူနဲ့အမှုတွဲက သုံးယောက်၊ လူသေမှုပုဒ်မ ၃၀၄ လေ ဆရာ"

"ဟုတ်ပါပြီ .. ဘာကြောင့် ၃၀၄ ဖြစ်တယ်ဆိုတာကော ခင်ဗျားသိပြီလား"

သူ့အမေးစကားကြောင့် ကျွန်တော် ကြောင်တက်တက်ဖြစ်ရပါပေ၏။

စင်စစ် ဦးသာစိန်ကို ကျွန်တော့်ထက်ဦးပြီး သူက သိထားခြင်းဖြစ်သည်။ သူညွှန်ကြား၍ ဦးသာစိန်ကို အမြန်ခေါ်ယူပြီး စီစဉ်ရခြင်းဖြစ်သည်။ ထို့ပြင် ကျွန်တော့်မှာ အရေးပေါ်အလုပ်တွေ ရှိနေသဖြင့် ဘာကိုမျှ အသေးစိတ် မစူးစမ်းရသေးပါ။

ထို့ကြောင့် ဦးထွန်းဘော်အမေးကို ကျွန်တော်မဖြေနိုင်ခြင်းဖြစ်ပါသည်။

"သူနဲ့အနှိပ်ခံရင်း မေးကြည့်တော့မှ အမှုသဘောကို ကျုပ်သိရတာဗျ။ သူ့ဒွေးအဘိုးကြီးတစ်ယောက်ကို ဦးသာစိန်က နင်းနှိပ်ပေးတယ်လေ။ ခများ အနှိပ်ခံရင်း ညင်ညင်သာသာလေး အသက်ထွက်သွားရှာသတဲ့ဗျ"

"ဗျာ" ကျွန်တော် တအံ့တသြ ရေရွတ်လိုက်မိသည်။

"မဗျာပါနဲ့ ရှေ့နေထောင်မှူးခများ၊ ကျွန်တော်လည်း မသေချင်သေးပါဘူးနော်။ နှစ်ပေါင်း ၃၀ ကျော် အမှုထမ်းလာတဲ့ ပင်စင်လေးတော့ ခံစားသွားပါရစေဦးဗျာ။ ကဲ .. ကျွန်တော်သွားပါရစေတော့၊ နောင်များ ကျွန်တော့်ကို ဒီလို အကူအညီပေးတာမျိုး သည်းခံပါလို့ တောင်းပန်ပါရစေ"

ကျွန်တော် ဘာမျှမပြောနိုင်မီ ရုံးခန်းထဲမှ သူထွက်သွားတော့၏။

အလိုမကျ သဘောမတွေ့လျှင် ကလေးဆိုးကြီးလို ပြုမူတတ်သော သူ့အသွင်ကိုကြည့်ရင်း ငိုအားထက် ရယ်အားသန်စရာကောင်းလှပါ၏။

သို့သော် ကျွန်တော် မရယ်နိုင်ပါ။


အကယ်၍သာ ဦးသာစိန်၏ လက်လွန်မှုမျိုးနှင့်သာ ဦးထွန်းဘော် ကြုံရပါက ကျွန်တော်ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာမှာ မသေးလှပါကလား ဟု တွေးမိရင်း တဒင်္ဂအတွင်း ကျွန်တော် အထူးတုန်လှုပ်မိပါသောကြောင့် ပါတည်း။

ဘသက်ဆွေ


www.burmeseclassic.com

www.burmeseclassic.com





ဟောင်ယင်ကျော်

ဆယ်ကျော်သက်လေးတွေကို

ရွေးပြီးတိုက်တဲ့ ကိလေသာစားပြမှုနဲ့ အခြားစိတ်ဝင်စားစရာ

# စုံထောက်ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com



ခုတလော နိုင်ငံတကာမှာ ဆယ်ကျော်သက် အမျိုးသမီးလေးတွေ အဓမ္မအနိုင်ကျင့်မှုမျိုးစုံ စိတ်မကောင်းစွာဖတ်ကြရတဲ့အထဲ ဒီဖြစ်ရပ်လေးကတော့ လင်အတွက် မယားက ပူးပေါင်းကြံစည်မှုတစ်ခုပါ။

ဖြစ်စဉ်က ဒီလိုပါ ..

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟိုင်းလောင်းကျင်းပြည်နယ်အတွင်းရှိ ဂျာမူဆီမြို့မှာ ဖြစ်ပွားခဲ့တာပါ။

အသတ်ခံရတဲ့ ဟူယီဇန်း (၁၇) နှစ်က အချိန်ပိုင်း သူနာပြုဆရာမလေးတစ်ယောက်ဖြစ်ပြီး တစ်နေ့တော့ သူ့ဆီကို အမျိုးသမီးတစ်ယောက်က ဖုန်းဆက်ခေါ်ပါသတဲ့။

အဲဒီဖုန်းနဲ့ ခေါ်တဲ့ အမျိုးသမီးရဲ့အမည်ကတန်လို့ခေါ်ပြီး သူ ကျန်းမာရေးမကောင်းလို့ အချိန်ပိုင်းနဲ့ လာရောက်ပြုစုပေးရန် ဖုန်းနဲ့ပြောခေါ်တော့ သူနာပြုဆရာမလေးက တကယ်ထင်ပြီး လာအလုပ်ဆင်းတာပေါ့။ အိမ်ရောက်တော့ သူတို့လင်မယားက ကြိုဆိုပြီး ညှို့ခံကြတယ်။ မောလာတယ်ဆိုပြီး ဒိန်ချဉ်တိုက်တယ်။ အဲဒီ ဒိန်ချဉ်ထဲမှာ အိပ်ဆေးထည့်ထားတာ သူနာပြုဆရာမလေး မသိရှာဘူး။ သောက်လိုက်တာပေါ့။ သောက်ပြီးသွေးတွေလေးလာတာနဲ့ အိပ်ချင်သလိုဖြစ်ပြီး မှေးခနဲငြိမ်ခန်းထဲမှာ အိပ်ပျော်သွားချိန်မှာ သူနာပြုဆရာမလေးကို ဖုန်းနဲ့ခေါ်တဲ့ အမျိုးသမီးရဲ့ယောကျ်ား အိမ်ရှင်က အဓမ္မပြုဖို့ ကြိုးစားပါလေရော။

တော်သေးတယ်။ ဆရာမလေးက လုံးဝကြီး အိပ်ပျော်သွားတာ မဟုတ်တော့ သူတို့ အကျင့်ယုတ်တော့မယ်ဆိုတာ သိတော့ ပြန်ခုခံလိုက်တယ်။ အဲဒီအခါမှာ လင်မယားနှစ်ယောက်ပေါင်းပြီး သူနာပြုဆရာမလေးကို သတ်လိုက်ကြတယ်။ သတ်ပြီးအလောင်းကို သေတ္တာထဲမှာထည့်ပြီး လူသူဝေးတဲ့ တစ်နေရာမှာ သွားမြှုပ်လိုက်တယ်။

သူနာပြုဆရာမလေး ပျောက်သွားကြောင်း သူ့အိမ်ကလူတွေက ရဲတိုင်တော့ ရဲက လိုက်လံစုံစမ်းတဲ့အခါ ဒီသူနာပြုဆရာမလေး မပျောက်ဆုံးခင် တန်ဆိုတဲ့ အမျိုးသမီးနဲ့ အတူရှိနေကြောင်း မျက်မြင်သက်သေတွေရှိသလို သူနာပြုဆရာမလေးရဲ့ သူငယ်ချင်းတစ်ယောက်ကလည်း သူမ မပျောက်ခင် သူ့ဆီကို ကိုယ်ဝန်ဆောင်အဒေါ်ကြီးတစ်ယောက် ပြုစုဖို့ သူ အိမ်တစ်အိမ်သွားရမယ်ဆိုတာ ဖုန်းဆက်ပြောတယ်တဲ့။

ဒီလို သတင်းအစနတွေရတော့ တန်တို့နေတဲ့လမ်းက CCTV ကင်မရာတွေ ဖွင့်ကြည့်တဲ့အခါ တန်တို့လင်မယားနှစ်ယောက်က သေတ္တာကြီးတစ်လုံးကို သယ်ဆောင်ပြီးထွက်သွားကြတဲ့ပုံတွေပါ တွေ့တဲ့အခါ ပိုပြီးသံသယရှိပြီး လင်မယားနှစ်ယောက်စလုံးကို ဖမ်းပြီး စစ်လိုက်ကြတယ်။

ရဲကစစ်ဆေးတော့ ပေါ်လာတာနဲ့ အလောင်းကို သွားရှာပြီး ပြန်ယူဆေးရုံပို့ကြရတယ်။ သူတို့လင်မယားကိုလည်း အချုပ်ထဲထည့်လိုက်တယ်။



အသတ်ခံရသည့် သူနာပြုဆရာမလေး

www.burmeseclassic.com

www.burmeseclassic.com



တန်ဆိုတဲ့ အမျိုးသမီးကြီးက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဆေးရုံမှာ မွေးဖို့ စီစဉ်ပေးလိုက်ပြီး သူ့ကို အသေးစိတ်စစ်ဆေးတော့ သူ့ယောကျ်ား အပျိုစစ်စစ် ဆက်ဆံချင်တယ်ဆိုတာနဲ့ သူက ခုလို လိမ်လည်ခေါ်ပေးရတဲ့ အကြောင်း ထွက်ဆိုလိုက်လို့ ဩော် .. ဒီလိုမိန်းမမျိုးလည်း ရှိပါသေးလားလို့။

(၂)

ဒီဖြစ်ရပ်ကတော့ မြန်မာပြည်မှာဖြစ်တာ။

သမီးကို မကြာခဏ အဓမ္မလာအနိုင်ကျင့်တာ အမေဖြစ်သူက သစ်ပင်ပေါ်တက်ချောင်းပြီး ရဲသွားတိုင်ရတဲ့အဖြစ်။

တစ်ရွာတည်းသားချင်းလည်းဖြစ်၊ အိမ်နီးနားချင်းလည်းဖြစ်လို့ ကူညီစောင့်ရှောက်ရမယ့်အစား၊ လူများလာစော်ကားရင်တောင် ခုခံကာကွယ်ပေးရမယ့်အစား ခုတော့ ရွာသားအချင်းချင်း သစ္စာမဲ့တဲ့ဖြစ်ရပ်ပါ။

ဇူလိုင်လ ၁၈ ရက်နေ့က ကွမ်းခြံကုန်းမြို့နယ်၊ ... ရွာမှာနေတဲ့ ဈေးသည် ဒေါ် ... (၃၉)နှစ်က ၎င်း ဈေးရောင်းထွက်သွားတိုင်း အိမ်မှာတစ်ယောက်တည်းကျန်ခဲ့တဲ့ မွေးရာပါစကားမပီ မသန်စွမ်းအမျိုးသမီးလေး မ.. (၁၃)နှစ်ကို အိမ်နီးနားချင်းနေ တစ်ရွာတည်းသား ဖိုးထူး(၄၈)နှစ်က လူကြီးတွေမရှိခိုက် မကြာခဏ သားမယားအဖြစ် လာပြုကြောင်းကို မ ...က မိခင်ဖြစ်သူအား ကိုယ်ဟန်အမူအရာပြပြီး ပြောပြလိုက်သတဲ့။

ဒီလိုပြောပြတော့ မိခင်ကြီးက သမီးလေးအတွက် အရမ်းတုန်လှုပ်ပြီး ကိုယ်တိုင်ဖမ်းမယ်ဆိုပြီး အဲဒီနေ့က သူအလုပ်သွားဟန်ဆောင်ပြီး အိမ်ရှေ့က ခရေပင်ကြီးပေါ် တက်ပုန်းပြီး အခြေအနေစောင့်ကြည့်နေလိုက်တယ်။ ဒီလိုစောင့်ကြည့်နေရင်း ၁၁ နာရီအချိန်လောက်မှာ အဲဒီ ဖိုးထူးဆိုတာ ရောက်လာပြီး အိမ်ရှေ့ခန်းမှာ တုံးလုံးလှဲနေတဲ့ သမီးလေးကို အဓမ္မပြုပါလေရော။ မိခင်ကြီးက မြင်ပါလျက် မအော်ရဲဘူး။ အော်လိုက်ရင် သမီးလေးအသက်ကို အန္တရာယ်ပြုမှာစိုးတာနဲ့ မျက်ရည်သုတ်ဒေါ်ပွပြီး ဖိုးထူးအိမ်က ပြန်ထွက်သွားမှ သစ်ပင်ပေါ်ကဆင်းပြီး သမီးလေးကို ခေါ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးကို အကျိုးအကြောင်း ပြောပြပြီး တိုင်လိုက်ရတယ်။

ဒီလိုတိုင်တော့ ကျေးရွာအုပ်ချုပ်ရေးမှူးကတစ်ဆင့်ကွမ်းခြံကုန်းရဲစခန်းကိုသွားတိုင်လိုက်ရာ ကွမ်းခြံကုန်းရဲစခန်းက (ပ)၁၇၉/၂၀၁၃၊ ပုဒ်မ ၃၇၆ ဖြင့် အရေးယူဖမ်းဆီးစစ်ဆေးနေတာပေါ့။

ဒါကြောင့် မိခင်တွေ သမီး မိန်းကလေးကို အိမ်မှာ တစ်ယောက်တည်း မထားခဲ့ကြဖို့ သတိပေးရတာပါ။

ဒီအကြောင်းတွေရေးရတာ စိတ်ဆင်းရဲတယ်။ ရေးရမယ်ဆိုရင် ဒီလိုအမှုတွေ အများကြီး။ လုံးချင်းထုတ်လို့ရတယ်။ မရေးချင်တော့ဘူး အချစ်ရေး။

ခါတိုင်းလို အချစ်ဖတ်ဖို့ အခြားစိတ်ဝင်စားစရာလေးတွေပဲ ရေးတော့မယ်နော်။

(၃)

ရန်ကုန်မှာရှိတဲ့ လူဦးရေ ၅ သန်းကျော်ရှိနေတဲ့အထဲမှာ မင်းလည်းတစ်ယောက်အပါအဝင်ပဲ။ ဒါပေမဲ့ မင်းဟာ စပါးကြီးမြွေလို အမျိုးသမီးပါ။ ပင်ဆီဗင်းနီးယားပြည်နယ်။ Dikinson ကောလိပ်က မြွေသုတေသနမဂ္ဂဇင်းတွေက ပြောတယ်။

---

**ဂျပန်နိုင်ငံစစ်ရှုံးပြီး လက်နက်ချသွားတာကို မသိလိုက်ဘဲ အမေရိကန်တွေကို တစ်ယောက်တည်း ချုံခိုတိုက်ဖို့ နှစ်ပေါင်း ၃၀ နီးပါး အုန်းသီးစား အသက်ရှင် ပုန်းအောင်းနေတဲ့ စစ်သားတစ်ယောက် အကြောင်း...**



www.burmeseclassic.com

စပါးကြီးမြွေဟာ လုံးဝအဆိပ်မရှိဘူး။ ဒါပေမဲ့ သူတို့ရဲ့ သားကောင် သူတို့ထက်သေးတာရော၊ ကြီးတာရော အားလုံးကို သေစေနိုင်တယ်။ ညှစ်အားစွမ်းအင်တွေ သူ့မှာရှိသလို သူတို့က သားကောင်တွေရဲ့ နှလုံးခုန်နှုန်း ရင်ခုန်သံကိုခံစားပြီး သေပြီမသေသေးဘူးဆိုတာ ကောင်းကောင်းသိသတဲ့။ သူတို့ ညှစ်ပတ်ထားတဲ့ သားကောင်ရဲ့ နှလုံးခုန်နှုန်းလျော့သွားရင် သူတို့ရဲ့ ရစ်ပတ်အားထုတ်မှုလျှော့လိုက်တယ်။ နှလုံးခုန်နှုန်းရပ်သွားပြီဆိုရင်တော့ သူတို့ ရစ်ပတ်မှုအား ရပ်လိုက်တယ်။ သဘောက သားကောင်သေသွားပြီဆိုတာ သိသွားတဲ့ သဘောပါပဲ။



ခုလည်း အချစ်က အားအပြည့်နဲ့ ချစ်ထားဖက်ထားတဲ့ အချစ်လက်တွေ ဖြေလိုက်ပြီဆိုတော့ မောင့်မှာ စီးပွားရေးနှလုံးခုန်နှုန်းတွေမကောင်းတော့ဘူး။ စီးပွားရေးအသက်ရှုရပ်သွားပြီ သေသွားပြီဆိုတာ မင်း သိလိုက်ပြီပေါ့။

ဩော် .. မင်းအချစ်က စပါးကြီးမြွေလိုပါပဲလား။

(၄)

မောင်ဖြစ်စေချင်တာ မင်းကို မောင်တစ်ခါပြောပြဖူးတဲ့ ဂျပန်တွေ စစ်ရှုံးသွားတာတောင်မသိဘဲ အထက်အမိန့်ကို နာခံခဲ့တဲ့ ဂျပန်စစ်သားတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးပါ။

အချစ်မှတ်မိသေးလား မသိဘူး။ ဂျပန်နိုင်ငံစစ်ရှုံးပြီး လက်နက်ချသွားတာကို မသိလိုက်ဘဲ အမေရိကန်တွေကို တစ်ယောက်တည်း ချုံခိုတိုက်ဖို့ နှစ်ပေါင်း ၃၀ နီးပါး အုန်းသီးစား အသက်ရှင်ပုန်းအောင်းနေတဲ့ စစ်သားတစ်ယောက်အကြောင်းလေ။

ဂျပန်စစ်ဗိုလ်လေး ဟီရူးအိုနိုဒါကို သူ့ရဲ့ ဗိုလ်မှူးက "မင်း ဒီလူဘန်ကျွန်းကနေ တစ်ဖဝါးမှ မခွာဘဲ ရန်သူတွေကို တစ်ယောက်တည်းကျန်တဲ့အထိ ခံချရမယ်။ မင်းသိဖို့က လက်နက်မချရဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း သတ်မသေရဘူး။ မရှိရှိတာစားပြီး ရန်သူကိုခံချ။ ငါတို့ ဒီကျွန်းပေါ်ကို အကြာဆုံး နောက် ၃ နှစ်ပဲ ပြန်ရောက်လာခဲ့မယ်"လို့ စစ်မိန့်ပေးခဲ့တယ်။

အဲဒီအမိန့်ပေးတဲ့နေ့က ၂၆-၁၂-၁၉၄၄။ ဒီလို အမိန့်ရပြီးကတည်းက စစ်ဗိုလ်လေးဟီရူးအိုနိုဒါက နှစ် ၃၀ ကြာတဲ့အထိ သူ့ရဲဘော်တွေလည်း တစ်ယောက်ပြီးတစ်ယောက် နည်းမျိုးစုံနဲ့ တိုက်ပွဲမှာကျသူကျ၊ ကျန်းမာရေးမကောင်းလို့ သေသူသေနဲ့ နောက်ဆုံး သူတစ်ယောက်တည်း ကျွန်းပေါ်မှာရှိတဲ့ အုန်းသီးပဲစားပြီး အသက်ရှင်ကျန်နေခဲ့တယ်။

ဒီလိုနဲ့ သူ့ရဲ့ အားကိုးစရာ သေနတ်ကိုပဲ တစ်နေ့တစ်နေ့ ပြောင်းတိုက်လိုက်၊ သလိုက်နဲ့ သေနတ်ကလည်း ပြောင်လက်နေတာပဲ။

သူ စစ်ထဲဝင်တုန်းက သူ့အသက်က ၂၀ ပဲရှိသေးတာ။ သူ့အသက် ၅၀ အထိ ကျွန်းပေါ်မှာပဲ နေခဲ့တာ နှစ် ၃၀ ရှိခဲ့ပြီ။

ကျွန်းပေါ်ကိုရောက်လာတဲ့လူတွေက သူ့ကို ဂျပန်တွေ စစ်ရှုံးသွားပြီ။ လက်နက်ချသွားပြီလို့ ပြောတော့ သူက မယုံဘူး။ သူတောထဲမှာ စစ်တိုက်ဖို့ အဆင်သင့်ဖြစ်နေတာကို ချော့ခေါ်ရှင်းပြတာလည်း ဘယ်လိုမှမယုံဘဲ နောက်တော့ စုံစမ်းပြီး ဂျပန်မှာ စာအုပ်ဆိုင်



www.burmeseclassic.com

> ကိုရီးယားမလေးက ခေတ်သူမဟုတ်။ ၂၀၁၀ ပြည့်နှစ် ကမ္ဘာပေါ်ရှိ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ ထဲမှာ သူမလည်း တစ်ယောက်အပါအဝင် ဆိုတော့လည်း သမ္မတကြီး• • •

ပိုင်ရှင်ဖြစ်နေတဲ့ သူ့ကို အမိန့်ပေးသွားတဲ့ ဗိုလ်မှူးကို သတင်းပေးတော့ သူ့ဗိုလ်မှူးကိုယ်တိုင်လိုက်လာပြီး ရှင်းပြခေါ်တော့မှ သူက ယုံပြီး လိုက်သွားတဲ့ဖြစ်ရပ်။

သူပြန်လိုက်သွားတဲ့နေ့က ၉–၁–၁၉၇၄ ရက်နေ့ဆိုတော့ သူသစ္စာရှိစွာ နှစ်ပေါင်း ၃၀ နီးပါး အုန်းသီးငှက်ပျောသီးစားပြီး တာဝန်ကိုသစ္စာရှိတဲ့လူ၊ စစ်ကိုသစ္စာရှိတဲ့သူပေါ့။

ဒါကြောင့် မင်းလည်း ငါ့ကို အချစ်သစ္စာရှိသူတစ်ယောက်ဖြစ်ပါစေလို့ • •။

BURMESE CLASSIC .com

(၅)

အချစ်ရယ် • •

မြန်မာပြည်မှာ ခုတလော ကိုယ့်ထက်ငယ်တဲ့ အမျိုးသမီးလေးတွေကို ဇနီးအဖြစ်ရွေးကြတာ အပြစ်ပြောနေသံတွေ ကြားနေရတယ်။

အချစ်မှာ အပြစ်ပြောစရာတကယ်တော့ အရွယ်နဲ့မဆိုင်ပါဘူး။ နှလုံးသားနဲ့သာဆိုင်ပါတယ်။

ကိုယ့်ထက်ငယ်တဲ့ အမျိုးသမီးတွေကို ဇနီးအဖြစ်ရွေးကြတာ မြန်မာမှာတင်မဟုတ်ပါဘူး။ ကမ္ဘာမှာ ရှိနေကြတာအများကြီး။ ပူပူနွေးနွေးသာဓကပြကြစတမ်းဆိုရင် ဖိလစ်ပိုင်သမ္မတလူပျိုကြီး ဘင်နီနိုအကွီနိုင်နဲ့ သူ့ချစ်သူ ကိုရီးယားမလေး ဂရေ့လီဆိုရင် အသက် ၂၀ ကွာတယ်လေ။

သူ့ချစ်သူ မီဒီယာတင်ဆက်သူ ကိုရီးယားမလေးက သူ့ထက် အသက် ၂၀ ငယ်တယ်။ သမ္မတကြီးက သူတို့နှစ်ယောက် သမီးရည်းစားဖြစ်နေကြကြောင်း၊ ၁–၂–၂၀၁၂ ရက်နေ့က တရားဝင် ဝန်ခံလိုက်ပါသတဲ့။

မီဒီယာတင်ဆက်သူ ဂရေ့စ်လီဟာ ငယ်ငယ်ကတည်းက ဖိလစ်ပိုင်မှာ လာနေသူလေးဖြစ်ပြီး ခုလို နာမည်ကြီး အစီအစဉ်ကြေညာသူ ဖြစ်လာရာက ဘယ်လိုသမီးရည်းစားတွေဖြစ်သွားကြတယ်ဆိုတာတော့ နှစ်ယောက်စလုံးက ဖွင့်မပြောကြဘူး။

ဖွင့်ပြောတာက • • ဟုတ်ပါတယ်။ ကျွန်မတို့နှစ်ယောက် ချစ်နေကြပါပြီတဲ့။

မောင်တော့ ထောက်ခံတယ်။

ကမ္ဘာမှာ ကိုရီးယားဇာတ်လမ်းတွေ ကြိုက်နေကြချိန်မှာ ဖိလစ်ပိုင်သားက ကိုရီးယားမလေးကို ကြိုက်တယ်ဆိုတာ ဒီအချက်လည်း ပါချင်ပါမှာပေါ့။

လူပျိုကြီး သမ္မတက ၅၂ နှစ်။ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတင်ဆက်သူ ကိုရီးယားမလေးက ၂၇ နှစ်။ ကိုရီးယားမလေးကလည်း ခေသူမဟုတ်။ ၂၀၁၀ ပြည့်နှစ် ကမ္ဘာပေါ်ရှိ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ ထဲမှာ သူမလည်း တစ်ယောက်အပါအဝင်ဆိုတော့လည်း သမ္မတကြီးရဲ့ အရွေးချယ်ခံ ဖြစ်သင့်တာပေါ့။

ကဲ•ဒီလတော့ ဒီမျှနဲ့ နားဦးမယ်။
စုံထောက်ဖတ်သူများ
ဝဟုသုတပြည့်စုံကြပါစေ။
မောင်ယဉ်ကျော်



www.burmeseclassic.com

www.burmeseclassic.com


စာမျက်နှာ ၅၀ Cover Story မှ စာဆက်

ယခု မြေဒေးကျွန်းစီမံကိန်းလုပ်ငန်းတွင် အတူတကွပါလာပြီး တစ်ခန်းတည်းအတူနေကြသော်လည်း ညီအစ်ကိုနှစ်ဦးမှာ ဖက်လည်းတင်ငမရှိကြဘဲ ခပ်တန်းတန်းပင် နေထိုင်ကြသည်။ တစ်နေ့မနက်တွင် ပြစ်မှုကျူးလွန်သူသည် အိပ်ဆောင်နံဘေး သဲပုံပေါ်တွင် တစ်ဦးတည်းရှိနေစဉ် သေဆုံးသူ ရောက်ရှိလာပြီး–

"ငါ ... ဒီဆိုဒ်မှာ အလုပ်မလုပ်ချင်တော့ဘူး၊ ရွာပြန်တော့မယ်"

ဟု ဆို၏။ ဒီတော့ ပြစ်မှုကျူးလွန်သူက–


"မင်းက ... ရွာပြန်ပြီး ဘာလုပ်စားမှာလဲ"


"ကြုံရာ ကျရာ လုပ်စားမှာပေါ့"

သေဆုံးသူ နေရပ်ပြန်မည်ကို ပြစ်မှုကျူးလွန်သူက လုံးဝမလိုလားပါ။ ဒါကလည်း အကြောင်းရှိပါသည်။ လင်ကြီးငုတ်တုတ်ရှိနေသည်ကိုပင် လူမှုရေး ဖောက်ပြန်ကြသေးလျှင် လင်ယောကျ်ားမရှိပါက မည်သို့ရှိကြမည်နည်း။ ဒါကို စိုးရိမ်ပူပင်၍ ပြစ်မှုကျူးလွန်သူက–

"မပြန်နဲ့ကွာ ... မင်းပြန်ရင် မင်းကိုလည်း မယုံဘူး၊ ငါ့မိန်းမကိုလည်း စိတ်မချဘူး"

အမှန်ကို အမှန်အတိုင်းပြောလျှင် အနာပေါ်တုတ်ကျ ဖြစ်တတ်ပါသည်။ အစ်ကိုဖြစ်သူ လူဇိကီး(ပြစ်မှုကျူးလွန်သူ)၏ စကားက ညီဖြစ်သူ လူမိုဟို (သေဆုံးသူ)အတွက် နာကြည်းခံပြင်းစွာ ရှိသွားပါသည်။ ဒါကြောင့် သေဆုံး





တရားခံ သက်သေခံပစ္စည်းများ ဖျောက်ဖျက်ပစ်ခဲ့သည့် ယူနန်ဘုတ်ဆိပ်(ခ)ပြည်တော်စည်တံတား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


သူက ပြစ်မှုကျူးလွန်သူကို ထိုးကြိတ်ခဲ့၍ အနာတရ ဖြစ်ခဲ့ရသည်။

"မိန်းမနဲ့လည်း ... ဖောက်ပြား၊ လင်ယောကျ်ားဖြစ်တဲ့ ကျွန်တော့်ကို လည်း အနာတရဖြစ်အောင် ထိုးကြိတ်ခဲ့လို့ ကျွန်တော် ... ဘယ်လိုမှ သည်းခံခွင့်လွှတ်နိုင်စွမ်း မရှိတော့ပါဘူး"

ဟု မစ္စတာ လူဇီကီးမှ ထွက်ဆိုခဲ့ပြီး ပြစ်မှုကျူးလွန်ပုံကို ဆက်ဆိုပါသည်။

ကိုယ်၊ စိတ် နှစ်ပါးစလုံး နာကျင်ခံစားနေရသူ လူဇီကီးသည် သေဆုံးသူ လူမိုဟိုအား လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်နေသည်။ သေဆုံးသူ ကုတင်၏ ခေါင်းအုံးဘေးတွင် ဆံပင်ညှပ်သော ကတ်ကြေး(သက်သေခံပစ္စည်း) တစ်လက်ရှိနေသည်ကို သတိထားမိခဲ့သည်။

(၂-၉-၂၀၁၃)ရက်နေ့ ညဥ့်(၁၁)နာရီတွင် မီးစက်ပိတ်သဖြင့် အိပ်ခန်းရှိ အလုပ်သမားအားလုံး အိပ်ရာကုတင်ပေါ်သို့ တက်ကြသည်။ ထိုနေ့ ညဥ့်နက်သန်းခေါင်လွန်၍ နောက်တစ်နေ့ မနက်အကူး (၂)နာရီအချိန်ခန့်တွင် ဖြစ်သည်။ တစ်ခန်းလုံးရှိ အလုပ်သမားများ အိပ်မောကျနေသော်လည်း လူဇီကီးတစ်ယောက်မှာ အိပ်မပျော်နိုင်။ ရင်တွင်း၌ဖြစ်ပေါ်နေသော နာကြည်းခံစားချက်က ပြင်းထန်စွာ ပေါက်ကွဲနေသည်။ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုထက် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုက ပို၍ ဆိုးရွားပါသည်။

ထို့ကြောင့် လူဇီကီးသည် အိပ်ရာမှ အသာထ၍ ခြေကို ဖွဖွနင်းကာ လူမိုဟိုရှိရာ ကုတင်သို့ လျှောက်လှမ်းလာသည်။ လူမိုဟို (သေဆုံးသူ)သည် နှစ်ထပ်အိပ်စင်၏ အပေါ်ထပ်တွင် အပေါ်အင်္ကျီမပါ ဘောင်းဘီရှည်(စိမ်းကိန်းဝတ်စုံ)နှင့် အိပ်မောကျနေ၏။ နှစ်ထပ်ကုတင်(အိပ်စင်)၏ အမြင့်မှာ ၅ ပေခန့်မြင့်သည်။ အောက်ခြေကြမ်းခင်းမှ လုပ်ကြံလျှင် ထိရောက်မှုမရှိနိုင်ကြောင်း တွေးဆမိသည်။ ထို့ကြောင့် အိပ်ဆောင်အတွင်း အသင့်ရှိနေသော သစ်သားထိုင်ခုံတစ်လုံးကို ညင်သာစွာ ယူ၏။ ထိုထိုင်ခုံကို သေဆုံးသူ၏ အိပ်စင်ဘေးတွင် အသာချ၏။ ထိုင်ခုံပေါ်သို့ တက်၍ သေဆုံးသူ၏နံဘေးတွင် ရှိနေသော လက်ကိုင်ဖုန်းကို ကောက်ယူ၏။ လက်ကိုင်ဖုန်းပါဝါကိုနှိပ်ပြီး ထွက်လာသော မီးရောင်ဖြင့် သေဆုံးသူချွတ်ထားသော အိပ်စင်ပေါ်ရှိ အင်္ကျီကိုဝတ်၏။ ထို့နောက် ခေါင်းအုံးဘေးရှိ ကတ်ကြေးကို ယူကာ လက်ကိုင်ဖုန်းမှ မီးအလင်းရောင်ဖြင့် သေဆုံးသူ၏ လည်ပင်းအရှေ့ ညှပ်ရိုးအပေါ်ချိုင့်နေရာကို နှစ်ချက်ဆက်တိုက် တိုး၏။ ထိုစဉ် သေဆုံးသူ၏ ဝဲဘက်လက်မှာ မြောက်တက်လာ၍ ထိုဝဲလက်၏တံတောင်ဆစ်ကွေးကို ကတ်ကြေးဖြင့် တစ်ချက် ထပ်ထိုး၏။ ထို့နောက် ကတ်ကြေးကို အိပ်စင်ပေါ်ပစ်ချကာ သေဆုံးသူထံမှ အသံမထွက်စေရန် သေဆုံးသူ၏မျက်နှာကို အိပ်စင်ပေါ်ရှိ ငွမ်းဆောင်ဖြင့် မျက်နှာအား သေဆုံးသူ ငြိမ်သွားသည်အထိ ဖိအုပ်ထားခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ မစ္စတာ လူဇီကီး Mr.Lu Zhi Ke မှ ဝန်ခံထွက်ဆိုခဲ့သည်။

"မင်း .. ကတ်ကြေးနဲ့ထိုးပြီး သတ်ဖြတ်တဲ့အချိန်မှာ နှစ်ထပ်အိပ်စင်ရဲ့ လှုပ်ယမ်းမှုကြောင့် အောက်ဆင့်မှာ အိပ်နေတဲ့သူ နိုးမလာဘူးလား"

"မနိုးပါဘူး ... ကျွန်တော်တို့ နှစ်ထပ်အိပ်စင်တွေက ခိုင်ခိုင်ခံ့ခံ့ ရှိပါတယ်"

မှန်ပါသည်။ အခင်းဖြစ်အရပ်ကို စစ်ဆေးစဉ်က နှစ်ထပ်အိပ်စင်ကို ရှိ

ပြစ်မှုကျူးလွန်သူ တရားခံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကတ်ကြေးပျောက်ဆုံးရာနေရာအား ပြသစဉ်





www.burmeseclassic.com

သမျှအင်အားဖြင့် အစွမ်းကုန် လှုပ်ယမ်းကြည့်၏။ နှစ်ထပ်အိပ်စင်မှာ တုတ်တုတ်မျှမလှုပ်ဘဲ ခိုင်ခံ့စွာတည်ဆောက်ထားသည်ကို တွေ့ရသည်။

"သေဆုံးသွားတဲ့ . . . မင်းညီရဲ့ အလောင်းကို ဖျောက်ဖျက်ဖို့ သယ်ယူသွားတော့ မင်းနဲ့အတူ . . . ဘယ်သူပါသေးလဲ"

+++

အခန်း(၁၀)

မြဒေးကျွန်း၏ ဝသန်ကာလက မိုးသည်း၊ လှိုင်းကြီး၊ လေထန်၍ တစ်ကျွန်းလုံး မည်းမှောင်နေသည်။ တစ်ခါတစ်ရံ မိုးကြိုးသံနှင့် လျှပ်စီးတန်းတို့က ထိတ်လန့်ဖွယ်ရာ ရှိနေပါသည်။ မည်သို့ပင် တုန်လှုပ်ချောက်ချားမှုများ ရှိနေပါစေ၊ ပြစ်မှုကျူးလွန်သူ လူဇီကီးမှာမူ တုန်လှုပ်မှု အလျင်းမရှိပါ။ သူစခဲ့သော ဇာတ်လမ်းကို သူကိုယ်တိုင် အဆုံးသတ်ရပေဦးမည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် သေဆုံးသူ၏ ဖိနပ်ကိုစီးကာ သေဆုံးသူကို အိပ်စင်ပေါ်မှ ဆွဲ၍ ကျောတွင်ပိုးသည်။ လက်ကိုင်ဖုန်း အလင်းရောင်ဖြင့် ကျောပိုးထားသော သေဆုံးသူကို တိတ်တဆိတ် အိပ်ဆောင်အပြင်သို့ သယ်ယူသွား၏။ အိပ်ဆောင်အပြင်မှ သည်းထန်သော မိုး၊ လမိုက်သော ည၊ ပြင်းထန်သော လှိုင်းလေတို့ကို အန်တု၍ လုပ်ငန်းခွင်၏ တံခါးမရှိ၊ အတားမရှိသည့် ခြံစည်းရိုးပေါက်သို့ သယ်ပိုးလာ၏။ ထိုတံခါးပေါက်မှ ယူနန်ဘုတ်ဆိပ်ခေါ် ပြည်တော်စည်တံတားဆိပ်သို့ သွား၏။ တံတားပေါ်ရောက်သည့်အခါ ထမ်းပိုးလာသော သေဆုံးသူ၏ ရုပ်အလောင်းကို သံဇစ်မြစ်ထဲသို့ ပစ်ချလိုက်ပါသည်။



ပြစ်မှုကျူးလွန်သူတရားခံ မစ္စတာလူဇီကီး

ထို့နောက် ပြစ်မှုကျူးလွန်သူ လူဇီကီးသည် ကိုယ်လက်သန့်စင်ရန် တံတားအောက်ကမ်းစပ်သို့ ဆင်းခဲ့သည်။ ကမ်းစပ်တွင် သူဝတ်ဆင်လာသော သေဆုံးသူ၏ အင်္ကျီကိုချွတ်၊ ရေဖြင့်စွတ်၍ သွေးများစွန်းပေနေသော မျက်နှာ၊ ပုခုံး၊ ကျောကုန်းနှင့် လက်နှစ်ဖက်တို့ကို ပွတ်တိုက်ဆေးကြော သန့်စင်စေ၏။ ပြီးနောက် တံတားပေါ်သို့ ပြန်တက်သည်။ တံတားပေါ်သို့ ရောက်သည့်အခါ သေဆုံးသူ၏ အင်္ကျီ၊ ဖိနပ်နှင့် လက်ကိုင်ဖုန်းတို့ကို သံဇစ်မြစ်ထဲသို့ စွန့်ပစ်လိုက်သည်။ ထို့နောက် အိပ်ဆောင်သို့ ပြန်လာပြီး ဟန်ပန်မပျက် အိပ်နေ၏။ ထိုအချိန် မနက်(၂)နာရီခွဲခန့်ရှိမည် ထင်ရပြီး တစ်ဆောင်လုံးမှာ အိပ်မောကျလျက်ရှိကာ မိုးမှာလည်း သည်းထန်စွာ ရွာသွန်းနေကြောင်း ဝန်ခံထွက်ဆိုခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူကိုယ်တိုင် ပြစ်မှုကျူးလွန်ရခြင်း အကြောင်းရင်း Motive ကိုပါ ဖွင့်ဆိုပြထားပြီဖြစ်၍ ထပ်မံသုံးသပ် မပြလိုတော့ပါ။ သင်ခန်းစာယူစရာ အနေဖြင့် "ကာမေသုမိစ္ဆာစာရ" ကံ၏ဆိုးကျိုးမှာ နောင်ဘဝမကူးမီ ယခုဘဝ၌ပင် အသက်ဆုံးရှုံးရခြင်းပင် ဖြစ်ပါ၏။ နောင်သံသရာတွင် အပါယ်လေးဘုံ၌ ကျင်လည်ရဦးမည် ဖြစ်၏။ ပြုသူ၊ ပျက်သူ ညီအစ်ကိုနှစ်ဦး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သံသရာခရီးက အဖန်ဖန်ကျင်လည်ကြရဦးမည် ဖြစ်လေသည်။

ပြစ်မှုကျူးလွန်သူ မစ္စတာ လူဇီကီး Mr. Lu Zhi Ke (၄၂ နှစ်)အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၂/၂၀၁ ဖြင့် တရားစွဲဆိုတင်ပို့ရန် စီစဉ်ဆောင်ရွက်နေစဉ် အမှုစစ်အရာရှိ စုံထောက်စံထူးထံသို့ တရုတ်သံရုံးမှ ဖက်စ် FAX တစ်စောင် ဝင်လာသည်။ ထိုဖက်စ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Forensic Science Service Department of Yunan Public Security Bureau ၌ DNA စစ်ဆေးခဲ့ရာ သေဆုံးသူ၏ ရုပ်အလောင်းသည် ပျောက်ဆုံးနေသော တရုတ်နိုင်ငံသား မစ္စတာ လူမိုဟို (Mr. Lu Mo Hou) ၏ ရုပ်အလောင်းဖြစ်သည်မှာ မှန်ကန်သဖြင့် ကျေနပ်လက်ခံပြီး အတည်ပြုပါကြောင်း ဖော်ပြပါရှိခဲ့ပေသည်။

သေဆုံးသူ တရုတ်နိုင်ငံသား မစ္စတာ လူမိုဟို Mr.Lu Mo Hou အသတ်ခံရမှုကို ပြီးပြည့်စုံအောင် စုံစမ်းဖော်ထုတ်ခဲ့သော စီအိုင်ဒီမှ အမှုစစ်အရာရှိ စုံထောက်စံထူးအား ဂုဏ်ပြုသောအားဖြင့် ဤမှုခင်းဇာတ်လမ်းကိုလည်း "စုံထောက်စံထူးနှင့် မြဒေးကျွန်းလူသတ်မှု"ဟု ကမ္ပည်းပြုအပ်ပါသည်။

စုံထောက်မောင်ရေခဲ
၂၀၁၃ ခုနှစ် နိုဝင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



## ၇ ရက်သားသမီးများအတွက်

# ကံကြမ္မာစုံထောက်

၂၀၁၄ ခု၊ ဖေဖော်ဝါရီ

**တနင်္ဂနွေသားသမီးများ** – ဒီလအတွင်းမှာ စိုင်ကော်လို့ ခြုပေါ်ရောက် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ မထင်မှတ်တဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ဆီထမင်းကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
- အညိုရောင်၊ ခရမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃ ကုံး ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (န) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၃ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၄ ညွန့်နဲ့ ၁၇ ချက် ရိုက်ပါ။

**တနင်္လာသားသမီးများ** – ဒီလအတွင်းမှာ ထင်ပေါ်လို့ စင်တော်ကကောက် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ကိုယ်ကြိုးစားအားထုတ်ခဲ့သမျှရဲ့ အသီးအပွင့်အောင်မြင်မှုတွေကို ခံစားရမယ့်အချိန်၊ ပင်ပန်းရကြိုးနပ်မယ့်အချိန် ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ကြာဆံကြော်ကပ်လှူပြီး ဆုတောင်းပါ။ ဝိဇ္ဇာစရဏ သမ္ပန္နောဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။
- အဖြူရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ငွေပန်း ၂ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် သပြေရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ ယပ် ၈ လက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၂ အစ၊ ၈ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

BURMESE CLASSIC .com

**အင်္ဂါသားသမီးများ** – ဒီလအတွင်းမှာ ဓါးသွားပေါ်က ပျားရည် ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်တွေများလွန်းသလို အောင်မြင်မှုကြီးတွေလည်း ကြုံရတတ်ပါတယ်။ အပြောင်းအရွှေ့၊ နေရာသစ်၊ လုပ်ငန်းသစ်၊ ခရီးသွားလာရေးတွေ ပိုကောင်း ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။
- အပြာရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို ဝတ်ဆင်သုံးစွဲပါ။ သပြေညွှန့် ၆ ညွှန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် စက္ကူတစ်ရွက်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ မေမြို့ပန်း ၁၉ ပွင့်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၆ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို စံပယ်ပန်း ၃၅ ပွင့်နဲ့ပေါက်ရင်းဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** – ဒီလအတွင်းမှာ စိုင်ကော်လို့ ခြုပေါ်ရောက် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ မထင်မှတ်တဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ဆီထမင်းကပ်လှူပြီး ဆုတောင်းပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
- အညိုရောင်၊ ခရမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃ ကုံး ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (န) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၃ အစ၊ ၉ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၄ ညွန့်နဲ့ ၁၇ ချက် ရိုက်ပါ။



www.burmeseclassic.com

**ကြာသပတေးသားသမီးများ** – ဒီလအတွင်းမှာ ဆန်မရှိ အစားကြီး ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ အရောင်းမှား အဝယ်မှား၊ အဆုံးဖြတ်မှားတာတွေ၊ တဇွတ်ထိုးလုပ်မိတာတွေကို သတိပြုရမယ့်အချိန်ပါပဲ။ ငွေပြတ်–ကြွေးတင်တာမျိုးတွေလည်း ကြုံလာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ပေါင်မုန့်နို့ဆမ်းကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
- အဖြူရောင်၊ အဝါရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေဝတ်ဆင်သုံးစွဲပါ။ ပျဉ်းတော်သိမ် ၅ ညွှန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ခွက်အပေါင်းတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင်လှူပြီး ဆုတောင်းပါ။

**သောကြာသားသမီးများ** – ဒီလအတွင်းမှာ **ငွေလိုချင်ရင် ငွေဖြစ်ရမယ်ဆိုတဲ့ကိန်းမျိုး** ကြုံရတတ်ပါတယ်။ ငွေကြေး၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား . . . စတာတွေမှာ အောင်မြင်မှုကြီးတွေ ပေါ်လာတတ်ပါတယ်။ ပွဲလမ်းသဘင်တွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၇ ခေါက်ရွတ်သွားပါ။
- အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီပန်း ၇ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (လ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွှန့် ၆ ညွှန့်နဲ့ ၆ ချက် ရိုက်ပါ။

**စနေသားသမီးများ** – ဒီလအတွင်းမှာ **သွားပါများ ခရီးရောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ရပ်ဝေး၊ ပြည်ပ၊ ခရီး သယ်ပို့၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်၊ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့ အတွက် –

- မြတ်စွာဘုရားမှာ ရှောက်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ရွက်လှ ၄ ညွှန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ဩ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၄ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို မေမြို့ပန်း ၅ ပွင့်နဲ့ ၁၉ ချက် ရိုက်ပါ။

ဒီလအတွက် ယတြာလက်ဆောင်

**ကားဝယ်ကားရောင်း အောင်စေကြောင်း**

ကားဝယ်ချင်လို့လား ..၊ ဒါမှမဟုတ် ကားရောင်းချင်လို့လား...၊
ကားဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ
နွားနို့သောက်ပြီး ဆုတောင်းလိုက်မယ်ဆိုရင်
ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။
ကားမှမဟုတ်ပါဘူး။ ကျောက်၊ ကွမ်း၊ ကြံ၊ ငါး၊ ကြက်၊ ကွန်ပျူတာ၊
ကင်မရာ...စတဲ့ တနင်္လာနံကိစ္စ အားလုံး ရောင်းခါနီး ဝယ်ခါနီးလေးမှာ
ဒီနည်းကို အသုံးပြုနိုင်ပါတယ်။

သဗ္ဗေဓမ္မာ
ဇင်ဇော်နီ